http://www.cherrythitsar.org



# မြသန်းတင့်

SHORT STORIES BY
NAGUIB MAHFOUZ
AND
GABRIEL GARCIA MARQUEZ

# ဩဂုတ်တစ္ဆေများ

## နှင့် အခြားဝတ္ထုတိုများ

http://www.cherrythitsar.org

စာအုပ်အမှတ် ( ၆၈ )

Quality Publishing House
အမှတ် ၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၉၀၆၃၁၃၊ ၉၂၁၀၆၉၊ ၂၀၂၆၀၃

## ဒို့အာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

# ဩဂုတ်တရွှေများနှင့် အခြားဝတ္ထုတိုများ

မြသန်းတင်

စာမူခွင့်ပြုချက်အမှတ် - ၁၂၃၆/ ၂၀၀၁ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၈၃ / ၂၀၀၁ (၁၂)

❑

## စီစဉ်သူ

ကိုမြင့်ထွန်း

❑

## ပုံနှိပ်ခြင်း

ဒုတိယအကြိမ် - (ဇန်နဝါရီလ၊ ၂၀၀၂)

အုပ်ရေ - (၁၀၀၀)

❑

မျက်နှာဖုံးပန်းချီ - ဇော်မောင်

ကာလာခွဲ - ***Prestige***

ကွန်ပျူတာစာစီ - ***Quality***

အတွင်းဖလင် - ***Quality***

❑

## ပုံနှိပ်သူ

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်

အမှတ် (၁၆၃)၊ (၄၈)လမ်း၊ ဗိုလ်တထောင်။

❑

## ထုတ်ဝေသူ

ဦးကျော်ဆန်း (ရဲအောင်စာပေ) (၀၉၃၂)၊

အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်

ရန်ကုန်မြို့။

❑

## တန်ဖိုး

တန်ဖိုး - ၅၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| | နားဂွစ်မားဖုဒ် - | ၁ |
| | ဂါဘရီယယ် ဂါစီယာ မားကွက်ဇ် | ၃ |
| ၁။ | စွန့်စားခန်းနှင့် အချစ်ဇာတ်လမ်းတစ်ပုဒ် | ၅ |
| ၂။ | မပေးချင်သောအဖြေ | ၁၆ |
| ၃။ | အဖေ့မယား | ၂၂ |
| ၄။ | ကမ္ဘာကုန်ကျယ်သရွေ့ | ၃၀ |
| ၅။ | ကြွက်များ | ၃၆ |
| ၆။ | ဘဝရှင်မင်းတရားကြီး | ၄၆ |
| ၇။ | မြောင်းထဲက လူ | ၅၁ |
| ၈။ | ပျောက်စေဆရာ | ၆၀ |
| ၉။ | ဟာလာဟင်းလင်းကဖေးဆိုင် | ၇၇ |
| ၁၀။ | မင်္ဂလာည | ၈၉ |
| ၁၁။ | သူနှင့် အခြားသောသူ | ၁၀၁ |
| ၁၂။ | အမည်မသိသော | ၁၁၀ |
| ၁၃။ | ဩဂုတ်တစ္ဆေများ | ၁၃၀ |
| ၁၄။ | အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ | ၁၃၅ |
| ၁၅။ | လှေကလေးကို လှော်မည် | ၁၄၇ |

# နားဂွစ်မားဖုဒ်

နားဂွစ်မားဖုဒ် *(NAGUIB MAHFOUZ)* ကို ၁၉၁၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ လူလတ်တန်းစား အစိုးအမှုထမ်းများ ဖြစ်သည်။ ကိုင်ရိုတက္ကသိုလ်မှ စာပေဆိုင်ရာ ဘွဲ့ရရှိခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် စာပေလောက၌ စတင်ခြေချလာသည်။ ရှေးဟောင်းဂန္ထဝင် အာရပ်ဘာသာဗေဒနှင့် အရပ်သုံးစကားပြောများကို စရနယ်၍ ခံစားမှုရသစာပေများ ရေးသားဖန်တီးခဲ့ပါသည်။ အထူးသဖြင့် ဝတ္ထုတို အရေးများသည်၊ ထင်ရှားကျော်ကြားသည်။ လုံးချင်းဝတ္ထုများမှာလည်း အောင်မြင်ခဲ့ပါသည်။ "ကိုင်ရိုအသစ်" *(New Cairo)* လုံးချင်းဝတ္ထုတွင် တစ်ကိုယ်တော်လူငယ်ကလေး၏ စိတ်ပျော်ရွှင်မှုနှင့် အေးချမ်းမှုရှာပုံတော်ကို ရိုးရိုးကလေး ခံစားရေးပြသွားခဲ့သည်။ မားဖုဒ်၏ အအောင်မြင်ဆုံးနှင့် အကောင်းဆုံးလက်ရာ *(Masterpeice)* အဖြစ် "အစနှင့် အဆုံး" *(The Beginning And The End)* ဖြစ်ပါသည်။ ကိုင်ရိုမြို့သားကုန်သည်ဘဝကို ဆွေစဉ်မျိုးဆက် သုံးဆက် တည်ဆောက်ရေးဖွဲ့ပြသွားသောဝတ္ထုရှည်ကြီးပင်။ ဝတ္ထုတိုပေါင်းချုပ်များထဲတွင် "ရူးသွပ်ခြင်း၏တီးတိုးလေသံ" *(The Whisper Of Madness)* မှာ ထင်ရှားကျော်ကြားလှသည်။ မားဖုဒ်၏ လုံးချင်းစာအုပ် *(Maday Alley)* ကို ၁၉၇၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ရာမှ အီဂျစ်စာပေလောကသာမက ကမ္ဘာ့စာပေလောကအထိ ခြေဆန့်လာပါတော့သည်။ နောက် "လေးစားအပ်သော အသျှင်" *(Respected Sir)* ဝတ္ထုကိုလည်း ၁၉၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ရွာတာ

http://www.cherrythitsar.org



စာအုပ်တိုက်မှ ပြန်ဆိုထုတ်ဝေခဲ့သည်။ နောက် "အရက်သမားတေးများ" *(The Drunkard Sings)* လုံးချင်းဝတ္ထုလည်း ပြန်ဆိုထုတ်ဝေခဲ့ပါသည်။

၁၉၇၀ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ အမျိုးသားစာပေဆု ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် စာပေဆိုင်ရာ နိုဗဲလ်စာပေဆု ကိုလည်းကောင်း၊ အသီးသီးရရှိခဲ့သော အီဂျစ်စာရေးဆရာကြီးဖြစ်ပါသည်။ ဆိုဗီယက်၊ ပြင်သစ်၊ ဒိန်းမတ်နိုင်ငံများမှလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ရရှိခဲ့သည်။ နိုဗဲလ်စာပေဆု ရရှိချိန်တွင် အသက် (၇၇) နှစ်ရှိပြီဖြစ်ရာ ယနေ့ အသက် (၉၉) နှစ် အရွယ်အထိ စာပေရေးသားရင်း ကိုင်ရိုမြို့တော်တွင် နေထိုင်လျက်ရှိပါသည်။ မားဖုဒ်၏ စကားပြေအရေးအသားမှာ ရိုးရှင်းပြီး လွယ်ကူသော စကားပြေဟန်များဖြင့် တန်ဆာဆင်ရေးသားတတ်ပါသည်။ သို့သော် ရှေးဟောင်းအာရပ်ကမ္ဘာမှ လမ်းခွဲကာ ခေတ်သစ်အာရပ်စာပေကို ဖန်တီးရေးသားနေခဲ့သူလည်း ဖြစ်ပါသည်။ သရုပ်မှန် အရေးအသားကို ကိုယ်စားပြုရေးသားနေသူဟု သတ်မှတ်ကြပါသည်။

## ဂါဘရီယယ်ဂါစီယာ မားကွက်ဇ်

ဂါဘရီယယ်ဂါစီယာမားကွက်ဇ် *(GABRIEL GARCIA MARQUEZ)* ကို ၁၉၈၂ ခုနှစ်တွင် ကိုလံဘီ ယာနိုင်ငံ၌ မွေးဖွားခဲ့သည်။ ဆင်းရဲသော ကြေးနန်းစာရေးတစ်ဦး၏ သားဖြစ်သည်။ ဘိုဂိုတာ *(BOGOTA)* တက္ကသိုလ်၊ ဥပဒေသင်တန်းကျောင်းသား၊ သို့ရာတွင် ဆုံးခန်းတိုင်အောင် ပညာသင်ကြားပေးခြင်းမပြုဘဲ နိုင်ငံခြားသတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ရောမ၊ ဘာစီလိုနာ၊ နယူးယောက်၊ ကရက်ကပ် *(CARACAS)* စသည့် မြို့ကြီးများတွင် သွားရောက် အမှုထမ်း ခဲ့ရသည်။ ထို့နောက် ကျူးဘားနိုင်ငံသို့ရောက်သည်။ သမ္မတဖီဒင်လ် ကပ်စထရိုနှင့် မိတ်ဆွေဖြစ်ကာ ၁၉၅၉ ခုနှစ်တွင် ကျူးဘားသတင်း ဌာန၌ အမှုထမ်းခဲ့လေသည်။

မားကွက်ဇ်သည် ၁၉၄၈ ခုနှစ်မှစ၍ သတင်းစာဆရာဘဝမှာပင် စတင်စာရေးခဲ့သည်။ ဝတ္ထုတို အရေးများသည်။ လုံးချင်းဝတ္ထုများလည်း ရေးသားထုတ်ဝေခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သော *"နှစ်ပေါင်းတစ်ရာ အထီးကျန်"* *(One Hundred Years of Solitude)* လုံးချင်းဝတ္ထုသည် သူ၏အအောင်မြင်ဆုံးနှင့် အကောင်းဆုံးလက်ရာ *(MasterPiece)* ဖြစ်ပါသည်။ အခြားလုံးချင်းဝတ္ထုများမှာလည်း ထင်ရှားခဲ့သည်။ *"ကာလဝမ်းကပ်ကြီးအတွင်းမှ ချစ်မေတ္တာ"* *(Love In The Time of Cholera)* ၊ *"ဗိုလ်မှူးကြီးထံ စာရေးရန်မရှိ"* *(No One Writes To The*

*Colonel)* ၊ ဝတ္ထုတိုများတွင် ပိုထင်ရှားခဲ့သည်။ *"ထူးဆန်းသော ဘုရားဖူး" (Strange Pilgrims)* ၊ *"သစ်ရွက်မုန်တိုင်းနှင့် အခြားဝတ္ထုတိုများ" (Leaf Storm and Other Stories)* ၊ မားကွက်ဇ်သည် ၁၉၈၂ ခုနှစ်တွင် စာပေဆိုင်ရာ နိုဗဲလ်ဆုကို တောင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံသား စာရေးဆရာအဖြစ် ဆွတ်ခူးရရှိသွားခဲ့သည်။ ထိုဆုမှ ရရှိသော ငွေများကို သူ့ဇာတိ၊ ကိုလံဘီယာနိုင်ငံတွင် သတင်းစာတစ်စောင် ထုတ်ဝေရန် လှူဒါန်းခဲ့ပါသည်။ မက္ကဆီကို နိုင်ငံတွင် နေထိုင်ရင်း ရသစာပေများ ရေးသားပြုစုနေရာ၊ နိုင်ငံရပ်ခြား ဘာသာပေါင်း (၃၀)မျှ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။ နောက် လက်တင်အမေရိက ထူးခြားသော စာပေလှုပ်ရှား၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ထမ်းရွက်ခဲ့သည်။ နောက်ဆုံး ထုတ်ဝေခဲ့သော ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှာ *"မစ္စတာသမ္မတ၊ ကောင်းသော ခရီးဖြစ်ပါစေနှင့် အခြားဝတ္ထုတိုများ" (Bon Voyage Mr President and other Stories)* ဖြစ်ပါသည်။ မားကွက်ဇ်၏ စကားပြေ အရေးအသားသည် ဆန်းကျယ်သော အကြောင်းအရာများကို တကယ့်ဖြစ်နေသကဲ့သို့ ရေးဖွဲ့သီကုံးတတ်သဖြင့် သူ၏ရေးဟန်ကို *"ပဋ္ဌလက်သရုပ်မှန် (Magical Realism) အရေးအသား"* အဖြစ် သတ်မှတ်စံထားကြသည်။ ဥပမာ ဝတ္ထုတစ်ပုဒ်တွင် မိန်းမသားတစ်ယောက်သည် နူးညံ့သိမ်မွေ့လွန်းလှသဖြင့် သက်ပြင်းချလိုက်စဉ် အခန်းနံရံများကိုပင် ဖြတ်သန်းသွားခဲ့ပုံမျိုး (တကယ့်အဖြစ်အပျက်မျိုး) ရေးသားဖွဲ့နွဲ့တတ်လေသည်။

# စွန့်စားခန်းနှင့် အချစ်ဇာတ်လမ်းတစ်ပုဒ်

"အိမ်အလုပ်ကလေး ဘာလေးလည်း လုပ်ပါဦး" ဟု အမေက ပြောပြီး သူ့အိတ်ကပ်ထဲသို့ နှိုက်နေပါသည်။

"ရော့ ပိုက်ဆံယူသွားပြီး ပဲလှော်သုပ် နည်းနည်း သွားဝယ်ချည် စမ်း၊ လမ်းလည်း ကောင်းကောင်းသွားနော်။ ကားကိုလည်း ကြည့်ရှောင်"

ကျွန်တော်သည် ခုံဖိနပ်ကို စီးကာ ပန်းကန်ယူပြီး သီချင်းကလေး တအေးအေးဖြင့် ထွက်လာခဲ့ပါသည်။ ပဲလှော်ဆိုင်တွင် လူတွေ ပြည့်ကျပ်နေသဖြင့် ကျွန်တော်သည် အတော်ကြာအောင် စောင့်ရပါသည်။

"ပဲလှော် တစ်ကျပ်ဖိုးပေးပါ"

ဟု ကျွန်တော်က အသံစူးစူးဖြင့် ပြောပါသည်။

"ပဲလှော်လား၊ ပဲလှော်သုပ်လား"

ကျွန်တော်က မဖြေသည့်အခါတွင် ဆိုင်ရှင်က စိတ်ဆိုးဆိုးဖြင့်

"ဖယ်၊ ဖယ်၊ ဈေးဝယ်သူ လာနေတယ်"

ကျွန်တော်သည် လူထူထူရှေ့တွင် အဟောက်ခံရသည့်အခါ

http://www.cherrythitsar.org



တွင် ရှက်ရှက်ဖြင့် အိမ်ပြန်လာပါသည်။

"ဟင် .. ဘာမှလည်း မပါပါလား။ ဘာလဲ လမ်းမှာ ပဲလှော်တွေ အကုန်ဖိတ်လာသလား။ ဒါမှမဟုတ်ရင်လည်း ပိုက်ဆံပျောက်ခဲ့ပြီလား၊ တော်တော်ခက်တဲ့ ကောင်လေးပဲ"အမေက မြည်တွန်ပါသည်။

"အမေက လာမှန်းမှ မသိဘဲဗျ၊ ပဲလှော်လား၊ ပဲလှော်သုပ်လား၊ ပဲကြော်လားဆိုတာ ပြောမှ မပြောလိုက်တာ"

"ဟဲ့ကောင်လေးရဲ့၊ နင်မနက်တိုင်း စားနေတာ မသိဘူးလား"

"ဘယ်သိမလဲ အမေရ"

"တော်တော် အသုံးမကျတဲ့ကောင်လေး၊ သွား ၊ ပဲလှော်သုပ်လို့ ပြော"

ကျွန်တော်သည် ဈေးဆိုင်သို့ ပြန်လာပြီး ပြောသည်။

ဆိုင်ရှင်က စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကုတ်သည်။

"ဘာဆီနဲ့ သုတ်တဲ့ ပဲလှော်လဲ။ မြေပဲဆီနဲ့ သုတ်တာလား။ သံလွင်ဆီနဲ့ သုတ်တာလား။ သစ်ကြားဆီနဲ့ သုတ်တာလား"

ကျွန်တော် ဘာမျှ မဖြေနိုင်ပြန်ပါ။

"နောက်မှာ ဈေးဝယ်လာနေတယ်ကွ၊ ဖယ်ပေးလိုက်ပါ"

ကျွန်တော် ဒေါပွပြီး ပြန်လာသည်။ အမေက အံ့အားသင့်နေသည်။

"ဟောတော့၊ ဘာမှလည်း မပါပါလား။ ဘယ်မှာလဲ ပဲလှော်သုပ်"

"မြေပဲဆီနဲ့ သုတ်တာလား၊ သံလွင်ဆီနဲ့ သုတ်တာလား၊ သစ်ကြားဆီနဲ့ သုတ်တာလား။ အမေက ဘာမှ သေသေချာချာ မပြောလိုက်ဘဲဗျ" ဟု ကျွန်တော် စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

"ဟဲ့ .. ပဲလှော်သုပ်လို့ ပြောလိုက်ရင် မြေပဲဆီနဲ့ သုတ်တာပေါ့ဟဲ့"

"ဒါတော့ ကျွန်တော် ဘယ်သိမလဲဗျ"

"နင် တော်တော် အသုံးမကျတဲ့ ကောင်လေး၊ ဆိုင်ရှင်ကလည်း ဒီလောက်မှ နားမလည်ဘူးတဲ့လားတော်၊ သွား ပြောချေ။ မြေပဲဆီနဲ့ သုတ်တာလို့"

"ရှက်တယ်ဗျာ"

ကျွန်တော်သည် အိမ်မှ ခပ်သုတ်သုတ် ထွက်လာခဲ့ကာ ဆိုင်ထဲသို့ မရောက်ခင်ကတည်းက "မြေပဲဆီနဲ့ သုပ်တဲ့ ပဲလှော်သုပ်တဲ့ ဦး

http://www.cherrythitsar.org



လေးရေ” ဟု အော်ပြောသည်။

“ပိုက်ဆံကို ခုံပေါ်မှာထား” ဟုဆိုကာ ဆိုင်ရှင်သည် ပဲလှော်ပုံးကို နှိုက်နေသည်။

ကျွန်တော်သည် အိတ်ထဲသို့ နှိုက်ကြည့်သည်။ သို့ရာတွင် ကျွန်တော်အိတ်ထဲတွင် ပိုက်ဆံကို ရှာမတွေ့တော့။ အင်္ကျီအိတ်ကပ်ကို အတွင်းအပြင် လှန်ရှာသည့်တိုင် ပိုက်ဆံဆို၍ အရိပ်အရောင်မျှ မမြင်ရ။ ဆိုင်ရှင်က ပဲလှော်ကို ဇွန်းကြီးဖြင့် ခပ်နေရာမှ ပြန်ချလိုက်သည်။

“ဘာလဲ၊ ပိုက်ဆံကျကျန်ရစ်ခဲ့ပြီလား။ ဘာမှ စိတ်မချရပါကလားကွ”

“မပျောက်ပါဘူးဗျ၊ စောစောကတင် ရှိသေးတာပဲ” ဟု ကျွန်တော်က အောက်သို့ ငုံ့ရှာရင်း ပြောသည်။

“ကဲ .. ကဲ ဈေးဝယ်တွေ လာတယ်ကွာ။ သူများကို အနှောင့်အယှက် မပေးပါနဲ့”

ကျွန်တော်သည် ဟာလာဟင်းလင်းဖြစ်နေသော ပန်းကန်ဖြင့် အိမ်သို့ ပြန်လာခဲ့ရပြန်သည်။

“ဟောတော့် ဘာဖြစ်လာပြန်တာလဲ”

“ပိုက်ဆံ”

“ပိုက်ဆံ ဘာဖြစ်တာလဲ”

“ကျွန်တော် အိတ်ထဲမှာ ပိုက်ဆံမှ ပါမသွားတာ”

“ဘာဝယ်စားပစ်လိုက်ပြန်ပြီလဲ”

“ဘုရားစူးရပါစေ့ဗျာ၊ ဘာမှ ဝယ်မစားပါဘူး”

“ဒါဖြင့် ဘယ်မှာ ပျောက်ကျန်ရစ်ခဲ့တာလဲ ဟဲ့”

“ဒါတော့ ဘယ်သိမလဲ အမေရ”

“နင် ဘာမှ ဝယ်မစားဘူးဆို ဘုရားစူး”

“ဘုရားစူးရစေ့ရဲ့”

“နင့် အိတ်ကပ်က ပေါက်နေလို့လား”

“မပေါက်ပါဘူး”

“အရင်အခေါက်တွေတုန်းက ဆိုင်ရှင်ကိုများ ပေးခဲ့သလားမှ မသိတာ”

“မပြောတတ်ဘူး။ ဟုတ်ချင် ဟုတ်မလား မသိဘူး”

“နင့်ဟာ ဘာမှ စိတ်မချရပါလား ဟင်”

“ဆာတယ်ဗျာ”

အမေက ရင်ကိုထုသည်။

"သေပါတော့ဟယ်။ ကဲ .. ကဲ နင့်ကို နောက်ထပ် ပိုက်ဆံပေးလိုက်မယ်။ ဒါပေမယ့် နင့်စုဗူးထဲက ထုတ်ပေးမယ်။ ဒီတစ်ခါ ဘာမှ မပါဘဲ ပြန်လာရင် သေပြီသာမှတ်"

ကျွန်တော်သည် ဆာလှပြီဖြစ်သဖြင့် ဆိုင်သို့ အပြေးထွက်လာခဲ့ပါသည်။ ဆိုင်နားရောက်ကာနီး လမ်းထောင့် အရောက်တွင် ဆိုင်ရှေ့မှာ ဟေးလားဝါးလား အော်ဟစ်နေကြသည့် ကလေးတစ်သိုက်၏ အသံကို ကြားရသည်။ ကျွန်တော်သည် ခြေလှမ်းတုံ့သွားကာ သူတို့ဆီသို့ စိတ်ရောက်သွားသည်။ သူတို့အနားသို့ သွားကြည့်ချင်သေးသည်။ ကျွန်တော်သည် လူအုပ်ထဲသို့ တိုးဝှေ့ဝင်လာခဲ့ရာ ကျွန်တော့်ကို ကြည့်နေသော မျက်လှည့်ဆရာကို တွေ့ရသည်။ ကျွန်တော်သည် အဆာပျောက်သွားကာ မျက်လှည့်ပွဲကို ဝင်ကြည့်နေလိုက်သည်။ ကျွန်တော်သည် ဦးထုပ်ထဲမှ ကြက်ဥတွေ၊ ယုန်တွေ ထွက်လာသည်ကို ကြည့်၍ သဘောကျနေသည်။ ကြိုးကနေ မြွေဖြစ်သွားပုံကို ကြည့်၍ အရာအားလုံးကို မေ့နေသည်။ မျက်လှည့်ဆရာက ကလေးတွေဆီက ပိုက်ဆံကောက်သည့်အခါတွင် ကျွန်တော်သည် နောက်သို့ ဆုတ်လိုက်ရင်း "ကျွန်တော့်မှာ ပိုက်ဆံမပါဘူးဗျ" ဟု ပြောသည်။

မျက်လှည့်ဆရာက ကျွန်တော့်ကို လိုက်သဖြင့် ကျွန်တော်သည် ချာခနဲ လှည့်ကာ ဈေးဆိုင်ဆီသို့ ပြေးလာခဲ့သည်။

"ဦးလေး၊ မြေပဲဆီနဲ့ ပဲလှော်သုပ် တစ်ကျပ်ဖိုးပေးပါ"

ဆိုင်ရှင်က တုတ်တုတ်မျှ မလှုပ်ဘဲ ကျွန်တော့်ကို ကြည့်နေသဖြင့် ကျွန်တော်က နောက်တစ်ခါ ထပ်ပြောသည်။

"ပေး .. ပေး၊ ပန်းကန်ပေး" ဟု သူက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောပါသည်။

"ပန်းကန်တဲ့၊ ပန်းကန် ဘယ်ကျန်နေရစ်ပါလိမ့်။ မျက်လှည့်ဆရာ လိုက်တုန်းက ကျကျန်ရစ်ခဲ့သလား။ မျက်လှည့်ဆရာပဲ ယူထားလိုက်သလား ကျွန်တော် မသိတော့"

"ကောင်လေးက ရူးသလိုလို ပေါသလိုလိုနဲ့"

ကျွန်တော်သည် ပြန်လှည့်လာကာ ပန်းကန်ကို လိုက်ရှာသည်။ မျက်လှည့်ဆရာမှာ စောစောက နေရာတွင် မရှိတော့။ သို့ရာတွင် လမ်းကြားကလေးတစ်ခုထဲမှ ကလေးတွေအော်သံကို ကြားသဖြင့် ကျွန်တော်သည် မျက်လှည့်ပွဲသို့ လိုက်လာခဲ့သည်။ မျက်လှည့်ဆရာသည် ကျွန်

http://www.cherrythitsar.org



တော့်ကို မြင်သွားပြီး အော်သည်။

"ဟော့ကောင်လေး၊ မျက်လှည့်ကြည့်ခ ဘယ်မလဲ၊ နာချင်ပြီလား"

"ကျွန်တော့် ပန်းကန်ရော"

"ဘယ်ကပန်းကန်လဲ"

"ကျွန်တော့်ပန်းကန် ပြန်ပေးပါဗျ"

စိတ်ညစ်နေရသည့်အထဲတွင် အသံတစ်ခုကို ကြားလိုက်ရပြန်သည်။

"ကဲ .. ကဲ လာကြည့်ကြနော်၊ လာကြည့်ကြ"

နောက်သို့ လှည့်ကြည့်လိုက်သည့်အခါတွင် ချောင်းကြည့်ပေါက်မှ ကြည့်ရသော အရိပ်ပြပွဲတစ်ခုကို တွေ့ရသည်။ ကလေးတွေက အရိပ်ပြပွဲဆီသို့ သွားကာ အလှည့်ကျ ကြည့်ရန် စောင့်နေကြသည်။ အရိပ်ပြပွဲပြသူက အထဲတွင် ပါသည့် အကြောင်းအရာများကို ပြောပြနေသည်။

"အဲဒါက လူစွမ်းကောင်း မင်းသားကလေးက အချောဆုံး ဇေနာမင်းသမီးကလေးကို ကယ်ဆယ်နေတဲ့ပုံကွယ့်"

ကျွန်တော်သည် မျက်ရည်များကို သုတ်လိုက်ပြီး အရိပ်ပြပွဲပြနေသည့် သေတ္တာကလေးကို ကြည့်နေမိသည်။ ကျွန်တော့်စိတ်ထဲတွင် မျက်လှည့်ဆရာကို လည်းကောင်း၊ ပန်းကန်ကိုလည်းကောင်း သတိမရတော့ပါ။ ကျွန်တော်သည် လက်ထဲတွင် ရှိသည့် ပိုက်ဆံကို အရိပ်ပြပွဲပြသူကို လှမ်းပေးလိုက်ပြီး သေတ္တာပေါက်ကလေးထဲသို့ ချောင်းကြည့်လိုက်ပါသည်။ ကျွန်တော့်ဘေးက အပေါက်တွင် ကောင်မလေးတစ်ယောက်လည်း ရပ်ကြည့်နေပါသည်။ ပြပွဲပြီး၍ သတိရလာသည့်အခါတွင် ကျွန်တော့်တွင် ပိုက်ဆံရော၊ ပန်းကန်ရော၊ မရှိတော့သည်ကို ကျွန်တော် သတိရလိုက်ပါသည်။ မျက်လှည့်ဆရာကိုလည်း အရိပ်အရောင်မျှ မမြင်ရတော့ပါ။ သို့ရာတွင် ထိုအရာများသည် ကျွန်တော့်စိတ်ထဲတွင် အရေးမကြီးတော့ပြီ။ ကျွန်တော်သည် အရိပ်ပြပွဲမှ စွန့်စားခန်း၊ အချစ်နှင့် ရဲရင့်မှုတွေကို မြင်ပြီး အကြီးအကျယ် သဘောကျနေပါသည်။ ကျွန်တော်သည် ဗိုက်ဆာသည်ကိုလည်း မေ့သွားပါပြီ။ အိမ်ပြန်ရောက်လျှင် အမေဆူပူကြိမ်းမောင်းမည်ကိုလည်း မေ့သွားပါပြီ။ ကျွန်တော်သည် နောက်သို့ အနည်းငယ်ဆုတ်ပြီး ထွက်ပြေးလာခဲ့ပါသည်။ တစ်ခါက ငွေတိုက်နှင့် စော်ဘွား၏ ရုံးလုပ်ခဲ့သည့် အုတ်တံတိုင်းကြီးတစ်ခုပေါ်သို့ ခုန်တက်

http://www.cherrythitsar.org



လိုက်ပြီး အရိပ်ပြပွဲထဲက စွန့်စားခန်းများကိုသာ စဉ်းစားနေပါသည်။ ကျွန်တော်သည် ရုပ်ရှင်ထဲက လူဆိုးကြီးကိုလည်းကောင်း၊ ဇေနာ မင်းသမီးကလေး ကိုလည်းကောင်း၊ လူဆိုးကြီး ကိုလည်းကောင်း သတိရနေပါသည်။ ထိုမျှမက ပါးစပ်ကရော ကိုယ်ခန္ဓာကရော ရုပ်ရှင်ထဲက စကားတွေကို ပြောပြီး ဟန်အမူအရာတွေ လုပ်နေမိပါသည်။

"ဟေ့ကောင်၊ မပြေးနဲ့ကွ။ ကိုင်း မှတ်ကရောကွာ" ဟု ဆိုကာ လေထဲတွင် လုံပစ်သည့်ပုံမျိုး လုပ်နေပါသည်။

"ပြီးတော့ ဇေနာမင်းသမီးလေးကို မြင်းပေါ်မှာတင်ပြီး မြင်းကို ဒုန်းစိုင်း သွားတယ်နော်"

ကျွန်တော့် နောက်မှ ချိုသာသည့် အသံကလေးတစ်သံကို ကြားလိုက်ရပါသည်။

နောက်သို့ လှည့်ကြည့်လိုက်သည့်အခါတွင် အရိပ်ပြပွဲတုန်းက ကျွန်တော့်ဘေးက အပေါက်တွင် ရပ်ကြည့်နေသည့် ကောင်မလေးကို တွေ့ရပါသည်။ ကောင်မလေးမှာ ညစ်ပတ်သည့် အဝတ်အစားများကို ဝတ်ထားပြီး ဆေးရောင်ခြယ်ထားသည့် ခုံဖိနပ်ကို စီးထားပါသည်။ သူသည် သူ့ကျစ်ဆံမြီးကလေးများကို လက်ဖြင့် ဖွနေပါသည်။ လက်တစ်ဖက်တွင်မူ သကြားလုံးများကို ကိုင်ထားပြီး ပါးစပ်ထဲတွင်လည်း မြုံ့နေပါသည်။ ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်မိကြပါသည်။ ကျွန်တော်မှာ ကောင်မလေးကို တော်တော် သဘောကျသွားပါပြီ။

"တို့ ဒီနားမှာ ခဏထိုင်ရအောင်လေ" ဟု ကျွန်တော်က ပြောပါသည်။

သူကလည်း ထိုင်ချင်နေဟန် တူပါသည်။ ကျွန်တော်သည် သူ့လက်ကို ဆွဲကာ ပြိုပျက်နေသည့် မြို့ရိုးကြီးမုခ်ဦးအောက်က လှေကားထစ်ပေါ်သို့ တက်လာခဲ့ပါသည်။ ထိုလှေကားထစ်များမှာလည်း ပြိုပျက်နေကြပါပြီ။ ထိပ်ဆုံးကို ရောက်သည့်အခါတွင် မိုးကုတ်စက်ဝိုင်းနှင့် ပြအိုးများကို မြင်ရပါသည်။

ကျွန်တော်တို့ နှစ်ယောက်သည် စကားမပြောမိကြဘဲ အတူ ထိုင်နေမိကြပါသည်။ ပြောစရာစကားလည်း ရှာမတွေ့ပါ။ ကျွန်တော့် စိတ်ထဲတွင်မူ ထူးဆန်းသည့် ခံစားချက်တစ်မျိုး ပေါ်နေပါသည်။ သူ့မျက်နှာနှင့် ကပ်လိုက်သည့်အခါတွင် မြေသင်းနံ့နှင့် ရောနေသည့် သူ့ဆံပင်မှ မွှေးပျံ့သော အနံ့ကို ရှုလိုက်ရပါသည်။ ထို့နောက် သကြားလုံးနံ့ သင်း

သော အနံ့ကို ရပါသည်။ ကျွန်တော်သည် ပါးကလေးကိုရော နမ်းလိုက်ပါသည်။ ကျွန်တော်က နမ်းသည့်အခါ သူ ငြိမ်နေပါသည်။ နမ်းပြီးသည့်အခါတွင် သူသည် သကြားလုံး ဆက်စုပ်နေပါသည်။ နောက်ဆုံးတွင် သူက ပြန်ရန် ပြောပါသည်။ ကျွန်တော်က သူ့လက်ကို ဆွဲပြီး တားပါသည်။

"နေပါဦးဟာ၊ မသွားပါနဲ့ဦး"

"ဟင့်အင်း၊ သွားတော့မယ်"

"ဘယ်ကို သွားမှာလဲ"

ဟု ကျွန်တော်က စိတ်တိုတိုဖြင့် မေး သည်။

"ဝမ်းဆွဲသည်ဆီကို"

သူက အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြသည်။

"ဘာလို့ သွားမှာလဲ"

"မြန်မြန်လာခဲ့ပါလို့ သွားခေါ်မလို့"

"ဘာဖြစ်လို့လဲ"

"အမေ ဗိုက်နာနေလို့၊ အိမ်မှာ အော်နေတယ်။ အမေက ဝမ်းဆွဲသည်ကြီးကို မြန်မြန်ခေါ်ခဲ့လို့ ခိုင်းလိုက်လို့"

"ဝမ်းဆွဲသည်ကြီးကို ခေါ်ပြီးရင် ပြန်လာမှာ၊ ဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။ သူက သူ့အမေ ခိုင်းလိုက်သည့်အလုပ်ကို ပြောသည့်အခါတွင် ကျွန်တော်သည် အမေခိုင်းလိုက်သည့်အလုပ်ကို အမှတ်ရကာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ကျွန်တော်က အရေးရှိလျှင် အသုံးပြုလေ့ရှိသော လက်နက်ကို သုံးပါသည်။ ကျွန်တော်သည် အသံထွက်အောင် ငို၍ပြန်လာပါသည်။ ကျွန်တော့် ငိုသံကို ကြားလျှင် အမေသည် ထွက်လာပြီး အကျိုးအကြောင်း မေးမည် ထင်ပါသည်။

သို့ရာတွင် အမေထွက် မလာပါ။ ကျွန်တော်သည် အိမ်ထဲသို့ လိုက်ရှာပါသည်။ အမေမှာ မီးဖိုထဲတွင်လည်း မရှိပါ။ အမေဘယ်သွားနေသနည်း။ ဘယ်အချိန် ပြန်လာမည်နည်း။ အိမ်တွင် ကျွန်တော် တစ်ယောက်တည်း ယောင်တောင်တောင် ဖြစ်နေပါသည်။ ထိုစဉ် အကြံတစ်ခု ကျွန်တော်ရပါသည်။ ကျွန်တော်သည် ပန်းကန်တစ်ချပ်ကို ကောက်ယူကာ ကျွန်တော့် စုဗူးထဲမှ ငွေတစ်ကျပ်ကို ယူပြီး ပဲဆိုင်သို့ ထွက်လာခဲ့ပါသည်။ ဆိုင်ရှင်မှာ ခုံတန်းလျားတစ်ခုပေါ်တွင် နဖူးပေါ် လက်တင်ပြီး အိပ်ပျော်နေပါသည်။ ပဲလှော်ထည့်ထားသည့် ဗူးများလည်း

http://www.cherrythitsar.org



မရှိတော့ပါ။ လည်ပင်းရှည်ရှည်နှင့် ဆီပုလင်းများမှာလည်း စင်ပေါ် ပြန်ရောက်နေကြပါပြီ။ ကျောက်ဖြူသား ခင်းထားသည့် စားပွဲမှာလည်း ဆေးကြောထားပါသည်။

"ဦးလေး၊ ဦးလေး" ဟု ကျွန်တော်က ခပ်တိုးတိုး ခေါ်ပါသည်။

သူက ဟောက်နေသဖြင့် ကျွန်တော်က သူ့ပခုံးကို အသာတို့ပါသည်။ ဆိုင်ရှင်သည် လက်ကို အလန့်တကြား မြှောက်လိုက်ပြီး နီရဲနေသော မျက်လုံးများကို ဖွင့်၍ ကျွန်တော့်ကို ကြည့်ပါသည်။

"ဦးလေး"

"ဘာလာလုပ်ပြန်တာလဲကွ"

ကျွန်တော့်ကို မှတ်မိသွားသဖြင့် ခပ်ထန်ထန် မေးပါသည်။

"မြေပဲဆီနဲ့ ပဲလှော်သုတ် တစ်ကျပ်ဖိုး ပေးပါ"

"ဘာ"

"ကျွန်တော့်မှာ ပန်းကန်လည်း ပါပါတယ်။ ပိုက်ဆံလည်း ပါပါတယ်"

"ဟေ့ကောင်လေး၊ သွား သွား။ လာရှုပ်မနေနဲ့။ ငါ ကောက်ရိုက်မိလိမ့်မယ်"

ကျွန်တော်က ရပ်မြဲ ရပ်နေသည့်အခါ သူသည် ကျွန်တော့်ကို ခပ်ပြင်းပြင်း တွန်းပစ်လိုက်ပါသည်။ ကျွန်တော်သည် ပက်လက်လန်ကျသွားပါသည်။ ကျွန်တော်သည် ငိုချင်စိတ်ကို အနိုင်နိုင် ချုပ်တည်းပြီး လဲရာမှ ထပါသည်။ လက်တစ်ဖက် တစ်ချက်စီတွင်လည်း ပန်းကန်ပြားနှင့် ပိုက်ဆံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပါသည်။ ကျွန်တော်သည် သူ့ကို ပြန်၍ မိုက်ကြည့်ကြည့်နေပါသည်။ ကျွန်တော် ပြန်ပြေးမည်ဟု စိတ်ကူးမိပါသေးသည်။ သို့ရာတွင် လူစွမ်းကောင်းလို သတ္တိမျိုး မွေးရမည်ဆိုသည့် စိတ်ကလေး ဖြစ်ပေါ်လာသဖြင့် ခပ်တည်တည် ရပ်နေပါသည်။ ထို့နောက် လက်ထဲတွင် ကိုင်ထားသည့် ပန်းကန်ဖြင့် တအားပစ်ပေါက်လိုက်ပါသည်။ ပန်းကန်သည် လေထဲတွင် ဝီးခနဲ အော်မြည်ပျံသန်းကာ သူ့ခေါင်းကြီးကို သွားမှန်ပါသည်။

ထို့နောက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် လှည့်ပြေးခဲ့ပါသည်။ ပြေးလာရင်းလည်း ကျွန်တော့် စိတ်ထဲတွင် လူစွမ်းကောင်းက လူကြမ်းကြီး သတ်ခဲ့သလို သူ့ကို အသေသတ်ခဲ့ပြီဟု ထင်နေပါသည်။ ကျွန်တော်သည် မြို့ရိုးဟောင်းကြီးနား ရောက်သည့်အထိ အားကုန် ပြေးလာခဲ့ပါသည်။ မြို့ရိုးနား ရောက်သည့်အခါတွင်မှ မောကြီးပန်း

http://www.cherrythitsar.org



ကြီးဖြင့် နောက်ကို လှည့်ကြည့်ပါသည်။ သို့ရာတွင် နောက်မှ မည်သူမျှ လိုက်လာသည်ကို မမြင်ရပါ။ ကျွန်တော်သည် ထိုအခါကျမှ ရပ်ပြီး အမောဖြေနိုင်ပါသည်။ အမောဖြေရင်း ဒုတိယပန်းကန်တစ်လုံး ဆုံးခဲ့သည့်ကိစ္စကို မည်သို့ဖြေရှင်းမည် နည်းဟု စဉ်းစားနေပါသည်။ အိမ်သို့ တိုက်ရိုက်မပြန်ရန် ကျွန်တော့်ကို တစ်စုံတစ်ခုက သတိပေးနေပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဘာမျှ မစဉ်းစားတော့ဘဲ ခြေဦးတည့်ရာ လျှောက်သွားနေပါသည်။ ပြန်လာလျှင် ကျွန်တော့်ကို အမေ ရိုက်မည်မုချ။ အရိုက်ခံရမည့်အတူတူ နောက်မှ အရိုက်ခံရအောင် အချိန်ရွှေ့ထားလိုက်ချင်သည်။ ကျွန်တော့်လက်ထဲတွင် ပိုက်ဆံတော့ ရှိသေးသည်။ အရိုက်မခံရခင် ပိုက်ဆံကလေးတော့ သုံးလိုက်ချင်သေးသည်။ နောင်မှ ဖြစ်လိုရာ ဖြစ်စေတော့။

သို့ရာတွင် မျက်လှည့်ဆရာကော ဘယ်ရောက်သွားပြီနည်း။ အရိပ်ပြပွဲကော ဘယ်ရောက်သွားပြီနည်း။ ကျွန်တော် သူတို့ကို လိုက်ရှာသည်။ သို့ရာတွင် ရှာမတွေ့ပါ။

လိုက်ရှာ၍ မတွေ့သည့်အခါတွင် မောမောဖြင့် ကျွန်တော်သည် ကောင်မလေးနှင့် ချိန်းထားသည့် မြို့ရိုးပျက်နားက လှေကားကြီးပေါ်သို့ တက်လာခဲ့ပါသည်။ ကျွန်တော်သည် ချိုချဉ်နံ့သင်းနေသော ကောင်မလေးကို နမ်းရန် စောင့်နေပါသည်။ ကောင်မလေးသည် ကျွန်တော့်ကို စွဲအောင် လုပ်သွားပြီဟု ထင်ပါသည်။ ထိုအတွေ့မျိုးကို ကျွန်တော် တစ်ခါမျှ မတွေ့ဖူးသေးပါ။

ကျွန်တော် ထိုင်စောင့်နေ၍ အတန်ကြာသည့်အခါတွင် ကျွန်တော့် နောက်နားဆီမှ တီးတိုး စကားပြောသံများကို ကျွန်တော် ကြားလိုက်ရပါသည်။ ကျွန်တော်သည် လှေကားကြီးထိပ်သို့ တက်လာပြီး တစ်ဖက်သို့ ကြည့်လိုက်ပါသည်။ မြို့ရိုးအောက်ခြေတွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ထိုင်နေကြပါသည်။ တီးတိုးစကားပြောသံများမှာ သူတို့ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ အမျိုးသားမှာ လူလေလူလွင့် တစ်ယောက်နှင့် တူပြီး အမျိုးသမီးမှာ သိုးများကို ကျောင်းသည့် ဂျစ်ပစီမ တစ်ယောက်နှင့် တူပါသည်။ သူတို့လည်း ကျွန်တော်တို့ နှစ်ယောက်လို ချိန်းတွေ့ခြင်း ဖြစ်သည် ထင်ပါသည်။ ကျွန်တော်သည် သူတို့နှစ်ယောက်ကို ချောင်းကြည့်ရင်း စိတ်လှုပ်ရှားနေပါသည်။ ပျော်လည်း ပျော်၊ ကြောက်လည်းကြောက် ဖြစ်နေပါသည်။ သူတို့နှစ်ယောက်သည် ထထိုင်ကာ တစ်ယောက်ကို တစ်ယောက် စကား

http://www.cherrythitsar.org



မပြောဘဲ ငူငူကြီးတွေ ထိုင်နေကြပါသည်။

အတန်ကြာသည့်အခါတွင် အမျိုးသားက စ၍ စကားပြောပါသည်။

"ပိုက်ဆံပေးဦး"

"ရှင့်မှာ ပိုက်ဆံချည်းပဲ တောင်းနေတာပဲ"

"နင်က အလကား ကောင်မ"

အမျိုးသားက တံတွေးကို ပစ်ခနဲ ထွေးလိုက်သည်။

"နင်ကော သူခိုး"

အမျိုးသားက အမျိုးသမီးပါးကို ခပ်ပြင်းပြင်း လက်ပြန် ရိုက်လိုက်ပါသည်။ အမျိုးသမီးက မြေကြီးတစ်ဆုပ်ကို ကောက်ပြီး သူ့မျက်နှာကို ပက်လိုက်ပါသည်။ အမျိုးသားက အမျိုးသမီး၏ လည်ပင်းကို ထညှစ်ပါသည်။ အမျိုးသမီးက အတင်းရုန်းပါသည်။ အမျိုးသမီးက အော်သော်လည်း အသံမထွက်လာပါ။ မျက်လုံးကြီးတွေ ပြူးပြီး ခြေထောက်က မြေကြီးပေါ်မှာ လွတ်နေပါသည်။ ကျွန်တော် ကြောက်ကြောက်ဖြင့် ကြည့်နေပါသည်။ အမျိုးသမီး၏ နှာခေါင်းမှ သွေးတွေစီးကျလာပါသည်။ ကျွန်တော်သည် ထလုမ်းအော်ပါသည်။ အမျိုးသားက မော့မကြည့်မီ ကျွန်တော်သည် မြို့ရိုးပျက်ပေါ်မှ ခုန်ဆင်းကာ ခြေဦးတည့်ရာသို့ တအားစွတ်ပြေးလာခဲ့ပါသည်။ ကျွန်တော် အသက်ကိုမျှ မရှူနိုင်ဘဲ စွတ်ပြေးလာခဲ့ရာ နောက်ဆုံး သတိရ၍ ကြည့်လိုက်သည့်အခါတွင် အမိုးခုံးခုံးကြီးတွေ ရှိသည့် လမ်းဆုံးလမ်းခွတစ်ခုသို့ ရောက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ထိုနေရာသို့ တစ်ခါမျှ မရောက်ဖူးပါ။

ကျွန်တော်နေသည့် ရပ်ကွက်ပင်လျှင် ဘယ်နားရောက်နေသည်ကို ကျွန်တော် မသိပါ။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် မျက်မမြင် သူတောင်းစားတွေ တစာစာတောင်းနေကြပါသည်။ အရပ်လေးမျက်နှာမှလာသော လမ်းသွားလမ်းလာများသည် ဘယ်သူ့ကိုမျှ ဂရုမစိုက်နိုင်ဘဲ ကိုယ့်ကိစ္စနှင့် ကိုယ် ခပ်သုတ်သုတ် သွားနေကြပါသည်။ ကျွန်တော်သည် မျက်စေ့လည်နေပါသည်။ အိမ်ကို ဘယ်လို ပြန်ရမည်ဆိုသည်ကိုပင် မသိတော့ပါ။ လမ်းသွားလမ်းလာ တစ်ယောက်ယောက်ကို မေးရမည်လားဟု စိတ်ကူးမိပါသေးသည်။ ယခုနေ ပဲလှော်ဆိုင်ရှင်လို လူမျိုး၊ မြို့ရိုးပျက်ကြီးနားက လူလေလူလွင့် လူမျိုးနှင့် သွားတွေ့လျှင် မည်သို့ လုပ်မည်နည်း။ ဘုရားသိကြားမ၍ ကျွန်တော့်ကို လိုက်ရှာနေ

http://www.cherrythitsar.org



သည့် အမေနှင့် သွားတွေ့လျှင် မည်မျှ ကောင်းမည်နည်း။ သို့မဟုတ် ကျွန်တော် မှတ်မိသည့် အဆောက်အအုံတစ်ခုခု၊ နေရာတစ်ခုခု၊ အမှတ်အသားတစ်ခုခုကို တွေ့သည်အထိ လျှောက်သွားရမည်လော။

ကျွန်တော်သည် ပြတ်ပြတ်သားသား၊ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရတော့မည် ဖြစ်ပါသည်။ အချိန်မရှိတော့။

နေ့တာသည် ကုန်ဆုံးလျက်ရှိကာ လျှို့ဝှက်ဆန်းကျယ်သည့် အမှောင်ထုသည် သက်ဆင်းလာတော့မည်။

(အီဂျစ်အမျိုးသား စာရေးဆရာကြီး *Naguib Mahfouz* ၏ *The Conjurer Made Off with the Dish* ကို ပြန်ဆိုသည်။)

[ရင်ခွင်သစ်၊ ဇွန်၊ ၁၉၉၃]

# မပေးချင်သော အဖြေ

ကျောင်းအုပ်ဆရာကြီး အသစ်ရောက်လာပြီ ဆိုသော သတင်းသည် သူတို့ ကျောင်းကလေးတစ်ကျောင်းလုံးသို့ ချက်ချင်း ပျံ့နှံ့သွားသည်။ ဆရာမများ၏ နားနေခန်းထဲတွင် ယနေ့ သင်ရမည့် သင်ခန်းစာများကို ကြည့်နေစဉ် ထိုသတင်းကို သူမကြားရခြင်း ဖြစ်သည်။ အခြားသော ဆရာဆရာမများနှင့် အတူ သူ့ကို နှုတ်ဆက်ရဦးတော့မည်။ တခြားဘယ်ကိုမျှ ရှောင်ပြေး၍ မရနိုင်တော့ပြီ။ သူမ တစ်ကိုယ်လုံးသည် တုန်သွားသည်။ သို့ရာတွင် ရှောင်လွှဲ၍ မရနိုင်တော့ပြီ။

"နောက်ရောက်လာတဲ့ ဆရာကြီးက တော်တယ်တဲ့။ ပြီးတော့ စည်းကမ်းလည်း သိပ်ကြီးတယ်တဲ့"

သူမနှင့် လုပ်ဖော်ကိုင်ဖက် ဆရာမတစ်ယောက်က ပြောနေသည်။

ထိုအဖြစ်အပျက်မျိုးသည် ဖြစ်တောင့်ဖြစ်ခဲသော ကိစ္စမျိုးမဟုတ်။ ဖြစ်နိုင်ဖြစ်တတ်သော ကိစ္စမျိုးသာ ဖြစ်သည်။ ယခု ထိုအတိုင်းပင် ဖြစ်လာလေပြီ။ သူမ၏ လှပသည့် မျက်နှာကလေးသည် ဖျော့တော့သွားကာ ငေးငိုင်သော အကြည့်သည် ဝိုင်းစက် နက်မှောင်သော မျက်လုံး

များထဲသို့ ရောက်လာသည်။

အချိန်ရောက်သည်နှင့် ဆရာ ဆရာမများသည် အဝတ်အစားကို သပ်ရပ်အောင် ပြုပြင်ကာ ဖွင့်ထားသော ဆရာကြီး၏ ရုံးခန်းထဲသို့ တန်းစီ ဝင်လာခဲ့ကြသည်။ ဆရာကြီးက သူ့စားပွဲနောက်တွင် ရပ်ကာဝင်လာသော ဆရာ ဆရာမများကို ကြိုဆို၏။ ဆရာကြီးမှာ အရပ်မနိမ့်မမြင့် ကိုယ်လုံးပြည့်ပြည့်၊ မျက်နှာလုံးလုံး၊ နှာခေါင်းကောက်ကောက်၊ မျက်လုံးပြူးပြူးနှင့် ဖြစ်သည်။ ဆရာကြီးနှင့် ပတ်သက်၍ ပထမဆုံး မြင်ရသောအရာမှာ လှိုင်းလုံးတစ်လုံးပေါ်တွင် ရှိသည့် ရေမြုပ်များလို ခပ်ကွေ့ကွေ့ ခပ်ဝိုက်ဝိုက် ဖြစ်နေသည့် ထူထဲသော နှုတ်ခမ်းမွေး ဖြစ်သည်။ သူမသည် မျက်လုံးများကို ဆရာကြီး၏ ရင်ဘတ်ဆီသို့ စိုက်ထားကာ ရှေ့သို့ တိုးလာခဲ့သည်။ ဆရာကြီး၏မျက်လုံးများကို ရှောင်လွှဲကာ လက်ကို ကမ်းပေးလိုက်သည်။ သူမတွင် ဘာစကား ပြောစရာရှိပါသနည်း။ သူများတွေ ပြောကြသည့် စကားမျိုးသာ ရှိသည်။ သို့ရာတွင် သူမသည် စကားတစ်လုံးမျှ မပြောနိုင်ဘဲ တိတ်ဆိတ်နေသည်။ သူ့မျက်လုံးများသည် မည်သည့် ခံစားချက်မျိုးကို ဖော်ပြနေကြမည်နည်းဟု သူမ တွေးနေသည်။ သူ၏ကြမ်းတမ်းသော လက်များဖြင့် သူမ၏လက်ကို လှုပ်ယမ်းပြီးနောက် "ကျေးဇူးတင်ပါတယ်" ဟု အသံဩဩဖြင့် ပြောသည်။ သူမသည် ဣန္ဒြေရရဖြင့် ပြန်လှည့်လာကာ အပြင်သို့ ထွက်လာခဲ့သည်။

အတန်းထဲရောက်၍ စာပြနေသည့် အခါတွင် သူမသည် စိတ်ညစ်စရာတွေကို မေ့ပျောက်သွားသည်။ သို့ရာတွင် သူမမျက်နှာမှာ ပျက်နေသည်။ တပည့်မကလေးများက "ဆရာမ ဘာဖြစ်နေသလဲ မသိဘူး" ဟု ပြောကြသည်။ အိမ်သို့ ပြန်ရောက်သည့်အခါ၌ သူမသည် အဝတ်အစားလဲပြီး အမေနှင့်အတူ ထမင်းစားရန် ထမင်းစားပွဲတွင် ထိုင်သည်။ အမေက သူ့မျက်နှာကို ကြည့်ကာ "ဒီနေ့ အဆင်ပြေရဲ့လား" ဟု မေးသည်။

"ဘဒ္ဒရန်ဘဒါဝီလေ" သူမက ခပ်တိုတိုပင် ပြောသည်။ "အမေ သိတယ် မဟုတ်လား။ ခု သမီးတို့ကျောင်းကို ကျောင်းအုပ်ကြီး အဖြစ်ရောက်လာတယ်"

"ဟင် ဟုတ်လား"

ထို့နောက် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"သိပ်တော့ အရေးမကြီးပါဘူး အမေရယ်။ ကိစ္စက ကြာလည်းကြာပြီဆိုတော့ မေ့လောက်ရောပေါ့" ဟု သူမက ပြောသည်။

ထမင်းစားပြီးနောက် ကျောင်းမှ လေ့ကျင့်ခန်းစာအုပ်များကို မပြင်မီ အနားယူရန် သူ့စာကြည့်ခန်းသို့ လာခဲ့သည်။ သူမသည် သူ့ကို လုံးလုံး မေ့နေလေပြီ။ အို လုံးလုံးတော့လည်း မဟုတ်သေးပါ။ သူ့လိုလူကို ဘယ့်နှယ်လုပ် လုံးလုံးလျားလျား မေ့ပျောက်၍ ရနိုင်ပါမည်နည်း။ သူတို့ အိမ်သို့ လာ၍ သူမကို သင်္ချာလာသင်ပေးတုန်းက သူမသည် အပျိုဖြန်းကလေးသာ ရှိသေးသည်။ သူက သူမထက် အသက်နှစ်ဆယ့်ငါးနှစ်ကြီးသည်။ သူမ အဖေနှင့်မှ ရွယ်တူလောက် ရှိပေလိမ့်မည်။ "လူကတော့ ကဗျစ်ကညစ်ပဲ အမေရဲ့။ ဒါပေမယ့် အသင်အပြက သိပ်ကောင်းတာပဲ" ဟု အမေ့ကို ပြောခဲ့ဖူးသည်။ အမေက "ဒါက အရေးမကြီးပါဘူး သမီးရယ်။ အရေးကြီးတာက စာအသင်အပြ ကောင်းဖို့ပဲ ဟုတ်လား" ဟု ပြန်ပြောခဲ့သည်။

သူသည် တော်တော်ရယ်စရာကောင်းသူ ဖြစ်သည်။ သူမသည် သူနှင့် ရင်းနှီးခင်မင်သွားခဲ့ကြကာ သူ့ထံမှ အသိပညာတွေ ရခဲ့သည်။ ထို့နောက် မည်သို့ ဖြစ်သွားသနည်း။ သူ့အမူအရာတွေ ပြောင်းလာသည်ကို သူမ ကောင်းကောင်း သတိမပြုမိလိုက်။ သူမကလည်း သူ့ကိုယ်ကိုယ် ကာကွယ်ရန် မစဉ်းစားမိ။ တစ်နေ့ အမေက ဒေါ်လေး တစ်ယောက်အား ဆေးရုံသွားမေးရန် အပြင်ထွက်သွားသည့်အခါတွင် သူသည် မပြန်သေးဘဲ အိမ်မှာ ချန်နေရစ်ခဲ့သည်။ သူမသည် သူ့ကို ဒုတိယအဖေတစ်ယောက်လို သဘောထားသဖြင့် သူ့အပေါ်တွင် သံသယရယ်လို့ ဘာမျှ မရှိ။ ထို့နောက် မည်သို့ ဖြစ်သွားသနည်း။ မိမိဖက်က အချစ်လည်း မရှိ၊ ဆန္ဒလည်း မရှိဘဲ ထိုအရာ ဖြစ်ပျက်သွားခဲ့သည်။ သူမ ကြောက်လန့်တကြားဖြင့် မေးသည့်အခါတွင် သူက "သိပ် မစိုးရိမ်ပါနဲ့ နောင်ကျတော့ လူကြီးတွေကို ဖွင့်ပြောပြီး လက်ထပ်မှာပေါ့" ဟု သူ ပြောခဲ့သည်။

သူသည် ကတိအတိုင်း ရောက်လာကာ လူကြီးမိဘတွေထံ လာရောက် တောင်းရမ်းခဲ့သည်။ ထိုအချိန်၌ သူမမှာ သူမ၏ စိတ်နာကြည်းဖွယ် အဖြစ်အပျက်၏ အတိမ်အနက်ကို ပြန်၍ စဉ်းစားနိုင်လောက်အောင် ရင့်ကျက်နေပြီ။ ထိုအခါကျမှ သူမသည် သူ့ကို ချစ်ခင်ခြင်းလည်း မရှိ၊ လေးစားခြင်းလည်း မရှိကြောင်း သိလာခဲ့ရသည်။ သူသည် သူမစိတ်ထဲတွင် ရှိနေခဲ့သည် အကျင့်သီလကောင်းသည့် စံပြယောကျ်ားမျိုး တစ်ယောက် မဟုတ်ကြောင်း၊ သူ့အိပ်မက်ထဲတွင် ရှိခဲ့သည့် စံပြယောကျ်ားတစ်ယောက်၏ အရည်အချင်းမျိုး တစ်စက်ကလေး

http://www.cherrythitsar.org



မှု မရှိကြောင်းကို တွေ့လာရသည်။ သို့ရာတွင် မည်သို့ လုပ်ရမည်နည်း။ သူမ အဖေမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ကွယ်လွန်သွားခဲ့သည်။ အမေမှာ ထိုသူ၏ အတင့်ရဲမှုကြောင့် အံ့အားသင့်နေသည်။ သို့ရာတွင် အမေသည် ဘာမျှ ကန့်ကွက်ပြောဆိုခြင်း မရှိပါ။ "သမီးက လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချင်တယ်။ ဒီတော့ ဒီကိစ္စမှာလည်း သမီးဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပါ" ဟု အမေက ပြောခဲ့သည်။

သူမသည် သူမ ရောက်ရှိနေသည့် အကြပ်အတည်းကို သဘောပေါက်ပါသည်။ မိမိသည် သူ့ကမ်းလှမ်းချက်ကို လက်ခံမည်လော၊ သို့မဟုတ် တစ်သက်လုံး တံခါးပိတ်ထားလိုက်တော့မည်လော။ အဖြစ်မှာ သူမ စက်ဆုတ်ရွံ့မုန်းသော အခြေအနေမျိုးသို့ ရောက်အောင် တွန်းပို့နေသည့် အခြေအနေမျိုး ဖြစ်သည်။ သူမသည် လှပချောမောသော မိန်းကလေးတစ်ယောက်။ ချမ်းသာသော မိန်းကလေးတစ်ယောက်။ စိတ်ထားဖြူစင် မြင့်မြတ်သော မိန်းကလေး တစ်ယောက်။ ယခုသော် သူမသည် သေသေချာချာ ရက်လုပ်ထားသည့် ပိုက်ကွန်ကြီးထဲတွင် အကာအကွယ်မဲ့စွာ ရုန်းကန်နေရလေပြီ။ သူကမူ ပိုက်ကွန်ကြီးထဲတွင် ရုန်းကန်နေသည့် သူမကို အာသာငမ်းသော မျက်လုံးများဖြင့် ငုံ့ကြည့်နေသည်။ သူမ၏ ရိုးအမှုကို အခွင့်ကောင်းယူသွားခဲ့သည်။ ယခု သူမကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် စဉ်းစားချင့်ချိန်နိုင်သော အရွယ်သို့ ရောက်လာသည့်အခါတွင် ထိုအချက်ကို အခွင့်ကောင်းယူကာ အပေါ်စီးနေရာကို ယူလာခဲ့သည်။

"ဘယ်လိုလဲ။ ကိုယ် ကတိတည်တယ်နော်။ ကိုယ့်ကတိအတိုင်း မင်းဆီကို ကိုယ်ပြန်လာပြီး လူကြီးတွေဆီမှာ ပြောတယ်။ အေးလေ၊ ကိုယ်က မင်းကို ချစ်တာကိုး" ဟု သူပြောခဲ့သည်။ "မင်းက စာသင်တာကို ဝါသနာပါတော့ ကောလိပ်မှာ ဘွဲ့ရအောင်တော့ တက်ရဦးမယ်ဆိုတာ ကိုယ်နားလည်ပါတယ်" ဟုလည်း သူက ဆက်ပြောသည်။

သူမ တစ်သက်တွင် ထိုမျှလောက် တစ်ခါမျှ ဒေါသမထွက်စဘူး။ သူမသည် အရုပ်ဆိုး အကျည်းတန်မှုကို ဆန့်ကျင် ကန့်ကွက်သကဲ့သို့ ယခုလည်း အတင်းအဓမ္မ အနိုင်ယူခြင်းမျိုးကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ သည်တစ်သက်တွင် အိမ်ထောင်မပြုရလျှင်ကော ဘာဖြစ်သေးသနည်း။ သူမသည် သူတစ်ယောက်တည်း နေရသည့် ဘဝကို လိုက်လှဲစွာ ကြိုဆိုသည်။ ကိုယ့်သိက္ခာကို ရိုသေစွာဖြင့် တစ်ယောက်တည်း အထီးကျန်ဟု မခေါ်သာ။ ထို့ပြင် သူသည် သူမ၏ပိုက်ဆံကိုသာ

http://www.cherrythitsar.org



မက်မောကြောင်းကိုလည်း သူမ သိသည်။ ထို့ကြောင့်ပင်လျှင် သူမက "ဟင့်အင်း အမေရယ်။ သမီး သူ့ကို မယူချင်ဘူး" ဟု ပြောခဲ့သည်။ ထိုအခါတွင် သူ့အမေကလည်း "ပထမစပြီး ပြောကတည်းက သမီး မငြင်းခဲ့တဲ့အတွက် မေမေတောင် အံ့ဩမိသေးတယ်" ဟု ပြောသည်။

သူက ရှေ့မှ ဆီးပိတ်၍ ရပ်ပြီး ...

"ဘာဖြစ်လို့ ငြင်းတာလဲ ဟင်။ ဒီလို ငြင်းလိုက်ရင် မင်းဘဝ ဘယ်လို ဖြစ်သွားမယ်ဆိုတာ မင်းသဘောပေါက်ရဲ့လား။ မင်း ဒုက္ခတွေ့မယ်ဆိုတာ သိရဲ့လား"

သူမက သူမ မျှော်လင့်သည့် ပြင်းထန်ခါးသည်းမှုမျိုးဖြင့် ပြန်ပြောခဲ့သည်။

"ရှင်နဲ့ လက်ထပ်တာနဲ့စာရင် အဲဒီဒုက္ခတွေက ပိုကောင်းပါတယ်"

ကျောင်းမှ ဘွဲ့ရသည့်အခါတွင် အချိန်အားများကို ဖြည့်ရန်အတွက် အလုပ်တစ်ခုခုကိုတော့ လုပ်ချင်သည်။ ထို့ကြောင့် သူမသည် ကျောင်းဆရာ ဝင်လုပ်ခဲ့သည်။ လက်ထပ်ဖို့ အခွင့်အရေးတွေ မကြာခဏ ပေါ်ပေါက်ခဲ့ပါသည်။ သို့ရာတွင် ပေါ်လာသည့် အခွင့်အရေးတိုင်းကို သူမ ငြင်းပယ်ခဲ့သည်သာ ဖြစ်ပါသည်။

"သမီးက ဘယ်သူ့ကိုမှ သဘောမကျဘူးလား" ဟု အမေက မေးသည်။

"သမီး လုပ်နေတာကို သမီး သိပါတယ် အမေရယ်" ဟု သူမက တိုးတိတ်ညင်သာစွာ ပြောပါသည်။

"ဒါပေမယ့် အချိန်က တရွေ့ရွေ့ သွားနေပြီ သမီးရဲ့"

"သူကြိုက်သလောက် သွားစမ်းပါစေ အမေရယ်၊ သမီး ကျေနပ်ပါတယ်"

သူမသည် တစ်နေ့ထက် တစ်နေ့ အသက်ကြီးလာလေပြီ။ သူမသည် အချစ်ကို ရှောင်သည်။ ကြောက်သည်။ သူမ၏ဘဝသည် ပျော်ရွှင်စွာ မဟုတ်သည့်တိုင် ငြိမ်းချမ်းစွာ၊ ငြိမ်သက်စွာတော့ ကုန်ဆုံးသွားလိမ့်မည်ဟု ခွန်အားရှိသမျှဖြင့် မျှော်လင့်ထားသည်။ ပျော်ရွှင်မှုဆိုသည်မှာ အချစ်နှင့်မိခင်ဘဝတို့တွင်သာ ရှိသည်မဟုတ်၊ အခြားအရာများထဲတွင်လည်း ရှိသည်ဟု သူ့ဘာသာသူ သွေးဆောင်ဖြားယောင်းကြည့်သည်။ သူမ၏ခိုင်မာသည့် သံန္နိဋ္ဌာန်ကိုမူ ဘယ်တော့မှ နောင်တမရ။ မနက်ဖြန်တွင် ဘာဖြစ်မည်ဟု မည်သူ ပြောနိုင်သနည်း။ သို့ရာတွင် သူ့ဘဝထဲတွင်

သူနောက်တစ်ကြိမ် ထပ်မံ ပေါ်ပေါက်လာဦးမည်။ နေ့ရှိသရွေ့ သူနှင့် ဆက်ဆံနေရဦးမည်။ အတိတ်ကို အသက်ရှင်၍ နာကျင်သော ပစ္စုပ္ပန်ဖြစ်အောင် သူလုပ်ဦးမည် ဆိုသည်ကို တွေးမိသည့်အခါတွင်မှ သူမ တော်တော် စိတ်ညစ်သွားသည်။

သူ့ရုံးခန်းထဲတွင် သူမနှင့် ပထမဆုံး အကြိမ် နှစ်ယောက်ချင်း ဆုံမိသည့်အခါတွင် သူက မေးသည်။

"နေကောင်းတယ်နော်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်" ဟု သူမက အေးစက်စက်ဖြင့် ဖြေခဲ့သည်။

သူသည် အတန်ကြာ ဆုတ်ဆိုင်းတွေဝေနေပြီးမှ နောက်ထပ် မေးခွန်းတစ်ခုကို ဆက်မေးသည်။

"ကိုယ်မေးတာက ဟို ဟို မင်း အိမ်ထောင်ကျပြီလားလို့"

"ကျွန်မ ပြောပြီးပြီပဲ နေကောင်းပါတယ်လို့"

သူမက စကားမြန်မြန် ပြတ်အောင် ပြောချင်သူ တစ်ယောက်၏ လေသံမျိုးဖြင့် ခပ်ပြတ်ပြတ် ပြောသည်။

(နိုဗဲလ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *The Answer Is No* ကို ပြန်သည်။)

[ရင်ခွင်သစ်၊ ဇူလိုင်၊ ၁၉၉၃]

# အဖေ့မယား

မထင်မှတ်ဘဲနှင့် ကျွန်တော်သည် တရားပြိုင်တစ်ယောက် ဖြစ်နေလေပြီ။ ကျွန်တော့်အဖေ၏ နောက်ဇနီးက စရိတ်တောင်းနေသောကြောင့် ဖြစ်၏။ အတိတ်သည် အချိန်ကာလ၏ နက်ရှိုင်းမှုထဲမှ နိုးထလာကာ အောက်မေ့ဖွယ်ရာများနှင့်အတူ ကျွန်တော့်ဘဝထဲသို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ ကျွန်တော်သည် သူ့လျှောက်လွှာကို ဖတ်ကြည့်ကာ “ဘယ်တုန်းကများ သူမွဲသွားတာတဲ့လဲဗျာ။ သူ့ပစ္စည်းတွေကို ဘယ်သူကများ လုသွားလို့လဲ” ဟု ဆိုမိသည်။

“ဒီအမျိုးသမီးဟာ ကျွန်တော်တို့ ပစ္စည်းတွေကို ယူသွားရုံတင်မကဘူး။ ကျွန်တော်တို့ရဲ့ တရားဥပဒေ ပိုင်ခွင့်တွေကိုလည်း ဆုံးရှုံးအောင်လုပ်ခဲ့တာဗျ” ဟု ကျွန်တော်က ကျွန်တော့်ရှေ့နေကို ပြောသည်။

ကျွန်တော် သူ့ကို တော်တော် တွေ့ချင်နေပါသည်။ တခြားထွေလာကာလာ စိတ်ကူးတွေ ရှိသောကြောင့် မဟုတ်ပါ။ ယခုအချိန်တွင် သူ့ရုပ်ကျသွားမသွားကို ကြည့်ချင်သောကြောင့် ဖြစ်ပါသည်။ သူ့ရုပ်ရည်သည် ခံနိုင်ပါသေး၏လော။ ဆင်းရဲနွမ်းပါးသည့် ဒဏ်ကို ခံနိုင်ပါသေး၏လော။ တကယ် တရားစွဲဆိုလိုခြင်း မဟုတ်ဘဲ သက်သက်မဲ့ အနှောင့်အယှက် ပေးလို၍လော။ တကယ်တရားစွဲလိုလျှင် အဘယ့်ကြောင့် စောစောကတည်းက စွဲဆိုခြင်း မပြုခဲ့ပါသနည်း။ ဟိုတုန်းကတော့ တော့်တော့်ကို ချောသည် မိန်းမတစ်ယောက် ဖြစ်ခဲ့သည်ပင်။

"ကျွန်တော့်အဖေ အသက် ငါးဆယ်အတွင်းမှာ သူ့ကို လက်ထပ်ခဲ့တာပဲ။ အဲဒီတုန်းက သူက အသက် ၂၀ လောက်ပဲ ရှိသေးတယ်" ဟု ကျွန်တော်က ရှေ့နေကို ပြောပြသည်။

အဖေသည် စာကောင်းကောင်း မတတ်သည့် ရှေးဆန်သော ကန်ထရိုက်တာကြီး တစ်ဦးဖြစ်သည့်အတွက် ရသည့်ငွေများကို ဘဏ်တိုက်တွင် အပ်လေ့မရှိဘဲ သူ့အိပ်ခန်းထဲက ဘီရိုကြီး တစ်လုံးထဲတွင် ထည့်ထားလေ့ရှိသည်။ ကျွန်တော်တို့တစ်တွေ မိသားစုတစ်စုတည်း အဖြစ် ဥမကွဲ သိုက်မပျက် ရှိခဲ့စဉ်တုန်းကတော့ အဖေ ထိုသို့ ပိုက်ဆံ အလွယ်တကူ ထားသဖြင့် ကျွန်တော်တို့ ပျော်ခဲ့ကြသည်။ သူနောက် အိမ်ထောင်ပြုမည်ဟု ပြောလိုက်သည့်အခါ၌ အမေ၊ ကျွန်တော့်အစ်ကိုကြီး၊ ကျွန်တော်နှင့် အိမ်ခွဲ၍ နေကြသော ကျွန်တော်တို့ အစ်မများ စသည့် ကျွန်တော်တို့ မိသားစု အသိုက်အဝန်းတွင် ဗုံးကြီးတစ်လုံး ပေါက်ကွဲသကဲ့သို့ ဖြစ်ခဲ့ရသည်။ အပေါ်ဆုံးထပ်ကို အဖေနှင့် သူ့နောက်မိန်းမအတွက် ဘီရိုကြီးကို ပေးလိုက်ရသည်။ ကျွန်တော်တို့သည် အဖေ့မိန်းမ၏နုနယ်ပျိုမျစ်မှုနှင့် အလှတို့ကြောင့် တအံ့တသြ ဖြစ်နေကြသည်။ အမေက ငိုယိုရင်းက ဆို့နစ်တုန်ရီသော အသံဖြင့် "တို့အားလုံးတော့ ဒုက္ခလှလှကြီး ရောက်ပြီ။ စားစရာဆိုလို့ ပဲတောင့်ကလေး တစ်တောင့်တောင် ရှိမှာ မဟုတ်တော့ဘူး" ဟု ဆိုသည်။

ကျွန်တော့် အစ်ကိုကြီးမှာ စာမတတ်သည့်အပြင် စိတ်ဓာတ်ဖွံ့ဖြိုးမှု နောက်ကျသူလည်း ဖြစ်ပါသည်။ အိမ်တွင်လည်း ဘာမျှ အလုပ်မလုပ်ပါ။ သို့ရာတွင် သူ့ကိုယ်သူ မြေရှင်ကြီးတစ်ယောက်ဟု ထင်နေပါသည်။ သူသည် အကြီးအကျယ် စိတ်ဆိုးကာ "မခံဘူးဗျ။ အသေခံပြီး ကာကွယ်မယ်" ဟု ပြောပါသည်။

ဆွေမျိုးအချို့က ရှေ့နေရှေ့ရပ်နှင့် တိုင်ပင်ရန် အကြံပေးပါသည်။ သို့ရာတွင် ထိုသို့ လုပ်လျှင် ကွာပစ်မည်ဟု အဖေက အမေ့ကို ခြိမ်းခြောက်ပါသည်။

"ငါ လူလိမ် မဟုတ်ဘူးကွ။ ငတုံးကြီးလည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မနစ်နာစေရဘူး"

ဟု အဖေက ပြောသည်။

အဖေ နောက်မိန်းမယူသဖြင့် အကြီးအကျယ် စိတ်ထိခိုက်သူဆို၍ ကျွန်တော် တစ်ယောက်သာ ရှိပါသည်။ ယင်းမှာ ငယ်သေးသည့်အတွက်ကြောင့် တစ်ကြောင်း၊ အင်ဂျင်နီယာ ကောလိပ်သို့ တက်ရောက်

ပြီး ပညာသင်ရန် ရည်မှန်ထားသည့်အတွက်ကြောင့် တစ်ကြောင်း ဖြစ်ပါသည်။ သို့တိုင်အောင် အခြေအနေကိုတော့ လုံးဝလစ်လျူရှု၍ မရပါ။ အဖေက အသက်ကြီးကြီး သူ့မိန်းမက ငယ်ငယ်ချောချော၊ သည်အထဲတွင် ကျွန်တော်တို့ စည်းစိမ်ကိုလည်း ခြိမ်းခြောက်နေသော အန္တရာယ်က ရှိနေပါသေးသည်။ ကျွန်တော်က စိတ်သက်သာလို သက်သာငြား "ကျွန်တော်ကတော့ အဖေ့ကို ယုံတယ်ဗျာ" ဟု ပြောပါသည်။

အစ်ကိုကြီးက ...

"အေး၊ မင်းကသာ ယုံနေ၊ ဘီရိုထဲသွားကြည့်ရင် တို့ဖို့ ဘာမှ ကျန်တော့မှာ မဟုတ်ဘူး"

ဟု ပြောပါသည်။

ကျွန်တော်လည်း သူ့လိုပင် စိုးရိမ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် စိုးရိမ်စိတ်ကို ဖုံးကွယ်ကာ ဘာမှ မဖြစ်ဟန် ဆောင်နေပါသည်။ တကယ်တော့ အေးချမ်းငြိမ်သက်သည့် ကျွန်တော်တို့ အိုအေစစ်ကလေးသည် လေရိုင်းတိုက်ခတ်မှုကို ခံနေရကာ မိုးကုတ်စက်ဝိုင်းတွင် ညိုမည်းသော တိမ်တိုက်ကြီးတွေ အုံ့ဆိုင်းနေပြီဟု အမြဲလိုလို ခံစားနေပါသည်။ အမေကား တိတ်ဆိတ်သည့် သောကထဲတွင်သာ ခိုလှုံရာကို ရှာနေပါသည်။ နေ့တိုင်းလည်း အခြေအနေ ဆိုးသည်ထက် ဆိုးလာမည့် သဘောကို ပြနေပါသည်။ ကျွန်တော့် အစ်ကိုကြီးမှာကား သားရဲတွင်းထဲက ခြသေ့်ကို ရင်ဆိုင်သည့်အလား အဖေနှင့် တကျက်ကျက် ဖြစ်နေပါသည်။

"ကျွန်တော်က သားလည်း သားဦး၊ စာလည်း မတတ်ဘူး။ ကိုယ်ဘာသာကိုယ် လုပ်ကိုင်စားလည်း မစားနိုင်ဘူး။ ဒီတော့ ကျွန်တော့် အမွေကို ခွဲပေးပါ"

ဟု အဖေထံ တောင်းပါသည်။

"ငါ မသေသေးဘူးကွ။ မသေဘဲနဲ့ အမွေလိုချင်နေပြီလား။ အဖေကို ဒီလောက်မှ မယုံကြည်တော့ဘူးလား။ မင်းတို့ မရှက်ဘူးလား။ စိတ်ချ မင်းတို့ကို မနစ်နာစေရဘူး"

သို့ရာတွင် အစ်ကိုကြီးမှာ မကျေနပ်ပါ။ သားအဖနှစ်ယောက် တွေ့သည်မှာ ထိုကိစ္စကြောင့် တကျက်ကျက် ဖြစ်နေကြပါသည်။ အဖေ့ ကွယ်ရာတွင် အစ်ကိုကြီးသည် အဖေ့ကို ကြိမ်းမောင်း ခြိမ်းခြောက်နေပါသည်။ အမေ့မှာ စည်းစိမ်ထက် အစ်ကိုကြီးအတွက် ပို၍ စိုးရိမ်သောက ဖြစ်နေပါသည်။

ကျွန်တော်ကမူ သည်လောက် မစိုးရိမ်လှတော့ပါ။ အဖေသည် စာမတတ်သည့်တိုင် စာရင်းအင်းတွင် စေ့စပ်သေချာသူ ဖြစ်ပါသည်။ ထိုမျှ အရည်အချင်းရှိသည့် ပုဂ္ဂိုလ်သည် မယားငယ် ချောချော ကလေးလက်တွင် အကျဆုံး ခံမည်မဟုတ်ဟု ထင်နေပါသည်။ သို့ရာတွင် အဖေ့ကို ကြည့်ရသည်မှာ တစ်နေ့နှင့်တစ်နေ့ မတူ။ မူပြောင်းလာသည်ကို တွေ့ရပါသည်။ အဖေသည် တစ်လလျှင် နှစ်ကြိမ်လောက် အနိုပ်ခန်းသို့ သွား၍ ချွေးအောင်းပါသည်။ မုတ်ဆိတ်ကို သေသေသပ်သပ် ညှပ်ပါသည်။ နှုတ်ခမ်းမွေးကိုလည်း အပတ်စဉ် တိပါသည်။ အဝတ်အစားသစ်များဖြင့် ဟန်ရေးတပြပြ ဖြစ်နေတတ်ပါသည်။ သူ့မယားငယ်ကလေး၏ လည်ပင်း၊ ရင်အုံနှင့် လက်မောင်းတို့တွင် ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဖြစ်နေပါသည်။ ယခုဆိုလျှင် ကျွန်တော်တို့ အိမ်ရှေ့တွင် ဒရိုင်ဘာမောင်းသည့် ချက်ပလက်ကားကြီးလည်း အခန့်သား ရပ်နေပါသည်။

အစ်ကိုကြီးမှာ စိတ်ဆိုးသည်ထက် စိတ်ဆိုးလာပါသည်။

"အဖေက ဒီမိန်းမကို ဘယ်က ကောက်ယူလာတာလဲကွ" ဟု ကျွန်တော့်ကို မေးပါသည်။ တစ်နေ့တွင် သူ့မယားငယ်ကလေးသည် သော့ကိုင်ဖြစ်လာပြီး ဘီရိုထဲတွင် ပစ္စည်းတွေကို အပိုင်မစီးတော့ပြီလော။ သူ့နောင်ရေး သေချာအောင် အဖေ့ထံမှ ရှိသမျှ ပစ္စည်းကို ချူယူမသွားနိုင်ပြီလော။ သူ့မယားငယ်ကလေးသည် သူ့ဘဝကို ပျော်ရွှင်အောင် လုပ်ပေးနိုင်မည်လော။ သို့မဟုတ် အတိဒုက္ခရောက်အောင် မလုပ်နိုင်တော့ပြီလော။

အဖေနှင့် အစ်ကိုကြီးတို့၏ ပဋိပက္ခမှာ ပို၍ ပြင်းထန်လာပါသည်။ ဥစ္စာပစ္စည်းကိစ္စလောက်တွင် မဟုတ်တော့ပါ။ အဖေသည် စိတ်ဆိုးပြီး ကျွန်တော့အစ်ကိုကြီး၏ မျက်နှာကို တံတွေးဖြင့် ထွေးပါသည်။ အစ်ကိုကြီးက ဒေါသအိုး ပေါက်ကွဲကာ လသာမုန်အိမ်ကြီးဖြင့် အဖေ့ကို ကောက်ပေါက်သဖြင့် အဖေ သွေးထွက်သံယို ဖြစ်ပါသည်။ သွေးကိုမြင်သည့်အခါတွင် အစ်ကိုကြီးသည် လန့်သွားပါသည်။ သို့ရာတွင် တစ်စက်မျှ အလျှော့မပေးပါ။ နောက်ဆုံးတွင် ဒရိုင်ဘာနှင့် ထမင်းချက်ကြီးက ဝင်ဆွဲကြရပါသည်။ အဖေက ရဲကို တိုင်ပါသည်။ အစ်ကိုကြီးမှာ ရုံးတင်တရားစွဲခံရပြီး ထောင်ကျသွားပါသည်။ တစ်နှစ်အကြာတွင် ထောင်ထဲမှာပင် ဆုံးသွားပါသည်။

"ဒီမိန်းမက ဘယ်လောက်များ သတ္တိကောင်းလို့ အမှုဆိုင်ရတာလဲ" ဟု ကျွန်တော်က ကျွန်တော်ရှေ့နေကို မေးပါသည်။

http://www.cherrythitsar.org



"လောဘတွေပေါ့ဗျာ။ လိုချင်တော့ လုပ်ကြတာပေါ့" ဟု ရှေ့နေကြီးက ပြောပါသည်။

ကျွန်တော်တို့ အထိတ်တလန့် ဖြစ်ပြီး အစ်ကိုကြီးအတွက် သောကရောက်နေစဉ် အပေါ်ထပ် ကြမ်းပြင်ပေါ်သို့ ဒုန်းခနဲ ကျသွားသံကြီးကို အမေနှင့်ကျွန်တော် ကြားလိုက်ရပါသည်။ အပေါ်ထပ်သို့ ပြေးတက်လာသည့်အခါတွင် ကြမ်းပေါ်တွင် လဲကျနေသော အဖေ့ကို တွေ့ရပါသည်။ ထုံးစံအတိုင်း အဖေ ဘာဖြစ်သလဲဟု ကျွန်တော်တို့ တွေးမိကြပါသည်။ သေသူထံကို ဘာမေးခွန်းမျှ မေး၍ရသည် မဟုတ်ပါ။ အဖေသည် ယခုလို လဲကျသေဆုံးမသွားမီ တစ်ရက်က ကျွန်တော်တို့ မသိလိုက်ဘဲ လေဖြတ်သွားဟန် တူပါသည်။

ကျွန်တော်တို့သည် အဖေ့ကို မြှုပ်နှံသင်္ဂြိုဟ်ပြီး ရက်လည်သည်အထိ စောင့်ဆိုင်းနေကြပါသည်။ ထို့နောက်တွင် မိသားစု တိုင်ပင်ကြပါသည်။ ကျွန်တော့်အစ်မများ၊ သူတို့ခင်ပွန်းများနှင့် သူတို့ခင်ပွန်းများ၏ မိဘများအပြင် ရှေ့နေလည်း ပါပါသည်။ ကျွန်တော်တို့က ဘီရိုသော့ကို မေးကြပါသည်။ အဖေ့မိန်းမက သူဘာမျှ မသိဟု တစ်ခွန်းသာ ဖြေပါသည်။ တစ်ခါတစ်ရံ၌ လူ့စိတ်သည် ပြောင်းရမည်ကို တွန့်ဆုတ်တတ်ပါသည်။ သို့ရာတွင် ကျွန်တော် ဘာတတ်နိုင်မည်နည်း။ နောက်ဆုံး သော့ကို ရှာတွေ့ပါသည်။ ဘီရိုထဲမှ ပစ္စည်းများကိုလည်း တွေ့ရပါသည်။ ဘီရိုထဲတွင် တွေ့ရသည့် ငွေမှာ ငါးထောင်ထုတ် တစ်ထုတ်မျှသာ ရှိသဖြင့် ကျွန်တော်တို့ကို လှောင်နေသကဲ့သို့ ရှိပါသည်။ "ပစ္စည်းတွေဘယ်ရောက်ကုန်ပြီလဲ"ဟု လူတွေက ပြောကြပါသည်။

ထိုအခါတွင် မျက်လုံးများသည် ကက်ကက်လန် ဖြေတတ်သည့် အဖေ့မိန်းမလှလှကလေးဆီသို့ ရောက်ကုန်ကြပါသည်။ နောက်ဆုံး၌ ရဲကို တိုင်ရပါတော့သည်။ ရဲက သူ့ကို သေသေချာချာ စစ်ပြီး ရှာပါသည်။ အမေပြောသည့်အတိုင်း ကျွန်တော်တို့မှာ "ပဲတောင့်ကလေးတစ်တောင့်"ပင် မရလိုက်သည့်အခြေသို့ ရောက်နေပါသည်။ အဖေ့မိန်းမလှလှကလေးသည် သူ့မိဘအိမ်သို့ ပြန်သွားပါသည်။ သူရော၊ အမွေတွေရော ကန့်လန့်ကာ ချသွားပါသည်။ အမေလည်း ဆုံးသွားပါသည်။ ကျွန်တော်လည်း အလုပ်အကိုင်တွေ ရပြီး အိမ်ထောင်ကျပါသည်။ အတော်အောင်မြင်မှုရပြီဟု ဆိုနိုင်ပါသည်။ ကျွန်တော်သည် အတိတ်ကို မေ့နေပါပြီ။ ထိုစဉ် ကျွန်တော်သည် အမှုတွင် တရားပြိုင်ဖြစ်ပြီး အတိတ်ကို ပြန်ရောက်ရပြန်ပါသည်။

http://www.cherrythitsar.org



"ကျွန်တော့်အဖေရဲ့ နောက်မိန်းမကို ကျွန်တော်က မယား စရိုက် ထောက်ရမယ်ဆိုတာ ရယ်စရာ ကောင်းလှသဗျာ" ဟု ကျွန်တော် က ပြောပါသည်။

"အပေါ်ယံ ကြည့်ရင်တော့ အဖြစ်အပျက်က ပြန်ပြီး စုံစမ်းဖို့ ကောင်းတဲ့ ကိစ္စပဲဗျ။ ဒါပေမယ့် ပြီးခဲ့တာက ပြီးခဲ့ပြီပဲဗျာ။ သူ့အပေါ်မှာ ပြန်တရားစွဲနေလို့လည်း ဘာထူးတော့မှာလဲ"

ရှေ့နေကြီး၏ အသံသည် စားပွဲပေါ်ရှိ အမှုတွေ ကြားမှ ပေါ် ထွက်လာသည်။

"ပျောက်သွားတဲ့ ပစ္စည်းတွေကို ပြန်ရလိုကြောင်း တရားမစွဲ တောင်မှ ဒီအဖြစ်အပျက်ကိုတော့ ပြန်ပြီး ဖော်သင့်တယ်လို့ ထင်တယ်။ ဒီအဖြစ်အပျက်ကြောင့် ရလာဒ်တွေက ပေါ့သေးသေးတွေမှ မဟုတ်တာ။

"မထူးပါဘူးဗျာ။ ဒီအကြောင်းကို ပြန်ဖော်ရင် သူ့ရှေ့နေကို တိုက်စစ်ဆင်ဖို့ အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားလိမ့်မယ်။ ဒီ အကြောင်းတွေကို ပြန်ပြောရင် သူ့ကို သနားကရုဏာ သက်အောင် လုပ် ပေးသလို ဖြစ်နေလိမ့်မယ်"

"သနားအောင်လုပ်သလို ဖြစ်လိမ့်မယ် ဟုတ်လား"

"အေးအေးဆေးဆေး စဉ်းစားပါလေ။ ဒီကိစ္စကို ဓမ္မဒိဋ္ဌာန်ကျ ကျ စဉ်းစားကြည့်ရအောင်။ အဖိုးကြီးတစ်ယောက်ဟာ သူ့မှာရှိတဲ့ ပစ္စည်း တွေကို သူ့အိပ်ခန်းထဲက ဘီရိုကြီးတစ်လုံးထဲမှာ သိမ်းထားတယ်။ ပြီး တော့ သူ့အသက် ငါးဆယ်လောက်မှာ အသက်နှစ်ဆယ်လောက်ရှိတဲ့ မယားငယ်ငယ်ချောချောကလေး တစ်ယောက်ကို ငွေနဲ့ ဝယ်ယူတယ်။ ဒီနောက်မှာ သူ့မိသားစုအတွင်းမှာ ပြဿနာတွေ ဖြစ်ပြီး ဒီလို ဒီလို အဆုံး သတ်သွားကြတယ်။ ကောင်မလေးကလည်း ဒီလို ဒီလို ဖြစ်သွားတယ်။ ဟုတ်ပြီနော်၊ ဒီတော့ ဘယ်သူ့အပြစ်လဲ၊ ဒီလို ဖြစ်တဲ့အတွက် ဘယ်သူ့ကို အပြစ်ဆိုမလဲ။

ကျွန်တော့်ရှေ့နေသည် တိတ်ဆိတ်သွားကာ မျက်မှောင်ကုတ် ၍ စဉ်းစားနေသည်။ ပြီးမှ စကားဆို ဆက်သည်။

"ပြီးတော့ ခင်ဗျားဘက်ကနေပြီး စဉ်းစားကြည့်ရအောင်၊ ခင် ဗျားက ဝင်ငွေကောင်းပြီး အိမ်ထောင်ရှိတဲ့ လူတစ်ယောက်၊ ဒီခေတ်မှာ နေထိုင်မှု စရိတ်ကလည်း သိပ်ကြီးတယ်။ မိန်းကလေးတွေ ပျက်စီးကြ တယ်။ ဒီတော့ တခြားကို စဉ်းစားမနေနဲ့ သူ့ကို တစ်လ တစ်လ ဘယ် လောက်အထိ ထောက်နိုင်သလဲ။ ခင်ဗျား ဒါကိုပဲ စဉ်းတော့"

"အမယ်လေး မလုပ်ပါနဲ့ တော်ပါပြီ။ ကျွန်တော်တို့ ပစ္စည်းတွေကိုလည်း သူအပိုင်စီးသွားခဲ့ပြီးပြီ။ အစ်ကိုကြီးလည်း သူ့ကြောင့် သေခဲ့ရပြီ။ အမေလည်း သူ့ကြောင့် သောကရောက်ခဲ့ရပြီ"

"အဲဒီအတွက် ကျွန်တော်လည်း စိတ်မကောင်းပါဘူးလေ။ ဒါပေမယ့် သူဟာလည်း ခင်ဗျားတို့လိုပဲ သားကောင်ဖြစ်ခဲ့ရတယ် မဟုတ်လား။ ပစ္စည်းတွေ ယူသွားပေမယ့် ဘယ်မှာ စံစားလိုက်ရလို့လဲ၊ ကုန်းကောက်စရာတောင် မရှိတော့ဘူး မဟုတ်လား။ ဒါ့ကြောင့် ခုခင်ဗျားဆီမှာ လာပြီး တောင်းရမ်းနေရပြီ မဟုတ်လား"

"ခင်ဗျား ကြည့်ရတာ သူ့အကြောင်းကို တော်တော် သိနေသလိုပဲ" ဟု ရုတ်တရက် ပေါ်လာသော စူးစမ်းစိတ်ဖြင့် ကျွန်တော်က မေးလိုက်ပါသည်။

သူက ခေါင်းကို အသိရခက်စွာ ယမ်းကာ ...

"ကလေးမရနိုင်တော့တဲ့ မိန်းမတစ်ယောက်ဗျာ။ သူအရွယ်ကောင်းတုန်းမှာ အိမ်ထောင်ဆက်တွေ တစ်ဆက်ပြီး တစ်ဆက်ကျခဲ့ပြီး သက်လတ်ပိုင်းအရွယ်ကို ရောက်တဲ့အခါကျတော့ ကိုယ့်ထက် ငယ်တဲ့ ကျောင်းသားကလေးတစ်ယောက်နဲ့ ဖြစ်တယ်။ အဲဒီကျောင်းသားကလေးက သူ့ပစ္စည်းတွေကို ဘုန်းပြီး သူ့ကို စွန့်သွားတယ်ဗျာ"

ထိုအကြောင်းများကို ဘယ်က သိရသည်ဟူ၍ ကျွန်တော့်ကို ပြောမပြပါ။ သို့ရာတွင် ကာလဝိပတ် နောက်ပိုးတက်သည်ဟုပင် ကျွန်တော် ယူဆလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်စိတ်ထဲတွင် ကျေနပ်အားရသွားပါသည်။ သို့ရာတွင် အပြင်ပသို့ ထုတ်ဖော်ခြင်း မပြုပါ။

အမှုဆိုင်သည် နေ့တွင် ကျွန်တော့်စိတ်ထဲ၌ သူ့ကို တွေ့ချင်မြင်ချင်စိတ် ပြင်းပြနေပါသည်။ ရှေ့နေများရုံးခန်းရှေ့တွင် ရပ်နေသော သူ့ကို ကျွန်တော် ချက်ချင်း မှတ်မိလိုက်ပါသည်။ တကယ်အမှန် မှတ်မိခြင်း မရှိပါ။ ကျွန်တော် သူပဲ ဖြစ်ရမည်ဟု ကျွန်တော့်စိတ်က ထင်လိုက်ပါသည်။ ကျွန်တော်တို့ ပစ္စည်းတွေကို ယူသွားပြီး ကျွန်တော်တို့ကို ဒုက္ခရောက်စေသည့် သူ့အလှသည် လုံးဝ ပျောက်ကွယ်သွားပါပြီ။ သူသည် စိတ်ပျက်စရာ မိန်းမဝဝကြီး ဖြစ်နေပြီး ဖွဲ့မက်စဖွယ် နုပျိုလတ်ဆတ်မှုတို့သည်လည်း သူ့မျက်နှာပေါ်မှ ယိုစီးပျောက်ကွယ်သွားကြပါပြီ။ ငယ်ငယ်တုန်းက ရှိခဲ့သည့်အလှ၏ အရိပ်အရောင်ကလေးသည် နည်းနည်းပါးပါး ကျန်ရှိနေသော်လည်း ဖွဲ့စရာ မရှိတော့ပါ။ သူ့မျက်နှာပေါ်မှ အမြဲတန်း စိတ်ညစ်ညူးနေဟန်သည် သူနှင့် အခြားသူများကို ကန့်လန့်ကာ ခြား

http://www.cherrythitsar.org



ထားသကဲ့သို့ ရှိနေပါသည်။ ကျွန်တော်သည် နောက်ထပ် ဘာကိုမျှ တွေးမနေတော့ဘဲ သူ့ဆီကို လျှောက်လာခဲ့ကာ ခေါင်းညိတ်နှုတ်ဆက်ပြီးနောက် "ကျွန်တော် ခင်ဗျားကို မှတ်မိပါတယ်။ ကျွန်တော့်ကိုကော မှတ်မိသေးရဲ့လား" ဟု မေးလိုက်ပါသည်။

အစတွင် သူသည် ကျွန်တော့်ကို တအံ့တဩဖြင့် ကြည့်နေပါသည်။ ထို့နောက် တွေသွားပါသည်။ သူက ခေါင်းမြီးခြုံထားသည့် ခေါင်းကိုသာ ညိတ်ကာ ကျွန်တော့်ကို ပြန်နှုတ်ဆက်ပြီး တောင်းပန်သည့် လေသံဖြင့် ...

"ရှင်တို့ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ကျွန်မ အခြေအနေက ရှောင်လွှဲလို့ မရလို့ လုပ်ရတာပါ"

ကျွန်တော် ပြောမည့်စကားများကို ကျွန်တော် မေ့သွားပါသည်။ စကားလုံးတွေ ရှာမရတော့ပါ။ ကျွန်တော့်စိတ်ထဲတွင်လည်း ဒေါသတွေ ပြေပျောက်သွားကာ ငြိမ်းချမ်းသွားပါသည်။

"ကိစ္စမရှိပါဘူးဗျာ။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ကြရတယ်လို့ပဲ သဘောထားပါတယ်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ကျွန်တော်သည် သူ့ထံမှ အသာလှည့်ထွက်လာခဲ့ပါသည်။ "ဒီလိုပေါ့လေ၊ အဓိပ္ပါယ် မရှိတဲ့ ရယ်စရာ ပြဇာတ်တစ်ခုတောင် နောက်ဆုံးအခန်းရောက်အောင်တော့ ကရတာပဲ မဟုတ်လား" ဟု စိတ်ထဲမှ ပြောလာမိပါသည်။

(နိုဘယ်ဆု အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *The Lawsuit* ကို ပြန်ဆိုပါသည်။)

[ရင်ခွင်သစ်၊ အောက်တိုဘာ၊ ၁၉၉၃]

# ကမ္ဘာကုန်ကျယ်သရွေ့

ကျွန်တော်သည် အဖေ့ညာဘက်လက်ကို ဆွဲပြီး အဖေ့ဘေးမှ လိုက်လာခဲ့သည်။ အဖေ့ခြေလှမ်းကြဲကြီးကို မီအောင် အပြေးကလေး လိုက်ရ၏။ ကျွန်တော့်အဝတ်အစားများမှာလည်း အသစ်တွေချည်း ဖြစ်၏။ အနက်ရောင်ဖိနပ်၊ ကျောင်းစိမ်းဝတ်စုံ၊ လည်စည်းအနီတို့ကို ဝတ်ဆင်ထား၏။ သို့ရာတွင် အဝတ်အစားတွေ သစ်လွင်လွင် ဝတ်စားထားရသဖြင့် ပျော်လှသည်တော့ မဟုတ်ပါ။ ယနေ့မှာ ပွဲတော်နေ့ မဟုတ်ဘဲ ကျွန်တော်ကို ကျောင်းအပ်မည့်နေ့ ဖြစ်သောကြောင့် ဖြစ်ပါသည်။

အမေက ကျွန်တော်တို့ နှစ်ယောက်ကို ပြတင်းပေါက်မှ ရပ်ကြည့်နေပါသည်။ ကျွန်တော်က အကူအညီ တောင်းသည့်နှယ် အမေ့ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေပါသည်။ ကျွန်တော်တို့သည် ဘေးတစ်ဖက်တစ်ချက်တွင် ဥယျာဉ်ခြံကလေးများ ရှိသည့် လမ်းအတိုင်း လာခဲ့ကြပါသည်။ မလှမ်းမကမ်းတွင် ကောက်နှံများ၊ ပန်းသီးရိုင်းပင်များ၊ စပျစ်ပင်များနှင့် စွံပလွံပင်များ ကွင်းကြီးများ ရှိပါသည်။

"သားကို ဘာဖြစ်လို့ ကျောင်းကို ပို့တာလဲဟင်။ အိမ်မှာ သားကောင်းကောင်းနေသားပဲ" ဟု ကျွန်တော်က အဖေ့ကို မကျေမနပ်ဖြင့် ပြောသည်။

အဖေက ရယ်လျက် ...

"ကျောင်းပို့တယ်ဆိုတာ မင်းကို အပြစ်ပေးတာမှ မဟုတ်ဘဲကွ။ ကျောင်းဆိုတာ အပြစ်ပေးတဲ့ နေရာ မဟုတ်ဘူး။ ကလေးတွေကို အသုံးချတဲ့ လူကြီးတွေ ဖြစ်လာအောင် လုပ်ပေးတဲ့ စက်ရုံကြီးတွေ၊ အဖေ့လို မင်းအစ်ကိုတွေလို မဖြစ်ချင်ဘူးလား"

ကျွန်တော် ဘဝင်မကျပါ။ အိမ်၏ နွေးထွေးကြင်နာမှုမှ ခွဲထုတ်ပြီးနောက် လမ်းထောင့်တွင် အုတ်တံတိုင်း မြင့်မြင့်ကြီးတွေ ကာထားသည့် ခံတပ်ကြီး တစ်ခုလို တင်းမာသုန်မှုန်သော အဆောက်အအုံကြီးထဲသို့ ပို့ခြင်းဖြင့် အကျိုးရှိလာမည်ဟု ကျွန်တော် မထင်ပါ။

ကျောင်းဂိတ်ဝသို့ ရောက်သည့်အခါတွင် အထဲက ကျောင်းဝင်းကြီးကို မြင်ရပါသည်။ ကျောင်းဝင်းထဲတွင် ယောက်ျားကလေးတွေ မိန်းကလေးတွေ ပြည့်နှက်နေပါသည်။

"သွား၊ သူတို့နဲ့ သွား ကစားချေ။ ကောင်းကောင်းမွန်မွန် ကစားနော်။ မျက်နှာကြီး စူမထားနဲ့။ တခြားကလေးတွေအဖို့ စံပြဖြစ်ပေ့စေ" ဟု အဖေက ပြောသည်။

ကျွန်တော်က ခပ်ဆိုင်းဆိုင်း လုပ်နေပြီး သူ့လက်ကို ဆွဲမြဲထားသည်။ အဖေက ကျွန်တော့်ကို အသာ တွန်းလွှတ်လိုက်ပါသည်။

"ယောက်ျားပဲ။ ဒီနေ့ကစပြီး ကျောင်းသားကြီး ဖြစ်ပြီ။ ကျောင်းဆင်းချိန်ကျတော့ အဖေ လာခေါ်မယ်"

ကျွန်တော်သည် လေးငါးလှမ်းလောက် လှမ်းပြီး ရပ်နေပါသည်။ ရှေ့တွင် ဘာကိုမျှ မမြင်ရပါ။ အတန်ကြာသည့် အခါတွင်မှ ယောက်ျားကလေးတွေ၊ မိန်းကလေးတွေ၊ မျက်နှာတွေ ပေါ်လာပါသည်။ သူတို့ကို ကျွန်တော် တစ်ယောက်မျှ မသိပါ။ သို့တိုင်ကလည်း ကျွန်တော့်ကို မသိကြပါ။ ကျွန်တော်သည် မျက်စိလည်ပြီး ရောက်လာသူလို ဖြစ်နေပါသည်။ စူးစမ်းသော အကြည့်များသည် ကျွန်တော့်ဆီသို့ ရောက်လာကြပါသည်။ ယောက်ျားကလေး တစ်ယောက် ကျွန်တော့်အနီးသို့ ရောက်လာကာ "မင်းကို ဘယ်သူလိုက်ပို့တာလဲ" ဟု မေးပါသည်။

"အဖေလိုက်ပို့တာ" ဟု ကျွန်တော်က ခပ်တိုးတိုးပြောပါသည်။

"ငါ့အဖေကတော့ သေပြီ" ဟု သူက ခပ်ရှင်းရှင်း ပြောပါသည်။

ကျွန်တော် ဘာပြောရမှန်း မသိပါ။ ကျောင်းဝင်းတံခါးကြီးက သနားစဖွယ် တကျွီကျွီ မြည်ပြီး ပိတ်သွားပါသည်။ အချို့ကလေးများက

http://www.cherrythitsar.org



ငိုကြပါသည်။ ကျောင်းတက်ခေါင်းလောင်း တီးပါသည်။ အမျိုးသားများကို နောက်ခြံရံလျက် အမျိုးသမီး တစ်ယောက် ရောက်လာပါသည်။ အမျိုးသားများက ကျွန်တော်တို့ကို ရွေးကာ လူတန်းစီခိုင်းပါသည်။ ဘေးပတ်လည်တွင် အထပ်ထပ်ရှိသာ အဆောက်အအုံတွေ ရံထားသည့် အလည်ကောင်က ကွက်လပ်ကြီးထဲတွင် ကျွန်တော်တို့တတွေ ကိုယ့်အတန်းနှင့်ကိုယ် စီနေရပါသည်။ အထပ်တိုင်းတွင် သစ်သားမိုးထားသည့် လသာဆောင်ကြီးတွေ ထုတ်ထားပါသည်။

အမျိုးသမီးက ...

"ဒီနေရာဟာလည်း ကလေးတို့ အိမ်ပဲနော်။ အိမ်အသစ်ပေါ့ကွယ်။ ဒီမှာလည်း အဖေတွေ အမေတွေ ရှိတာပဲ။ ဒီမှာ ကလေးတို့အတွက် ပျော်စရာတွေလည်း ရှိတယ်။ ပြီးတော့ ဒီမှာ ကလေးတို့ စာလည်းတတ်မယ်။ တရားတော်ကိုလည်း နားလည်လာမယ်။ ကဲ .. ကဲ၊ မျက်ရည်တွေကို သုတ်လိုက်စမ်း။ ပျော်ပျော်နေစမ်း"

ကျွန်တော်တို့သည် ဖြစ်ပျက်လာသမျှကို လက်ခံကြပါသည်။ ဤသို့ လက်ခံတတ်ခြင်းသည် စိတ်ကို ချမ်းသာစေပါသည်။ လူဆိုသည်မှာ တစ်ဦးကို တစ်ဦးတွယ်တာတတ်ပါသည်။ မကြာမီမှာပင် ကျွန်တော်သည် ကျောင်းသားများကို သူငယ်ချင်းများလို ခင်မင်သွားကာ မိန်းကလေးများကိုလည်း ရည်းစားလို ချစ်သွားပါသည်။ ကျွန်တော်ရှိခဲ့သော စိုးရွံ့စိုးရိမ်ကြောက်လန့်မှုများမှာ အခြေအမြစ် မရှိကြောင်းကို တွေ့လာရပါသည်။ ကျောင်းတွင် ထိုမျှလောက် လူစုံတက်စုံ တွေ့ရမည်ဟု ကျွန်တော် မထင်ခဲ့ပါ။ ကျွန်တော်တို့သည် ကစားနည်း အမျိုးမျိုး ကစားကြပါသည်။ ဒန်းစီးကြပါသည်။ ကျောပိုးတမ်း ကစားကြပါသည်။ ဘောလုံးကန်ကြပါသည်။ ဂီတဆောင်သို့ ရောက်သည့်အခါတွင် သီချင်းဆို သင်ကြရပါသည်။ အက္ခရာများကို သင်ရပါသည်။

ကျွန်တော်တို့ အတန်းထဲတွင် ကမ္ဘာလုံးပုံကြီး ရှိပါသည်။ ကမ္ဘာလုံးကြီးမှာ လည်ပတ်နေပြီး ပထဝီတိုက်ကြီးများ၊ တိုင်းပြည်များကို ပြသထားပါသည်။ ဂဏန်းသင်္ချာကိုလည်း သင်ရပါသည်။ ကမ္ဘာကြီးကို ဖန်ဆင်းထားသည့် လက်ရှိ ဖန်ဆင်းရှင်၏ အကြောင်းကို ဖတ်ပြပါသည်။ ဘုရားသခင် ဖန်ဆင်းသည့် လက်ရှိကမ္ဘာကြီးနှင့် နောင်တမလွန် ကမ္ဘာကြီးအကြောင်းကိုလည်း နားထောင်ရပါသည်။ ဘုရားသခင် ဟောပြောခဲ့သည့် တရားများကိုလည်း ဖတ်ပြပါသည်။ ကျွန်တော်တို့သည် အရသာရှိသော အစာကို စားရပြီး တရေးတမော အိပ်ရပါသည်။ နိုးလာ

သည့်အခါတွင် သူငယ်ချင်းတွေနှင့် ပြန်၍ ခင်မင်၊ ပြန်ကစားပြီး ပြန်၍ စာသင်ရပြန်ပါသည်။

သို့ရာတွင် ကျောင်းသားဘဝဆိုသည်မှာ ကျွန်တော်တို့ ထင်ခဲ့သလို အမြဲတမ်း ပျော်စရာ ကောင်းနေပြီး အမြဲတမ်း မြူတိမ်ကင်းနေသည် မဟုတ်ပါ။ ဖုန်ထူသော လေနှင့် မမျှော်လင့်သော အဖြစ်အပျက်တို့ ရုတ်တရက် ပေါ်လာတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမြဲတမ်း စိတ်ရှည်ရပါသည်။ ကျောင်းသားဘဝဆိုသည် ကစားရုံ၊ ပျော်ရုံပါးရုံမျှသာ မဟုတ်ပါ။ အပြိုင်အဆိုင်တွေကြောင့် နာကျင်ရ၊ မုန်းတီးရ၊ သတ်ပုတ်ရတာတွေလည်း ရှိပါသည်။ အမျိုးသမီးကြီးမှာ တစ်ခါတစ်ရံတွင် ပြုံးလေ့ရှိသော်လည်း မကြာခဏ ဆိုသလိုပင် မျက်နှာသုန်မှုန်ပြီး ဆူပူကြိမ်းမောင်းတတ်ပါသည်။ မကြာခဏ ဆိုသလို ကိုယ်ထိလက်ရောက် ပြစ်ဒဏ်ပေးလေ့လည်း ရှိပါသည်။

ထို့ပြင် ကျောင်းသားဖြစ်ပြီးသည်နှင့် ကျောင်းမနေချင်တော့ဟူ၍လည်း ပြော၍ မရတော့ပါ။ အိမ်ပြန်ချင်သည် ဆို၍လည်း မရတော့ပါ။ ကျွန်တော်တို့ ရှေ့တွင် လှုပ်ရှားမှု၊ ရုန်းကန်မှုနှင့် ဖွံ့ဖြိုးမှုတို့သာလျှင် စောင့်နေပါသည်။ ဝီရိယရှိသူတို့အဖို့ စိတ်ညစ်စရာတွေ ကြားမှာပင် အောင်မြင်မှုနှင့် ပျော်ရွှင်မှုအတွက် ပေါ်လာသော အခွင့်အရေးများကို အသုံးချနိုင်ပါသည်။

ကျောင်းဆင်းသည့် ခေါင်းလောင်းထိုးသံကို ကြားရပါသည်။ ကလေးအုပ်များသည် နောက်တစ်ကြိမ် ပွင့်လာသော ဝင်းတံခါးကြီးဆီသို့ ပြေးလာခဲ့ကြပါသည်။ ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်းများနှင့် ရည်းစားလေးများကို နှုတ်ဆက်ပြီး ဝင်းပြင်သို့ ထွက်လာပါသည်။ ဟိုဟိုသည်သည် လှမ်းမျှော်ပြီး အဖေ့ကို ရှာပါသည်။ အဖေ့ကို မတွေ့ရပါ။ အဖေသည် ကျောင်းဆင်းချိန် လာကြိုမည်ဟု ကျွန်တော့်ကို ပြောထားပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဘေးထွက်ပြီး တစ်နေရာတွင် ရပ်စောင့်နေပါသည်။ အချိန် အတော်ကြာစောင့်သော်လည်း အချည်းနှီးသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တစ်ယောက်တည်း ပြန်လာခဲ့ပါသည်။ ခြေလှမ်း လေးငါးလှမ်းလောက် အရောက်တွင် လူလတ်ပိုင်းအရွယ် လူတစ်ယောက် ကျွန်တော့်အနီးမှ ဖြတ်သွားပါသည်။ သူ့ကို ကျွန်တော် မြင်ဖူးသည်ဟု ထင်ပါသည်။ သူသည် ပြုံး၍ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကာ "မင်းကို မတွေ့တာတောင် တော်တော်ကြာပြီ။ နေကောင်းရဲ့လား" ဟု မေးပါသည်။

ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့။ ကောင်းပါတယ်။ ဦးလေးရာ နေကောင်းရဲ့လား" ဟု မေးပါသည်။

"မင်းမြင်တဲ့အတိုင်းပါပဲကွာ။ ကောင်းတယ်လို့တော့ မဟုတ်ပါဘူး။ ဘုရားအလိုတော် အတိုင်းပေါ့" ဟု ပြောပါသည်။

သူသည် ကျွန်တော့်ကို နောက်တစ်ကြိမ် လက်ဆွဲနှုတ်ဆက်ပြီးနောက် ထွက်သွားပါသည်။ ကျွန်တော်သည် ဆက်လျှောက်လာပါသည်။ သို့ရာတွင် အတန်ကြာ သွားမိသည့်အခါတွင် ကျွန်တော်လန့်ပြီး ရပ်လိုက်ပါသည်။ ဘုရားရေ။ ဘေးမှာ ဥယျာဉ်ခြံတွေနဲ့ လမ်းကလေး ဘယ်မှာပါလိမ့်။ ဘယ်ကိုများ ပျောက်သွားပါလိမ့်။ ခုလမ်းက ယာဉ်ရထားတွေ ရှုပ်ယှက်ခတ်လို့ပါလား။ ဒီလမ်းပေါ်မှာ ဒီလောက်များများ လူတွေ ဘယ်တုန်းကများ ရောက်လာပါလိမ့်။ လမ်းဘေးက အမိုက်ပုံကြီးတွေကလည်း ဘယ်အချိန်က ရောက်လာသလဲ မဆိုနိုင်ဘူး။ လမ်းဘေးမှာရှိတဲ့ လယ်ကွင်းကြီးတွေကော ဘယ်ရောက်သွားကြပြီလဲ။ ထိုနေရာတွင် တိုက်ကြီးတွေ ရောက်နေကြပြီး လမ်းပေါ်တွင်လည်း ကလေးတွေ ပြည့်နေသည်။ အသံတွေကလည်း ဆူညံလျက်။ လမ်းဘေးတွင် မကြာခဏ ဆိုသလို မျက်လှည့်ပြနေသော မျက်လှည့် ဆရာများ၊ အလမ္ပာယ် ဆရာများကို မကြာခဏ တွေ့ရတတ်သည်။ ထို့နောက် ရှေ့တွင် လူပြက်တွေ၊ လူသန်ကြီးတွေ စီတန်းလာသည့် ဆပ်ကပ်ကြော်ငြာလှည့်ပွဲကို မြင်ရသည်။ လုံခြုံရေး တပ်သားများကို တင်ထားသည့် ထရပ်ကားတန်းကြီးက လမ်းဘေးတွင် တအိအိ မောင်းသွားသည်။ စူးရှသည့် မီးသတ်ကား ဥသြဆွဲသံကို ကြားရ၏။ မီးသတ်ကားသည် လူအုပ်ကို ဖြတ်သန်းပြီး မီးလောင်သည့်နေရာသို့ ရောက်အောင် မည်မျှကြာကြာ သွားရဦးမည်မသိ။ တစ်နေရာတွင် တက္ကစီသမား တစ်ယောက်နှင့် ခရီးသည် တစ်ယောက် ရန်ဖြစ် သတ်ပုတ်နေကြသည်။ ခရီးသည်၏ ဇနီးက အနီးပတ်ဝန်းကျင်ကို လှမ်း၍ အကူအညီတောင်း၏။ သို့ရာတွင် မည်သူကမျှ အရေးမထားကြ။ ဘုရားရေ၊ ကျွန်တော်တော့ ဒုက္ခပဲ။ ကျွန်တော့် ခေါင်းသည် ချာချာလည်လျက် ရှိ၏။ ကျွန်တော် ရူးသွားလိမ့်မည်ဟုပင် ထင်ရသည်။ ထိုအဖြစ်အပျက်တို့သည် နေ့တစ်ဝက်အတွင်း နံနက်ခင်းနှင့် ညနေပိုင်းအတွင်း မည်သို့ဖြစ်သွားကြသနည်း။ အိမ်ရောက်မှ အဖေ့ကို မေးကြည့်ရဦးမည်။ သို့ရာတွင် ကျွန်တော်အိမ်ကော အဘယ်မှာနည်း။ ယခုတော့ အဆောက်အအုံ မြင့်မြင့်ကြီးတွေနှင့် လူတွေကိုသာ မြင်နေရ

http://www.cherrythitsar.org



သည်။ ကျွန်တော်သည် လမ်းဆုံသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ဥယျာဉ်များနှင့် အဘူခိုဒါပလီကြီးကြား လမ်းဆုံဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ကျွန်တော့်အိမ်သို့ သွားလျှင် အဘူခိုဒါပလီကြီးကို ဖြတ်ရသည်။ သို့ရာတွင် ကားတန်းကြီးက ကျွန်တော့်ကို သွားခွင့်မပြု။ မီးသတ်ကားမှာ ဖြည်းဖြည်းကလေးသာ သွားနေရသဖြင့် ဥဩကို အဆက်မပြတ် ဆွဲနေသည်။ "မီးကတော့ အားလုံးကုန်အောင် လောင်တော့မှာပဲ" ဟု ကျွန်တော် ဘာသာ ပြောမိသည်။ ကျွန်တော်သည် ကြောက်လာကာ လမ်းမကို ဖြတ်ကူးနိုင်မည့် အခွင့်အရေးကို စောင့်နေသည်။ ကျွန်တော်သည် အကြာကြီး ရပ်နေသည်။ နောက်ဆုံးတွင် လမ်းထောင့် ပင်မင်းဆိုင်တွင် အလုပ်လုပ်သည့် အစ်ကိုကြီး တစ်ယောက် ရောက်လာသည်။ သူက လက်ကို ဆန့်တန်းကာ ကူညီရိုင်းပင်းသည့် လေသံဖြင့် "ကဲ .. ဘိုးဘိုး၊ လာ ခင်ဗျ။ ကျွန်တော် ဟိုဘက်ရောက်အောင် လိုက်ပို့ပေးမယ်" ဟု ဆိုပြောပါသည်။

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *Halt a Day* ကို ပြန်ဆိုပါသည်။)

[ရင်ခွင်သစ်၊ နိုဝင်ဘာ၊ ၁၉၉၃]

# ကြွက်များ

ထိုပြဿနာကို ရင်ဆိုင်နေရသူမှာ ကျွန်တော်တို့ တိုက်ခန်း တစ်ခုတည်း မဟုတ်သဖြင့် ကံကောင်းသည်ဟုပင် ဆိုရတော့မည်။ ကျွန်တော်တို့ တိုက်တန်းလျားတွင် အသက်အကြီးဆုံး ဖြစ်သည့် မစ္စတာ အေအမ်က ထိုကိစ္စကို ဆွေးနွေးရန် သူ့အခန်းတွင် အစည်းအဝေး တစ်ခု ခေါ်ပါသည်။ မစ္စတာ အေအမ်အပါအဝင် လူဆယ်ယောက်ထက် ပိုမည် မထင်ပါ။ ကျွန်တော်တို့အထဲတွင် မစ္စတာ အေအမ်မှာ အသက်လည်း အကြီးဆုံး၊ ပစ္စည်းဥစ္စာလည်း အတတ်နိုင်ဆုံး ဖြစ်ပါသည်။ အစည်း အဝေးမှာ ကြွက်များကိစ္စ။ ကျွန်တော်တို့ တိုက်ခန်းများတွင် ကြွက်များ ကျူးကျော်သောင်းကျန်းနေသည့် ကိစ္စ၊ ကျွန်တော်တို့၏ လုံခြုံရေးကို ကြွက်များက ခြိမ်းခြောက်နေသည့် ကိစ္စနှင့် ပတ်သက်နေသဖြင့် မည်သူ ပျက်ကွက်နိုင်ပါမည်နည်း။ မစ္စတာ အေအမ်က “ကိစ္စကတော့ ခင်ဗျားတို့ အားလုံးသိကြတဲ့အတိုင်း” ဟု လေးနက်သည့် အသံဖြင့် နိဒါန်းပျိုးကာ မြို့ထဲသို့ ကြွက်များ ချီတက်လာနေသည့်အကြောင်း၊ ကြွက်ဦးရေ မည်မျှများကြောင်း၊ ကြွက်တို့ကြောင့် မည်မျှဆုံးရှုံးပျက်စီး စေနိုင်ကြောင်း စသည်ဖြင့် သတင်းစာထဲတွင် ပါသည့်အကြောင်းများကို ပြောပြနေ သည်။

အခန်းထဲတွင် ထင်မြင်ချက် ပေးသံများဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

"ကြားရတာကတော့ ယုံတောင် ယုံနိုင်စရာ မရှိဘူးဗျာ"

"ရုပ်မြင်သံကြားမှာ ပြသွားတာကိုကော ကြည့်ပြီးပြီ မဟုတ်လား"

"ကြွက်တွေက သာမန် ကြွက်တွေ မဟုတ်ဘူးခင်ဗျ။ ကြောင်တွေ လူတွေကိုတောင် ဝင်တိုက်တာ"

"နည်းနည်း ချဲ့ကား ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပါဗျာ"

"ချဲ့ကားပြောတာ မဟုတ်ဘူး ခင်ဗျ။ တကယ်ပြောတာ"

ထိုအခါတွင် အစည်းအဝေး သဘာပတိ မစ္စတာအေအမ်က တည်ငြိမ်၍ ဂုဏ်ယူဝင့်ကြွားသံဖြင့် ... '

'ဘယ်လိုလဲ ဖြစ်ဖြစ်ဗျာ၊ ခုကိစ္စက ကောလဟာလ မဟုတ်တော့ဘူးဗျ။ မြို့တောင်ဝန်ကိုယ်တိုင် ကျုပ်ကို အတည်ပြု ပြောလိုက်ပြီးပြီ"

"အင်းလေ၊ မြို့တော်ဝန်က ပြောတယ်ဆိုရင်တော့ သေချာပြီပေါ့"

"ဒီတော့ ကျုပ်တို့တာဝန်က ပေးတဲ့ ညွှန်ကြားချက်အတိုင်း တိတိကျကျ လုပ်ဖို့ပဲ ရှိတော့တယ်။ ညွှန်ကြားချက်ကတော့ ကျုပ်ဆီက တစ်ဆင့်လာချင်လည်း လာမယ်။ တခြား အာဏာပိုင်တွေဆီက လာချင်လည်း လာမယ်ပေါ့လေ"

"စရိတ်စကတွေက သိပ်များနေမလား မသိဘူး" ဟု ကျွန်တော်တို့အထဲက တစ်ယောက်က ပြောသည်။

သူသည် ကိုရအန်ကျမ်းစာကို ရွတ်ရင်း အဖြေကို ရင်တမမဖြင့် စောင့်နေသည်။

"အရေးကြီးတာကတော့ ကြွက်သုတ်သင် ရှင်းလင်းရေး လုပ်တဲ့အခါမှာ ငွေကုန်ကြေးချ သိပ်မများဖို့ အရေးကြီးတယ်"

"မကောင်းဆိုးဝါး တစ်ခုခုကို ကာကွယ်တားဆီးရတာဟာ ကောင်းတာချည်းပါပဲ"

သူက ရှေးဆိုထုံးတစ်ခုခုကို ကိုကားသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့လည်း တတ်နိုင်သမျှတော့ ပူးပေါင်းလုပ်ကြရမှာပေါ့" ဟု အသံတစ်သံက ပြောသည်။

"ကျွန်တော်တို့လည်း တတ်နိုင်သမျှတော့ လုပ်ပေးပါ့မယ်။ ဒါပေမယ့် ကျုပ်တို့ချည်းတော့ အားကိုးမနေကြပါနဲ့။ ကိုယ့်ကိုယ်ကိုလည်း

အားကိုးကြဦး။ အနည်းဆုံး ကိုယ်လုပ်နိုင်တဲ့ နည်းနဲ့တော့ လုပ်ကြပေါ့” မစ္စတာ အေအမ်က ပြောသည်။

“ကိုယ် လုပ်နိုင်သမျှ နည်းဆိုတာ ဘယ်လို နည်းတွေပါလဲ ခင်ဗျာ”

“ကြွက်ထောင်ချောက်တို့၊ ကြွက်သတ်ဆေးတို့နဲ့ တတ်နိုင်သလောက် ရှင်းတာမျိုးပေါ့ဗျာ”

“ဟုတ်တယ်။ ဟုတ်တယ်”

“ပြီးတော့ လှေကားပေါ်တို့၊ ခေါင်မိုးပေါ်တို့မှာ ကြောင်တို့၊ ဘာတို့ တင်ထားပေါ့။ အခြေအနေက ခွင့်ပြုတယ်ဆိုရင် အိမ်ထဲမှာလည်း ကြောင်တို့၊ ဘာတို့ မွေးတန်မွေးပေါ့”

“ဒါပေမယ့် ခုကြွက်မျိုးက နိုင်ငံခြား နော်ဝေးကြွက်တွေတဲ့၊ အဲဒီကြွက်မျိုးက ကြောင်တွေကိုတောင် ကိုက်တယ်ဆိုပဲ”

“ကြောင်လည်း သူ့နည်းနဲ့သူတော့ အသုံးကျပါတယ်လေ”

ကျွန်တော်တို့သည် စိတ်လက် ပေါ့ပါးစွာဖြင့် ကိုယ့်တိုက်ခန်းသို့ ပြန်လာခဲ့ကြသည်။ ကြွက်များကို ရှင်းရမည်ဟုလည်း စိတ်အားထက်သန်နေကြသည်။ မကြာမီတွင် ကြွက်ကိစ္စသည် ကျွန်တော်တို့ အိပ်မက်များထဲတွင် ပေါ်လာကြသည်။ ကျွန်တော်တို့ စကားဝိုင်းများထဲသို့ ရောက်လာကြသည်။ ဘဝတွင် ကြီးမားသော အခက်အခဲကြီး တစ်ခုဟု ထင်လာကြသည်။ ကျွန်တော်တို့သည် ကတိပေးထားခဲ့သည့်အတိုင်း လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ကြပြီး ရန်သူများ အလာကို အဆင့်သင့်စောင့်နေ ကြသည်။ အချို့က “မကြာမီ ကြွက်တပ်ကြီး ချီတက်လာတော့မည်” ဟုပြောကြ၏။ အချို့က ကြွက်တစ်ကောင် မျက်စေ့ရှေ့တွင် ဖြတ်ပြေးသွား သည့် နေ့သည် ကျွန်တော်တို့အတွက် အန္တရာယ်ကြီးတစ်ခု ရှေ့ပြေးဖြစ် သည်ဟု ဆိုကြ၏။

ကြွက်များ ထိုမျှလောက် ပေါများလာရသည့်အတွက်လည်း အမျိုးမျိုး ပြောနေကြသည်။ ကြွက်များ ပေါလာခြင်းမှာ စူးအက်တူးမြောင်းနားရှိမြို့များ ပြောင်းရွှေ့သွားသဖြင့် ထိုမြို့က ကြွက်များ ပြောင်းလာကြခြင်း ဖြစ်သည်ဟု အချို့က ဆိုကြသည်။ အချို့ကလည်း ရေလှောင်ကန်ကြီး ဆောက်လိုက်သဖြင့် ကြွက်များ နေရာပြောင်းလာကြခြင်း ဖြစ်သည်ဟု ပြောကြသည်။ အချို့ကလည်း အစိုးရက မနိမ်နင်းလို့ဟု ဆိုကြသည်။ အချို့ကလည်း လူတွေ သီလ မစောင့်ကြသဖြင့် ဘုရားက ဒဏ်ခတ်ခြင်း ဖြစ်သည်ဟု ပြောကြသည်။ ကျွန်တော်တို့သည် ကြွက်

http://www.cherrythitsar.org



များကို နှိမ်နင်းရန် တတ်နိုင်သမျှ ပြင်ဆင်ကြသည်။ မည်သူမျှ ပေါ့တီးပေါ့ဆ မနေကြ။

သူ့အိမ်တွင် နောက်တစ်ကြိမ် အစည်းအဝေး လုပ်သည့်အခါတွင် လေးစားအပ်သည့် မစ္စတာ အေအမ်က ...

"ခင်ဗျားတို့ အားလုံးက ကြိုတင်တားဆီးရေး လုပ်ငန်းတွေကို လုပ်ကြတဲ့အတွက် ဝမ်းသာတယ်။ ကျုပ်တို့ရဲ့ လေ့ကားတွေ ခြေရင်းမှာ ကြောင်တွေကို မြင်ရတဲ့အတွက်လည်း ကျေနပ်တယ်။ အချို့ကျတော့လည်း ကြောင်တွေကို ကျွေးမွေးရတဲ့အတွက် ညည်းညူကြတာတွေ တော့ ရှိတယ်ပေါ့လေ။ ဒါပေမယ့် ဒါက ကျုပ်တို့ရဲ့ လုံခြုံရေးနဲ့ ဘေး ကင်းရေး ကိစ္စတွေနဲ့ နှိုင်းယှဉ်လိုက်ရင် အသေးအဖွဲ့ကလေးတွေပါဗျာ၊ နို့ နေစမ်းပါဦး၊ ကြွက်ထောင်ချောက် သုံးကြည့်တာကကော ဟန်ကျရဲ့လား"

မစ္စတာ အေအမ်သည် ကျွန်တော်တို့အားလုံး၏ မျက်နှာများကို လိုက်ကြည့်နေသည်။

ကျွန်တော်တို့အထဲမှ တစ်ဦးက (ထိုပုဂ္ဂိုလ်မှာ ထင်ရှားသည့် ပညာရေးဘက်မှ ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်သည်။) ဖြေသည်။

"ကျွန်တော်ကတော့ ကြွက်ပိန်ပိန်ကလေး တစ်ကောင် ဖမ်းမိတယ်ဗျ။ ကျွန်တော်တို့ ပြည်တွင်း ကြွက်မျိုး၊ နိုင်ငံခြား ကြွက် မဟုတ်ဘူး"

"ဘယ်လို ကြွက်မျိုးပဲ ဖြစ်ဖြစ် အန္တရာယ်တော့ ရှိတာချည်းပဲလေ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့မှာ ကျွန်တော်တို့ ဝင်းဝမှာ ရန်သူတွေ ရောက်နေပြီဗျ။ ဒီတော့ နည်းနည်းလေး သတိထားနေကြဖို့ ပြောချင်တယ်။ ခု ကြွက်သတ်ဆေး ထည့်ထားတဲ့ ဂျုံမှုန့် အလုံးကလေးတွေ လုပ်ထားတယ်။ အဲဒါကို ဆိုင်ရာက လိုက်ဝေပေးလိမ့်မယ်။ အဲဒီ ဂျုံမှုန့် လုံးကလေးတွေကို ကြွက်တွေ လာတတ်တဲ့ မီးဖိုထဲတို့ ဘယ်တို့မှာ ထားရမယ်။ ဒါပေမယ့် ကလေးတွေ၊ အိမ်မွေးတဲ့ တိရစ္ဆာန်တွေ၊ ကြွက်တွေ မစားမိအောင်တော့ သတိထားရလိမ့်မယ်"

မစ္စတာ အေအမ် ပြောသည့်အတိုင်းပင် ဆိုင်ရာ ဂျုံလုံးကလေးများကို လိုက်ဝေသည်။ ကြွက်တိုက်ပွဲတွင် ကျွန်တော်တို့ချည်း မဟုတ်သည်ကို တွေ့ရသဖြင့် ကျွန်တော်တို့ အားတက်ရသည်။ ကျွန်တော်တို့ကို ဂရုတစိုက်ရှိသည့် မစ္စတာ အေအမ်နှင့် လေးစားအပ်သော မြို့တော်ဝန်ကြီးကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ရပါ၏။ သို့ရာတွင် ကျွန်တော်

တို့မှာ နေ့စဉ် စားရေးသောက်ရေး သောကတွေ ကြားထဲတွင် ကြွက်ကိစ္စတစ်ပူတိုးလာသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။ ကြွက်သတ်ဆေးထည့်ထားသည့် ဂျုံလုံးကလေးများကို လျှောက်ချထားသဖြင့် ရှောင်လွှဲမရသည့် အမှားတွေလည်း ပေါ်လာပါသည်။ ကျွန်တော့်အိမ်တွင် ဆိုလျှင် ထိုဂျုံလုံးကို စားမိသဖြင့် ကြောင်ကလေးတစ်ကောင် သေသွားသည်။ အခြားအိမ်တစ်အိမ်တွင် ကြက်တွေ သေကုန်သည်။ လူအသေအပျောက်တော့ မရှိပါ။ အတန်ကြာလာသည့်အခါတွင် ကျွန်တော်တို့မှာ ရင်တမမ ဖြစ်နေကြပါသည်။ ဘယ်တော့များ ကြွက်တပ်ကြီး ချီလာမလဲဟု တထိတ်ထိတ် ဖြစ်နေကြပါသည်။ ထိုသို့ ရင်တထိတ်ထိတ်နှင့် စောင့်နေရသည်က စာလျှင် ချက်ချင်း ပြေးတွေ့လိုက်ချင်ပါသေးသည်။ တစ်နေ့တွင်မူ ဘတ်စ်ကား မှတ်တိုင်တွင် အိမ်နီးချင်း တစ်ဦးနှင့် တွေ့ပါသည်။

"ကြွက်တွေဖျက်ဆီးလို့ ရွာတစ်ရွာတော့ ပျက်သွားပြန်ပြီတဲ့ဗျ။ ခိုင်လုံတဲ့ နေရာက ကြားရတယ်"

"သတင်းစာထဲမှာတော့ မပါပါကလား"

သူသည် ကျွန်တော့်ကို လှောင်ပြောင်သည့် အကြည့်ဖြင့် ကြည့်နေသည်။ ဘာမျှတော့ မပြောပါ။ ကျွန်တော့် မျက်စိထဲတွင်မူ ကြွက်အုပ်ကြီးတွေ ဖြတ်လာနေသဖြင့် မြေကြီးသည် လှိုင်းထသည့်နှယ် နိမ့်လိုက်မြင့်လိုက် ဖြစ်နေပုံ၊ သဲကန္တာရကြီးထဲတွင် ရွာမှ ထွက်ပြေးသည့် ဒုက္ခသည်တွေ တသီတတန်းကြီး သွားလာနေကြပုံတို့ကို မြင်ယောင်နေပါသည်။ ဘုရား ဘုရား၊ ထိုအဖြစ်မျိုးများ ဖြစ်လာရင် ခက်ရချည့်။ ထိုအဖြစ်မျိုး မဖြစ်ဟု မည်သူပြောနိုင်သနည်း။ ဘုရားသခင်သည် တစ်ခါတုန်းက ကမ္ဘာပျက်ဒီရေကြီး လွှမ်းစေခဲ့ပြီး ကမ္ဘာဖျက်ငှက်အုပ်ကြီးများကို လွှတ်ခဲ့ဖူးပြီ မဟုတ်လား။ ထိုအကြောင်းများကို ကိုရအန်ကျမ်းထဲတွင် ဖတ်ခဲ့ပြီ မဟုတ်လား။ မနက်ဖြန်တွင် ကိုယ့်အလုပ်တွေကို ရပ်နားပြီး ကြွက်တိုက်ပွဲကို မတိုက်ရဟု မည်သူ ပြောနိုင်သနည်း။ သူတို့ မနိုင်ဟု မည်သူ ပြောနိုင်သနည်း။

တတိယအကြိမ် အစည်းအဝေးတွင်မူ မစ္စတာ အေအမ်ကို ကြည့်ရသည်မှာ ရွှင်လန်း တက်ကြွနေသည်။

"သတင်းကတော့ ဝမ်းသာစရာပဲဗျို့။ ကျွန်တော်တို့ ရပ်ကွက်က လူတွေကတော့ ကြွက်တိုက်ဖျက်ရေးမှာ တော်တော့်ကို တက်ကြွကြတာပဲ။ အဆုံးအရှုံးကလည်း သိပ် မဖြစ်လောက်ဘူး။ နောက်ဆိုရင်

http://www.cherrythitsar.org



သည်ထက်တောင် အဆုံးအရှုံး နည်းမှာ သေချာတယ်။ ကျွန်တော်တို့တစ်တွေ ကြွက်တိုက်ဖျက်ရေးမှာ ကျွမ်းကျင်သူ ပါရဂူတွေ ဖြစ်လာကြမှာ။ တချို့ ရပ်ကွက်တွေက ကြွက်နှိမ်နင်းရင်တောင် ကျွန်တော်တို့ကို လာခေါ်ကြတော့မှာ။ မြို့တော်ဝန်ကြီးလည်း တော်တော့်ကို ဝမ်းသာနေတယ်"

"ဒါပေမယ့် ခက်တာက ကျွန်တော်တို့ အာရုံကြောတွေကတော့"

ကျွန်တော်တို့အထဲမှ တစ်ယောက် ပြောသည်။

သို့ရာတွင် စကားဆုံးအောင် မပြောလိုက်ရပါ။ မစ္စတာ အေအမ်က ကြားဖြတ်၍ ...

"ဘာဗျ။ ကျွန်တော်တို့ အာရုံကြောဟုတ်လား။ ဘာလဲ .. ခင်ဗျားက ကျုပ်တို့တစ်တွေ ကြွက်တိုက်ပွဲတိုက်လို့ အောင်ပွဲရတာကို မကြည့်ချင်ဘူးလား"

"ကျွန်တော်ပြောတာက ဒီလိုပါ။ ကြွက်တွေက ကျွန်တော်တို့ဆီ ဘယ်တော့ ရောက်လာမှာလဲ ဆိုတာကို ပြောတာပါ"

"ဒါကတော့ ဘယ်သူ တိတိကျကျ ပြောနိုင်မှာလဲဗျ။ ဒါပေမယ့် ကျုပ်တို့က တိုက်ပွဲအတွက် အသင့်ပြင်ထားရင် ဘယ်အချိန် ရောက်လာလာ အရေးမကြီးပါဘူး။ လာစမ်းပါစေ"

အတန်ကြာ ငြိမ်သက်နေပြီးနောက် မစ္စတာအေအမ်က ဆက်ပြောသည်။

"ခုနောက်ဆုံး ထုတ်ပြန်လိုက်တဲ့ ညွှန်ကြားချက်တွေက အရေးကြီးတယ်ဗျ။ ပြတင်းပေါက်တွေ၊ တံခါးမကြီးတွေ၊ နံရံတို့ ဘယ်တို့က အပေါက်တွေနဲ့ ပတ်သက်တဲ့ ညွှန်ကြားချက်။ တံခါးမကြီးတွေအားလုံးကို ပိတ်ထားရမယ်တဲ့။ အထူးသဖြင့် တံခါးမကြီးတွေ အောက်ပိုင်းကို အထူး သတိထားရမယ်တဲ့။ တကယ်လို့ တံခါးအောက်ခြေမှာ ကောက်ရိုးမျှင်ကလေး တစ်မျှင်စာလောက် ဟနေတယ်ဆိုရင်လည်း အဲဒီပေါက်ကလေးကို သစ်သားပြားနဲ့ ပိတ်ကာထားရမယ်တဲ့။ မနက်လင်းလို့ အိမ်ကို သန့်ရှင်းရေး လုပ်ရင် အခန်းတစ်ခန်းထဲက ပြတင်းပေါက်တွေကိုသာ ဖွင့်ထားရမယ်တဲ့။ တစ်ယောက်က တံမြက်လှဲနေတုန်းမှာဆိုရင် နောက်တစ်ယောက်က တုတ်ကိုင်ပြီး အသင့်စောင့်နေရမယ်။ လှဲကျင်းပြီးလို့ ရှိရင်လည်း ပြတင်းပေါက်တွေအားလုံးကို လုံအောင်ပိတ်ပြီးတော့မှ တခြားအခန်းတစ်ခန်းကို ကူးရမယ်တဲ့။ အဲဒီအခန်းကို လှဲရင်လည်း

http://www.cherrythitsar.org



အရင်အခန်းကို လှဲသလို အားလုံးပြင်ဆင်ပြီးမှ လှဲရမယ်တဲ့။ တစ်အိမ်လုံး သန့်ရှင်းပြီးတာနဲ့ တစ်ပြိုင်နက် သေတ္တာများကို လုံလုံခြုံခြုံ ချိတ်ပိတ်ထားလိုက်သလို အိမ်ကိုလည်း သေသေချာချာ လုံအောင်ပိတ်ထားလိုက်ရမယ်တဲ့။ ဘယ်လောက်ပဲပူပူ အဲဒီအတိုင်း လုပ်ရမယ်တဲ့"

ကျွန်တော်တို့သည် စိတ်ပျက်လက်ပျက်ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်မိကြပါသည်။

"ဒီလိုကြီးတော့ ဘယ်နှယ့်လုပ် ဖြစ်မလဲဗျာ" ဟု တစ်ယောက်က ပြောပါသည်။

"မဖြစ်ဖူး လုပ်မနေနဲ့။ ဒီညွှန်ကြားချက်ကို အတိအကျ လိုက်နာမှ ဖြစ်မှာ"

"အကျဉ်းတိုက်ထဲမှာတောင် ဒီလောက်"

"ကျုပ်တို့ဟာ စစ်တိုက်နေတာဗျ။ အရေးပေါ် အခြေအနေကို ရောက်နေတာ။ ကျုပ်တို့ တွေ့ရမယ့် အန္တရာယ်က အားလုံးစည်းစိမ်ဥစ္စာ ဆုံးရှုံးမယ့် အန္တရာယ်တင်မကဘူး။ ကပ်ရောဂါကြီးတစ်ခု ဖြစ်မယ့် အန္တရာယ်။ ဘုရားက ကျွန်တော်တို့ကို ချမ်းသာပေးထားလို့ ဒီလောက် နေရသေးတာ။ အဲဒါကို နှလုံးသွင်းထားရမယ်"

ကျွန်တော်တို့သည် ညွှန်ကြားချက်အတိုင်း ကျိုးနွံစွာ လုပ်ကြပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့မှာ စိုးရိမ်ခြင်း၊ မျှော်လင့်ခြင်း၊ ပင်ပန်းခြင်း စသည့် ဗွက်ကြီးထဲသို့ နစ်မြုပ်နေပြီး ယင်းနှင့်အတူ ငြီးငွေ့ခြင်း၊ စိတ်ပျက်ခြင်း စသည်တို့လည်း ဝင်ရောက်လာပါသည်။ စိတ်သည် တင်းကျပ်လာခဲ့ကာ နေ့တိုင်းပင် အိမ်တွင် လင်နှင့်မယား၊ မိဘနှင့် သားသမီးတို့ အကြီးအကျယ် ရန်ဖြစ်နေကြပါသည်။ ကျွန်တော်တို့သည် သတင်းများကို နားထောင်နေကြပါသည်။ ထိုအတောအတွင်း၌ ကိုယ်လုံးကိုယ်ထည်ကြီးကြီး၊ နှုတ်ခမ်းမွှေးတကားကား၊ ကြောက်စဖွယ်မျက်လုံးပြူးကြောင်ကြောင်နှင့် နိုင်ငံခြား နော်ဝေးကြွက်သည် ကျွန်တော်တို့စိတ်ကူးများ၊ အိပ်မက်များထဲတွင် လူဆိုးဇာတ်လိုက်ကြီးဖြစ်နေပြီ။ ကျွန်တော်တို့ စကားဝိုင်းများထဲတွင်လည်း အဓိက ဇာတ်ဆောင် ဖြစ်နေသည်။

နောက်ဆုံး အစည်းအဝေးတွင် မစ္စတာ အေအမ်က ပြောသည်။

"သတင်းကောင်းတစ်ခု နောက်ထပ် ကြားရတယ်ဗျ။ တိုက်တွေ၊ အခန်းတွေ၊ အဆောက်အအုံတွေနဲ့ အန္တရာယ်ရှိတဲ့ နေရာတွေကို စစ်ဆေးဖို့ ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးလိုက်ပြီတဲ့။ သူတို့

လာရောက် စစ်ဆေးတဲ့အတွက် အပိုစရိတ်လည်း ပေးစရာ မလိုပါဘူးတဲ့”

တကယ် အမှန်ကောင်းသည့်သတင်းကောင်း ဖြစ်ပါ၏။ ကျွန်တော်တို့ အားလုံး ဝမ်းပန်းတသာဖြင့် ထိုသတင်းကို ကြိုဆိုကြပါသည်။ ကျွန်တော်တို့တစ်တွေ ကာလကြာရှည်စွာ တွေ့ကြုံနေရသည့် ဒုက္ခ သုက္ခတို့မှ ကင်းဝေးရတော့မည်ဟုလည်း ကျွန်တော်တို့ မျှော်လင့်နေကြပါသည်။

တစ်နေ့တွင် မူဆိုင်ရာမှ အရာရှိတစ်ယောက်လာပြီး တိုက်ခန်းအဝ၊ လှေကားမကြီး၊ အမိုးနှင့် ကားဂိုဒေါင်များကို လာရောက် စစ်ဆေးကြည့်ကြောင်း၊ အိမ်ခေါင်မိုးများပေါ်တွင် ကြောင်တွေ လှည့်ပတ်သွားလာနေကြသည်ကိုလည်း သဘောကျသွားကြောင်းဖြင့် အိမ်ရှင်က ပြောပြသည်။ ထို့ပြင် နောင်တွင် အထူးသတိထား၍ ကြည့်စေလိုကြောင်း၊ ပြည်တွင်းကြွက်ဖြစ်စေ၊ နိုင်ငံခြားကြွက်ဖြစ်စေ မည်သည့် ကြွက်မျိုးမဆို တွေ့ရှိလျှင် သူ့ကို ချက်ချင်း အကြောင်းကြားဖို့လည်း အိမ်ရှင်ကို မှာသွားသည်ဟု ဆိုသည်။

အစည်းအဝေး ပြီး၍ တစ်ပတ်အကြာတွင် ကျွန်တော်တို့ အခန်းတံခါးမှ ခေါင်းလောင်းသံကို ကြားရပြီးနောက် ဆိုင်ရာမှ အရာရှိ ရောက်လာနေပြီ ဖြစ်ကြောင်း၊ ကျွန်တော်တို့ အိပ်ခန်းကိုလည်း ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း သတင်းကောင်းကို အိမ်ရှင်က လာပြောသည်။ အချိန်ကမူ သိပ် အဆင်မပြေလှပါ။ ထိုအချိန်မှာ ကျွန်တော်တို့တစ်တွေ နေ့လည်စာ စားမည့်ဆဲဆဲတွင် ထမင်းပွဲတန်းလန်းကြီးနှင့် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် ဆိုင်ရာ အရာရှိကို ထွက်၍ကြိုပါသည်။ အပေါက်ဝတွင် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ မုတ်ဆိတ်ဖားဖား၊ နှာခေါင်းတိုတို၊ မျက်လုံးပြူးကြောင်ကြောင်၊ မျက်နှာလေးထောင့်နှင့် သက်လတ်ပိုင်း လူတစ်ယောက်ကို တွေ့ရသည်။ သူ့ရုပ်ကို ကြည့်ရသည်ကပင် ကြောင်တစ်ကောင်နှင့် တူနေပါသည်။ ကျွန်တော်သည် သူ့ကို ဆီးကြိုနှုတ်ဆက်ပါသည်။ စိတ်ထဲကလည်း အလုပ်နှင့်ကိုက်အောင် လူမှန်နေရာမှန်ကို ရွေးတတ်ပလေဟု တွေးရင်း ပြုံးမိပါသည်။ ကျွန်တော့်အိမ်ထဲတွင် သူ့ကိုလိုက်ပြပါသည်။ သူက ကြွက်ထောင်ချောက်များ၊ ကြွက်သတ်ဆေးများ၊ တံခါးပေါက်များ၊ ပြတင်းပေါက်များကို လိုက်ကြည့်ပြီး သဘောကျကာ ခေါင်းတညိတ်ညိတ်လုပ်နေပါသည်။ သို့ရာတွင် မီးဖိုထဲသို့ ရောက်သည့်အခါတွင် သံဇကာ

စိတ်စိတ်ကလေးတွေကာထားသည့် ပြတင်းပေါက်ကလေး တစ်ပေါက် ပွင့်နေသည်ကို တွေ့သွားသည်။

"ဒီပြတင်းပေါက်က ဘာဖြစ်လို့ ဖွင့်ထားရတာလဲ။ ပိတ်လိုက်ပါ" ဟု ခပ်မာမာ လေသံဖြင့် ပြောပါသည်။

ကျွန်တော့်ဇနီးက တစ်စုံတစ်ရာ ပြန်ပြောမည်အပြုတွင် သူက

"နိုင်ငံခြား ကြွက်က သံဇကာတို့ ဘာတို့ကိုလည်း ကိုက်ဖြတ်ပစ်နိုင်တယ်ဗျ"

သူ့အမိန့် ညွှန်ကြားချက်အတိုင်း လုပ်လိုက်သဖြင့် ကျေနပ်သွားသည့်အခါတွင် ထမင်းစားပွဲမှ ဟင်းလျာအနံ့များကို ရသွားကာ ချီးကျူးပြောဆိုပါသည်။ ဤတွင် ကျွန်တော်ကလည်း မနေသာတော့ဘဲ သူ့ကို ထမင်းဝင်စားဖို့ ဖိတ်ရပါတော့သည်။

"ခင်ဗျားတို့က စေတနာနဲ့ ကျွေးတော့လည်း ဒါနမြောက်အောင် ဝင်စားရတာပေါ့ဗျာ" ဟု သူက ရှင်းရှင်းပင်ပြောပါသည်။

ထို့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့တော့ စားပြီးပြီဟု ဆိုကာ သူ့တစ်ယောက်စာအတွက် တစ်ပွဲသပ်သပ် ပြင်ပေးပါသည်။ သူသည် သူ့အိမ်တွင် စားသလို အကျၤဝင်ထိုင်ပြီး ပလုပ်ပလောင်း အားရပါးရ စားပါတော့သည်။ ကျွန်တော်တို့ကလည်း ယဉ်ကျေးသမှုအနေဖြင့် သူ့ကို ရှောင်ပေးကြပါသည်။ သို့ရာတွင် ခဏကြာလျှင် သူ့ထမင်းဝိုင်းတွင် ဟင်းလျာလိုက်ရန် လိုသည်ဟု ယူဆသဖြင့် ကျွန်တော် ပြန်လာခဲ့ပါသည်။ ကျွန်တော်သည် လိုအပ်သည့် ဟင်းများကို လိုက်ထည့်ပေးပါသည်။ သူ့ကို ဟင်းလိုက်ပေးနေစဉ် သူ့ရုပ်သွင်သည် ရုတ်တရက် ပြောင်းလဲသွားသည်ကို ကျွန်တော် သတိပြုလိုက်မိပါသည်။ သူ့မျက်နှာသည် ခပ်စောစောကလို ကြောင်နှင့် မတူတော့ဘဲ ကြွက်နှင့် တူလာပါသည်။ ကြွက်မှ ပြည်တွင်းက ရိုးရိုးကြွက် မဟုတ်တော့ဘဲ နိုင်ငံခြားနော်ဝေးကြွက်နှင့်ပင် တူနေပါသည်။ ကျွန်တော်သည် စိတ်ရှုပ်ရှုပ်ဖြင့် ဇနီးသည်ဆီသို့ ပြန်လာခဲ့ပါသည်။ ကျွန်တော်သည် ကျွန်တော် မြင်ခဲ့သည့် အကြောင်းကို မပြောဘဲ ဧည့်သည်ကို ဖော်ဖော်ရွေရွေ ဆက်ဆံရန်သာ ပြောပါသည်။ ကျွန်တော်ဇနီးသည် ထမင်းစားခန်းထဲသို့ ဝင်သွားပြီး ခဏအကြာတွင် မျက်နှာ ပျက်ပျက်ဖြင့် ပြန်ထွက်လာပါသည်။

"သူ ထမင်းစားနေတာ ဘာနဲ့တူသလဲ။ ရှင်သတိထားကြည့်မိခဲ့ရဲ့လား"

ဟု ကျွန်တော့် ဇနီးက ခပ်တိုးတိုး မေးပါသည်။

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။

"အဲ့ရောရှင်၊ ယုံနိုင်စရာတောင် မရှိဘူး" ဟု ပြောပါသည်။

ကျွန်တော်ကလည်း ချာချာလည်နေသော ခေါင်းကို ညိတ်ပြပါသည်။ ကျွန်တော်တို့သည် အချိန် ဘယ်လောက်ကြာအောင် တအံ့တဩ ဖြစ်နေကြသည် မသိပါ။ အိမ်ရှေ့ခန်းဆီမှ ထွက်လာသော သူ၏ အားရ ကျေနပ်နေသော အသံကို ကြားမှ သတိရလာကြပါသည်။

"အင်း .. ခင်ဗျားတို့မိသားစု ကြီးပွားချမ်းသာကြပါစေဗျာ။ ကြီးပွားကြပါစေ"

ကျွန်တော်တို့သည် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့ပါသည်။ သို့ရာတွင် ဧည့်သည်ကို မတွေ့ရတော့ပါ။ အပြင်သို့ ရောက်သွားပါပြီ။ လှုပ်ယမ်းနေသော သူ့ခန္ဓာကိုယ်နှင့်နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်သော သူ့မျက်နှာပေါ်မှ ကြွက်ပြုံးကိုသာ မြင်လိုက်ကြရပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် အိမ်ထဲတွင်ရပ်ပြီး တစ်ယောက်ကို တစ်ယောက် တအံ့တဩ ကြည့်နေမိကြပါသည်။

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *The Norwegian Rat* ကို ပြန်ဆိုပါသည်။)

[ရင်ခွင်သစ်၊ ဇန်နဝါရီ၊ ၁၉၉၄]

# ဘဝရှင်မင်းတရားကြီး

သူသည် မြေကြီး၏သားရတနာ ဖြစ်၏။ ပေါင်းမြက်တို့၏ အမျိုးအနွယ်ဖြစ်၏။ သူသည် အယ်အတားဘား ရင်ပြင်ပတ်လည်ရှိ ပန်းခြံထဲတွင် မွေးမြူခဲ့ပြီး ထိုပန်းခြံထဲပင် ကြီးပြင်း လူလားမြောက်လာခဲ့ခြင်း ဖြစ်သည်။ သူသည် အညတရဘဝမှ ထိုးထွက်လာခဲ့သူ ဖြစ်ပြီး စားကြွင်းစားကျန်တို့ကို ရှာဖွေကျွေးမွေးခဲ့၍ အစုတ်အပြတ်တို့ဖြင့် ဝတ်ဆင်ပေးခဲ့ကာ လူ့ဂုဏ်သိက္ခာတို့ကို လျှော့ကျစေခဲ့သော လက်များဖြင့် ပြုစုစောင့်ရှောက်ခံခဲ့ရသူ ဖြစ်သည်။ သူကြီးပြင်း လူလားမြောက်၍ အရွယ်ရောက်လာသည့် တစ်နေ့၌ လမ်းသွားလမ်းလာတစ်ဦးက "သူ့ကိုကြည့်ရတာ တို့ဘုရင်ကြီးနဲ့ တူတယ်ကွ"ဟု ကျယ်လောင်သော ရယ်မောသံဖြင့် အဖော်တစ်ယောက်ကို ပြောသည်။

ရှင်ဘုရင်ဆိုပါကလား။ သူတို့ တိုင်းပြည်တွင် ဘုရင်တစ်ပါးရှိကြောင်းကို သူသိသည်။ ဘုရင်၏ မြင်းစီးကိုယ်ရုံတော်တွေကို သူ ခပ်လှမ်းလှမ်းမှ မြင်ခဲ့ဖူးသည်။ သူတို့ ဘာအဓိပ္ပါယ်ဖြင့် ပြောကြပါလိမ့်။ ထိုစကားမျိုးကို သူနောက်တစ်ခါ ကြားရပြီး အံ့ဩသောအကြည့်များဖြင့် နောက်တစ်ခါ အကြည့်ခံရပြန်သည်။ သူသည် တကယ်ပင် ဘုရင်နှင့် တူနေသလား။ ဖြစ်ကော ဖြစ်နိုင်ပါ့မလား။ သူသည် အယ် –အဇားလမ်းရှိ ပရိဘောဂဆိုင် တစ်ဆိုင် အဝင်ဝက မှန်ကြီးတစ်ချပ်ရှေ့တွင် ရပ်ကာ

သူ့ကိုယ်သူ ပြန်ကြည့်သည်။ အို တကယ်ပင် ဘုရင်နှင့်တူနေပါလား။ အဝတ်အစားက စုတ်ပြတ်၍ မျက်နှာက ညစ်ပတ်ပေရေနေသည့်တိုင် သူ၏ ပုံသဏ္ဍာန်ကို ဖုံးကွယ်၍မရပါ။

သူသည် မျက်နှာသစ်၍ ခေါင်းဖြီးကာ ပန်းခြံထဲတွင် ထိုမှ ဤမှ လမ်းသလားလျက် ရှိ၏။ သူသည် အောင်ပွဲများကို တစ်ခုပြီးတစ်ခု ရနေ၏။ သူ့ကို လက်ညှိုးထိုးပြီး ဘုရင်နှင့် တူသည်ဟု ပြောဆိုသံများကို တစ်သံပြီး တစ်သံ ကြားနေရ၏။ သူသည် ပန်းခြံထဲတွင် လမ်းလျှောက်ရင်း သူ၏ အဖိုးမဖြတ်နိုင်သော ရုပ်ရည်ရူပကာယကို တပြုံးပြုံးဖြင့်ဂုဏ်ယူလျက်ရှိ၏။ အချိန်ကာလ ကြာညောင်းသည့်အခါတွင် သူသည် သူတို့အရပ်ထဲတွင် "ဘဝရှင်မင်းတရားကြီး" ဟုသာ လူသိများလာခဲ့သည်။ လူအများက သူ့အား လက်ရှိဘုရင်၏ ခမည်းတော်ဖြစ်သူ နတ်ရွာစံဘုရင်ကြီးနှင့် တူသည်ဟု အပြောင်အပြက် ပြောလေ့ရှိကြ၏။ သူသည် ဘုရင်ကြီး ဝင်စားသူ မဟုတ်ဟု မည်သူပြောနိုင်သနည်း။

မဟုတ်ဟု မည်သူပြောနိုင်သနည်း။

မဟုတ်ဟု မည်သူပြောနိုင်သနည်း။

ဤသို့ဖြင့် အပြောင်အပြက် ပြောကြရင်း သူသည် မဟာမက်အလီမင်းဆက်၏ အဆက်အနွယ် တစ်ဦးသဖွယ် ဖြစ်လာခဲ့သည်။ သူကိုယ်တိုင်မှာမူကား သူ့အဖေကိုလည်း မသိပါ။ မင်းမျိုးမင်းနွယ် ဖြစ်မည်ဆိုလျှင်လည်း ဖြစ်နိုင်သည်ဟုသာ အောက်မေ့လိုက်၏။ သူသည် မြေကြီးပေါ်တွင် အကျိုးဗလာဖြင့် လဲလျောင်းရင်း ရှေးအစဉ်အဆက် သူ့ဘိုးဘေး ဘီဘင်များကဲ့သို့ပင် သဘာဝကြီး၏ ရင်ခွင်တွင် ကြီးပြင်းလူလားမြောက်လာခဲ့သည်။

သူသည် နေထွက်ချိန်များတွင် သူ၏အံ့သြဖွယ်ကောင်း၍ ယခုတိုင် မသိရသေးသော သူ့မျိုးရိုးစဉ်ဆက် အကြောင်းကို တွေး၏။ ဘုရင်ကြီးနှင့် တူသဖြင့် သူ့ကို ချီးမြှောက်လိမ့်မည်ဟု မျှော်လင့်၏။ သူ၏ရုပ်ရည်ရူပကာကြောင့် သူသည် အိုးမဲ့အိမ်မဲ့ တစ်ဦး လူလေ လူလွင့်တစ်ဦး၏ ဒုက္ခသုက္ခတို့မှာ အနည်းနှင့်အများ လျော့ပါးလာ၏။ ရဲတို့၏ နံပတ်တုတ် ဒဏ်ချက်မှ အနည်းနှင့်အများ သက်သာရာ ရလာခဲ့၏။ သူသည် လူလေလူလွင့်များအနက် အရက်ရောဆုံးသူ တစ်ဦး ဖြစ်လာခဲ့၏။ ခါးပိုက်နှိုက်များအနက် အဖြောင့်မတ်ဆုံး ဖြစ်လာခဲ့၏။

"တစ်နေ့ မင်း ကြီးပွားသွားရင် တို့ကိုလည်း မမေ့ပါနဲ့ကွာ' ဟု သူ့အပေါင်းအသင်းများက သူ့ကို ပြောကြ၏။

သူကလည်း သူတို့ကို ကောင်းစွာ စောင့်ရှောက်မည့်အကြောင်း ကောင်းစွာ ချီးမြှင့် မြှောက်စားမည့်အကြောင်း ကတိပေး၏။ သို့ဖြင့် သူသည် သူ၏စိတ်ကူးအိပ်မက်ထဲတွင် တိုက်အိမ်ဆောက်လျက်ရှိ၏။ သူ့သတင်းသည် တစ်စတစ်စ ပျံ့နှံ့သွားကာ ရဲဌာနသို့ ရောက်သွား၏။ စုံထောက်များသည် သူ့ကိုသွားကြည့်ပြီး “အရပ်အမောင်း၊ အလုံးအဖန်၊ အသားအရည်တို့မှာ အံ့သြစရာကောင်းလောက်အောင် တူသည်” ဟု အစီရင်ခံကြသည်။

နောက်ဆုံးတွင် ရဲအရာရှိကြီး ကိုယ်တိုင် ကြည့်ရန် ဆုံးဖြတ်၏။ ရဲအရာရှိသည် သူ့ရှေ့တွင် ရပ်၍ သူ့ကို ခြေဆုံး ခေါင်းဆုံး ကြည့်ရင်း တအံ့တသြ ဖြစ်လျက်ရှိ၏။ သူ့ကို ပြန်လွှတ်လိုက်ပြီးနောက် ထိုသူသည် တကယ့် ပြဿနာကြီး တစ်ရပ်ဖြစ်လာပြီဟု တွေးလျက်ရှိ၏။ သူ့ကို လူတွေ အပြောင်အပြက် ပြောသလို မသိလိုက် မသိဖာသာ ထားလိုက်ရမည်လော။ သူ့ကိုနောက်က လိုက်၍စောင့်ကြည့်စေပြီး ဟန်ဆောင်သည်နှင့် ဖမ်းရမည်လော။ ထိုနည်းနှစ်နည်းစလုံး မကောင်း။ အကောင်းဆုံးမှာ မိမိ၏ အထက်ဌာနဖြစ်သော ပြည်ထဲရေး ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း ဖြစ်သည်ဟု ရဲအရာရှိကြီး ယူဆ၏။ သို့ဖြင့် ဆိုင်ရာမှ စုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်၏။ အမြင့်ဆုံး လုံခြုံရေးဌာနများသည် ထိုကိစ္စများဖြင့် အလုပ်များလျက် ရှိပြီး အရေးတကြီး ဖြစ်နေကြ၏။

“တကယ်လို့ ဒီလူက ဘုရင်ဟန်ဆောင်ရင် ဘယ်နှယ့်လုပ်မလဲ။ မင်းတို့ ဘာလုပ်နေကြတာလဲလို့ အထက်က ကျုပ်တို့ကို မေးတော့မယ်”

“ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ”

သူ့ကို အများပြည်သူ၏လုံခြုံရေးအတွက် အန္တရာယ်ရှိသူ တစ်ဦးအနေဖြင့် ဖမ်းဆီးကာ အကျဉ်းစခန်းသို့ ပို့ရန် ဆုံးဖြတ်လိုက်သည်။ ဤသို့ဖြင့် ပြဿနာ ပြေလည်သွားပြီ။ ရဲတို့လည်း စိတ်အေးလက်အေး နေနိုင်ပြီ။ ဒုတိယမြောက် ဖာရောက်ဘုရင်ကိုလည်း လူတွေက မေ့သွားကြပြီ။

ဇူလိုင် တော်လှန်ရေး ဖြစ်လာသည့်အခါတွင် အစိုးရဟောင်းလည်း ပြိုကွဲသွားခဲ့သည်။ ပြုတ်ကျသွားသည့် ဘုရင်နှင့်တူသူ တစ်ယောက် အကျဉ်းစခန်းတစ်ခုထဲတွင် ကျန်နေကြောင်း သတင်းစာဆရာ တစ်ယောက်က သတင်းရသည်။ ဤတွင် ဆိုင်ရာတို့က သူ့ကို ပြန်လွှတ်လိုက်ကြသည်။ သူလည်း လူလေ လူလွင့်ဘဝသို့ ပြန်ရောက်လာခဲ့

http://www.cherrythitsar.org



သည်။ ယခင်ကကဲ့သို့ စိတ်ကူးယဉ် အိပ်မက်များ မရှိတော့သော်လည်း သူ့ကို လွတ်မြောက်အောင် လုပ်ပေးသည့်အတွက် ဘုရားသခင်ကိုတော့ ကျေးဇူးတင်သည်။

မဂ္ဂဇင်းအချို့က သူ့ဓာတ်ပုံကို ဖော်ပြကြသည့်အခါတွင် သူ တစ်ခါမှ မမျှော်လင့်ခဲ့ဖူးသော ကျော်ကြားမှုကို ရရှိလာခဲ့သည်။ ရုပ်ရှင် ကုမ္ပဏီတစ်ခုက တော်လှန်ရေး မတိုင်မီက အကျင့်ပျက် ခြစားခဲ့သည့် အဖြစ်အပျက်တို့ကို ရုပ်ရှင်ရိုက်ရန် စီစဉ်သည်။ ထိုအဖြစ်အပျက်များ နောက်တွင် ဘုရင်က ကြိုးကိုင်နေသည်။ ရုပ်ရှင် ကုမ္ပဏီက သူ့ကို ဘုရင် နေရာတွင် ပါဝင်ရန် ကမ်းလှမ်းသည်။ သူသရုပ်ဆောင်ပုံကလည်း ကျေ နပ်စရာ ကောင်း၏။ ထို့ကြောင့် သူသည် ယခင်ကထက်ပင် ပို၍ နာမည် ကြီးလာခဲ့သည်။

သူနှင့် ပတ်သက်၍ သတင်းတွေ အများကြီး ပျံ့နှံ့နေပြီး စာနယ် ဇင်းများတွင်လည်း သူ့ဓာတ်ပုံတွေချည်း မကြာခဏ တွေ့ရသည့်အခါ တွင် အာဏာပိုင်များသည် စဉ်းစားလာကြရသည်။ ဤတွင် မည်သူမျှ မစဉ်းမိသော ပြဿနာ တစ်ရပ် ပေါ်လာခဲ့သည်။

"ကျုပ်တို့ လူမျိုးက သိပ်ပြီး စိတ်ကောင်းရှိတဲ့ လူမျိုး။ ဒီတော့ အရင်တုန်းက နန်းကျဘုရင်ကြီးမှာ ဘယ်လောက်လဲ အပြစ်ရှိရှိ၊ ဘယ် လောက်ပဲ အကျင့်ပျက်ပျက် အဲဒီဘုရင်ကြီးကို သနားနေတဲ့ လူတွေ အများကြီး ရှိတယ်။ ဒီလိုသာ ခဏခဏ မြင်နေရရင် လူတွေက အရင် ဘုရင်ကြီးကို သနားသွားကြလိမ့်မယ် ဒီတော့။

"ဒီတော့ သူ့ရုပ်ပုံတွေကို စာနယ်ဇင်းတွေထဲမှာ မဖော်ပြရဘူး လို့ ပိတ်လိုက်ဗျာ"

"အကောင်းဆုံးကတော့ သူလုံးဝ ပျောက်ကွယ်သွားအောင် လုပ် နိုင်ရင် အကောင်းဆုံးပဲဗျ"

သူ့အဖို့မူ သူသည် ခေတ်သစ်ကြီးတစ်ခုတွင် နေထိုင်ရန် လူ သစ်အဖြစ် မွေးလာသည်ဟု သူ့ကိုယ်သူ ထင်နေသည်။ ရုပ်ရှင်ထဲတွင် အနည်းအကျဉ်းပါဖူးသဖြင့် သူ၏မျှော်မှန်းချက်လည်း ပို၍မြင့်မားလာ သည်။ သူ့အဖို့ လာဘ်လာဘတွေ ဆိုက်လိမ့်မည်ဟု နေ့စဉ် နေထွက် လာတိုင်း သူမျှော်လင့်နေသည်။ အချိန်ကြာ၍ ဘာမျှ ဖြစ်မလာသောအခါ သူစိတ်တိုလာလေပြီ။ ဘုရားသခင်သည် မိမိအား ဤရုပ်ရည်မျိုးရှိအောင် ဖန်တီးပေးလိုက်ခြင်းသည် အကြောင်းမဲ့ မဟုတ်တန်ရာ။ တစ်စုံတစ်ခု သော အကြောင်းတော့ ရှိရမည်ဟု သူ့ကိုယ်သူ နှစ်သိမ့်အားပေးသည်။

http://www.cherrythitsar.org



သို့ရာတွင် မည်သည့်အကြောင်းကြောင့် မသိ။ သူသည် ပျောက်ကွယ်သွား၏။ ခါတိုင်း သူ့ကို တွေ့ရသည့်နေရာ၊ တွေ့ရသည့် အချိန်များတွင် သူ့ကို မတွေ့ရတော့ပြီ။ အပြီးအပိုင် ပျောက်ကွယ်သွားသည်လော မပြောတတ်တော့ပြီ။

(စာပေနိုဘယ်ဆု အီဂျစ်အမျိုးသား စာရေးဆရာကြီး *Naguib Manfouz* ၏ *His Majesty* ကို ပြန်ဆိုပါသည်။)

[ပိတောက်ပွင့်သစ်၊ စက်တင်ဘာ၊ ၁၉၉၅]

# မြောင်းထဲက လူ

ကျွန်တော်သည် တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေးကို ဂရုစိုက်သူ ဖြစ်သော်လည်း ညစ်ပတ်မှုနှင့် ရောဂါဘယသည် စိတ်မချမ်းသာစရာ အတွေးတစ်ခုကို အမြဲဝိုင်းရံနေတတ်ပါသည်။

ကျွန်တော်သည် လူ၏ခန္ဓာကိုယ်တစ်ခုထဲတွင် ကိန်းအောင်းနေသူ မဟုတ်ပါ။ အမှိုက်ပုံထဲတွင် နစ်မြုပ်နေသည့် လမ်းကြားအို လမ်းကြားဟောင်းရှိ အိုမင်းဟောင်းနွမ်းသော အိမ်တစ်လုံးတွင်လည်း နေထိုင်နေသူ ဖြစ်ပါသည်။ ကျွန်တော့်အခန်း မျက်နှာကျက်မှာ ဆေးတွေ ကွာကျနေပြီး အရောင်အဆင်းမဲ့သော သွေးကြောများကို လှစ်ပြနေကြပါသည်။ နံရံများကလည်း မျဉ်းပြိုင်အစင်း အစင်းတွေ၊ ကြက်ခြေခတ် အစင်းအစင်းတွေ ထင်နေပါသည်။ အောက်က ခင်းထားသည့် ကြမ်းခင်းကော်ဇောမှာ ဖွာဆန်ကြဲအောင် စုတ်ပြတ်နေပြီး ကြမ်းပြင်မှာလည်း ဖောင်းသည့်နေရာက ဖောင်း၊ ခွက်သည့်နေရာက ခွက်နေပါပြီ။ နွေရာသီတွင် မျက်နှာကျက်နှင့် နံရံများက ပူပြင်းသည့် အငွေ့များကို ထုတ်လွှတ်လျက် ရှိပြီး ဆောင်း ရာသီတွင် စိုစွတ်သည့် နှင်းစက်များကို သွန်ချနေပါသည်။ လှေကားသည် တစ်ဝက်တစ်ပျက် ပျက်စီးနေပြီဟုပင် ဆိုနိုင်ပါသည်။ အတက်အဆင်း လုပ်ရသည်မှာ လွန်စွာ ခက်ပါသည်။ အမှောင်ထဲတွင် ဆိုလျှင် တော်တော် မသေးသည့် အန္တရာယ် ဖြစ်ပါသည်။ ထို့ထက် ပိုဆိုးသည်မှာ နောက်ဖေးဘက်က အိမ်သာများ ရှိသည့်အပိုင်းတွင် နံရံ

သည် ဟက်တက်ကြီး ကွဲနေခြင်း ဖြစ်ပါသည်။ အင်္ဂတွေတို့ ကွာကျသဖြင့် အုတ်ခဲတွေ အပြိုင်အရိုင်း ပေါ်နေပါသည်။

ဟိုစနီလမ်းကြားသည် ယခုအချိန်တွင် လမ်းဘေးစင်္ကြံ လုံးဝမရှိတော့ပါ။ တစ်ခါက လမ်းဘေးတွင် စင်္ကြံနှစ်ဖက်ရှိသည်ကို မည်သူမျှလည်း မမှတ်မိကြတော့ပါ။ မှတ်မိသူဆို၍ ကျွန်တော်တစ်ယောက်သာ ရှိတော့မည် ထင်ပါသည်။ ကျွန်တော့်မှာ ထိုအိမ်တွင် မွေးခဲ့သောကြောင့် ဖြစ်ပါသည်။ ဤအချက်တွင်မူ အလယ်ထပ်တွင် နေသည့် အီဘာရာဟင် အဖန်ဒီ မိသားစုများအတွက် လည်းကောင်း၊ အစောဆုံး လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်ကမှ ဤအိမ်သို့ ပြောင်းလာသည့် ရှိတ်မိုဟာရန် မိသားစုထက် လည်းကောင်း ကျွန်တော်က သာပါသည်။

ကျွန်တော် ငယ်ငယ်တုန်းကတော့ ထိုအိမ်ကြီးသည် ရင့်ကျက်သည့် အရွယ်သို့ ရောက်ပြီး သပ်ရပ်လှပပါသည်။ ကျောက်တုံးတွေ ခင်းထားပြီး တစ်ဖက်တစ်ချက်တွင် စင်္ကြံတွေ ရှိသည့် လမ်းကြားသည် လည်း ရှေ့တွင် သွားဆုံသည်။ ရှုရာဖာလမ်းမကြီးလို ကောင်းပါသည်။ ယခုတော့ တခြားလမ်းဘေးမှ လမ်းပေါ်သို့ နယ်ချဲ့လာကာ မြင့်သည်ထက် မြင့်လာသော အမှိုက်များအောက်တွင် ပျောက်ကွယ်လုမတတ် ဖြစ်နေပါပြီ။ မကြာခင် ဆိုလျှင် လမ်းတစ်ဖက်တစ်ချက်မှ အပြိုင်နယ်ချဲ့ လာနေကြသော အမှိုက်ပုံ နှစ်ပုံကြားတွင် လမ်းသွားစရာ ကျဉ်းကျဉ်း ကလေးသာ ကျန်တော့မည် ဖြစ်ပါသည်။ နောင်ဆိုလျှင် အီဘာရာဟင် မိန်းမဝဝကြီး ဆိတ်ဖော်ဇီယာပင် ကောင်းကောင်းလမ်းလျှောက်၍ ရမည် မထင်ရတော့ပါ။

လွန်လေပြီးသော အတိတ်က အရိပ်များ။ မကြာခင် အိမ်ပြိုကျတော့မည်ဟူသော စိုးရိမ်မှုနှင့် ညစ်ပတ်သော ပတ်ဝန်းကျင်တို့ကြောင့် ကျွန်တော့်စိတ်သည် နောက်ကျူ ရှုပ်ထွေးလျက် ရှိကာ ရောဂါဝေဒနာ တစ်ခုကို ခံစားနေရသကဲ့သို့ ရှိပါသည်။ စိတ်ထဲတွင်လည်း အိမ်သစ်သို့ ပြောင်းရွှေ့သွားသူများ၊ သုဿန်သို့ သွားခဲ့ကြသူများ၊ ယခင်က နေထိုင်ခဲ့ရာ အိမ်ကြီးထဲတွင် လူဟောင်းဆို၍ ကျွန်တော် တစ်ယောက်သာ ကျန်ပါတော့သည်။ ထို့ပြင် ပြိုကျပျက်စီးလျက်ရှိသော အိမ်အိုအိမ်ဟောင်းကြီး ထဲတွင် ဝန်ထမ်းဆို၍လည်း ကျွန်တော်တစ်ယောက်သာ ရှိပါသည်။ ထိုအခါမျိုးတွင် ကျွန်တော်သည် စိတ်ညစ်စရာ အတွေးတို့ကို သူတို့ ဖိစီးသည့် အတိုင်းအတာနည်းတူ တူးတူးခါးခါး မောင်းထုတ်ပစ်လိုက်ပါသည်။ ဖြစ်လာမည့် အရေးကို တွေး၍ စိုးရိမ်ကြောင့်ကြ မနေတော့ဘဲ

ဘုရား တရားကို အာရုံပြုကာ တတ်နိုင်သမျှ စိတ်ချမ်းသာအောင် နေလိုက်ပါသည်။ ကဖေးသို့ ရောက်လျှင် ကျွန်တော့်မိတ်ဆွေများ (ယင်းတို့မှာ အလုပ်ပင်ပန်း နွမ်းနယ်နေသည့် ဝန်ထမ်းများ ဖြစ်ပါသည်။) ကြားတွင် လည်းကောင်း၊ ကဖေးမှ ရုပ်မြင်သံကြားစက် ရှေ့တွင် လည်းကောင်း ထိုင်ပြီး ထိုစိုးရိမ်သောကများကို မေ့ပျောက်ပစ်လိုက်ပါသည်။ သို့ရာတွင် ထိုအတွေးများသည် လစဉ် လတိုင်း လဆန်း တစ်ရက်နေ့တွင် အင်နှင့်အားနှင့် ရောက်လာကြပြန်ပါသည်။ ထိုနေ့ဆိုလျှင် ရှိတ်မိုဟာရန်နှင့် ဆိတ်ဖော်ဇီယာ (စိတ်ထားတင်းမာ ပြတ်သားသဖြင့် အလုပ်ကိစ္စများတွင် သူ့ယောက်ျားကိုယ်စား ဆောင်ရွက်လေ့ရှိပါသည်။) တို့ အထူးပူပန်ကြသောနေ့ ဖြစ်ပြီး ကျွန်တော့်အဖို့လည်း အထူး စိုးရိမ်ထိတ်လန့်ရသောနေ့ ဖြစ်ပါသည်။ အခြားကြောင့် မဟုတ်ပါ။ ထိုနေ့တွင် စာပို့သမား အလုပ်လုပ်ပြီး ထိုအိမ်ကြီးကို ပိုင်သည့် အယ်ဖာတာ အဖန်ဒီ ရောက်လာတတ်သောကြောင့် ဖြစ်ပါသည်။

အိမ်ရှင် အဖန်ဒီမှာ အသက်လေးဆယ်ခန့် ရှိပြီး ပန်းပွားတပ်ဦးထုပ်ပြတ်ကလေးကို ဆောင်းနေဆဲ ဖြစ်ပါသည်။ သူ့တွင် မည်သည့်ချွတ်ယွင်းချက်မျှ မရှိသော်လည်း တော်တော် သနရုပ်ပွ မရှိသူ ဖြစ်ပါသည်။ ဆိတ်ဖော်ဇီယာက ကက်ကက်လန်အောင် ရန်တွေ့သံကို ကြားပြီဆိုလျှင် သူရောက်လာပြီဆိုသည်ကို သိနေရပါသည်။ ကျွန်တော်ကမူ သူရောက်လျှင် စကားတစ်လုံးမျှ မပြောဘဲ သူပြောသမျှကို မကြားယောင် ပြုနေလိုက်ပါသည်။ ယင်းမှာ ကျွန်တော် တတ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။ သူရောက်လာလျှင် ကျွန်တော် သူ့ကို ဆီးကြိုပြီး တစ်လုံးတည်းသော ကုလားထိုင်ပေါ်တွင် နေရာချထားပေးပါသည်။ လက်ဖက်ရည် တိုက်ပါသည်။ ကျွန်တော် နှုတ်ဆက်လျှင် သူက "အင်း မင်း သားနဲ့ မယားနဲ့ အတည်တကျ ဖြစ်တာကို မြင်ချင်ပြီကွာ။ ဒါမှ တရားတော် အလိုနဲ့ ကိုက်ညီမယ် မဟုတ်လား" ဟု ပြောတတ်ပါသည်။

ကျွန်တော်သည် လည်ပင်းထဲတွင် ထစ်နေသည့် အလုံးကြီးကို သူမသိအောင် အနိုင်နိုင် မျိုချကာ ...

"နေတော့ နေချင်တာပေါ့ဗျာ။ ဒါပေမယ့် မိန်းမယူတယ်။ မင်္ဂလာဆောင်တယ် ဆိုတာ ပိုက်ဆံရှိမှ ဖြစ်တဲ့ ကိစ္စ"

သူသည် လက်ဖက်ရည်ပူပူကို မှုတ်နေသည်။ ထို့နောက် ရှုတ်ခနဲ မြည်အောင် သောက်လိုက်ပြီး စကားတစ်လုံးမျှ မဆိုဘဲ ခေါင်းကို

ဆတ်ဆတ် ညိတ်နေသည်။ ကျွန်တော်က အိမ်လခ (အီဂျစ်ငွေ သုံးပေါင်) ကို ထုတ်ပေးသည့်အခါတွင်မူ သူသည် ခပ်လျောင်လျောင် အပြုံးဖြင့် လှမ်းယူကာ ပိုက်ဆံများကို တဖျပ်ဖျပ် ရေနေသည်။

"အင်း .. အမဲသား တစ်ကီလိုဖိုးတောင် မရှိပါဘူးကွာ။ ဒါပေမယ့် နာမည်ကတော့ အိမ်ပိုင်ရှင်ကြီးပေါ့ကွာ" ဟု ပြောနေသည်။ ကျွန်တော် တိတ်ဆိတ်နေသည့်အခါတွင် အားတက်သွားဟန်ဖြင့် ...

"ဒီပိုက်ဆံကလည်း ငါ သုံးတာ၊ မဟုတ်ပါဘူးကွာ၊ မိဘမဲ့ကလေးတွေကို လှူတာပါ"

"အင်း .. ဒီလောက်တောင် ဘာမှ မဖြစ်လောက်ပါဘူးဗျာ။ အတူတူပါပဲ"

"မင်း မနေချင်ဘူး ဆိုရင်တော့ ပြောပါကွာ။ နောက်တစ်ယောက်ကို တင်ရတာပေါ့။ အိမ်ကတော့ ဟောင်းနေပါပြီ။ စည်ပင်သာယာက မင်းတို့ကို သတိပေးတာတို့ ဘာတို့ မလုပ်ဘူးလား"

"ဟောင်းပေမယ့် ဒီမှာပဲ နေရမှာပေါ့ဗျာ။ ဒီမှာ မနေရင် လမ်းမပေါ်မှာ ဆင်းနေဖို့ပဲ ရှိတော့တာ"

ကျွန်တော့်စိတ်ထဲတွင် ကျွန်တော်ဘဝသည် တည်ငြိမ်မှု လုံခြုံမှု မရှိဟုလည်းကောင်း၊ သန့်ရှင်းခြင်း ကျန်းမာခြင်း မရှိဟု လည်းကောင်း ထင်နေပါသည်။ သို့တိုင်အောင် အခြားသူများထက်စာလျှင် ကျွန်တော်က အများကြီးသာပါသည်။ ကျွန်တော့်တွင် တခြားရွေးစရာလမ်း ရှိပါသေးသည်။ အခြားသူများတွင်မူ ကျွန်တော့်လို ရွေးစရာ လမ်းပင် မရှိပါ။ သို့တိုင်အောင် ကျွန်တော်သည် အမှိုက်ပုံတွေအောက်တွင် နစ်မြုပ်နေသည့် လမ်းကြားကလေးတစ်ခုထဲမှ ပြိုကျလုဆဲဆဲ အိမ်အိုကြီးတစ်လုံးပေါ်တွင် နေနေသည့် အထီးကျန် တစ်ဦးသာ ဖြစ်ပါသည်။

ကျွန်တော်သည် တစ်ဝမ်းတစ်ခါးဝအောင် ဌာနခွဲ စာရေးကြီးတစ်ဦးလို သားသားနားနား ဝတ်စားနိုင်အောင် အံ့ပွဲများကို လိုက်ပြရပါသည်။ သမဝါယမ ကြော်ငြာများတွင် ပါသည့် အိမ်မျိုးတစ်လုံးနှင့် မင်္ဂလာဆောင် ကြော်ငြာများတွင် ပါတတ်သည့် သတို့သမီးများလို လှပသည့် အမျိုးသမီးတစ်ယောက်လောက်တော့ ကျွန်တော်လည်း လိုချင်ပါသည်။ ဖော်ဇီယာလို အမျိုးသမီးတစ်ယောက်ဆိုလျှင်လည်း သိပ်မဆိုးလှပါ။ ကျွန်တော်သည် "ထေရပ္ပတ္တိကျမ်း" များထဲမှ လောကီကိစ္စများကို စွန့်ပယ်ကာ လောကုတ္တရာ ကိစ္စများကိုသာ လုပ်ဆောင်နေသည့် သူတော်စင်တို့၏ ဘဝကို ဖတ်၍ ကိုယ်ကိုယ်ကိုယ် ဖြေသိမ့်ပါသည်။ သို့ရာတွင်

သတင်းစာထဲတွင် အိမ်တစ်အိမ် ပြိုကျသည့် သတင်း၊ အိမ်ဟောင်းများပေါ်တွင် နေထိုင်သူတို့ကို ရဲက တခြားသို့ ပြောင်းရွှေ့ခိုင်းခြင်း စသည့် သတင်းများကို ဖတ်ရသည့်အခါတွင် ကျွန်တော် တထိတ်ထိတ် ဖြစ်နေတတ်ပါသည်။ ထိုသတင်းမျိုး ဖတ်လိုက်ရသည်နှင့် ကျွန်တော်သည် သူတော်ကောင်း သူတော်မြတ်တို့ မှီတင်းနေထိုင်ရာ ကောင်းကင်ဘုံမှ ပြန်ကျလာကာ ထိတ်လန့်စိုးရိမ်နေတတ်ပါသည်။ သို့ဆိုလျှင် ဘယ်သွားနေရမည်နည်း။ သူတို့တွင် ဘာပစ္စည်းတွေ ကျန်ရစ်ခဲ့သနည်း။ သူတို့ ဘယ်လို ဆက်လက် အသက်ရှင်ကြသနည်း။ ထိုသို့ တွေးလိုက်လျှင် မြို့ပေါ်အနှံ့အပြားတွင် ကျွန်တော်တို့လို လူတွေ အများအပြား ရှိသည်ကို သိသည့်တိုင် ကျွန်တော်၏ အားငယ်မှုသည် ပို၍ ပို၍ တိုးလာပါသည်။ အလိုလေး။ လောကတွင် ငါတစ်ယောက်တည်းပါလားဟု စိတ်ထဲတွင် တွေး၍ အားငယ်သည်ထက် ငယ်လာပါသည်။ ကျွန်တော့် ဘေးပတ်ဝန်းကျင်တွင် ကျွန်တော့်ကို အားပေးမည့်သူတွေ ရှိသင့်သလောက် ရှိပါသည်။

သို့ရာတွင် လူစိမ်းတစ်ယောက်ကို တင်ထားမည့် အိမ်ကတော့ တစ်အိမ်မျှ မရှိပါ။ အိမ်တိုင်း အိမ်တိုင်းတွင် လူတွေ ပြည့်နေတာ ကိုယ့်လူနှင့် ကိုယ်နေစရာ မရှိ ဖြစ်နေတတ်ပါသည်။ လူတိုင်းတွင် ကိုယ့်ဒုက္ခနှင့် ကိုယ် ဖြစ်နေပါသည်။ သူများအိမ်တွင် တစ်နေ့တန်သည်၊ တစ်ပတ်တန်သည် သွားနေ၍ အကြောင်း မဟုတ်ပါ။ သို့ရာတွင် အစဉ်အမြဲ နေဖို့ဆိုသည်ကမူ အိမ်တစ်အိမ်တွင် ကင်ဆာရောဂါကျသည်နှင့် အတူတူပင် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့် ခိုလှုံရာ ရိပ်မြုံဖြစ်သည့် ကဖေးသို့ ထွက်လာခဲ့ပါသည်။ အပေါင်းအသင်းတွေနှင့် တွေ့ပြီး အလာပ သလ္လာပ ပြောခြင်းဖြင့် စိတ်ဖြေရပါသည်။ ထူးဆန်းသည်ဟု ပြောရမည်လား မသိ။ အပေါင်းအသင်းများ အားလုံးက ကျွန်တော့်တွင် တာဝန်ကြီးကြီးမားမား မရှိသဖြင့် ကံကောင်းသည်ဟု ဆိုကြသည်။ ထိုသို့ ကြည့်တော့လည်း ကျွန်တော် တစ်ယောက်တည်း နေရသည်မှာ အားကျစရာ ဖြစ်နေပြန်သည်။

"ခင်ဗျားကတော့ သိပ်ကံကောင်းတဲ့ လူဗျာ။ သားမယားကလည်း မရှိဘူး။ မျိုးဆက်သစ် ကွာဟတဲ့ ပြဿနာလည်း မရှိဘူး။ သမီးတွေကို ယောက်ျားပေးစရာလည်း မလိုဘူး။ ကျူရှင်အတက်ခိုင်းစရာလည်း မရှိဘူး။ တစ်ပတ်ကို အသား တစ်ခါ၊ နှစ်ခါ စားနိုင်တယ်။

http://www.cherrythitsar.org



အိမ်မှာလည်း ကိုယ်တစ်ယောက်တည်းရယ်။ ရန်ဖြစ်မယ့် သူလည်း မရှိဘူး။ စကားများမယ့် သူလည်း မရှိဘူး”

ဟု မိတ်ဆွေများက ပြောကြသည်။

ကျွန်တော်က သဘောကျကာ ခေါင်းတဆိတ်ဆိတ် ညိတ်နေသည်။ သို့ရာတွင် သူတို့သည် တစ်ယောက်တည်း နေရသည့် ဒုက္ခ၊ ချုပ်တည်း အောင့်အည်းရသည့် ဒုက္ခတို့ကို မသိကြဟု စိတ်ထဲတွင် တွေးနေမိပါသည်။ ကျွန်တော့်ဘက်က ကြည့်လျှင် ထိုသို့ ညည်းတွားနေကြသည့် ဗဟုသုတ ကိစ္စများသည်ပင်လျှင် အပျင်းဖြေစရာ နှစ်သိမ့်စရာ ဖြစ်နေပါသည်။

တစ်ခါတွင်မူ မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ပြောပါသည်။

“ခင်ဗျား ပြဿနာတွေကို ဖြေရှင်းတဲ့နည်း ကျွန်တော့်မှာ ရှိပါတယ်ဗျာ” ဟု ပြောသည်။ ကျွန်တော်က သူ ဘာဆက်ပြောမည်လဲဟု စောင့်နေသည်။

“အလွယ်ကလေးပဲဗျာ။ ပိုက်ဆံချမ်းသာတဲ့ မိန်းမတစ်ယောက်ကို ရှာယူလိုက်ပေါ့။ အိမ်လည်း နေရမယ်။ ပိုက်ဆံလည်း ကောင်းကောင်းသုံးရမယ်။ ကိုယ်နဲ့ ထိုက်တန်တဲ့ မိန်းမတော့ ရမှာပေါ့” ဟု ခပ်တိုးတိုး ပြောသည်။

ချက်ချင်းပင် မှတ်ပုံတင် ကတ်ပြားတွင် “မ” ဟူသော စာလုံးမှအပ အခြားမိန်းမနှင့် ဘယ်နေရာမှ မတူသည့် မိန်းမ တစ်ယောက်ကို ကျွန်တော် သတိရလိုက်ပါသည်။ ယင်းမှာ မမှန်မကန်သာ ထွက်ပေါက်ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ (မိန်းမလျာကို ယူသကဲ့သို့ လည်းကောင်း၊ သူများ သားမယားကို ကျူးလွန်သကဲ့သို့ လည်းကောင်း) ရောင်ကြည်အပ်သည့် အရာဟု ကျွန်တော် ထင်ပါသည်။ အမှန်ကို ပြောရလျှင် ကျွန်တော့်တွင် ဘာမှ မျှော်လင့်ချက် မရှိတော့ပါ။ သို့ရာတွင် မာနကိုတော့ မချချင်သေးပါ။ ထို့ကြောင့်ပင်လျှင် ကျွန်တော့်ကို စိတ်ကောင်းရှိသည်ဟု ပြောကြခြင်း ဖြစ်ဟန်တူပါသည်။ စိတ်ကောင်းရှိသည်ဟု ပြောခြင်းမှာ အကောင်းပြောခြင်း မဟုတ်ပါ။ ဆန်မရှိ အစားကြီးဟု ကွယ်ရာတွင် ပြောကြပါသည်။

ကျွန်တော်သည် အထီးကျန်ဘဝတွင် ဖြစ်သမျှကို ကြိတ်မှိတ်ခံပါသည်။ ထေရုပ္ပတ္တိကျမ်းများကို ဖတ်ပါသည်။ တစ်ခါတစ်ရံတွင်လည်း သူများထံတွင် ညာဖြန်းစားသောက်ပါသည်။ (ယင်းမှာ ခွင့်လွှတ်ထိုက်

http://www.cherrythitsar.org



သည့် အပြစ်ဟု ထင်ပါသည်။) တစ်ခါတစ်ရံတွင်လည်း ဆွေမျိုးသား ချင်း အိမ်သို့သွားပါသည်။ သို့ရာတွင် ထမင်းစားချိန်တွင်တော့ မသွား ပါ။ ဤသို့ဖြင့် ကျွန်တော်သည် စားချင်သောက်ချင်၍ လာခြင်း မဟုတ် ဘဲ ခင်မင်၍ လာခြင်းဖြစ်သည့် ဟန်ဆောင်ပါသည်။ အမှန်ကမူ ကျွန် တော့်ကို ထမင်းစားခေါ်မလားဟု မျှော်လင့်နေပါသည်။ သို့ရာတွင် ခေတ် ကြီးက မကောင်းပါ။

ခေတ်ကောင်းတုန်းကလို အိမ်ကို ဧည့်သည်လာလျှင် ထမင်း စားခေါ်လေ့ မရှိကြတော့ပါ။ အိမ်များတွင်လည်း အကျွေးအမွေးတွေ အလှူအတန်းတွေ သိပ်မလုပ်ကြတော့ပါ။ ထို့ကြောင့် တစ်နှစ်လုံးနေမှ နှစ်ခါသုံးခါလောက်သာ ကောင်းကောင်းစားရသည့် အလှူအတန်းမျိုးကို တွေ့ရပါတော့သည်။ သုံးကြိမ်လောက်တွေ့လျှင်ပင် တော်တော် ကံ ကောင်းနေပါပြီ။ ထိုသို့သော ပွဲတော်မျိုးကို တွေ့လျှင်မူ "ဟဲ့ .. ဝင်စား လေ၊ တစိမ်းတွေမှ မဟုတ်တာ။ ကိုယ့်အိမ်လို သဘောထားပြီးစား ဘာမှ အားနာမနေနဲ့" ဟု အိမ်ရှင်မက ခေါ်တတ်ကြပါသည်။ ထိုသို့ မီးစိမ်းပြ သည့်အခါမျိုးတွင်ကား ကျွန်တော်သည် ဆာလောင်ငတ်မွတ်နေသော စွန်ရဲတစ်ကောင်ကဲ့သို့ အားရပါးရ ထိုးသုတ်ပါသည်။ အဆိုးဆုံးမှာ ကျွန် တော်သည် ဘာမျှော်မှန်းချက်မှ ကြီးကြီးကျယ်ကျယ် မရှိသည့် အညတရ တစ်ယောက် ဖြစ်နေခြင်း ဖြစ်ပါသည်။ အာဏာရ ပုဂ္ဂိုလ်တို့က တစ်နေ နေရာတွင် ခန့်ထားနိုင်လောက်သည့် ပညာရေးမျိုး ကျွန်တော့်တွင် ရှိပါ သည်။

ထို့ပြင် မိန်းမကောင်းကောင်းနှင့် အိမ်ကလေး ကောင်းကောင်း ရနိုင်သည့် အရည်အချင်းလည်း ကျွန်တော့်တွင် ရှိပါသည်။ သို့ရာတွင် လက်တွေ့တွင်မူ ဘာမျှ မရှိပါ။ ဘာကြောင့်ဟူ၍ ကျွန်တော် မပြောတတ် ပါ။ သို့ဖြင့် ကျွန်တော်သည် ပြိုကျဆဲ အိမ်အိုကြီး တစ်လုံးပေါ်တွင် မငတ်ရုံတမည် နေနေရပါသည်။ ကျွန်တော်၏ လူငယ်ဘဝသည် ငွေ ဖောင်းပွမှု ပင်လယ်ကြီးထဲတွင် အရည်ပျော်သွားခဲ့သည်။ ကျွန်တော်အား ဆွဲနှစ်ရန် ခြိမ်းခြောက်နေသည့် ငွေဖောင်းပွမှု ဒီလှိုင်းလုံးကြီးများနှင့် နေ့တိုင်း စစ်ခင်းနေရပါသည်။

"နိုင်ငံခြားတို့ ဘာတို့ သွားအလုပ်လုပ်ပါလားကွာ။ နိုင်ငံခြား ထွက်ရင် အများကြီး အကျိုးရှိနိုင်တာပေါ့" ဟု တချို့က ပြောကြပါ သည်။ ကျွန်တော်သည် ကျွန်တော့်တိုင်းပြည်ကို သံယောဇဉ်တွယ်တာ တခြားသို့ သွားရန် ဝန်လေးနေပါသည်။ သို့ရာတွင် ကျွန်တော်သည်

http://www.cherrythitsar.org



စိတ်ပျက်လက်ပျက် အဖြစ်မခံပါ။ မည်းမှောင်နေသည့် ကျွန်တော့် ကောင်းကင်တွင် တစ်ခါတစ်ရံ အလင်းရောင် ဝင်းလက်လာတတ်ပါသည်။ ကျွန်တော်သည် ဝန်ကြီးများ၏ မိန့်ခွန်းများကို ဖတ်၍ အားတက်ရပါသည်။ အတိုက်အခံများ၏ မီးရှူးမီးပန်း ဖောက်သံများကြောင့် အားတက်ရပါသည်။ ခုံမင်းအီဘရာဟင် ဟန်ဘာသည် မည်မျှ ငေါ်ပြတ်ဆင်းရဲသည့်တိုင် အလှူဒါနတွင် ရောင့်ရဲတင်းတိမ်ခြင်း မရှိဟူသော ရေးဟောင်းကျမ်းလာ ဝတ္ထုပုံပြင်တို့ကို ဖတ်၍ အားတက်ရပါသည်။ တစ်ခါတစ်ရံတွင်လည်း ပြတင်းပေါက်တွင် ရပ်ရင်း အမှိုက်ပုံကြားက မြောင်းကလေးလို ဖြစ်နေသော လမ်းပေါ်တွင် ဟန်ပါပါ လျှောက်လာနေသည့် ဖော်ဇီယာကို ကြည့်ရင် စိတ်ဖြေရပါသည်။

တစ်နေ့သ၌ ကျွန်တော်သည် အချိန်အတန်ကြာမျှ မရောက်ခဲ့သည့် မိသားစု သုသာန်ဇရပ်သို့ ရောက်သွားပါသည်။ ထိုနေရာမှာ နောက်ဆုံးလားရာ ဖြစ်သည်ဟု တရားသံ ဝေယူမိပါသည်။ ထိုသုသာန်ဇရပ်တွင် တရားနာခန်း၊ ရေအိမ် စသည်တို့ အပြည့်အစုံ ရှိပါသည်။ အိုးအိမ် မရှိသူတို့၏ နားနေရာ ရိပ်မြုံလည်း ဖြစ်ပါသည်။

သဈိုင်းဂူကြီးနှစ်လုံးသည် ကောင်းကင်သို့ မော့ကြည့်လျက်ရှိရကား၊ ဂူအထက်တွင် ဖက်ယားပင်တွေ ပေါက်ပြီး ဖက်ယားသီးတွေ သီးနေပါသည်။ သုသာန်ဇရပ်ထဲသို့ ဝင်သွားသည့်အခါတွင် တရားနာခန်းမှာ ပျားအုံလို ဖြစ်နေပါသည်။ ဇရပ်ပေါ်တွင် အမျိုးသမီးတွေ၊ ကလေးတွေ၊ စုတ်ပြတ်နေသည့် အိမ်ထောင်ပရိဘောဂတွေ၊ ရေနံဆီ မီးဖိုတွေ၊ အိုးခွက်ပန်းကန်တွေကို တွေ့ရပါသည်။ ဇရပ်တစ်ခုလုံးမှာ ကြက်သွန်ဖြူနံ့၊ ခရမ်းသီးနံ့၊ ပဲနံ့၊ ညှော်နံ့ တို့ မွှန်နေပါသည်။ ဇရပ်ပေါ် အရင်ရောက်နေသူတို့က ကျွန်တော့်ကို အလန့်တကြား ကြည့်နေကြပါသည်။ သူတို့အကြည့်ထဲတွင် စိမ်ခေါ်သည့် သဘောကိုလည်း တွေ့ရပါသည်။ ကျွန်တော်က သူတို့ကို ပြုံး၍ နှုတ်ဆက်ပြီး သူတို့ရှေ့တွင် ကျက်သရေကောင်းမဲ့စွာဖြင့် ရပ်လိုက်ပါသည်။ သူတို့အထဲမှ ဖော်ဇီယာနှင့် တူသည့် အမျိုးသမီးကို လှမ်းပြောပါသည်။

"နေပါခင်ဗျာ၊ ရပါတယ်။ ဒါထက် ကျွန်တော် ဒီမှာ နေချင်ရင် ဘာလုပ်ရမလဲဗျာ" ဟု မေးလိုက်ပါသည်။

သူမက ..."ရှင်က ပိုင်ရှင်ပဲ။ ကျွန်မတို့က ဧည့်သည်ပါ။ ရှင်နေချင်ရင် ချောင်ကလေး တစ်ချောင်တော့ ရှိတယ်။ ဒီလိုပေါ့ရှင်။ တစ်ယောက်နဲ့ တစ်ယောက် အကူအညီ ပေးရမှာပေါ့"

http://www.cherrythitsar.org



ကျွန်တော်က ကျေးဇူးတင်သည့် ဟန်ဖြင့် "ဘုရားသိကြား မ ပါစေဗျာ" ဟု ပြောပါသည်။

ကျွန်တော်သည် ဂုန္နစ်ဂူကြားသို့ သွားကာ ကိုရန်ကျမ်းအဖွင့်မှ စာပုဒ်ကို ရွတ်ပါသည်။ "အရိုးစုမျှသာ ကျန်တော့သော မျိုးဆက်ပေါင်း များစွာတို့ကို ကျွန်တော် အမျှဝေပါသည်။ လက်မှုပညာသည်များ၊ ကုန် သည်များ၊ ဝန်ထမ်းများ၊ အိမ်ရှင်မများ စသည့် ရှိရှိသမျှ ဝေနေယျတို့ကို မေတ္တာပို့ပါသည်။ ကျွန်တော် မမီလိုက်သော်လည်း ၁၉၁၉ ခုနှစ် တော် လှန်ရေးတုန်းက ရဲရင့်စွာ အသက်စွန့်သွားခဲ့သည့် အမေ့ဘက်မှ တော် သည့် ဦးလေးကိုလည်း အမျှဝေပါသည်။

ခဏချင်းအတွင်းမှာပင် ကျွန်တော်သည် သူတို့နှင့် စကားလက် ဆုံကျသွားပြီးနောက် ပါးစပ်မှ အသံထွက်၍ ဆုတောင်းနေမိပါသည်။

"ခင်ဗျားတို့ အားလုံး ဘုရား သိကြားမ ပါစေဗျာ။ ခင်ဗျားတို့ရဲ့ ယုံကြည်ခြင်း တရားကိုလည်း ခွဲဝေပေးရပါစေဗျား။ ဦးလေးရေ ဦးလေး ရဲ့ သတ္တိမျိုးကိုလည်း ရအောင် စောင်မပါဗျား"

(နိုဘယ်ဆု အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Mahfouz* ၏ *The Ditch* ကို ပြန်ဆိုပါသည်။)

[စမ်းသီတာ မဂ္ဂဇင်း၊ ၁၉၉၆]

# ပျောက်စေဆရာ

ရှိတ်ဇာဘာလာဝီကို တွေ့အောင်ရှာမှ ဖြစ်တော့မည်ဟု နောက်ဆုံးတွင် ကျွန်တော် သဘောပေါက်သွားသည်။

သူ့အမည်ကို ကျွန်တော် ပထမကြားဖူးသည်မှာ သီချင်းတစ်ပုဒ်ထဲတွင် ဖြစ်သည်။

"လက်ပြန်ကြိုးအမျိုးမျိုးချည်၊ ဖမ်းခဲ့ပြန်သည်။ အရမ်းမဲ့ကြံစည့် ဂုဏ်မောက်တဲ့ ထိုမင်းသည် ထင်လင်းရအောင် အကြောင်းကို ပြဦးမည်"

ကျွန်တော် ငယ်ငယ်တုန်းက ကျော်ကြားသည့် သီချင်းတစ်ပုဒ်ဖြစ်သည်။ တစ်နေ့သော် အမေးအမြန်းထူသည့် ကလေးတို့ ထုံးစံအတိုင်း အဖေ့ကို ကျွန်တော်မေးမိပါသည်။

"ဘိုးတော် ဇာဘာလာဝီဆိုတာ ဘယ်သူလဲ အဖေ"

အဖေသည် ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေ၏။ သူပေးမည့် အဖြေကို နားမှလည်ပါ့မလားဟု စဉ်းစားနေပုံ ရပါသည်။ နောက်ဆုံးတွင် အဖေက သူအတတ်နိုင်ဆုံး ရှင်းပြ၏။

"ငါ့သားကိုလည်း ဘိုးတော်ဇာဘာလာဝီ မ ပါစေဗျား။ ဘိုးတော် ဇာဘာလာဝီဆိုတာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ၊ ဒုက္ခဝေဒနာတွေ၊ သောကတွေကို ပျောက်အောင်လုပ်ပေးနိုင်တယ်။ အဖေ့ကိုလည်း ဇာဘာလာဝီ ကယ်ပေလို့ပေါ့၊ မကယ်ရင် သေလောက်ပြီ"

နောက်တွင် အဖေသည် ဘိုးတော်ဇာဘာလာဝီ၏ ဂုဏ်ကျေးဇူးကို မကြာခဏ ပြောပြတတ်ပြီး ဘိုးတော်ဇာဘာလာဝီ အကြောင်းကိုလည်း မကြာခဏ ပြောတတ်သည်။ နေ့ရက်များ ကုန်လွန်လာခဲ့သည်။ ကျွန်တော်လည်း မကြာခဏ နေထိုင်မကောင်း ဖြစ်နေပါသည်။ ဖြစ်တိုင်းလည်း အလွယ်တကူကုသ၍ ပျောက်ကင်းသွားတတ်ပါသည်။ တစ်နေ့တွင်မူ မည်သူမှ မကုနိုင်သည့် ရောဂါတစ်ခု ကျွန်တော့်တွင် စွဲကပ်လာပါသည်။ ကျွန်တော်သည် ထိုရောဂါကို အတတ်နိုင်ဆုံး ကြိုးစားကုသသည့်တိုင် အချည်းနှီးသာဖြစ်သဖြင့် စိတ်ပျက်စပြုလာပါသည်။ ဤတွင် ကျွန်တော် ငယ်ငယ်က ကြားဖူးသည့် ဘိုးတော် ဇာဘာလာဝီကို သွား၍ သတိရပါသည်။ ကျွန်တော့် ရောဂါကို ဘိုးတော် ဇာဘာလာဝီထံ ပြကြည့်လျှင် မကောင်းပါလော။ ဘိုးတော်ဇာဘာလာဝီသည် ဘာသာရေးဆိုင်ရာ အမှုများကို အကျိုးဆောင်ပေးသည့် ခန်ဂါဖါးရပ်ကွက်မှ ရှိတ်ကမားနှင့် သိကျွမ်းသည်ဟု အဖေပြောဖူးသည်ကို ကျွန်တော် သတိရလာသည်။ သို့ဖြင့် ကျွန်တော်သည် ရှိတ်ကမားအိမ်သို့ ထွက်လာခဲ့ပါသည်။ ထိုအိမ်တွင် သူနေမနေကို သိလိုသဖြင့် အိမ်အောက်ထပ်တွင် တွေ့သည့် ပဲလှော်ရောင်းသူကို မေးကြည့်ပါသည်။

ပဲလှော်သည်က ကျွန်တော့်ကို တအံ့တသြဖြင့် ကြည့်လိုက်ပြီး

"ရှိတ်ကမားက ပြောင်းသွားတာကြာလှပြီလေ၊ နှစ်ပေါင်းအစိတ်လောက် ရှိရောပေါ့။ ခု ပန်းခြံလမ်းမှာ နေနေတယ်လို့ ပြောတာပဲ။ သူ့ရုံးကတော့ အဇာပန်းခြံမှာ ရှိတယ်တဲ့"

ကျွန်တော်သည် တယ်လီဖုန်းစာအုပ်ထဲတွင် သူ့ရုံးခန်းလိပ်စာကို လိုက်ရှာသည်။ တွေ့သည်နှင့် သူ့ရုံးခန်းရှိရာ ကုန်သည်ကြီးများအသင်းတိုက် အဆောက်အအုံသို့ လာခဲ့သည်။ ရှိတ်ကမားကို တွေ့လိုကြောင်း ပြောသည့်အခါတွင် ကျွန်တော့်ကို အခန်းတစ်ခန်းထဲသို့ ခေါ်သွားသည်။ ကျွန်တော် အခန်းထဲသို့ အဝင်တွင် တစ်ကိုယ်လုံး မွှေးကြိုင်နေအောင် ရေမွှေးတွေ ဖျန်းထားသည့် ခပ်ချောချော အမျိုးသမီးတစ်ယောက် ထွက်သွားပါသည်။ ထိုလူက ကျွန်တော့်ကို ခပ်ပြုံးပြုံး ဆီးကြိုကာ သားရေထိုင်ခုံကြီး တစ်ခုကို ညွှန်ပြသည်။ ကျွန်တော့်ဖိနပ်မှာ ခုံထူသည့်တိုင် အဖိုးတန် ကော်ဇောကြီး၏ ထူထဲပုံကို ထိတွေ့နေရပါသည်။ ထိုလူသည် နေ့ခင်းဝတ်စုံကို ဝတ်ထားပြီး ဆေးပြင်းလိပ် တစ်လိပ်ကို ဖွာနေသည်။ သူ့အမူအရာမှာ သူ့ကိုယ်သူရော၊ သူ့စည်းစိမ် ချမ်းသာကိုရော ကျေနပ်နေသည့် လူတစ်ယောက်၏ ဟန်မျိုးဖြစ်ပါသည်။ ဖော်ရွေ

လိုက်လှဲပုံကို ကြည့်လျှင် ကျွန်တော့်၏ အဖိုးတန်အမှုသည် တစ်ယောက် အဖြစ် ယူဆနေပုံရပါသည်။ ကျွန်တော်သည် သူ၏ အဖိုးတန်အချိန်ကို လာရောက်ဖြုန်းမိသည့် အတွက်မှု အားနာသလိုလို ဖြစ်နေပါသည်။

"ဆိုပါဦး"

ဟု သူက လာရင်းကိစ္စကို မေးပါသည်။

"ကျွန်တော်က ဦးလေးရဲ့မိတ်ဆွေ ရှိတ်အလီတာတာဝီရဲ့ သား ပါ" ဟု ကျွန်တော်က ကျွန်တော် မရေမရာအခြေအနေကို အဆုံးသတ် လိုက်၏။

ကျွန်တော့်ကို လှမ်းကြည့်လိုက်သည့် အကြည့်ထဲတွင် စိတ်ဝင် စားခြင်း မရှိသည့်အသွင်ကို မြင်လိုက်ရ၏။ သို့ရာတွင် ကျွန်တော့်ဆီမှ အမှုတစ်စုံတစ်ရာကို ရဦးမည်လားဆိုသည့် မျှော်လင့်ချက်တော့ ကုန် ဟန်မတူသေး။

"သူ့ကို ဘုရားမ ပါစေဗျာ။ လူကောင်းတစ်ယောက်ကွယ့်"

ကျွန်တော့်စိတ်ထဲတွင် ကျွန်တော် လာရင်းကိစ္စကို ပြောရန် ချီတုံချတုံ ဖြစ်နေသည်။

"အဖေက ပြောလိုက်တယ်ခင်ဗျ။ အထက်ဂိုဏ်း ဆရာကြီး ဘိုး တော် ဇာဘာလာဝီဆိုတာ ရှိတယ်တဲ့။ ဦးလေးရဲ့ အိမ်မှာ အဖေ တွေ့ဖူး တယ်တဲ့။ အဲဒီဘိုးတော် ဇာဘာလာဝီ အသက်ရှိထင်ရှား ရှိပါသေး သလား ခင်ဗျာ။ ရှိရင် တွေ့ချင်လို့ပါ"

သူ့မျက်လုံးထဲမှ စိတ်ဝင်စားခြင်းကင်းဟန်သည် ပို၍ ထင်ရှား လာ၏။ တကယ်ဆိုလျှင် ကျွန်တော့်ကိုလည်းကောင်း၊ ကျွန်တော့်အဖေ ၏ အမှတ်တရနေမှု တို့ကိုလည်းကောင်း၊ တံခါးပေါက်မှ တွန်းထိုးထုတ် လိုက်သည်ဆိုလျှင် ဘာမျှ အံ့သြဖွယ်မရှိပါ။

ထိုလူက ကျွန်တော်နှင့် ပြတ်ပြတ်သားသား ပြောမှဖြစ်တော့ မည်ဟု ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"အင်း .. ကြာလှပါပြီကွာ၊ ငါတောင် သိပ်မမှတ်မိတော့ပါဘူး"

ကျွန်တော်က သူစိတ်ချမ်းသာသွားစေရန် လှည့်ပြန်တော့မည် ဟန်ဖြင့် မတ်တပ်ရပ်လိုက်၏။

"အဲဒီ ဘိုးတော်က တကယ့် အထက်ဂိုဏ်းဆရာ သူတော်စင် ကြီးလား ခင်ဗျား"

"ထူးခြားဆန်းကြယ်တဲ့ အရာတွေကို လုပ်ပြနိုင်တဲ့ ပုဂ္ဂိုလ်လို့ တော့ ဆိုကြတာပဲကွာ"

"ဒီလိုဆို ကျွန်တော် ဘယ်မှာ တွေ့နိုင်ပါ့မလဲ ခင်ဗျာ" ဟု တံခါးဆီသို့ ခြေလှမ်းတစ်လှမ်း လှမ်းရင်းမေးသည်။

"ငါသိသလောက်တော့ အယ် – အဇားရပ်ကွက်က ဘီဂါဝီစံ အိမ်မှာ နေတယ်လို့ ပြောတာပဲ"

သူက စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို ကောက်၍သိမ်းနေသည်။ ကျွန်တော်နှင့် စကားပြောရန် ပါးစပ်ဖွင့်တော့မည်မဟုတ် ဆိုသည့် သဘောဖြစ်၏။ ကျွန်တော်က ကျေးဇူးတင်ကြောင်း ဦးညွှတ်ပြကာ သူ့ကို လာရောက်နှောင့်ယှက် မိသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ထိုအခါကျမှပင် အနီးတစ်ဝိုက်တွင် အသံဗလံတွေ ဆူညံနေသည်ကို ကျွန်တော် သတိပြုမိတော့သည်။

ကျွန်တော်သည် လူသူထူထပ်သည့် ရပ်ကွက်တွင်ရှိသော ဘီဂါဝီစံအိမ်ဆီသို့ ထွက်လာခဲ့၏။ အချိန်ကာလသည် အဆောက်အအုံကြီးကို ဝါမျိုစားသောက် ပစ်ခဲ့သည့်အတွက် ဟောင်းနွမ်းနေသည့် အိမ်ရှေ့မျက်နှာစာနှင့် အမိုက်ပုံရန် အသုံးပြုသော အိမ်ရှေ့ကွက်လပ်တို့မှအပ တခြားဘာမျှ မရှိတော့ကြောင်းကို တွေ့ရ၏။ ရှေးဟောင်းဘာသာရေး စာအုပ်ဟောင်းများ၊ ဂမ္ဘီရပညာရပ်နှင့် ပတ်သက်သည့် စာအုပ်ဟောင်းများကို ရောင်းနေသော လူပုပုသေးသေးကလေး တစ်ယောက်ကို တိုက်ကြီးရှေ့တွင် တွေ့ရသည်။

ကျွန်တော်က သူ့ကို ဘိုးတော်ဇာဘာလာဝီ အကြောင်းကို မေးသည့်အခါ ကျဉ်းမြောင်းတောက်ပသော မျက်လုံးကလေးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်ရင်း အံ့အားသင့်ဟန်ဖြင့် ...

"ဘယ်သူလဲကွ၊ ဘိုးတော်ဇာဘာလာဝီ ဟုတ်လား။ ဒီက ပြောင်းသွားတာ ကြာလှပြီပဲကွ၊ ဒီအိမ်ကြီးထဲမှာ နေလို့ရတုန်းက နေသွားတာ၊ အဲဒီတုန်းကဆိုရင် ငါနဲ့သူထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေတောင် ပြောခဲ့ကြသေးတယ်။ အထက်ပုဂ္ဂိုလ်များနဲ့ စကားပြောရတော့လည်း ဟန်ကျတာပေါ့ကွာ။ ဒါပေမယ့် ခုတော့ ဘယ်ရောက်လို့ ရောက်မှန်းတောင် မသိတော့ဘူး"

သူသည် ပခုံးကို တစ်ချက်ကျုံ့ပြလိုက်ပြီးနောက် စာအုပ်ဝယ်သူ တစ်ယောက်လာသဖြင့် သူ့အလုပ်ကို သူလုပ်နေသည်။ ကျွန်တော်သည် ထိုအနီးအနား တစ်ဝိုက်မှ ဈေးသည်များအား ဘိုးတော်ဇာဘာလာဝီ အကြောင်းကို လျှောက်မေးကြည့်သည်။ တော်တော်များများမှာ ဘိုးတော်ဇာဘာလာဝီ အကြောင်းကို ကြားပင်မကြားဖူးကြ။ အရင်တုန်းက သူနှင့်

ရင်းရင်းနှီးနှီး သိခဲ့ကြသူများကလည်း ယခုအချိန်တွင် သူဘယ်ရောက်နေသည်ကို မသိကြတော့။ အချို့ကမူ သူ့ကိုရယ်စရာအဖြစ် သဘောထားကာ လူလိမ်လူညာဖြစ်ကြောင်း၊ ဆရာဝန်ကောင်းကောင်း တစ်ယောက်ထံ ပြလျှင်ကောင်းမည် ထင်ကြောင်းဖြင့် အကြံပေးလိုက်ကြသည်။ ကျွန်တော်သည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်လာခဲ့ပါသည်။

ရက်ကြာလာသည်နှင့်အမျှ ကျွန်တော့် ရောဂါမှာလည်း ဆိုးသည်ထက် ဆိုးလာကာ မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်နေပါသည်။ ထိုမျှလောက် ပြင်းထန်သော ဝေဒနာကို နောက်ထပ်ခံနိုင်တော့မည် မထင်ပါ။ ဤတွင် ဘိုးတော်ဇာဘာလာဝီကို သတိရလာပြန်ကာ ဘိုးတော်ဇာဘာလာဝီနှင့် တွေ့လိုစိတ်သာ ပြင်းထန်မြဲ ပြင်းထန်လျက် ရှိပါသည်။ ထိုစဉ် ကျွန်တော်သည် ကျွန်တော်တို့ ရပ်ကွက်က အရပ်လူကြီးထံ သွားမေးရန် သတိရလာပါသည်။ အမှန်ဆိုလျှင် ခပ်စောစောကတည်းက ကျွန်တော်တို့ အရပ်လူကြီးကို မေးဖို့ကောင်းပါသည်။ ကျွန်တော်တို့ အရပ်လူကြီး ရုံးထိုင်သည့် နေရာမှာ ခုံကလေးတစ်လုံးနှင့် တယ်လီဖုန်းကလေး တစ်လုံးသာရှိသည့် ဈေးဆိုင်ကလေး ဖြစ်ပါသည်။ ကျွန်တော်တို့ အရပ်လူကြီးသည် ဂါလာဘေယခေါ် ဝတ်နေကျ အစင်းကျားအင်္ကျီပေါ်တွင် အပေါ်အင်္ကျီတစ်ထည်ကို ထပ်ဝတ်ထားပါသည်။ သူက အနီးတွင်ရှိသည့် လူတစ်ယောက်နှင့် စကားမပြတ်သေးသည့်အတွက် ကျွန်တော်သည် အကြာကြီး ရပ်စောင့်နေရပါသည်။ သူထွက်သွားသည့်အခါတွင်မှ အရပ်လူကြီးက ကျွန်တော့်ကို အေးစက်စွာ ကြည့်လိုက်ပါသည်။ ကျွန်တော်က ထုံးစံအတိုင်း သူ့ကို မြှောက်ပင့်ပြောလိုက်တော့မှ သဘောကျသွားသည့် လက္ခဏာဖြင့် ကျွန်တော့်ကို ထိုင်ခွင့်ပေးပါသည်။

"ဘိုးတော် ဇာဘာလာဝီနဲ့ တွေ့ချင်လို့ပါခင်ဗျာ" ဟု လာရင်းကိစ္စကို ပြောသည်။ သူက ယခင် ကျွန်တော် တွေ့ခဲ့သူများလိုပင် တအံ့တသြဖြစ် ဟန်ဖြင့် စိုက်ကြည့်နေသည်။

နောက်ဆုံးတွင်မူ သူက ရွှေသွားတွေ အထင်းသားပေါ်အောင် ပြုံးလိုက်ရင်း ..."အင်း .. သက်ရှိထင်ရှားတော့ ရှိသေးတယ် ထင်တာပဲကွယ့်။ ဒါပေမယ့် ခက်တာက သူက တစ်နေရာတည်းမှာ အတည်တကျနေတာ မဟုတ်ဘူးကွ။ တစ်ခါတစ်လေလည်း မထင်ဘဲနဲ့ ဗြုန်းဆို တွေ့ချင်တွေ့တာ၊ တစ်ခါတစ်လေလည်း တစ်လကိုးသီတင်း ကြာအောင် ရှာလို့ တွေ့တာမဟုတ်ဘူး"

"ဦးလေးတို့လို ပုဂ္ဂိုလ်တွေတောင် ရှာလို့ မရဘူးလား"

"ဟုတ်တယ်ကွ၊ ဘိုးတော်က တော်တော်အရှာခက်တဲ့ ပုဂ္ဂိုလ်၊ ဒါပေမယ့် သက်ရှိထင်ရှားတော့ ရှိဦးမှာပါ"

သူသည် ကျွန်တော့်ကို သေချာစွာ စူးစိုက်ကြည့်နေ၏။ အတန်ကြာမှ ခပ်တိုးတိုးဖြင့် ပြောသည်။

"မင်း အခြေအနေက တော်တော်ဆိုးနေတယ် ထင်တယ်"

"သိပ်ကို ဆိုးနေပါတယ် ခင်ဗျာ"

"ဘုရားသခင် စောင် မ ပါစေဗျား၊ အင်း .. တကယ်တွေ့ရမှ ဖြစ်ရမယ်ဆိုရင်လည်း သေသေချာချာ လိုက်မရှာဘဲကိုးကွယ့်" ဟု ဆိုကာ စာရွက်တစ်ရွက်ကို စားပွဲခုံပေါ်သို့ တင်လိုက်ပြီး အလွန်လျင်မြန်ကျွမ်းကျင်စွာဖြင့် ရပ်ကွက်များ၊ လမ်းများ၊ လမ်းသွယ်များ၊ လမ်းကြားကလေးများ၊ ပန်းခြံကွက်လပ်များ စသည့်တို့ပါသည့် မြေပုံတစ်ပုံကို ဆွဲနေပါသည်။ ထို့နောက် သူဆွဲသည့် မြေပုံကို အမြတ်တနိုးကြည့်ကာ

"ဟောဒါက လူနေရပ်ကွက်ကွ၊ ဒါက ရေမွှေးတန်း၊ ဟောဒါက ပန်းတင်းတန်း၊ ဒါက ဗလီ၊ ဒါက ရဲစခန်းနဲ့ မီးသတ်ရုံကွ၊ နေရာမသေချာရင် ပုံဆွဲကြည့်လိုက်တာ အကောင်းဆုံးပဲကွ၊ ငါတောင် ဘိုးတော်နဲ့ မတွေ့ရတာကြာလို့ တွေ့ချင်တာကွာ။ အလုပ်တွေမအားတာနဲ့ တွေ့ကို မတွေ့နိုင်ဘူး။ မင်းမေးလိုက်တော့မှ ငယ်ငယ်တုန်းကအကြောင်းတွေကို ပြန်သတိရသေးတယ်"

ကျွန်တော်က စိတ်ရှုပ်ရှုပ်ဖြင့် သူဆွဲပေးသည့် မြေပုံကို ကြည့်သည်။ ထိုစဉ် တယ်လီဖုန်းခေါင်းလောင်းသံ ပေါ်လာ၏။ သူက နားခွက်ကို ကောက်ကိုင်သည်။

"အေး .. သွားတော့၊ နောင် အကြောင်းကိစ္စ ရှိရင်လည်း ပြောပေါ့ကွာ"

ကျွန်တော်သည် မြေပုံကို ကောက်ယူကာ ထိုရပ်ကွက်ထဲတွင် ပြုံပြုံစင်အောင် လျှောက်သွားသည်။ ပန်းခြံများ၊ လမ်းမများ၊ လမ်းကြားကလေးများအနှံ့ လျှောက်သွားသည်။ မသိလျှင် မေးသည်။ နောက်ဆုံးတွင် ပင်းမင်းဆိုင်ကလေး တစ်ဆိုင်မှ ဆိုင်ရှင်က ... "ဟိုရှေ့နားမှာ ဆိုင်းဘုတ်ရေးတဲ့ ဟာဆနိမ်းဆိုတဲ့ အဘိုးကြီး တစ်ယောက် တွေ့လိမ့်မယ်။ သူနဲ့ ဘိုးတော် ဇာဘာလာဝီတို့က သိပ်ခင်တယ်"

ကျွန်တော်သည် အမ် အယ်– ဂူလမ်ရပ်ကွက်ထဲဝင်ပြီး ဟာဆနိမ်းကို လိုက်ရှာပါသည်။

http://www.cherrythitsar.org



ကျဉ်းမြောင်းရှည်လျားသည့် အ ခန်းကလေးတစ်ခုတွင် ဆိုင်းဘုတ်များ၊ ဆေးပုံးများ ဝိုင်းရံနေသည့်ကြားတွင် အလုပ်လုပ်နေသည့် ဟာဆနိမ်းကို တွေ့ရသည်။ ကော်နံ့နှင့် ရေမွှေးနံ့ကို ရောထားသည့် ထူးဆန်းသည့် အနံ့တစ်မျိုးသည် သူ့အခန်းထဲတွင် မွှန်ထူလျက်ရှိ၏။ အဘိုးအို ဟာဆနိမ်းသည် နံရံတွင်ထောင်ထားသည့် ဆိုင်းဘုတ်ကြီးတစ်ခုရှေ့မှ သိုးရေကော်ဇောကြီး တစ်ချပ်ပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသည်။ ဆိုင်းဘုတ်ကြီး အလည်ခေါင်တွင် "အလ္လာ" ဆိုသည့် စလုံးကို ငွေရောင်ဖြင့် ရေးထား၏။

ဟာဆနိမ်းသည် စာလုံးကို စူးစိုက်၍ ရေးလျက် ရှိ၏။ ကျွန်တော်သည် သူ့ကို အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် လည်းကောင်း၊ သူ့လက်ချောင်းများထဲသို့ စီးဆင်းလာသည့် အနုပညာ "ဈာန်" ပျက်သွားမည်စိုးသည့် အတွက်ကြောင့်လည်းကောင်း ဘာမျှမပြောဘဲ နောက်တွင် ရပ်နေသည့် ကျွန်တော်က အတန်ကြာအောင် ဘာမျှမပြောသည့် အခါတွင်မှ သူက "အင်း .. ဆိုပါဦး" ဟု ပြောသည်။

ကျွန်တော် ရောက်နေသည်ကို သိနေသည်ဟု သဘောပေါက်သွားကာ ကျွန်တော့်လာရင်းကိစ္စကို ပြောပြသည်။

"ဘိုးတော်ဇာဘာလာဝီက ဘကြီးနဲ့ မိတ်ဆွေလို့ ပြောပါတယ်။ ကျွန်တော် သူနဲ့ တွေ့ချင်လို့ပါ"

ဆိုင်းဘုတ်ရေးနေသော သူ့လက်များသည် ရပ်သွား၏။ သူသည် ကျွန်တော့်ကို အံ့အားသင့်သည့် အကြည့်ဖြင့် ကြည့်နေသည်။

"ဘိုးတော် ဇာဘာလာဝီလား၊ အင်း .. ဘုရား ဘုရား"

"သူက ဘကြီးရဲ့ မိတ်ဆွေ မဟုတ်လား"

"အေး တစ်ခါတုန်းကတော့ ဟုတ်တာပေါ့ကွာ။ အဲဒီပုဂ္ဂိုလ်ကတော့ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ကွ၊ မင်းဆီကို မကြာခဏ လာမယ်။ ဘေးကနေ ကြည့်ရင်တော့ သူဟာ မင်းနဲ့ အရင်းနှီးဆုံး၊ အနီးစပ်ဆုံးလို့ ထင်ရမှာပဲ။ ဒါပေမယ့် ခဏကြာတော့ ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်း မသိတော့ဘူး။ လုံးဝကို ပေါ်မလာတော့ဘူး။ လောကမှာ ရှိမှရှိသေးရဲ့လားလို့တောင် အောက်မေ့ရတယ်။ အေးလေ .. သူတို့လို ပုဂ္ဂိုလ်တွေကို အပြစ်ပြောဖို့လို့တော့ မကောင်းဘူး"

လျှပ်စစ်အားပြတ်သွားသဖြင့် မှောင်မည်းသွားသလို ကျွန်တော် မျှော်လင့်ချက် ကလေးတွေလည်း တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားကြသည်။

"အရင်တုန်းကတော့ ငါနဲ့ အမြဲရှိတာပဲကွ။ နှစ်ကိုယ့်တစ်ကိုယ် လောက် အောက်မေ့ရတယ်။ ခုတော့လည်း အရိပ်အယောင်တောင် မမြင် ရတော့ဘူး"

"သက်ရှိထင်ရှားတော့ ရှိပါသေးတယ်နော်"

"ရှိတာကတော့ သေချာပါတယ်။ သူက အကောင်းအမွန်တို့ ဘာတို့ကိုလည်း သိပ်သဘောကျတတ်တာကွ။ ခုလို ဆိုင်းဘုတ်စာလုံး ကောင်းကောင်းလှလှ ရေးတတ်တာ သူ့ကျေးဇူးတွေပေါ့"

"ကျွန်တော်ဘိုးတော်ကို သိပ်တွေ့ချင်နေပါတယ်ဗျာ။ ကျွန် တော့် ရောဂါကို ပျောက်အောင် သူပဲ ကုပေးနိုင်မှာပါ။ သူဘယ်မှာ နေ သလဲဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ။ သေချာပေါက် မဟုတ်သည့် တိုင် ဘကြီးအထင်ပေါ့"

"အေး .. အေး၊ ငါ့တူကြီး ကျန်းမာချမ်းသာပါစေကွယ်။ သူ နဲ့တွေ့ရင်တော့ မင်းရောဂါ ပျောက်မယ်လို့ ဘကြီးလည်း ယုံကြည်ပါ တယ်။ ဒါပေမယ့် သူဘယ်ရောက်နေမှန်း မသိတာက ခက်တယ်"

ကျွန်တော်သည် လေးကန်စွာဖြင့် ထိုင်ရာမှ ထကာ သူ့ကို လက်ဆွဲနှုတ်ဆက်ပြီးနောက် ထွက်လာခဲ့သည်။ ကျွန်တော်သည် ထိုရပ် ကွက်ထဲတွင် ယောင်လည်လည် လုပ်နေမိသည်။ ဘိုးတော်ဇာဘာလာဝီ ရှိမည့်နေရာကို ညွှန်နိုင်မည့် သက်ကြီးရွယ်အို မှန်သမျှကို မေးကြည့် သည်။ နောက်ဆုံးတွင် ဈေးသည်တစ်ဦးထံမှ ဘိုးတော်ဇာဘာလာဝီကို နာမည်ကျော် တေးရေးဆရာ ရှိတ်ဂတ်၏အိမ်တွင် တွေ့ခဲ့ကြောင်းဖြင့် သတင်းအစအန ရလာခဲ့သည်။ ကျွန်တော်သည် တဘာရှိယာရပ်ကွက်ရှိ တေးရေးဆရာအိမ်သို့ လိုက်သွားပါသည်။ ရှေးဟောင်း အဆင်အယင် အတိုင်း ပြင်ဆင်ထားသည့် အခန်းတစ်ခုတွင် ထိုင်နေသည့် တေးရေး ဆရာကို တွေ့ရသည်။ တေးရေးဆရာ ရှိတ်ဂတ်သည် ကွပ်ပျစ်ကြီးတစ် လုံးပေါ်တွင် ထိုင်လျက်ရှိ ပြီး သူ့ဘေးတွင် စောင်းကြီးတစ်လက်ကို ချ ထားသည်။ စောင်းထဲတွင်မူ ကျွန်တော်တို့ခေတ်၏ အလှဆုံးသော သံစဉ် များ ကိန်းအောင်းနေကြ၏။ အတွင်းဘက်ဆီမှ ကလေးများ၏ အသံများ နှင့် တစ်စုံတစ်ရာကို ထုထောင်းနေသည့် အသံများကို ကြားရသည်။ ကျွန်တော်သည် ချက်ချင်း သူ့ကို နှုတ်ဆက်ကာ ကိုယ့်ကိုယ်ကို မိတ် ဆက်မိပါသည်။ သူက ကျွန်တော့်အား လာရင်းကိစ္စကို မေးမြန်းခြင်း မပြုပါ။ ကျွန်တော်က ... "ဆရာကြီး ခင်ဗျာ၊ ကျွန်တော်က ဆရာကြီးရဲ့ သီးချင်းတွေကို သဘောကျတဲ့ ပရိသတ်တစ်ယောက်ပါ"

http://www.cherrythitsar.org



"ဟုတ်လား၊ ကျေးဇူးပေါ့ကွယ်" ဟု သူက ပြုံး၍ ပြောပါသည်။

"အဘကို နှောင့်ယှက်မိတဲ့အတွက် ခွင့်လွှတ်ပါ ခင်ဗျာ။ ဘိုးတော် ဇာတာလာဝီက ဆရာကြီးရဲ့ မိတ်ဆွေလို ပြောပါတယ်။ ကျွန်တော် သူနဲ့ တွေ့ချင်လို့ပါ"

ကျွန်တော်က မဝံ့မရဲဖြင့် ပြော၏။ သူက မျက်မှောင်ကုတ် လိုက်ရင်း ...

"ဘာကွ။ ဘိုးတော်နဲ့ တွေ့ချင်တယ် ဟုတ်လား။ ဒါပေမယ့် ခက်သားပဲကွယ်။ သူ ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူသိပါ့မလဲ"

"အဘဆီက အလည်ကလေး ဘာလေးများ မလာဘူးလား ခင်ဗျာ" ဟု ကျွန်တော်က စိတ်အားထက်သန်စွာ မေးသည်။

"ဟိုတုန်းကတော့ လာတာပဲကွ။ ခုလည်း ပေါက်ချင်ပေါက် လာမှာပဲ။ ဒါမှ မဟုတ်ရင်လည်း သေသည်အထိ တွေ့ချင်မှလည်း တွေ့ရမှာ။ ဘာမှ ပြောလို့ရတာ မဟုတ်ဘူး"

ကျွန်တော်သည် သက်ပြင်းကြီး တစ်ချက် ချလိုက်သည်။

"ဘာဖြစ်လို့ သူက ဒီလို ဖြစ်နေတာလဲ ဟင်"

"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဆိုတာ ဒီလိုပဲလေကွယ်။ ထွက်ရပ်ပေါက် မဟုတ်ရင်လည်း ဒီလိုပဲ ဖြစ်တတ်တာပါပဲ" ဟု သူက ရယ်၍ ပြောသည်။

"သူ့ကို ယုံကြည်ကိုးကွယ်တဲ့ လူတွေလည်း ကျွန်တော့်လိုပဲ ဝေဒနာတွေ ဘာတွေ ခံရသလား"

"အဲဒီလို ဝေဒနာ ခံရတာကိုက ကုသမှု တစ်မျိုးပေါ့ကွယ့်"

သူသည် စောင်းကို ကောက်ယူလိုက်ပြီး ကြိုးများကို ခပ်ဖွဖွ တီးစမ်းနေသည်။ ကျွန်တော်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် ရှိနေရာမှ သူ့လက်ချောင်းကလေးများ လှုပ်ရှားပုံကို လိုက်ကြည့်နေသည်။ နောက်ဆုံးတွင်မှ ကျွန်တော်က ...

"ဒီလိုဆို ကျွန်တော် လာတာ အလကားပဲပေါ့"

စောင်းဆရာကြီးသည် သူ့စောင်းပြားကို ပါးတွင် ကပ်ထား လိုက်ရင်း ပြုံးလျက် ...

"ဘုရား ဘုရား၊ ဘယ်လို ပြောလိုက်တာလဲကွယ်။ မင်း လာလို့ ငါနဲ့ တွေ့ရတယ်။ ငါကလည်း မင်းကိုတွေ့ရတယ်။ ဒီလို ဆရာသမား တွေကို လိုက်ရှာတာမျိုးကို ဒီလို ပစ်စလက်ခတ် မပြောကောင်းဘူးကွယ့်"

ကျွန်တော်သည် သူ့ကို အားနာသွားကာ တောင်းပန်နေမိသည်။

"ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ ဆရာကြီးရယ်"

"ကိစ္စတစ်ခုကို လွယ်လွယ်နဲ့ လက်မလျှော့ရဘူးကွယ်။ ဒီ ပုဂ္ဂိုလ် ထူးကြီးမျိုး၊ ဆိုတာ လိုက်ရှာလို့ လွယ်တာ မဟုတ်ဘူး။ ဟိုတုန်းကတော့ သူ့နေတဲ့ နေရာကို သေသေချာချာ သိတော့ လိုက်ရှာလို့ လွယ်တာပေါ့။ ဒီနေ့ ခေတ်ကျတော့ ကမ္ဘာကြီးက ပြောင်းလဲနေပြီး သူကိုယ်တိုင်လည်း ထွက်ရပ်ပေါက်နေပေမယ့် သူကို အတုအယောင်၊ အလိမ်အညာဆိုပြီး ရဲက လိုက်ဖမ်းနေတယ်ကွယ့်။ ဒါကြောင့် သူနဲ့ တွေ့ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး။ ဒါပေမယ့် စိတ်ရှည်ရှည်ထားပြီး ရှာပါ။ တွေ့ပါလိမ့်မယ်"

စောင်းဆရာကြီးသည် စောင်းကို ပေါင်ပေါ်တင်ကာ တေးတစ်ပုဒ်ကို တီးနေသည်။ ကျွန်တော်လည်း စိတ်မောမောဖြင့် သူ့သီချင်းစာသားများနှင့် တေးသွားကို နားထောင်နေပါသည်။

"စာသားကတော့ ရှေ့ခေတ်က ကဗျာထဲက စာသားကွယ့်။ အသံကတော့ အဘကိုယ်တိုင် တစ်ညတည်းနဲ့ အပြီးရှာသွင်းထားတာ။ အဲဒီတုန်းက ဥပုသ်ကလေး ထွက်တဲ့ ညကြီးပေါ့ကွယ်။ အဲဒီညတုန်းက အဘဆီမှာ ဘိုးတော်ဇာဘာဘာတာဝီလည်း ရောက်နေတယ်။ စာသားက သူရွေးပေးတာပေါ့။ ခု မင်းထိုင်နေတဲ့ နေရာမှာ ထိုင်လို့၊ ခဏ နေတော့ သူက ကလေးတွေနဲ့ ဆော့နေတယ်။ တကယ့် ကလေးလေးတစ်ယောက်လိုပဲ၊ အဘသီချင်းတို့ ဘာတို့ စပ်လို့ မရတဲ့အခါတိုင်း သူက အဘရင်ဘတ်ကို နောက်သလို ပြောင်သလိုနဲ့ လက်သီးနဲ့ ထုတတ်တယ်။ သူ လက်သီးနဲ့ ထုလိုက်ရင် အဘရင်ထဲမှာ သံစဉ်တွေ အစီအရီ ပေါ်လာတော့တာပဲ။ အဲဒီတုန်း သီချင်းကောက်စပ်လိုက်ရင် ခဏလေးပဲ"

"သူက ဂီတကို ဘာတို့ကို နားလည်လို့လား"

"ဂီတနဲ့ ပတ်သက်လာရင် မသိတာ မရှိသလောက်ပဲ။ စကားပြောရင် အသံကလည်း အလွန်နားထောင်ကောင်းပြီး သုတိသာယာ ဖြစ်တယ်။ သီချင်းကောင်းကောင်း စပ်ချင်ရင် တေးသံစဉ် ကောင်းကောင်းရချင်ရင် သူ့စကားပြောသံကို နားထောင်လိုက်ရုံပဲ။ စာသားတွေ၊ သံစဉ်တွေ၊ အလိုလို ပေါ်လာတယ်"

"လူတွေကို ဖိစီးနှိပ်စက်နေတဲ့ ရောဂါတွေကို သူဘာ့ကြောင့် ပျောက်အောင် ကုပေးနိုင်တာလဲ အဘ"

"အဲဒါကတော့ သူလျှို့ဝှက်ချက်ပေါ့ကွယ်။ သူ့တန်ခိုးပေါ့။ သူနဲ့တွေ့ရင် မင်းသိလာမှာပေါ့"

http://www.cherrythitsar.org



သို့ရာတွင် ထိုပုဂ္ဂိုလ်နှင့် ဘယ်တော့ တွေ့ရမည်နည်း။ ကျွန်တော်တို့သည် တိတ်ဆိတ်သွားကြသည်။ အခန်းထဲတွင် ကလေးများ၏ စကားပြောသံကို ကြားရ၏။

ထို့နောက် စောင်းဆရာကြီးသည် သီးချင်းတစ်ပုဒ်ကို ဆိုတီးတီးနေသည်။ “ပင်တိုင်စံ တစ်ပါးငယ်နှင့်သာ” ဆိုသည့် စာသားကို သံစဉ်အမျိုးမျိုးနှင့် လှည့်ဆိုလျက် ရှိသည်တွင် နံရံများပင်လျှင် ကခုန်နေသည်ဟု ကျွန်တော့်စိတ်တွင် ထင်လာပါသည်။ သီချင်းဆုံးသည့်အခါတွင် ကျွန်တော်သည် ပြန်ရန် နှုတ်ဆက်ပါသည်။ သူက ကျွန်တော့်ကို တံခါးဝသို့ လိုက်ပို့ရင်း ...

“ခုတလောတော့ အဲဒီပုဂ္ဂိုလ်က ဦးဝဏ္ဏတို့အိမ်ကို မကြာခဏ ကြွတတ်တယ်လို့ ကြားရတာပဲကွ။ ဦးဝဏ္ဏကို သိသလား” ဟု မေးပါသည်။

ကျွန်တော် အနည်းငယ် အားရှိသွားသော်လည်း ခေါင်းကို ယမ်းပြလိုက်ပါသည်။

“အဲဒီ ဦးဝဏ္ဏဆိုတဲ့ လူက ခပ်အေးအေးနေတတ်တဲ့ လူကွယ့်။ ဟိုရောက်ရင် ဟိုတယ်ကောင်းကောင်းမှာ တည်းတယ်။ အဲ ညနေပိုင်းဆိုရင်တော့ အယ်လဖီလမ်းက နက်ပြာရောင် ပျော်ပွဲစားရုံမှာ ရှိတတ်တယ်”

ညနေပိုင်းတွင် ကျွန်တော်သည် နက်ပြာရောင် ပျော်ပွဲစားရုံသို့ လာခဲ့ပါသည်။ စားပွဲထိုးတစ်ဦးထံ ချဉ်းကပ်ပြီး ဦးဝဏ္ဏ လာမလာကို မေးမြန်းသည့်အခါ တိုင်လုံးကြီးတစ်လုံး နောက်ကွယ်ရှိ မှန်ချပ်ကြီးများ ပတ်လည်ကာထားသည့် ထောင့်ကလေး တစ်ထောင့်ကို ညွှန်ပြပါသည်။ ထိုအခန်းထောင့်ကလေးထဲက စားပွဲတစ်လုံးတွင် လူတစ်ယောက်ထိုင်လျက် ရှိပြီး သူ့ရှေ့တွင် ပုလင်းနှစ်လုံးကို တွေ့ရသည်။ ပုလင်းတစ်လုံးမှာ ပြောင်လျက် ရှိပြီး နောက်တစ်ပုလင်းမှာလည်း သုံးပုံနှစ်ပုံခန့် လျော့လျက် ရှိသည်ကို တွေ့ရ၏။ သူ့ရှေ့တွင် မြည်းစရာ အစားအသောက်ဆို၍လည်း ဘာမျှမရှိ။ ဝါရင့်အရက်သမား တစ်ဦးမှန်း ကျွန်တော် သိလိုက်ပါပြီ။

ထိုလူသည် ဂါလာဘီယားခေါ် ဝတ်ရုံရှည်ကြီးကို ဝတ်ထားပြီး ဦးပေါင်းထုပ်ကိုလည်း ကျကျနန ပေါင်းထားလေ၏။ ခြေထောက်နှစ်ဖက်ကို တိုင်ခြေရင်းသို့ စုံကန်ထားပြီး နံရံရှိ မှန်ထဲတွင် သူ့မျက်နှာကို သေချာစွာ စိုက်ကြည့်လျက်ရှိ၏။ မျက်နှာမှာ အရက်ကြောင့် နီမြန်းလျက် ရှိပြီး အသက်အတန်ငယ် ကြီးရင့်သည့်တိုင် ချောမောခံ့ညားဆဲ ရှိသေး

http://www.cherrythitsar.org



သည်။ ကျွန်တော်သည် သူ့အနီးသို့ တိတ်ဆိတ်စွာ လျှောက်လာခဲ့ကာ မလှမ်းမကမ်းအရောက်တွင် ရပ်လုက်သည်။ သူကမူ ကျွန်တော်ရောက်မှန်း မသိသည့်နှယ် လှည့်၍မျှ မကြည့်။

"မင်္ဂလာပါ ဦးဝဏ္ဏ"

သူသည် လန့်ဖျပ်သွားသလို ကျွန်တော့်ကို ဆတ်ခနဲ လှည့်ကြည့်ပြီးနောက် မနှစ်သက်ဟန်ဖြင့် စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်။ ကျွန်တော်က လာသည့်ကိစ္စကို ပြောမည်အပြုတွင် သူက အမိန့်သံပါသော်လည်း နူးညံ့သည့် လေသံဖြင့် ...

"ပထမ ကျေးဇူးပြုပြီး ထိုင်ပါ။ ဒုတိယ ကျေးဇူးပြုပြီး သောက်ပါ"

ကျွန်တော်က ခွင့်လွှတ်ရန် တောင်းပန်မည်အပြုတွင် သူသည် နားနှစ်ဖက်ကို လက်ချောင်းဖြင့် ထိုးပိတ်လိုက်ကာ ...

"ငါ ပြောတာကို မလုပ်သေးဘဲနဲ့ နောက်ထပ် စကားတစ်ခွန်းမှ မပြောပါနဲ့"

တော်တော် ဂျီကျသည့် အရက်သမားတစ်ဦးရှေ့တွင် ရောက်နေပြီဟု ကျွန်တော် သိလိုက်ပါပြီ။

သူ့ကို ရယ်စရာ မောစရာ ပြောကာ စကားရော ဖောရော လုပ်မည်ဟု စိတ်ကူးလိုက်ပါသည်။ ထို့ကြောင့် သူ့အနီးတွင် ဝင်ထိုင်လိုက်ရင် ...

"ကျွန်တော် စကားတစ်ခွန်းလောက် မေးပါရစေ ခင်ဗျာ"

သူသည် နားနှစ်ဖက်ကို လက်ချောင်းများဖြင့် ပိတ်ထားရင်းက ပုလင်းများဆီသို့ မေးထိုးပြလိုက်ကာ ...

"ငါအရက်သောက်နေရင် အရက်မသောက်တဲ့ လူတစ်ယောက်နဲ့ ဘယ်တော့မှ စကားပြောလေ့ မရှိဘူး။ ငါနဲ့ စကားပြောချင်ရင် ငါ့လို အရက်သောက်သူ ဖြစ်ရလိမ့်မယ်။ ဒီလိုမဟုတ်ရင် မသူတော်ချင်း သတင်းလွှေ့လွှေ့ မဖြစ်နိုင်ဘူး။ ဒီတော့ ငါနဲ့ စကားပြောချင်တယ်ဆိုရင် ပုလင်းတူဘူးဆို့တော့ ဖြစ်ရလိမ့်မယ်"

ကျွန်တော်က အရက်မသောက်တတ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။

"ဒါကတော့ မင်းအမြင်ပဲလေ။ ငါ့စည်းကမ်းကတော့ ငါနဲ့ စကားပြောချင်ရင် အရက်သောက်၊ ဒါပဲ"

သူက အရက်တစ်ခွက် ငှဲ့ပေးသည်။ ကျွန်တော်ကလည်း

မငြင်းတော့ဘဲ ယူသောက်လိုက်ပါသည်။ ဝမ်းဗိုက်ထဲသို့ အရက်ရောက်သွားသည်နှင့် မီးစ၍ ပွင့်လေပြီ။ ကျွန်တော်က အရက်အရှိန် တော်တော်ကလေးရသွားအောင် စောင့်လိုက်ပြီးနောက် ...

"အရက်ကတော့ တော်တော်ပြင်းတာပဲ ဦးဝဏ္ဏရာ၊ ကဲ .. အရက်လည်း သောက်ပြီးပြီ။ ဒီတော့ ကျွန်တော် မေးချင်တာကလေးတွေ မေးဖို့ အချိန် ရောက်ပြီထင်တယ်"

သူက လက်ချောင်းနှစ်ချောင်းကို နားနှစ်ဖက်သို့ နောက်တစ်ကြိမ် ထိုးသွင်းကာ ...

"မင်း မမူးသေးဘူး။ မူးပြီးပြောမှ နားထောင်မှာ"

သူက ဒုတိယခွက် ထည့်ပေးပါသည်။ ကျွန်တော်သည် ရင်တထိတ်ထိတ်ဖြင့် အရက်ခွက်ကို ကြည့်နေမိသည်။ ထို့နောက် စိတ်ကို တုံးတုံးချလိုက်ကာ အရက်ခွက်ကို တစ်ခါတည်း မော့ချလိုက်ပါသည်။ အရက်ခွက်ထဲမှ အရက်ကုန်သွားနှင့် ကျွန်တော့်တွင် စိတ်တန်ခိုးသတ္တိတွေ မရှိတော့ပါ။ တတိယခွက်ကုန်သည့်အခါတွင် ဘာကိုမျှ ကောင်းကောင်း မမှတ်တော့ပါ။

ဦးဝဏ္ဏက ကျွန်တော့်အနားသို့ တိုး၍ ဂရုတစိုက် ငုံ့ကြည့်နေပါသည်။ သို့ရာတွင် မျက်စိထဲတွင်မူ သူနှင့်တကွ အရာအားလုံးသည် အဓိပ္ပါယ်မရှိသော ရောင်စုံအစက်အပြောက်တွေ၊ ပြင်ညီတွေ ဖြစ်နေပါသည်။ နောက်ဆုံးတွင် ကျွန်တော့်ခေါင်းသည် ငိုက်ကျသွားကာ အိပ်ပျော်သွားသည်ကိုသာ သိလိုက်ပါသည်။

အိပ်ပျော်နေစဉ် ကျွန်တော်တစ်သက်တွင် တစ်ခါမျှ မမက်ဖူးသော အိပ်မက်တစ်ခုကို မက်ပါသည်။ ကျွန်တော်သည် ဘေးပတ်ပတ်လည်တွင် သစ်ပင်စိမ်းစိမ်းစိုစိုတွေ ဝိုင်းရံထားသည့် ဥယျာဉ်ကြီးတစ်ခုထဲသို့ ရောက်သွားပါသည်။ ကောင်းကင်ကြီးတွင် ကြယ်တွေဝင်းလက်နေပါသည်။ ကျွန်တော်သည် "စံပယ်ပွင့်လွှာကလေးများဖြင့် ရက်လုပ်ထားသည့် ပန်းပုခက်တစ်လုံးပေါ်တွင် လှဲနေပါသည်။ ပုခက်ပေါ်တွင် လှဲနေစဉ် နောက်ထပ်လည်း စံပယ်ပွင့်ချပ်ကလေးတွေ ကျွန်တော့်ခေါင်းပေါ် ကျွန်တော့်ကိုယ်ပေါ်သို့ ကြွေကျနေကြပါသည်။ အနီးတွင် ရှိသည့် ရေပန်းမှ ရေစက်ရေမွှားကလေးများကလည်း ကျွန်တော့်ခေါင်းပေါ်သို့ ဖြာကျနေကြပါသည်။ ကျွန်တော်သည် နတ်စည်းစိမ်ကို ရနေသည့်နှယ် ရှိပါသည်။ နားထဲတွင်လည်း သာယာသည့် ဂီတသံများကို ကြားနေရပါသည်။ ကျွန်တော်နှင့် ကျွန်တော့်အတ္တကြားတွင် ကွာခြားချက် မရှိတော့

http://www.cherrythitsar.org



ပါ။ အလားတူပင် ကျွန်တော်တို့ နှစ်ယောက်နှင့် ကမ္ဘာကြီးကြားတွင်လည်း ကွာခြားချက်ဟူ၍ မရှိတော့ပါ။ အရာအားလုံးသည် ဖရိုဖရဲဖြစ်ခြင်း မရှိ။ ပုံပျက်ပန်းပျက်ဖြစ်ခြင်း မရှိဘဲ သူ့နေရာမှန်တွင် သူရှိနေကြပါသည်။

လောကကြီးတစ်ခုလုံးတွင် စကားပြောစရာ၊ လှုပ်ရှားစရာလည်း မလိုတော့ပါ။ စကြဝဠာကြီးသည် ပီတိသောမနဿတို့ဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။ ယင်းမှာ ခဏလောက်သာ ကြာလိုက်သည် ထင်ပါသည်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည့်အခါ၌ သိစိတ်သည် "ရဲ" ၏ လက်သီးတစ်လုံး ကျွန်တော့်ကို ဒင်းခနဲ မြည်အောင် ရိုက်လိုက်ပါသည်။ ဦးဝဏ္ဏသည် စိုးရိမ်တကြီးဖြင့် ငုံ့ကြည့်နေသည်ကို တွေ့ရပါသည်။ ဆိုင်ထဲတွင်လည်း အိပ်ချင်မူးထူးဖြစ်နေသည့် အမူးသမား နည်းနည်းသာ ကျန်ပါတော့သည်။

"မင်းတော်တော် အိပ်လိုက်တာပဲကွ။ အိပ်ရေးပျက်တာ ကြာပြီထင်တယ်"

ကျွန်တော်သည် လေးလံနေသည့် ကျွန်တော့်ခေါင်းကို လက်နှစ်ဖက်ဖြင့် ထောက်ထားပါသည်။ လက်နှစ်ဖက်ကို ယူကြည့်လိုက်သည့်အခါတွင် ရေတွေ စိုစွဲနေသည်ကို တွေ့ရပါသည်။

"ဟင် ကျွန်တော့်ခေါင်းမှာ ရေတွေစိုလို့ပါလား"

"ဟုတ်တယ်။ မင်းကို ရေလောင်းပြီး နှိုးရတာ"

"ဒီလိုဆို ကျွန်တော် မူးနေတာ တခြားလူ မြင်သွားပြီပေါ့"

"မစိုးရိမ်ပါနဲ့။ သူက လူကောင်းပါ။ ဘိုးတော်ဇာဘာလာဝီဆိုတာ မင်းကြားဖူးတယ် မဟုတ်လား"

ကျွန်တော် ထိုင်ရာမှ ဝုန်းခနဲ ထကာ ...

"ဘာ ဘိုးတော် ဇာဘာလာဝီ ဟုတ်လား"

"ဟုတ်တယ်။ ဘာဖြစ်လို့လဲ"ဟု သူက တအံ့တသြ မေးသည်။

"ခု သူ ဘယ်မှာလဲ"

"ခုတော့ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ စောစောကဒီနားရောက်လာပြီး ပြန်ထွက်သွားပြီ"

ကျွန်တော် အပြင်သို့ ပြေးလိုက်သွားမည်ဟု စိတ်ကူးပါသေးသည်။ သို့ရာတွင် ကျွန်တော့်မှာ ထင်သည်ထက် မောပန်းအားကုန်နေပါသည်။ ကျွန်တော်သည် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားကာ ...

"ကျွန်တော် ခင်ဗျားဆီကို လာတဲ့ကိစ္စက သူနဲ့တွေ့ရအောင်

http://www.cherrythitsar.org



လာခဲ့တာဗျ။ ကျွန်တော် သူ့နောက်ကို ဘယ်လိုလိုက်ရမလဲ။ ဒါမှမဟုတ် တစ်ယောက်ယောက်ကို လိုက်ပြီး ခေါ်ခိုင်းပေးပါဗျာ"

ဦးဝဏ္ဏက ပုဇွန်ကြော်ရောင်းသူ တစ်ယောက်ကိုခေါ် ဘိုးတော် ဇာဘာလာဝီကို လိုက်ရှာပြီး ခေါ်ခဲ့ရန် ပြောပါသည်။ သူက ကျွန်တော့် ဘက်သို့ လှည့်ပြီး ...

"မင်းမှာ ရောဂါတစ်ခုခု ရှိတယ်ဆိုတာ ငါမှ မသိဘဲကိုးကွ"

"ခင်ဗျားက ကျွန်တော့်ကို စကားတစ်လုံးမှ ပြောခွင့်မပေးဘဲကိုး ဗျ" ဟု စိတ်တိုတိုဖြင့် ပြောလိုက်ပါသည်။

"အေးကွာ၊ ဒီလိုမှန်းမှ မသိဘဲ၊ တစ်ချိန်လုံး မင်းဘေးက ကုလားထိုင်မှာ ထိုင်နေတာကွ၊ သူ့လည်ပင်းမှာ ဆွဲထားတဲ့ စပယ်ကုံး ကလေးတွေကို လှုပ်ယမ်းကစားနေလိုက်သေးတယ်။ သူ့ကို ကြည်ညိုသူ တွေက လှူလိုက်တာ။ နောက် မင်းမူးပြီး သတိလစ်နေတာ မြင်တော့ သနားတာနဲ့ မင်းခေါင်းကို ရေနဲ့ဖျန်းပေးနေသေးတယ်"

"ခင်ဗျားဆီကို ညတိုင်းလာသလား"

ကျွန်တော်က တံခါးပေါက်ဆီကို မကြာခဏ လှမ်းကြည့်ရင်း မေးသည်။

ဒီနေ့ညရယ်၊ မနေ့ညကရယ်၊ တစ်မြန်နေ့ကရယ် ငါ့ဆီမှာ ရှိ တယ်။ ဒါပေမယ့် အဲဒီအရင်တုန်းကတော့ သူနဲ့ မတွေ့တာ တစ်လ လောက် ရှိပြီ"

"ဒီလိုဆို မနက်ဖြန်မှာ လာဦးမယ်ပေါ့"

"မပြောတတ်ဘူး၊ ရောက်ချင်ရောက်လာမှာပဲ"

"ကျွန်တော် ဘိုးတော်ကို နည်းနည်းပါးပါး လှူချင်တန်းချင်လို့ ပါ"

ဦးဝဏ္ဏက စိတ်မကောင်းဟန်ဖြင့် ...

"ခက်တာက ဘိုးတော်က ဒါတွေကို သိပ်မက်တာ မဟုတ်ဘူး။ ဒါပေမယ့် မင်းကို တွေ့ရင်တော့ ရောဂါပျောက်အောင် ကုပေးမှာပါ"

"ငွေကြေးနဲ့ ကန်တော့လို့ မရဘူးပေါ့"

"မလိုပါဘူး၊ သူ့ကို ယုံကြည်တယ်ဆိုရင် ကုပေးတာပဲ"

ပုဇွန်ကြော်ရောင်းသူ ပြန်ရောက်လာသည်။ ဘိုးတော် ဇာဘာ လာဝီကို မတွေ့ခဲ့ပါ။

ကျွန်တော်သည် ဒယီးဒယိုင်းဖြင့် ပျော်ပွဲစားရုံမှ ထွက်လာခဲ့ပါ သည်။ လမ်းထောင့်တစ်ခု ရောက်တိုင်း "ဘိုးတော် ဇာဘာလာဝီရေ၊

http://www.cherrythitsar.org



ဘိုးတော်ရေ” ဟု ခေါ်လာပါသည်။ လမ်းတွင် တွေ့သည့်ကောင်လေး တွေက ကျွန်တော့်ကို အရက်မူးလာသည်ဟု ထင်ကာ မျက်စောင်းထိုး ကြည့်နေကြပါသည်။ နောက်ဆုံးတွင် ကျွန်တော်သည် တက္ကစီတစ်စီးကို ခေါ်၍ စီးလာခဲ့ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ဦးဝဏ္ဏနှင့်အတူ ပျော်ပွဲစား ရုံတွင် ရှိနေပါသည်။ မနက်လင်းခါနီးမှ ပြန်လာခဲ့ပါသည်။ သို့ရာတွင် ဘိုးတော် ဇာဘာလာဝီကတော့ မပေါ်လာပါ။ ဘိုးတော် ဇာဘာလာဝီ သည် တောသို့ ပြန်သွားပြီ ထင်ကြောင်း၊ ဝါဆွတ်ချိန်ပြီးမှ ပြန်လာမည် ထင်ကြောင်းဖြင့် ဦးဝဏ္ဏက ပြောပြ၏။

မတတ်နိုင်၊ သူပြန်လာအောင် စောင့်ရုံသာ ရှိတော့သည်။ ကျွန် တော်သည် စိတ်ရှည်အောင် ကိုယ့်ကိုယ့်ကို လေ့ကျင့်ရဦးမည်။ ဘိုးတော် ဇာဘာလာဝီ အသက်ထင်ရှားရှိနေသေးသည်ဟူသော အသိဖြင့် ကိုယ့် ကိုယ်ကို ဖြေသိမ့်ရတော့မည်။ ကျွန်တော့်ကို တွေ့လျှင် ဘိုးတော် ဇာဘာ လာဝီသည် ရောဂါကို ကုသပေးမည် မုချဟူသော မျှော်လင့်ချက်ဖြင့်သာ စောင့်ဆိုင်းရတော့မည်။

တစ်ခါတစ်ရံတွင်မူ ကြာရှည်စွာ စောင့်ဆိုင်းရသည်ကို ကျွန် တော် ငြီးငွေ့စိတ်ပျက်မိပါသည်။ စိတ်ပျက်လက်ပျက်ဖြင့် ဘိုးတော် ဇာ ဘာလာဝီကို ကျွန်တော့်စိတ်ထဲမှာ အပြီးတိုင် ဖျောက်ပစ်လိုက်တော့မည် ဟု စိတ်ကူးမိပါသေးသည်။

လောကတွင် ဘိုးတော် ဇာဘာလာဝီကိုပင် မသိသူတွေ တစ်ပုံ တစ်ပင်။

သို့သော် ဘိုးတော် ဇာဘာလာဝီသည် ဒဏ္ဍာရီတစ်ခုဟု ယူဆ သူတွေလည်း တစ်ပုံတစ်ပင် ရှိသည် မဟုတ်လော။ သို့ဆိုလျှင် ကျွန် တော်ကတော့ အဘယ့်ကြောင့် တမျှော်မျှော်ဖြင့် စိတ်အပင်ပန်း ခံနေမည် နည်း။

သို့ရာတွင် ရောဂါ ဝေဒနာဆိုးလာသည့်အခါတွင် ကျွန်တော် သည် ဘိုးတော် ဇာဘာလာဝီကို သတိမရဘဲ မနေနိုင်ပါ။ မည်သည့် အချိန်တွင် ကံကောင်းထောက်မ၍ တွေ့မည်နည်းဟု မမျှော်လင့်ဘဲ မနေ နိုင်ပါ။

ဦးဝဏ္ဏ၏ အကြောင်းကိုလည်း မကြားရတော့ပါ။ ကြားရ သည့်အခါတွင်လည်း ဦးဝဏ္ဏသည် နိုင်ငံခြားသို့ ထွက်သွားပြီ ဖြစ် ကြောင်း သိရပါသည်။ သို့ရာတွင် ကျွန်တော့် ရည်ရွယ်ချက်ကမူ

မပြောင်းပါ။ ကျွန်တော့် စိတ်ထဲတွင် ဘိုးတော် ဇာဘာလာဝီ ကို မတွေ့ တွေ့အောင် ရှာရမည်ဆိုသည့် အသိသည် ပို၍ ခိုင်မြဲလာခဲ့ပါသည်။

မှန်ပါသည်။ ကျွန်တော်သည် ဘိုးတော် ဇာဘာလာဝီကို မတွေ့ တွေ့အောင် ရှာပါဦးမည်။

(နိုဘယ်ဆု အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *Zaabalawi* ကို ပြန်ဆိုပါသည်။)

[ကလျာ၊ စက်တင်ဘာ၊ ၁၉၉၆]

# ဟာလာဟင်းလင်း ကဖေးဆိုင်

မာမက်ရာရှိဒီသည် သောကပရိဒေဝကြောင့် တုန်ယင်လျက်ရှိသော အသံဖြင့် "ဇဟီးယားရေ– ငါ့ဘဝအဖော်ရဲ့၊ ငါ့ကို ဒီအတိုင်း တစ်ယောက်တည်း ပစ်ထားခဲ့တော့မှာလားကွယ်" ဟု အော်ဟစ်ငိုယိုလျက် ရှိလေ၏။

သူသည် အိပ်ရာပေါ်တွင် စန့်စန့်ကြီး ဖြစ်နေသော အလောင်းကို ငုံ့ကြည့်ရင်း ခေါင်းအုံးပေါ်တွင် လက်ယာဘက် လက်ထောက်ကာ ငိုရှိုက်နေလေ၏။ အိမ်စေ အဘွားကြီးက သူ့ကို ကြည့်၍ သနားလာကာ စိတ်မကောင်းသဖြင့် လက်ကို အသာအယာ ဆွဲကာ ဧည့်ခန်းဆီသို့ ခေါ်လာခဲ့သည်။ သူသည် ကျယ်လောင်စွာ ငိုရှိုက်ရင်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ထို့နောက် ခြေနှစ်ချောင်းကို ဆန့်ကာ ပါးစပ်မှ တတွတ်တွတ် ရွတ်ရင်း ငိုကြွေးနေပြန်သည်။

"ဇဟီးယားရယ်။ ငါ့တစ်ယောက်တည်း ပစ်ထားခဲ့ပြီပေါ့ ဟုတ်လား။ ငါ့မှာ အပေါင်းအဖော် ဆိုလို့လည်း တစ်ယောက်မှမရှိ၊ တို့နှစ်ယောက် အနှစ်လေးဆယ်လုံးလုံး ပေါင်းသင်းလာပြီးမှ ဘာဖြစ်လို့ ငါ တစ်ယောက်တည်း ထားပစ်ခဲ့ရတာလဲ"

အိမ်စေမိန်းမကြီးက တတ်နိုင်သမျှ ဖျောင်းဖျပါ၏။ သို့ရာတွင် အသက် ကိုးဆယ်နားသို့ ချဉ်းနေသည့် အဘိုးအို တစ်ယောက် ရှိုက်ကြီးတငင် ငိုနေသည်ကို မြင်ရသည်ကမူ တော်တော် စိတ်ထိခိုက်စရာ

http://www.cherrythitsar.org



ကောင်းသည်။ အရေတို့ တွန့်လျက်ရှိသည့် သူ့ပါးများနှင့် ချိုင့်ဝင်နေသည့် သူ့နှာခေါင်းသည် မျက်ရည်များကြောင့် စိုရွှဲတောက်ပြောင်နေကြသည်။ အိမ်စေမိန်းမကြီးမှာလည်း သူ့ဘာသာသူ တစ်ယောက်တည်းငိုရင်း အခန်းပြင်ဘက်သို့ ထွက်သွားသည်။ သူသည် မျက်လုံးများကိုမှိတ်လိုက်သည်။ မျက်ခမ်းပေါ်တွင် မျက်တောင်မွေး တစ်ပင်တလေလောက်သာ ကျန်တော့သည်။

"မင်းနဲ့ ငါနဲ့ အိမ်ထောင်ကျခဲ့တာ အနှစ်လေးဆယ်ရှိပြီနော်၊ အဲဒီတုန်းက မင်းက အသက်နှစ်ဆယ်တောင် မပြည့်သေးဘူး။ မင့်ကို ငါကိုယ်တိုင် ပညာသင်ပေးခဲ့တယ်။ အသက်အရွယ်ကွာပေမယ့် တို့ ဘယ်လောက် ပျော်ခဲ့ကြသလဲ။ မင်းဟာ ငါ့ရဲ့ အကောင်းဆုံး အဖော်၊ သိပ်ကြင်နာတတ်တဲ့ မိန်းမ၊ ငါ့မိန်းမ ကောင်းရာ သုဂတိကို ရောက်ပါစေ"

သူသည် အရွယ်နှင့် စာလျှင် တော်တော် ကျန်းမာသေးသည်ဟု ဆိုရမည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ပေါက် ပိန်ပိန်ပါးပါးနှင့် ဖြစ်သည်။ သူ့မျက်နှာကမူ အရေတွန့်များနှင့် အရေးအစင်းများအောက်တွင် လုံးဝပျောက်ကွယ်နေလေပြီ။ အရိုးစင်းများမှာ ထင်းထင်းကြီး ပေါ်နေကြ၏။ သူ့မျက်လုံးများမှာ ပြာလဲ့ရောင် သန်းနေကြကာ သူ့ရှေ့တွင် ရှိသော အရာတို့ကို မမြင်သည့်နှယ် ကြောင်တောင်ဖြစ်လျက်ရှိ၏။ ထိုအပေါ်ယံ အောက်တွင်မူ တစ်စုံတစ်ရာကို စူးစိုက်ကြည့်နေသည့်နှယ် ရှိသော အကြည့်ကို မြင်ရသည်။

အသုဘသို့ လူအများ လာရောက်ပို့ဆောင်ကြသည်။ သူတို့အထဲတွင် သူ့မိတ်ဆွေ သို့မဟုတ် အသိအကျွမ်းဆို၍ တစ်ယောက်မျှမပါ။ သူ့သား၏ မိတ်ဆွေများနှင့် နိုင်ငံခြားတွင် ရောက်နေသည့် သံရုံးအရာရှိဖြစ်သူ သမက်၏ မိတ်ဆွေများသာ ဖြစ်ကြသည်။ သူ့မိတ်ဆွေများကမူ တစ်ယောက်မျှ မရှိကြတော့ပြီ။ သူသည် သူသိကျွမ်းခြင်း မရှိသော မျက်နှာများကို ဆီးကြိုနှုတ်ဆက်ရင်း ပထမမျိုးဆက်သည် ဘယ်သို့ရောက်ကုန်ကြပြီနည်းဟု သူ့ဘာသာသူ တွေးနေသည်။ မွတ်စတာဖားကမီးလ်။ မာမာက်ဖာရစ်တို့ခေတ်က တကယ့်နိုင်ငံရေးသမားများသည် ဘယ်ရောက်ကုန်ကြပြီနည်း။

အသုဘကိစ္စများ ပြီး၍ သန်းခေါင်လောက် ရောက်သည့်အခါတွင် သားဖြစ်သူ ဆဘားက ...

"အဖေ ဘာလုပ်ချင်သေးသလဲ" ဟု မေးသည်။

ချွေးမဖြစ်သူက ...

"ဒီနားမှာ အဖေ တစ်ယောက်တည်း ထိုင်နေလို့ ဘယ်ဖြစ်မလဲ" ဟု ဆိုသည်။

သူတို့ ဆိုလိုသည့် အဓိပ္ပာယ်ကို အဘိုးအို သဘောပေါက်ပါ၏။ သူက ...

"ဖဟီးယားဟာ ငါ့စိတ်ဆိုလည်း ဟုတ်တယ်။ ငါ့လက်ဆိုလည်း ဟုတ်တယ်။ ငါ့အဖို့တော့ သူဟာ အရာခပ်သိမ်းပဲ" ဟု ပြောသည်။

"ကျွန်တော့်အိမ်ကလည်း အဖေ့အိမ်ပါပဲ အဖေရယ်။ အဖေ ကျွန်တော်တို့နဲ့ လာနေတယ်ဆိုရင် ကျွန်တော်တို့အဖို့လည်း မင်္ဂလာရှိတာပေါ့။ အဖေ့တပည့်မူဘာကာက အဖေ့ကို အစစအရာရာ ပြုစုမှာပါ"

မှန်ပါသည်။ ဤအိမ်ကြီးထဲတွင် သူတစ်ယောက်တည်း မနေနိုင်ပါ။ သို့ရာတွင် သားနှင့် ချွေးမတို့က သူတို့နှင့်အတူ လာနေပါသည် ဆိုသည့်တိုင် သူများအိမ်တွင် နေလျှင် လွတ်လွတ်လပ်လပ် နေရတော့မည်မဟုတ်။ သို့ဖြစ်လျှင် မည်သို့ လုပ်ရမည်နည်း။ သူ့ လူငယ်ဘဝနှင့် အရွယ်ရောက်ခါစ လူရွယ်ဘဝတုန်းက သူသည် ကျန်းမာတောင့်တင်းသူဖြစ်၏။ ယခုထက်တိုင်ပင်လျှင် သူ့ပုံပန်းသဏ္ဌာန်သည် ခံ့ခံ့ထည်ထည် ရှိနေသေးသည်။ ကျောင်းဆရာ မျိုးဆက်ပေါင်းများစွာနှင့် ထင်ရှားသည့် ပုဂ္ဂိုလ်ကျော် မျိုးဆက်များစွာတို့သည် မည်သို့များ သင်ကြားပေးခဲ့ကြပေသနည်း။ နို့ နေစမ်းပါဦး သူဘာလုပ်ရမည်နည်း။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် သူ့အိုးအိမ်ဖျက်သိမ်းသည်ကို ကြည့်နေသည်။ သူသည် ဇနီးသည် ကွယ်လွန်သွားခဲ့သည်ကို မြင်ခဲ့ရသလို ယခုလည်း သူ့အိုးအိမ် ဖျက်သိမ်းသည်ကို မြင်နေရသည်။ သူတို့သည် သူ၏အဝတ်အစား၊ အိပ်ရာ၊ စာအုပ်ဗီရို (စာအုပ်များကို မကြည့်မိသည်ကမူ ကြာလေပြီ)။ ပစ္စည်းအချို့၊ မိသားစု ဓာတ်ပုံများ၊ မွတ်စတာကာမီးလ်၊ မာမက်ဖာရစ်၊ မူဝါလီ၊ ဟာဖစ်အီဗရာဟင်နှင့် အဗ္ဗဒူလ်ဟာသ်လမီ စသည့် စာပေ၊ နိုင်ငံရေးနှင့် အနုပညာနယ်ပယ်မှ ထင်ရှားကျော်ကြားသူတို့၏ ဓာတ်ပုံများမှအပ ကျန်ပစ္စည်းများအလုံးကို ရှင်းလင်းသွားခဲ့ကြသည်။

သူသည် သားဖြစ်သူ၏ မော်တော်ကားဖြင့် အိမ်မှ ဝယ်လီယိုပိုးလစ်သို့ ထွက်လာခဲ့သည်။ သူ့အတွက် အိပ်ရာတစ်ခု အဆင်သင့် ပြင်ထားပြီး သူ့အိမ်စေကြီးဖြစ်သည့် မူဘာကာက သူ့ကို အသင့်စောင့်ကြိုနေ

သည်။ "အဖေ တစ်ခုခု လိုတာရှိရင် ကျွန်တော့်တို့ကို ခေါ်လိုက်နော်" ဟု သားက ပြောသည်။

ချွေးမဖြစ်သူက မူနီရာက သူ့ကို အပြုံးဖြင့် ဆီးကြိုသည်။ သူတို့ ကတော့ ဖော်ရွေကြပါ၏။ သို့ရာတွင် အိမ်ကတော့ သူ့အိမ် မဟုတ်တော့။ ထိုခံစားချက်သည် သူ့ရင်ထဲတွင် ကြီးစိုးနေ၏။ သူသည် ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ရင်း စိတ်မသက်မသာဖြင့် ချွေးမဖြစ်သူကို တစ် ချက်တစ်ချက် လှမ်းကြည့်နေသည်။ သမီးဖြစ်သူ ဆမီရာ တစ်ယောက် အီဂျစ်ပြည်တွင် ရှိနေလျှင်လည်း အကောင်းသားဟု တွေးနေသည်။ သမီး ၏ အိမ်တွင်ဆိုလျှင် ယခုထက် ပိုလွတ်လပ်ပေလိမ့်မည်။ မြေးဖြစ်သူ တူးတူးသည် အခန်းထဲသို့ ရောက်လာ၏။ သူ၏ အဖေနှင့် အမေကို တစ်လှည့်စီ ကြည့်နေသည်။ ထို့နောက် အဖေ့ဆီသို့ ပြေးသွားကာ ပြေး ဖက်သည်။ အဘိုးကို နှုတ်ဆက်သည့်အခါတွင် အဘိုးက ပြုံးပြီး "ဘိုးဘိုး ဆီ လာပါဦး" ဟု ခေါ်သည်။

တူးတူးသည် တစ်ခါတလေသာ အဖေနှင့်အတူ အဘိုးထံ ရောက်ဖူးသည်။ အဘိုးက သူ့မြေးကို ချစ်သဖြင့် အလိုလိုက်သည်။ တူး တူးက အကျီစားသန်သည်။ သူနှင့် ကစားနေသူ လူကြီးများကို ခြေ ထောက်ဖြင့် ကန်သည်။ ကုတ်ခြစ်ပစ်တတ်သည်။ ထို့ကြောင့် အဖိုးသည် သူ့မြေးကို မသိမသာ ရှောင်၏။ ခပ်ဝေးဝေးမှသာ ချစ်ချင်တော့သည်။

တူးတူးက အဘိုးဆောင်းထားသည့် ဦးထုပ်ပြတ်ကို လက်ညှိုး ထိုးပြကာ "ခေါင်းပြဲ ခေါင်းပြဲ" ဟု အော်သည်။ သူ ပထမဆုံး စတင်မြင် တွေ့စဉ်က မြင်ခဲ့ရသော အဘိုး၏ ခေါင်းပြောင်ပြောင်ကြီးကို အပြခိုင်း ခြင်း ဖြစ်သည်။ သူ့ဆန္ဒ မပြည့်သည့်အခါ၌ တူးတူးသည် အဘိုး၏အရေ တွန့်သော မျက်နှာနှင့် ချိုင့်ဝင်နေသည့် နှာခေါင်းကို လက်ညှိုးထိုးပြကာ အမေးအမြန်း ထူနေပြန်သည်။

အဖေက ဟန့်သည့်တိုင် မရပါ။ ကလေးငယ်သည် သူ့ကို တကျီကျီ လာ၍ နှောင့်ယှက်နေတော့မည်ကို သိလိုက်သဖြင့် အကာ အကွယ်ကို တောင့်တလာသည်။ သို့ရာတွင် ဇနီးသည် ဇဟီးယား ဘယ် ရောက်သွားပြီနည်း။ သူ့နာရီ၊ သူ့ယင်ခြောက်သည့် ယပ်နှင့် သူ့ဆေးလိပ် တို့ကို ဘယ်သွားထားရမည်နည်း။ တူးတူးက အဘိုး၏ မျက်နှာကို စမ်း သပ်ကြည့်ရန် ရှေ့သို့တိုးလာသည်။ အဖေလုပ်သူက လှမ်းဆွဲလိုက်ကာ ကလေးထိန်းကို ခေါ်လိုက်သည်။ တူးတူးသည် ရန်းကန်အော်ဟစ်ရင်း ကလေးထိန်းလက်ထဲသို့ ပါသွား၏။

"ညနေ ကျွန်တော် အလုပ်ကပြန်လာရင် မူနီရာရော ကျွန်တော်ရော ကလပ်ကို သွားတယ် အဖေ။ ပျင်းရင် အဖေလည်း လိုက်ခဲ့ပါလား"

"ငါ့အတွက် ဒုက္ခမရှာပါနဲ့ကွာ၊ မင်းတို့ ခါတိုင်း သွားသလိုသာ သွားကြပါ"

ဆဘားနှင့် မူနီရာတို့ လင်မယားသည် ကလပ်သို့ ထွက်သွားကြ၏။ အဘိုးအိုသည် ထိုအခါကျမှ သူတစ်ယောက်တည်း နေခဲ့ရသဖြင့် အသက်ရှူချောင်သလိုလို ရှိသွားသည်။ သို့ရာတွင် တစ်ယောက်တည်း နေရသည်မှာ ဟာတာတာကြီးပါကလား။ သူသည် အခန်းတစ်ဝိုက်ကို ဝေ့ဝဲကြည့်လိုက်ပြီးနောက် ပျင်းခြောက်ခြောက်ကြီး ဖြစ်နေလေ၏။ ဤနေရာသစ်တွင် ဘယ်အခါကျမှများ အသားကျပါမည်နည်း။ ဇဟီးယား မရှိသည့် ဘဝတွင် မည်သည့်အခါမှ အထာကျပါမည်နည်း။ သူတို့လင်မယား လက်ထပ်ပြီးချိန်မှစ၍ သူတို့အိမ်သည် ဇဟီးယား၏ အုပ်ချုပ်မှုအောက်တွင် သာယာစိုပြည်ကာ သန့်ရှင်းသပ်ရပ်နေသည်။ တစ်အိမ်လုံး အမွှေးတိုင်နံ့ဖြင့် မွှေးလျက်ရှိသည်။ ယခု ဇဟီးယား မရှိသည့်နောက်တွင် ရမ်မဒမ် ဥပုသစ်စောင့်ခြင်း၊ ဥပုသ်ထွက်ရခြင်းတို့သည် ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။

ဇနီးသည်၏ အသုဘသည် သူ့ကျောင်းသားမျိုးဆက်ပေါင်းများစွာတို့ဖြင့် ကင်းဝေးနေသည်။ သူ့ကို မည်သူကများ အမှတ်ရကြပါသေးသနည်း။

ကာလအတန်ကြာက ထွက်ခွာသွားခဲ့ကြသော မိတ်ဆွေများကမူ ဤသို့ မဟုတ်။ သူတို့တွေ မရှိကြတော့သည့်တိုင် မွတ်စတာဖာကမီးလ်၏ အသုဘတုန်းက ရောက်လာကြသော သူ့မိတ်ဆွေဟောင်းများကို တစ်ယောက်ချင်း သတိရနေသည်။

အဘိုးအို၏ တစ်သက်တွင် ရောဂါကြီးကြီး ကျယ်ကျယ်ဟူ၍ မဖြစ်ဘူးသည့်တိုင် သူ့ဇနီးသည်မှာမူ ချူချာသည်။ သွေးလွန်တုပ်ကွေးရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အအေးမိရောဂါ စသဖြင့် တစ်လှည့်စီ ဖြစ်နေတတ်သည်။ နောက်ဆုံးတွင် သူ့ဇနီး ဇဟီယားသည် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ထိုအခါကျမှပင် သူသည် ဘဝကို ပို၍ခုံမင်တွယ်တာလာခဲ့သည်။ သူသည် ပြတင်းပေါက်အနီးသို့ လျှောက်လာခဲ့ကာ အဆောက်အအုံတွေကြားက လေးထောင့်ကွက်လပ်တစ်ခုထဲမှ ပန်းခြံတစ်ခုကို လှမ်းကြည့်နေသည်။ သား၏အိမ်ရှိ သူ့အခန်းမှ လှမ်းကြည့်လိုက်လျှင် သူ့အိမ်လို ဗလီကြီးကို မမြင်ရ။ ပူဆွေးခြောက်သွေ့သည့်

လေညှင်းသည် တသုန်သုန် တိုက်လာ၏။ သူ၏ အထီးကျန်ဖြစ်မှုကို လေးနက်အောင် လုပ်ပေးသည့်တိုင် အေးငြိမ်းသော တိတ်ဆိတ်မှုကို သဘောကျသွားသည်။ ဗြိတိသျှတို့ ကိုင်ရိုကို သိမ်းသည့်အချိန်က သူသည် လမ်းတွင်တွေ့သည့် မြင်းတစ်ကောင်ကို ကောက်စီးလာခဲ့သည်။ သို့ရာတွင် အဖေက အမှုဖြစ်မည် စိုးရိမ်သဖြင့် သူ့ကို ရိုက်ပြီး မြင်းကို ကိုင်ရိုတူးမြောင်းဘေးသို့ သွားလွှင့်ပစ်ခဲ့သည်။ ထိုစဉ်က ကိုင်ရိုတစ်မြို့လုံးသည် ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်းဖြင့် တုန်လှုပ်ချောက်ချားနေသည်။

သူထိုင်နေသည့် နေရာသို့ ပြန်လာသည့်အခါ၌ ကုလားထိုင်ခြေရင်းတွင် ကြောင်ကလေးတစ်ကောင်ကို တွေ့ရ၏။ ကိုယ်လုံးက အဖြူ အနက်ရောင် ထိပ်ကွက်ကလေးနှင့် ဖြစ်သည်။ ကြောင်ကလေး၏ ပြာလဲ့သော မျက်လုံးတွင် မိတ်ဆွေဖွဲ့လိုသော သဘောကို တွေ့ရသည်။ သူ့ဇနီး ဇဟီးယားသည် ကြောင် ချစ်တတ်သည်။ သူသည် ကြောင်ကလေးကို သဘောကျသဖြင့် ကုလားထိုင်ခြေရင်း ပတ်ပတ်လည်တွင် သွားလာနေသော ကြောင်ကလေးကို လိုက်ကြည့်နေသည်။ သူက ကျောကို ပွတ်ပေးလိုက်သည့်အခါတွင် ကြောင်ကလေးသည် သူ့ခြေထောက်ကို လာပွတ်သပ်နေသဖြင့် ပြုံးလိုက်မိသေးသည်။ သူက ကျော တစ်လျှောက်ကို ပွတ်သပ်ပေးလိုက်သည့်အခါတွင်လည်း ကြောင်ကလေးသည် သူ့လက်ဖဝါးအတွေ့ကို တုံ့ပြန်သည်။ သူ့ကျောကလေးသည်။ ပူနွေးလျက် ရှိကာ ပိန်လိုက် ဖောင်းလိုက် ဖြစ်နေသည်။ ယင်းမှာ ကြောင်ကလေးက သူ့ကို ခင်တွယ်ကြောင်း ပြသခြင်း ဖြစ်နေသည်ဟု သိလိုက်သဖြင့် ရေညှိရောင်သွားတွေ ပေါ်လာအောင် နောက်တစ်ကြိမ် ပြုံးလိုက်ပြန်သည်။ ကြောင်ကလေးက ပျော်သဖြင့် ခါးကို ကုန်းထားသည်။ သူက ကြောင်ကလေးကို နေရာပေးရန် ကိုယ်ကို ကျုံ့လိုက်စဉ် တဒုန်းဒုန်း ပြေးလာသော ခြေသံနှင့်အတူ "ဒါ သားသားကြောင်" ဟူသော တူးတူး၏အသံကို ကြားလိုက်ရ၏။

"အေး ဟုတ်တာပေါ့၊ ငါ့မြေးကြောင်ပေါ့" ဟု အဘိုးအိုက ပြောပြီး ကြောင်ကလေး၏ နာမည်ကို မေးသည်။

"နားဂစ်တဲ့ဗျ" ဟု တူးတူးက ဆောင့်ကြီးအောင့်ကြီး ဖြေကာ ကြောင်ကို လည်ကုပ်မှ ခပ်ကြမ်းကြမ်း ဆွဲလိုက်ကိုင်လိုက်ပြီး အပြင်သို့ ပြေးထွက်သွားသည်။

အဘိုးအိုက "အသာလုပ်ပါကွယ်။ အသာလုပ်ပါ"

ဟု ပြောကျန်ရစ်ခဲ့သည်။

ထိုစဉ် အဘိုးအိုသည် ရုတ်တရက် ထခုန်လိုက်မိသည်။ ဘာများပါလိမ့်။ သူ့နဖူးကို တစ်ခုခုလာမှန်သည်ဟု ထင်လိုက်သည်။ သူသည် စိတ်တိုတိုဖြင့် မျက်မှောင်ကုပ်လိုက်၏။ တူးတူးသည် သူ့ထံသို့ ပြန်ခုန်လာသော ဘောလုံးကလေးကို ကောက်ယူပြီး ရယ်နေသည်။ အဘိုးအိုသည် မျက်မှန်ကို ခိုက်မိသွားသလားဟု စိုးရိမ်သွားကာ မျက်မှန်ကို စမ်းလိုက်မိသည်။ ထို့နောက် သူသည် မာဘူကာကို လှမ်းခေါ်လိုက်သည်။ မာဘူကာက ဝရန်တာမှ ဝင်လာသော ဘောလုံးတစ်လုံးဖြင့် နောက်တစ်ကြိမ် မပစ်ခင် တူးတူးကို ခေါ်သွားသည်။

"ဒီကလေးက တော်တော်ရက်စက်တဲ့ ကလေးပဲ။ ကြောင်ကလေးတော့ ဒုက္ခပဲ"

လွန်ခဲ့သည့် ငါးနှစ်လောက်တုန်းက သူ့သမီး ဆာမီရာသည် တူးတူးအရွယ်ကလေးငယ် တစ်ယောက် ပျက်စီးခဲ့ဖူးသည်။ ထိုစဉ်က သူသည် မျက်ရည်ဝဲဝဲဖြင့် "တကယ်က ငါသေဖို့ ကောင်းတာ" ဟု ပြောခဲ့သည်။ အသုဘတုန်းက လာသမျှ ပရိသတ်သည် သက်ရွယ်ကြီးရင့်ကာ အိုမင်းလွန်းနေသော သူ့ကိုကြည့်၍ တအံ့တသြ ဖြစ်နေကြသည်ဟု သူထင်သည်။ ဆုံးသွားသည့် သုံးနှစ်ရွယ်မြေးကလေးနှင့် ဇရာဒုလ္လဘ ရောက်သည့်တိုင် မသေနိုင်သေးဘဲ ကျန်နေရစ်သော သူ့ကို ကြည့်၍ အချင်းချင်း တီးတိုးဝေဖန်နေကြပုံ ရသည်။ ထိုနေ့ညတွင် သူက သူ့ဇနီးသည် ဇဟီးယားအား "အသက်ရှည်ရှည် နေရတာလည်း ကျိန်စာတစ်ခုလိုပါပဲကွယ်" ဟု ပြောခဲ့ဖူးသည်။

ထိုစဉ် သူ့ဇနီးက "ဒီလိုလည်း ဘယ်ဟုတ်မလဲရှင်၊ ကျွန်မတို့လည်း ရှင့်အတွက် တတ်နိုင်သမျှ လုပ်ပေးရမှာပေါ့။ ရှင့်ကြောင့် ကျွန်မတို့မှာ ကောင်းကောင်းမွန်မွန်နေနိုင်ပြီး စီးပွားတက်တာ" ဟု ပြောခဲ့ဖူးသည်။

ညနေပိုင်းအလုပ်မှ ပြန်ရောက်လာသည့်အခါတွင် သားဖြစ်သူ ဆဘားက ... "ကျွန်တော်တို့နဲ့ ကလပ်မလိုက်ချင်ရင်လည်း မြို့လည်ကဖေးတစ်ခုမှာ အပျင်းပြေ သွားထိုင်ပါလား အဖေ၊ ဒီနားက ကဖေးတွေက ကောင်းပါတယ်" ဟု ပြောသည်။

အနီးအနားက အဖေးတစ်ခုကို ရွေးရလျှင် ကောင်းမည်ထင်သည်။ သူတို့ ရပ်ကွက်ထဲက မက်တာတီယျ ကဖေးကို သူသဘောကျသည်။ ထိုကဖေးမှာ အရင်ကတည်းက သူထိုင်နေကျ။ သူသည် ဘတ်စ်ကားမှတ်တိုင်သို့ လာခဲ့သည်။ သွက်သွက် မလျှောက်နိုင်သည့်တိုင် ကိုယ်

http://www.cherrythitsar.org



ကို မတ်၍ လျှောက်လာခဲ့သည်။ လက်ထဲတွင် တုတ်ကောက် တစ်ချောင်းကို ကိုင်ထားသည့်တိုင် တုတ်ကောက်ကို အားပြုခြင်း မရှိ။ လူများက သူ့ကို တအံ့တသြဖြင့် ကြည့်သွားကြသည်။ သူတို့ အံ့သြမှုထဲတွင် အားကျသည့် သဘောလည်း ပါနေသည်။

သူသည် ကောင်တာရှေ့တွင် သူထိုင်နေကျ စားပွဲလေးတွင် ထိုင်သည်။ "ကဖေးကလည်း လူရှင်းလှချည့်လား"ဟု ခပ်နောက်နောက် ပြောသည်။ အမှန်ကတော့ ကဖေးတွင် လူမရှင်းပါ။ စားပွဲလွတ်ဆို၍ နည်းနည်းသာ ရှိပါသည်။ သို့ရာတွင် သူ့အသိ မိတ်ဆွေကတော့ ရှင်းနေပါသည်။ သူသည် ဆိုင်ထဲသို့ ရောက်လျှင် သူ့မိတ်ဆွေဟောင်းများ ထိုင်သွားခဲ့သည့် စားပွဲများကို လှမ်းကြည့်ကာ ရေးဟောင်းနှောင်းဖြစ်တွေကို ပြန်တွေးနေသည်။ သူတို့ မျက်နှာတွေ၊ လှုပ်ရှားမှုတွေ၊ စကားတွေကို ပြန်သတိရသည်။ "အယ်– မူကာတမ်"သတင်းစာတွင် ပါသည့်သတင်းများကို ပြောကြသည်။ ဘက်ဂါမွန်ကစားဝိုင်းအကြောင်း၊ နိုင်ငံရေးအကြောင်းတို့ကို ပြောနေတတ်ကြပါသည်။ ဘုရားသခင်သည် သူ့အား သူ့မိတ်ဆွေများ၏ အသုဘများကို တစ်ခုပြီးတစ်ခု လိုက်ပို့ရမည်ဟု ဗျာဒိတ်ထားတော်မူခဲ့သည်ထင့်။ နောက်ဆုံးတွင်မူ တစ်ဦးတည်းသော အဖေဖြစ်သူ အလီပါရှားမာရန်သာ ကျန်တော့သည်။ ဤကုလားထိုင်မှာ သူထိုင်နေကျ ကုလားထိုင် ဖြစ်သည်။ အရပ်ပုပု၊ ပိန်ပိန်ပါးပါး၊ တောင်ဝှေးထောက်ကာ ခါးကိုင်းကိုင်းဖြင့် ခေါင်းတွင် ဆောင်းထားသည့် ဦးထုပ်ပြတ်ကလေးက ထူထဲဖြူဖွေးသည့် မျက်လုံးမွှေးပေါ်သို့ ရောက်လျက် သူသည် နေကာမျက်မှန်မည်းမည်းနောက်မှ နူးညံ့၍ မျက်ရည်တစ်ဝက်ဖုံးနေသော မျက်လုံးများဖြင့် သူ့မိတ်ဆွေကို ကြည့်ရင်း ...

"ကျုပ်တို့ နှစ်ယောက်လည်း ဘယ်သူအရင်သွားရမလဲ မသိဘူး" ဟု ပြောသည်။ ထို့နောက် သူသည် တဟားဟား ရယ်နေသည်။ ထိုအချိန်က သူသည် အဘိုးအို မာရန်းထက် နှစ်နှစ်ငယ်သည့်တိုင် လက်တွေတုန်စပြုနေလေပြီ။

အသက်ရှစ်ဆယ့်ငါးနှစ်အရွယ် မားရန် ကွယ်လွန်သည့်အခါ၌ အဘိုးအိုသည် အတန်ကြာမျှ နေမထိ ထိုင်မထိ ဖြစ်ကာ သောက ဖြစ်နေခဲ့သည်။ ထို့နောက်တွင်ကား လောကကြီးသည် ဟာလာဟင်းလင်း ဖြစ်သွားခဲ့လေပြီ။ ကဖေးသည်လည်း ထို့အတူပင်။

သူ့ရှေ့တွင် အာတာဘာပန်းခြံကြီး ရှိသည်။ သူ၏ မှုန်မွဲသော မျက်လုံးများထဲတွင် ခါတိုင်းလို ကျယ်ပြောလျက်။ သို့ရာတွင် ပန်းခြံသစ်

ဖြစ်နေလေပြီ။ မက်တာတိယျ ကလေးမှာလည်း နေရာကသာ မူလနေရာ ဖြစ်သည့်တိုင် အသွင်ပြောင်းနေလေပြီ။ အရင်တုန်းက သဘောကောင်းသည့် ဂရိလူမျိုး ဆိုင်ရှင်ကြီးလည်း ဘယ်ရောက်နေလေပြီ မသိ။ စက်ဘီး လက်ကိုင်တန်လို နှုတ်ခမ်းမွေးကားကားကြီးနှင့် စားပွဲထိုးကော။ ခိုင်ခန့် တောင့်တင်းသည့် ကုလားထိုင်ကြီးတွေ၊ တောက်ပနေသည့် ကျောက်ဖြူသား စားပွဲကြီးတွေ၊ ပြောင်လက်နေသည့် မှန်ကြီးတွေ၊ အချိုရည်နှင့် မုန့်တို့ဖြင့် ကျွေးသည့် နေ့လည်စာတွေ ထိုအရာများသည် ဘယ်သို့ ရောက်ကုန်ကြပြီနည်း။

သူသည် ၁၉၃၀ ခုနှစ်၊ ရှမင်အယ်နိုဆင်အားလပ်ရက်မှစ၍ အလုပ်မှ အငြိမ်းစား ယူခဲ့သည်။ ထိုနေ့ညက အက်ဇဘီကီယာ ဇာတ်ရုံကြီးတွင် မိတ်ဆွေ အပေါင်းအသင်းများနှင့်အတူ ဇာတ်ပွဲကြည့်ခဲ့သည်။ နောက်တစ်နေ့တွင် အလုပ်မှ အနားယူခဲ့သည့် အထိမ်းအမှတ်အဖြစ် ဘားရပ်ပျော်ပွဲစားရုံတွင် မိတ်ဆွေများကို ကျွေးမွေးသည်။ ထိုပွဲတွင် အာရဘီစာပြဆရာ ဖြစ်သည့် ရှိတ်အီဘရာဟင် ဇာနာတီက သူ့အတွက် စပ်ဆိုထားသည့် ကဗျာတစ်ပုဒ်ကို ရွတ်သည်။ ထိုညက အဘိုးအိုသည် ဘရန်ဒီ နည်းနည်းများကာ မူးသွားပြီး "လုပအတိတ်၊ မိတ်ဆွေများနှင့်၊ သွားလာအတူ၊ စားမူမခွဲ" စသည့် ကဗျာရွတ်သံကို နားထောင်ရင်း ပီတိဖြစ်နေခဲ့သည်။

ထိုညပွဲပြီးသည့်အခါ၌ သူသည် အိပ်ပျော်သွားသည်။ နတ်ပြည်သို့ ရောက်နေသည်ဟု အိပ်မက်မြင်မက်သည်။ အီဘရာဟင် ဇာနတိက သူ့မိတ်ဆွေသည် အသက်တစ်ရာရှည်ပါစေဟု ဆုတောင်းပေးခဲ့သည်။ ရှိတ်ဇနတိသည် ပင်စင်မယူမီ ကွယ်လွန်သွားခဲ့ပြီး ကဖေးမှာလည်း ဟာလာဟင်းလင်း ဖြစ်နေသည့်တိုင် သူကမူ သူဆုတောင်းပေးခဲ့သလို အသက်တစ်ရာပြည့်အောင် နေရလိမ့်မည် ထင်သည်။ စားပွဲထိုးက ကော်ဖီဇန်းကို လာသိမ်းသည်။ သို့ရာတွင် ဇန်းထဲက တစ်စက်မျှ မသောက်ရသေးသည့် ကော်ဖီခွက်ကို မြင်သဖြင့် တောင်းပန်ပြီး ပြန်ထွက်သွားသည်။

အိမ်သို့ ပြန်ရောက်သည့်အခါ၌ အိမ်ကြီးသည် တိတ်ဆိတ်စွာ အိပ်ပျော်လျက် ရှိ၏။ အိမ်ရှင်များမှာ ကလပ်မှ ပြန်မရောက်ကြသေး။ ပထမ ထမင်းစားခန်းက စားပွဲပေါ်တွင် သူ့အတွက် အဆင့်သင့် ပြင်ပေးထားသည့် ဒိန်ချဉ်ခွက်ကို တွေ့ရ၏။ သူသည် အကူအညီ မပါဘဲ သူ့အဝတ်အစားများကို ခက်ခက်ခဲခဲ လဲနေသည်။ ထို့နောက် စားပွဲတွင်

http://www.cherrythitsar.org



ထိုင်၍ ဒိန်ချဉ်သောက်ရင်း ကြောင်ကလေး နားဂစ်ကို သတိရနေသည်။ ကြောင်ကလေးကို ဒိန်ချဉ်တိုက်ရလျှင် ကောင်းမည်ထင်သည်။ ကြောင်ကလေးကို အဆွေခင်ပွန်းဖွဲ့ကာ ကိုယ့်ကိစ္စဖြင့်ကိုယ် အလုပ်များနေသည့် အိမ်ကြီးထဲတွင် အပေါင်းအဖော်ဖြစ်ရလျှင် မည်မျှ ကောင်းမည်နည်း။

သူသည် တစ်ဖက်သို့ လှည့်ကာ "ပူစီ ပူစီ မြီ မြီ၊ နားဂစ် နားဂစ် မြီမြီ" ဟု ခေါ်သည်။ ထမင်းစားခန်းနှင့် ကပ်လျက် တူးတူးနှင့် ကလေးထိန်းတို့ အိပ်သည့် အခန်းထဲမှ ကြောင်ကလေး၏ တညောင်ညောင် အော်သံကို ကြားရသည်။ သူသည် အတန်ကြာ စဉ်းစားပြီးနောက် တံခါးအနီးသို့ ကပ်လာခဲ့ကာ တွန်းဖွင့်လိုက်၏။ ကြောင်ကလေးသည် အမြီးကို တန်းနေအောင် ထောက်ကာ တံခါးကြားမှ ထွက်သွားသည်။

အဘိုးအိုသည် ကျေနပ်သွားကာ သူ့အခန်းဆီသို့ ပြန်လာခဲ့သည်။ ကြောင်ကလေးက နောက်မှ လိုက်လာ၏။ သို့ရာတွင် တူးတူး၏ အခန်းဘက်မှ ဒေါသတကြီး အော်လိုက်သည့် အသံပေါ်လာသည်။ ကောင်လေး ကောင်းကောင်း အိပ်မပျော်သေးဟု တွေးမိကာ သူပြုံးလိုက်သည်။ ထိုစဉ် တူးတူးသည် တဒုန်းဒုန်း ပြေးဝင်လာကာ ကြောင်ကို ခုန်အုပ်လိုက်ပြီးနောက် လည်ကုပ်မှ ဆွဲကိုင်လိုက်သည်။ အဘိုးအိုက ကြောင်ကလေး၏ ခေါင်းကို အသာပွတ်ရင်း "အသာကိုင်ပါ ငါ့မြေးရယ်" ဟု ပြောသည်။

သို့ရာတွင် တူးတူးသည် လည်ကုပ်ကို အတင်းပို၍ တင်းကျပ်စွာ ဆုပ်ကိုင်သဖြင့် ကြောင်ကလေး လည်ပင်းအစ်၍ သေတော့မည်လားဟု ထင်လိုက်မိပါသည်။

"ကဲ ကဲ မင်းအခန်းကို ပြန်ပါကွယ်။ ဘိုးဘိုး လာပို့ပါမယ်"

သို့ရာတွင် တူးတူးက နားမထောင်ပါ။ သူသည် ငုံ့ကာ တူးတူးလက်ထဲမှ ကြောင်ကို ယူလွှတ်ပေးလိုက်သည်။

"ဘိုးဘိုး သူ့ကို အစာကျွေးလိုက်ဦးမယ်။ ပြီးတော့ သားသားဆီ လာပို့ပေးမယ်"

တူးတူးသည် ဒေါသတကြီးဖြင့် ထခုန်လိုက်ပြီးနောက် အဘိုးအိုကို တွန်းလိုက်၏။ အဘိုးအိုသည် ယိုင်သွားကာ နောက်သို့ လဲကျသွားသည်။ အုတ်နံရံခံနေ၍ ကြမ်းပေါ်သို့ မလဲခြင်း ဖြစ်သည်။ အဘိုးအိုသည် ရင်ခွင်ထဲတွင် ကြောင်ကို ပွေ့ထားလျက်မှ ကိုယ်ကို ပြန်မမတ်နိုင်သေးဘဲ ယိုင်နေသည်။ ခေါင်းထဲတွင်လည်း အနည်းငယ် မူးသလိုလို ရှိသည်။

သူသည် ခြေတစ်ဖက်ကို ကြမ်းပြင်တွင် ထောက်ပြီး ပခုံးတစ်ဖက်ဖြင့် နံရံကို မှီရန် ကြိုးစားသည်။ သို့ရာတွင် ကိုယ်ကို မဟန်နိုင်သေး။ လက်ထဲတွင် ပိုက်ထားသည့် ကြောင်ကလေးက လက်မောင်းထဲမှ လျှိုထွက်ကာ ပခုံးပေါ်သို့ တက်လာသည်။

ခေါင်းထဲတွင် တရိပ်ရိပ် မူးနေသည့်တိုင် သူ့အရိုးများကို လာ၍ ခြိမ်းခြောက်နေသော အန္တရာယ်ကို သူသိသည်။ ထို့ကြောင့် ကျန်သမျှ အားအင်ကလေးကို စုစည်းကာ သူ့အိမ်က မိန်းမကြီးကို လှမ်းခေါ်သည်။

"မူဘာကာ၊ မူဘာကာ"

တူးတူးက အော်ဟစ်ကာ အဘိုးအိုကို ဒုတိယအကြိမ် တိုက်ခိုက်ရန် ဟန်ပြင်နေပြန်သည်။ အဘိုးအိုသည် သူ့ကိုယ်သူမဟန်နိုင်တော့။ ပို၍ မောပန်းလာကာ အော်ခေါ်ရန်လည်း အားမရှိတော့။ တူးတူးက အရှိန်ယူ၍ ခုန်အုပ်ကာ အဘိုးအို၏ ပခုံးပေါ်တွင် ရှိနေသည့် ကြောင်ကို လှမ်းဆွဲလိုက်သည်။ သို့ရာတွင် အခန်းထဲမှ အိပ်ချင်မူးတူးဖြင့် ထွက်လာသည့် ကလေးထိန်းက တူးတူး၏ခါးကို လှမ်းဆွဲလိုက်သည်။ မူဘာကာမှာလည်း ဆူဆူညံညံ အသံတွေကြောင့် အိပ်ရာမှ နိုးလာကာ သူ့သခင်ဆီသို့ ပြေးလာသည်။

မူဘာကာသည် သူ့သခင်ကို နောက်မှ လှမ်းဆွဲကာ ကိုယ်ကို ထိန်းပေးသည်။ အဘိုးအိုက ညည်းနေသည်။ အဘိုးအိုသည် ကျောက်ရုပ်ကြီး တစ်ရုပ်ကို မလှုပ်မယှက် ရပ်နေစဉ် ကြောင်ကလေးက ပခုံးပေါ်မှ ခုန်ဆင်းပြီး ထွက်ပြေးသွားသည်။

အဘိုးအိုသည် မူဘာကာကို တွဲကာ ပင်ပန်းကြီးစွာဖြင့် ကုလားထိုင်ဆီသို့ ပြေးလာခဲ့သည်။ အဘိုးအိုက ကုလားထိုင်တွင် တိတ်ဆိတ်စွာ ထိုင်နေစဉ် သူ့ကို ထိန်းသည့် မူဘာကာကလည်း သူ့အခြေအနေကို တဖွဖွ မေးနေသည်။ အဘိုးအိုသည် သူစိတ်မပူရန် လက်ဖြင့် အချက်ပြကာ ခေါင်းကို ကုလားထိုင်နောက်မှီတွင် တင်မှိန်းရင်း ခြေနှစ်ချောင်းကို ဆန့်တန်းကာ အသက်ကို ပြင်းစွာ ရှူနေသည်။ ထို့နောက် မျက်လုံးများကို ဝှက်ထားလိုက်သည်။

ထိုစဉ် ကွယ်လွန်သူ တစ်ယောက်ကို ရည်စူးကျင်းပသည့် အထိမ်းအမှတ်ပွဲ တစ်ခုကို သူသွားသတိရသည်။ သူသည် စင်မြင့်ပေါ်သို့ တက်၍ စကားပြောပြီးနောက် အောက်သို့ ဆင်းလာခဲ့ကာ မိတ်ဆွေတစ်ယောက်၏ ဘေးကုလားထိုင်တွင် ဝင်ထိုင်သည်။ မိတ်ဆွေက ကိုယ်ကို ဘေးသို့ ယိုင်ကာ သူ့ကို ချီးကျူးစကားပြောနေသည်။ သို့ရာတွင် ထိုမိတ်

http://www.cherrythitsar.org



ဆွေသည် မည်သူနည်း။ ထိုမိတ်ဆွေကို သူပြန်၍ သတိရရမည်ဟုတော့ သူယုံကြည်သည်။ သူ့လို လူကို သတိမရသည့်အတွက် သူနည်းနည်း ကလေးမျှ မကျေနပ်။ သူ့မိတ်ဆွေသည် တစ်သက်တွင် သူမမေ့နိုင်သော ချီးကျူးစကားမျိုးကို ပြောသွားခဲ့သည်။ တစ်ချိန်တွင်တော့ ပြန်၍ သတိရ ဦးမည်ဟု သူထင်သည်။

သူသည် လက်ခုပ်သြဘာသံများကို ကြားယောင်နေသည်။ ကြောင်များ၏ အော်သံသည် ကျယ်လောင်လာသည်။ ကလေးငယ်များ ၏ အော်သံကို ကြားရ၏။ သူ့မိတ်ဆွေသည် နောက်တစ်ကြိမ် ကိုယ်ကို သေားသို့ ယိမ်းကာ ချီးကျူးစကား ပြောပြန်သည်။ ထိုရှုခင်း၊ ထိုမိတ်ဆွေ၊ ထိုစကားများ အားလုံးကို သူမှတ်မိဦးမည်ဟုတော့ သူစိတ်ချ ယုံကြည် နေဆဲ ဖြစ်သည်။

ခဏကြာလျှင် သူသည် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *The Empty Cafe* ကို ပြန်ဆိုပါသည်။)

[ကလျာ၊ အောက်တိုဘာ၊ ၁၉၉၆]

# မင်္ဂလာည

ထိုနေရာသည် လမ်းမကြီး တစ်ခုအနီးရှိ မထင်မရှား လမ်းကြားကလေးတစ်ခုထဲမှ အခန်းကလေး တစ်ခန်း ဖြစ်သည်။ အခန်းအလယ်ခေါင်တွင် အရက်ရောင်းသည့် ခုံတန်းတစ်ခုနှင့် ပုလင်းများဖြင့် အလှပြင်ထားသည့် စင်တစ်စင် ရှိ၏။ ထိုနေရာကလေးကို "မာလာဦး" ယမကာဆိုင်ဟု ခေါ်ပြီး အရက်ချိုးကပ်နေသည့် အဘိုးကြီးများ လာရောက် စုဝေးလေ့ရှိကြသည်။ အရက်ရောင်းသူကလည်း တော်တော်အိုပြီး စကားနည်းသူဖြစ်သည်။ သို့ရာတွင် ဖော်ရွေပျူငှာသော အသွင်ကို ဆောင်၏။ ထို့ကြောင့် "မာလာဦး" ယမကာဆိုင်ကလေးသည် အခြားသော ယမကာဆိုင်များနှင့် မတူ၊ ကြည်နူးဖွယ်ကောင်းသည့် ငြိမ်သက်မှုထဲတွင် ငိုက်မျဉ်းနေသကဲ့သို့ ရှိ၏။ ဆိုင်သို့ လာသည့် ဖောက်သည်များကလည်း အချင်းချင်း စိတ်ဖြင့် စကားပြောကြသည့်နှယ် ရှိ၏။ စကားလုံးဖြင့် မပြောကြဘဲ မျက်လုံးချင်းသာ ပြောကြ၏။ ထိုသို့ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသည့် ညကမူ ဆိုင်ရှင်သည် သူ၏ အစဉ်အလာကို တုဏှိဘာဝေ ပြုမှုကို စွန့်ခွာလိုက်သည်။

"မနေ့က အိပ်မက်တစ်ခု မက်တယ်ဗျ။ ကံကောင်းတဲ့ လူတစ်ယောက်မှာ ထူးခြားတဲ့ လက်ဆောင်တစ်ခု ရှိလို့တဲ့"

နူးညံ့ချိုအေးသည့် ပလွေသံနှင့်အတူ "ဆာဖဝမ်"၏ နှလုံးသားသည် သီချင်းတစ်ပုဒ်ကို သီကျူး၏။ "အို ကောင်းသော မင်္ဂလာညပါ။

http://www.cherrythitsar.org



မင်္ဂလာညပါ” ဆိုသည့် စကားလုံးများဖြင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်ရင်း အယ်လ်ကိုဟောလိုင်းများသည် လျှပ်စစ်စီးကြောင်းများသဖွယ် သူ့ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်စီးဆင်းနေကြ၏။

သူသည် ရေချိန်ကိုက်ပြီ ဖြစ်သဖြင့် ယိုင်ထိုးယိုင်ထိုးဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့ကာ ကြယ်တို့ လက်နေသည့် ဆောင်းဦးပေါက် ကောင်းကင်အောက်က တည်ကြည် မြင့်မြတ်သည့် ညအမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူသည် ပန်းခြံကွက်လပ်ကြီးကို ဖြတ်ကာ နုဇဟာလမ်းဆီသို့ လျှောက်လာခဲ့သည်။ သူ့စိတ်သည် ပေါ့ပါးရွှင်လန်းလျက် ရှိ၏။ လေးလံထိုင်းမှိုင်းခြင်း နည်းနည်းကလေးမှ မရှိ။ လမ်းမီးတိုင်များ၏ မီးရောင်မှအပ လမ်းမကြီးသည် အမှောင်ထုကြီးအောက်တွင် ကုပ်နေ၏။ ဆိုင်များမှာလည်း ပိတ်ကုန်ကြလေပြီ။

သူသည် သူ့အိမ်ရှေ့တွင် ရပ်၏။ လက်ျာဘက်မှစ၍ ရေလျှင်စတုတ္ထမြောက် အိမ်။ အိမ်နံပါတ်က ၄၂။ အိမ်ရှေ့တလင်းပြင်ကလေး သာရှိသည့် တစ်ထပ်အိမ်ကလေး။ အိမ်ရှေ့ကွက်လပ်ထဲတွင် စွန်ပလွံပင်တစ်ပင်မှအပ အခြားဘာပင်မျှ မရှိ။ အိမ်ရှေ့တွင် မှောင်မည်းနေသဖြင့် သူအံ့အားသင့်သွားသည်။

ခါတိုင်းဆိုလျှင် သူ့ဇနီးသည်သည် အိမ်ရှေ့က မီးလုံးကလေးကို ဖွင့်ပေးထားနေကျ။ အိမ်ကလေးကို ကြည့်ရသည်မှာ မှုန်ကုပ်လျက် အထီးကျန်နိုင်ပြီး အသက်ကြီးသူတို့ အနံ့လို အနံ့တစ်မျိုး ထွက်နေသည်ဟု သူထင်သည်။ သူသည် အသံကို မြှင့်ကာ “ဟေ့ မိန်းမရေ၊ မိန်းမရေ” ဟု ခေါ်သည်။

အိမ်ဝင်းထရံနောက်ကွယ်မှ လူတစ်ယောက် ထွက်လာကာ ချောင်း တဟွတ်ဟွတ် ဆိုးနေ၏။ ဆာဖဝမ်သည် လူစိမ်းကို မြင်လိုက်သဖြင့် လန့်သွား၏။

“ခင်ဗျားက ဘယ်သူလဲ။ ဘာကိစ္စ ကျုပ်အိမ်ကို လာတာလဲ”

“ဘာ ခင်ဗျားအိမ် ဟုတ်လား” ဟု ထိုသူက စိတ်ဆိုးဆိုးဖြင့် ပြန်မေးသည်။

“ခင်ဗျားက ဘယ်သူလဲ”

“ကျုပ်က သာသနာမြေတွေကိုစောင့်တဲ့ ဂေါပကလူကြီး”

“ဒါ ကျုပ်အိမ်ပဲဗျ”

“ဒီအိမ်မှာ လူမနေတာ ကြာလှပြီဗျ။ တစ္ဆေခြောက်တယ်ဆိုလို့ ဘယ်သူမှ မနေကြဘူး” သူက လှောင်သလို ပြောသည်။

http://www.cherrythitsar.org



သူလမ်းမှားလာပြီဟု ဆာဖဝမ် ထင်လိုက်သည်။ ထို့ကြောင့် ပန်းခြံဘက်သို့ ပြန်လှည့်လာခဲ့၏။ သူသည် လမ်းကို သေသေချာချာ ပြန်ကြည့်သည်။ ထို့နောက် လမ်းထိပ်က ဆိုင်းဘုတ်ကို မော့ကြည့်ပြီး အသံထွက်ဖတ်သည်။ "ဇနုဟာ" လမ်းတဲ့။ သူသည် လမ်းထဲသို့ ပြန်ဝင်လာခဲ့ပြီး အိမ်များကို ရေတွက်၍ လျှောက်လာကာ စတုတ္ထမြောက်အိမ် ရှေ့တွင် ရပ်လိုက်သည်။ ကြည့်လိုက်သည့်အခါတွင် သူအကြီးအကျယ် အံ့အားသင့်သွား၏။ လန့်လည်း လန့်သွားသည်။ သူ့အိမ်ကို မတွေ့ရပါ။ တစ္ဆေခြောက်သည်ဆိုသည့် အိမ်ကိုလည်း မတွေ့ရတော့ပါ။ ယင်းအစား ဟာလာဟင်းလင်း ဖြစ်နေသည့် ကွက်လပ်ကိုသာ တွေ့ရသည်။

"ငါ့အိမ်ပဲ ပျောက်သွားတာလား၊ ငါပဲ ရူးသွားတာလား" ဟု သူ့ဘာသာသူ တွေးနေသည်။

ဈေးဆိုင် သော့ခလောက်များကို လာစစ်ဆေးသည့် ရဲတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ သူသည် ရဲ သူ့အနီးသို့ ရောက်လာအောင် စောင့်ကာ ကွက်လပ် ဖြစ်နေသည့် နေရာကို လက်ညှိုး ထိုးပြလိုက်ရင်း ...

"ဒီနေရာမှာ ခင်ဗျား ဘာမြင်ရသလဲ ကြည့်စမ်း"

ရဲက သူ့ကို မသင်္ကာသည့် အကြည့်ဖြင့် ကြည့်သည်။

"ဘာမြင်ရမှာလဲဗျ။ ခင်ဗျားမြင်တဲ့ အတိုင်းပေါ့။ ကွက်လပ်ကြီးပေါ့။ အရပ်ထဲမှာ အသုဘတို့ ဘာတို့ရှိရင် ဒီမှာပဲလာပြီး မဏ္ဍပ်ထိုးကြတာပဲ"

"အဲဒါ ကျွန်တော့် အိမ်နေရာဗျ။ ခု ကျွန်တော့်အိမ် ဘယ်ရောက်သွားပြီလဲ၊ ကျွန်တော် ထွက်လာတုန်းက ကျွန်တော့်မိန်းမ အိမ်မှာ ကျန်ရစ်ခဲ့တယ်။ မာမာချာချာကြီး၊ ဒီနေ့ညနေပိုင်းကတင် ထွက်လာခဲ့တာ၊ ခု တစ်ညနေအတွင်းမှာ အိမ်ကို ဖြိုချပြီ အစအနမကျန်အောင် ဘယ်လို လုပ်ပစ်လိုက်ကြသလဲ၊ ဘယ်မလဲ ကျွန်တော့်အိမ်"

ရဲသည် တာဝန်အရ ဣန္ဒြေဆောင်ထားရသော ခပ်စိမ်းစိမ်း အကြည့်နောက်ကွယ်မှ ကျိတ်၍ ပြုံးလိုက်သည်။ ထို့နောက် လေသံခပ်ပြတ်ပြတ်ဖြင့် ... "ဒါတော့ ကျုပ် ဘယ်သိမလဲဗျ။ ခင်ဗျား ဗိုက်ထဲ ရောက်သွားတဲ့ အဆိပ်ရည်ကို မေးကြည့်ပေါ့"

"ဟေ့လူ၊ ခင်ဗျား ကျုပ်ကို ဘာအောက်မေ့နေသလဲ။ ကျုပ်က အငြိမ်းစား အထွေထွေမန်နေဂျာဗျ။ ဘာမှတ်နေသလဲ"

ရဲက သူ့လက်မောင်းကို ဆွဲခေါ်သည်။

http://www.cherrythitsar.org



"အများပြည်သူ သွားလာနေတဲ့ လမ်းမကြီးပေါ်မှာ မူးပြီး ရမ်းနေတဲ့ လူ၊ လိုက်ခဲ့"

ရဲက "ဆာဖဝမ်"ကို "ဒဟာ"ရဲစခန်းသို့ ခေါ်သွား၏။ ရဲစခန်းရောက်လျှင် ရဲအရာရှိသည် သူ့အသက်အရွယ်နှင့် ရည်ရည်မွန်မွန် ရှိသည့် သူ့ပုံပန်း သဏ္ဌာန်ကြောင့် စိတ်မကောင်း ဖြစ်ဟန် ရှိနေပုံရသည်။

"မှတ်ပုံတင်ကတ်ကော"

ဆာဖဝမ်သည် မှတ်ပုံတင်ကတ်ကို ထုတ်ပြ၏။

"ကျုပ်ဘာမှ မဖြစ်ဘူးဗျ။ အကောင်းပကတိပဲ။ ကျုပ်အိမ်က တကယ့်ကို မရှိတော့တာ"

ရဲအရာရှိက ရယ်လိုက်ရင်း ...

"ခုတစ်လောမှာ ခိုးမှု အသစ်အဆန်းတွေ ပေါ်နေတယ် ထင်တယ်။ စံပါပဲဗျာ"

"ကျုပ် အမှန်ပြောနေတာ" ဆာဖဝမ်က အလန့်တကြားဖြင့် ပြောသည်။

"အမှန်ပြောလို့ ခက်နေတာပေါ့ဗျ။ ခင်ဗျား အသက်ကြောင့်ဗျာ။ နို့မို့ရင် မလွယ်ဘူး။ ဟေ့ သူ့ကို အိမ်နံပါတ် ၄၂၊ နဇဟာလမ်းကို လိုက်ပို့လိုက်စမ်းကွာ"

ရဲအရာရှိက ရဲသားကို လှမ်းပြောသည်။

ရဲသားနှင့်အတူ ဆာဖဝမ်သည် သူ့အိမ်ရှေ့သို့ ပြန်ရောက်လာခဲ့သည်။ အရက်မူးနေသည့်တိုင် သူ့စိတ်ထဲတွင် ရှုပ်ထွေးနေသည်။ သူသည် ဝင်းတံခါးကို ဖွင့်ပြီး အိမ်ရှေ့ကွက်လပ်ကို ဖြတ်လာခဲ့သည်။ အဝင်ဝက မီးကိုဖွင့်လိုက်သည့်အခါတွင် သူမရောက်ဖူးသော အိမ်ထဲသို့ ရောက်နေသောကြောင့် ဖြစ်၏။

ယခု သူရောက်နေသည့် အိမ်နှင့် သူရာစုနှစ် တစ်ဝက်လောက် နေခဲ့သည့် အိမ်အဝင်ဝသည် လားလားမျှ မတူ။ သူ့အိမ်က ပရိဘောဂများနှင့် အိမ်နံရံများမှာ ဟောင်းနွမ်းနေကြပြီ ဖြစ်၏။ သူသည် လူမသိခင် ထိုအိမ်ထဲမှ ပြန်ထွက်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် လမ်းမသို့ ပြေးထွက်လာခဲ့သည်။ သူသည် လမ်းမတွင် ရပ်ရင်း အိမ်အခြေအနေကို အကဲခတ်သည်။

မှန်ပါသည်။

အပြင်ပန်းအားဖြင့် ကြည့်လျှင် သူ့အိမ် ဖြစ်ပါသည်။ ထိုအိမ်တံခါးကိုလည်း သူ့သောဖြင့် ဖွင့်ခဲ့ပြီ ဖြစ်ပါသည်။ သို့ရာတွင် အထဲတွင်

အဘယ့်ကြောင့် ပြောင်းလဲနေရသနည်း။ အိမ်ထဲတွင် မီးပဒေသာ ပန်းဆိုင်က တွဲလွဲကျလျက်။ ကြမ်းခင်းကော်ဇောကလည်း အသစ်စက်စက်။ တစ်နည်းပြောရလျှင် ထိုအိမ်သည် သူ့အိမ်။ တစ်နည်းပြောရဦးမည်ဆိုလျှင် ထိုအိမ်သည် သူ့အိမ်မဟုတ်။ သူ့ဇနီး "ဆာဒြိယ" ကော ဘယ်မှာနည်း။

"ငါ အရက်သောက်လာတာ ရာစုနှစ် တစ်ဝက် ရှိပြီ။ ဒီနေ့ည ကျမှ ဘာဖြစ်တာလဲ" ဟု သူ့ပါးစပ်မှ ထုတ်ပြောမိသည်။

အိမ်ထောင်ကျနေသည့် သူ့သမီး ခုနှစ်ယောက်တို့က သူ့ကို မျက်ရည်ဖုံးသော မျက်လုံးများဖြင့် ကြည့်နေသည်ဟု စိတ်တွင် ထင်၏။ သို့ရာတွင် သူ့ပြဿနာကို အာဏာပိုင်တွေ သွား၍ အရှင်းမခိုင်းချင်။ သူ့ဘာသာသူ ရှင်းရန် သူဆုံးဖြတ်သည်။ ရဲတို့ ဘာတို့ သွားတိုင်လျှင် ဥပဒေတွေ ဘာတွေနှင့် ရှုပ်ကုန်ဦးမည်။ သူသည် ခြံစည်းရိုးနားသို့ ကပ်လာခဲ့ကာ လက်ခုပ်တီးသည်။ တံခါးပွင့်လာကာ သဏ္ဍာန်တစ်ခုပေါ်လာသည်။

"အပြင်မှာ ဘာလုပ်နေတာလဲ" ဟူသော မိန်းမအသံ တစ်သံကို ကြားရ၏။

လူစိမ်းတစ်ယောက်အသံဟု စိတ်ထဲတွင် ထင်လိုက်သည်။ သို့ရာတွင် မသေချာ။

"ဒီအိမ်က ဘယ်သူ့အိမ်လဲဗျာ" ဟု သူမေးသည်။

"ရှင် တော်တော် မူးနေသလား။ ဘယ်လောက်များ သောက်လာခဲ့သလဲ မသိဘူး"

"ကျုပ် နာမည် ဆာဖဝမ်ပါ"

"ကဲပါရှင် လာစမ်းပါ။ တော်တော်ကြာ အရပ်က နိုးလာလိမ့်မယ်"

"ဘယ်သူလဲ၊ ဆာဒြိယလား"

"ဒုက္ခပါပဲနော်၊ လာစမ်းပါလို့ဆိုနေ၊ ဧည့်သည် ရောက်နေတယ်။ ရှင်နဲ့ တွေ့ချင်လို့တဲ့၊ စောင့်နေတယ်"

"ဒီအချိန်ကြီးမှာ ဘယ်က ဧည့်သည်လဲကွ"

"ဆယ်နာရီထိုးကတည်းက စောင့်နေတာ"

သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းသည်။ သူက ထပ်မေး၏။

"မင်း ဆာဒြိယ ဟုတ်တယ်နော်"

http://www.cherrythitsar.org



သူက စိတ်မရှည်နိုင်တော့ ...

"သေလိုက်ပါလားတော်၊ ဒုက္ခပါပဲ"

သူသည် ရှေ့သို့တိုးလာခဲ့သည်။ ပထမတွင် မသိမသာ တိုးလာခဲ့သည်။ ထို့နောက် သတိမထားဘဲ တိုးဝင်လာခဲ့ရာ အိမ်တံခါးဝ အသစ်တစ်ခုသို့ ရောက်သွားသည်။ ဧည့်ခန်းတံခါးမှာ ပွင့်နေပြီး အထဲတွင် မီးရောင် ထိန်လင်းနေသည်။ အမျိုးသမီးမှာမူ ပျောက်ကွယ်သွားလေပြီ။ သူသည် အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းမှာလည်း အဝင်ဝကဲ့သို့ပင် အဆင်အပြင် သစ်နေသည်။ ရှေးဟောင်းအိမ်ထောင်ပရိဘောဂရှိသည့် မိမိ၏ ဧည့်ခန်းဟောင်းသည် ဘယ်ရောက်သွားပြီနည်း။ နံရံများမှာ မကြာခင်ကမှ ဆေးသုတ်ထားခြင်းဖြစ်ပြီး မီးပဒေသာ ဖန်ဆိုင်းကြီးမှာလည်း စပိန်ပုံစံ မီးလုံးတွေ ထွန်းထားသည်။ ကော်ဇောမှာ အပြာရောင်ဖြစ်ပြီး ဆိုဖာအကြီးကြီးတစ်လုံးနှင့် လက်တင်ကုလားထိုင်များ ရှိသည်။

အခန်းမှာ တော်တော် သားနားသည့် အခန်း ဖြစ်သည်။ ဧည့်ခန်းထဲတွင် သူတစ်ခါမျှ မမြင်ဖူးသည့် လူတစ်ယောက် ထိုင်နေသည်။ ပိန်ပိန်ပါးပါး၊ အသားညိုညို၊ ကြက်တူရွေးနှုတ်သီး နှာခေါင်းမျိုး ရှိပြီး မျက်လုံးမှာ ဂနာမငြိမ် ဖြစ်လျက် ရှိ၏။ ဆောင်းဦးပေါက်ခါစ ဖြစ်သည့်တိုင် ထူထဲသည့် ဆောင်းဝတ်စုံကြီးကို ဝတ်ထားသည်။ ထိုလူသည် စိတ်တိုနေဟန်ဖြင့် ..."နောက်ကျလှချည့်လားဗျ။ ချိန်းထားတာက အစောကြီး ချိန်းထားတာ"

ဆာဖဝမ်သည် တအံ့တဩ ဖြစ်သွားကာ စိတ်ဆိုးမာန်ဆိုးဖြင့်

"ဘယ်မှာ ချိန်းထားလို့လဲ။ ခင်ဗျားက ဘယ်သူလဲ"

"ဒီလို ပြောလိမ့်မယ်လို့ ကျုပ်ထင်သားပဲ။ ခင်ဗျား ကျုပ်ကို မေ့နေပြီ ထင်တယ်။ မှားသလား၊ မှန်သလားတော့ မသိဘူး။ နေ့တိုင်း ဒီစကားမျိုးကိုချည်းပဲ ကြားနေရပါကလား။ ဒါတွေ ပြောမနေနဲ့ဗျာ။ ပြောနေလို့ ဘာမှ အကျိုးမထူးဘူး"

"ဟေ့လူ ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ" ဟု ဆာဖဝမ်က စိတ်ပျက်လက်ပျက်ဖြင့် အော်သည်။

ထိုလူသည် သူ့ကိုယ်သူ ချုပ်တည်းထားရဟန်ဖြင့် ...

"ခင်ဗျား အရက်ကြိုက်တတ်မှန်း သိပါတယ်ဗျာ။ တစ်ခါတစ်လေမှာ ခင်ဗျား ဘယ်လောက် မူးတတ်သလဲ ဆိုတာလည်း သိပါတယ်"

"ခင်ဗျားက ဘာလဲ၊ ပြောပုံက ပိုင်စိုးပိုင်နင်းနဲ့၊ ကျုပ်ကို ခင်ဗျား တပည့်လေးများ အောက်မေ့နေသလား၊ ခင်ဗျား ဘယ်ကလဲ၊ ခင်ဗျားကို

ကျုပ်မသိဘူး။ ပိုင်ရှင်မရှိဘဲ သူများအိမ်ထဲမှာ ဝင်တဲ့လူ၊ တော်တော်အံ့ဩဖို့ ကောင်းတဲ့လူ"

"မကြားဖူးပေမယ့် ဖြစ်သွားပြီလေဗျာ။ ခင်ဗျားက မူးပေမယ့် အိုက်တင်တော့ လုပ်သားတတ်ပဲ"

အလွန်စိတ်လှုပ်ရှားလျက် ...

"ဟော့လူ၊ ခုချက်ချင်း ထွက်သွား" ဟု အော်သည်။

"ကဲဗျာ၊ နောက်ဆုံး လုပ်စရာရှိတာကို လုပ်ရအောင်၊ စာချုပ်လက်မှတ်ထိုးရမယ်" ဟု ထိုလူက အတည်ပေါက်လေသံဖြင့် ပြောသည်။

သူသည် ထိုင်ရာမှ ထကာ အတွင်းခန်း တစ်ခုစီသို့ လျှောက်သွားသည်။ ပိတ်ထားသော တံခါးကို ခေါက်လိုက်ပြီးနောက် သူ့နေရာတွင် ပြန်ထိုင်နေသည်။ မကြာခင်မှာပင် အရပ်ပုပု နဖူးမောက်မောက်နှင့် ခွေးပုနှာခေါင်းမျိုးရှိသည့် လူတစ်ယောက်သည် စာရွက်တွေ ညှပ်ထားသည့် ဖိုင်ကြီးတစ်ခုကို ချိုင်းကြားတွင် ညှပ်ပြီး အခန်းထဲသို့ ဝင်လာသည်။ သူသည် ဦးညွှတ်၍ နှုတ်ဆက်လိုက်ပြီးနောက် ထိုင်လိုက်သည်။ ဆာဖဝမ်သည် သူ့ကို စားမတတ်၊ ဝါးမတတ် မျက်လုံးများဖြင့် ကြည့်ကာ ...

"နေစမ်းပါဦး၊ ကျုပ်အိမ်က ဘယ်အချိန်တုန်းက လူလေ လူလွင့်တွေရဲ့ ဂေဟာ ဖြစ်သွားရတာလဲ"

ပထမ လူက နောက်ဝင်လာသူကို ညွှန်ပြကာ ...

"ကျုပ် ရှေ့နေလေ"

ဆာဖဝမ်က ခပ်သွက်သွက်ဖြင့် ...

"ကျုပ်အိမ်ထဲကို ဘယ်သူ့ ခွင့်ပြုချက်နဲ့ဝင်တာလဲ"

ရှေ့နေက ခပ်ပြုံးပြုံးဖြင့် ...

"ခင်ဗျား ဆက်ဆံပုံက သိပ်ရိုင်းတာပဲဗျာ။ ဒါပေမယ့် ဘုရားသခင်က ခင်ဗျားကို ခွင့်လွှတ်မှာပါ။ နို့နေစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလောက် စိတ်ဆိုးနေရတာလဲ"

"ခင်ဗျား စော်ကားလွန်းပြီနော်"

"ရှေ့နေသည် ဆာဖဝမ် ပြောသည့် စကားများကို အနည်းငယ်မျှ ဂရုမစိုက်ဘဲ ...

"စာချုပ်အတိုင်း ဆိုရင်တော့ ခင်ဗျားက မနာပါဘူး"

"ဘာစာချုပ်လဲ"

ဟု ဆာဖဝမ်က နားမလည်နိုင်ဘဲ မေးသည်။

http://www.cherrythitsar.org



"ကျုပ်ဆိုလိုတဲ့ အဓိပ္ပာယ်ကို ခင်ဗျား သိပါတယ်။ ခုမှ ဒီအကြောင်းတွေကို ပြန်ပြောနေလို့တော့ ဘာမှ အကြောင်း မထူးတော့ဘူးဗျ။ တရားဥပဒေက ကျုပ်တို့ဘက်မှာ ရှိတယ်။ သာမန်စဉ်းစား ဉာဏ်ကလည်း ကျုပ်တို့ဘက်မှာ ရှိတယ်။ ကဲ ခင်ဗျားကို မေးမယ်ဗျာ၊ ဒီအိမ်ဟာ ခင်ဗျား အိမ်လို့ တကယ်ထင်သလား"

ဆာဖဝမ်သည် ပထမဆုံးအကြိမ်အဖြင့် ဘာပြောရမှန်း မသိဘဲဖြစ်သွားသည်။

"ဟုတ်တယ်လို့လည်း ပြောနိုင်တယ်။ မဟုတ်ဘူးလို့လည်း ပြောလို့ရတယ်"

"ခင်ဗျားထွက်သွားတုန်းက အိမ်ဟာ ဒီအတိုင်းပဲလား"

"ဒီအတိုင်း မဟုတ်ဘူး"

"ဒါဖြင့် အဲဒီတုန်းက အိမ်ဟာ တခြားအိမ် တစ်အိမ်ပေါ့"

"ဒါပေမယ့် ဒီနေရာ၊ ဒီနံပါတ်၊ ဒီလမ်းပဲဗျ"

"အို .. ဒါတွေက ကံအကြောင်းတရားအရ တိုက်ဆိုင်လို့ ဖြစ်လာတဲ့ ကိစ္စတွေလေ၊ အဓိကကျတဲ့ အချက်ကို ဘာမှ အထောက်အကူ မပေးနိုင်ဘူး။ ပြီးတော့ တခြားကိစ္စလည်း ရှိသေးတယ်"

ရှေ့နေသည် ထိုင်ရာမှ ထပြီး တံခါးကို ခေါက်လိုက်သည်။ ထို့နောက် သူ့နေရာတွင် ပြန်ထိုင်၏။ ချက်ချင်းဆိုသလိုပင် ဝတ်စားထားပြီး ညှိုးငယ်ပူဆွေးသည့် ဟန်ရှိသော သက်လတ်ပိုင်းရွယ် လှပလာသည့် အမျိုးသမီးတစ်ယောက် အခန်းထဲသို့ ဝင်လာပြီး ပထမလူ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ရှေ့နေက မေးခွန်းကို ဆက်မေးသည်။

"ဒီအမျိုးသမီးဟာ ခင်ဗျား ဇနီးဆိုတာ မှတ်မိရဲ့လား"

အမျိုးသမီးမှာ သူ့ဇနီးနှင့် တူသည့် အချက်တွေတော့ ရှိသည်။ သို့ရာတွင် သူသည် ပါးစပ်မှ "ဟင့်အင်း၊ မဟုတ်ဘူး" ဟု ထွက်သွားသည်။

"ဟုတ်ပြီနော်၊ ဒီအိမ်ဟာ ခင်ဗျားအိမ် မဟုတ်ဘူး။ ဒီအမျိုးသမီးဟာလည်း ခင်ဗျား ဇနီး မဟုတ်ဘူး။ ဒီတော့ ခင်ဗျားအဖို့ နောက်ဆုံးသဘောတူညီချက်ကို လက်မှတ်ထိုးဖို့ပဲ ရှိတော့တယ်။ ထိုးပြီးရင် ခင်ဗျားလည်း ကြွပေတော့"

"ကျုပ်က ဘယ်လို သွားရမှာလဲဗျ"

"ဒီမှာ မိတ်ဆွေ၊ ဒီလောက်လည်း ခေါင်းမာမနေနဲ့၊ ခုစာချုပ်အရဆိုရင် ခင်ဗျားက အသာစီးချည်းပဲ၊ ခင်ဗျား သိပါတယ်ဗျာ"

http://www.cherrythitsar.org



တော်တော်ညဉ့်နက်နေသည့်တိုင် တယ်လီဖုန်းမြည်လာသည်။ တယ်လီဖုန်းဆက်သူမှာ အရက်ဆိုင်မှ မန်နေဂျာ ဖြစ်သည်။ ထိုသူသည် သူ့ထံတွင် ပထမဆုံးအကြိမ် ဖုန်းဆက်ခြင်း ဖြစ်သဖြင့် ဆာဖဝမ် အံ့အားသင့်နေသည်။

"ဗျို့ ဆာဖဝမ် မြန်မြန် လက်မှတ်ထိုးလိုက်ရင် ကောင်းမယ်"

"ဒါပေမယ့် ခင်ဗျား သိတယ် မဟုတ်လား"

"မြန်မြန်ထိုးလိုက်ပါ။ ခင်ဗျားအဖို့ ဒီအခွင့်အရေးမျိုးဟာ တစ်သက်မှာ ဒီတစ်ခါပဲ ရမှာ"

တစ်ဖက်မှ တယ်လီဖုန်း ချသွား၏။ ဆာဖဝမ်သည် တိုတောင်းလှသည့် သူတို့ စကားပြောချိန်ကလေးကို ပြန်စဉ်းစားကာ နည်းနည်းအသက်ရှူချောင်သလို ဖြစ်သွားသည်။ တစ်စက္ကန့်အတွင်း၌ သူ့စိတ်သည် လုံးဝပြောင်းလဲသွားသည်။ သူ့မျက်နှာသည် ရွှင်လန်းသည့်အသွင်ကို ဆောင်လာသည်။ သူ့တစ်ကိုယ်လုံးသည် တည်ငြိမ်အေးချမ်းသွားသည်ဟုထင်လိုက်ရ၏။ တင်းကျပ်သော ခံစားမှုများသည် ပျောက်ကွယ်သွားကြသည်။ သူသည် သက်ပြင်းချလိုက်၏။ ခဏကြာလျှင် ရှေ့နေက အလေးချိန် အတော်စီးသည့် သေတ္တာကလေးတစ်လုံးကို ပေးကာ ...

"ဘဝအဆက်ဆက်မှာ ဘုရားသခင်ကိုယ်တော်မြတ် ခင်ဗျားကို စောင့်ရှောက်တော်မူပါစေဗျား။ ရော့ .. ဟောဒီသေတ္တာကလေးထဲမှာ ဒီကမ္ဘာလောကမှာ စိတ်ချမ်းမြေ့တဲ့လူ တစ်ယောက်အတွက် လိုအပ်တဲ့ ပစ္စည်း အကုန်ပါတယ်"

ပထမလူက လပ်ခုပ်တီးလိုက်သည့်အခါတွင် အလွန်ဝဖြိုး၍ ချစ်ဖွယ်သော အပြုအမူရှိပြီး အားရပါးရ ပြုံးနေသည့် လူကြီးတစ်ယောက် ဝင်လာသည်။ ရှေ့နေက ထိုလူအား ဆာဖဝမ်နှင့် မိတ်ဆက်ပေးပြီးနောက်

"သူကတော့ အင်မတန် ယုံကြည်စိတ်ချရတဲ့လူပဲဗျ။ သူ့အလုပ်မှာလည်း အလွန်ကျွမ်းကျင်တဲ့ လူတစ်ယောက်ပဲ။ သူက ခင်ဗျားကို ခင်ဗျားနေရမယ့် နေရာသစ်ကို ခေါ်သွားလိမ့်မယ်။ ခု အလဲအလှယ် လုပ် တဲ့ ကိစ္စက ခင်ဗျားအတွက် အကျိုးရှိပါတယ်ဗျာ"

လူဝကြီးသည် အပြင်သို့ ထွက်သွား၏။ ဆာဖဝမ်ကလည်း သူ့နောက်က လိုက်လာခဲ့သည်။ စိတ်သည် တည်ငြိမ်အေးချမ်းလျက် ရှိ၏။ လက်ကလည်း လက်ဆွဲသေတ္တာကလေးမှ လက်ကိုင်ကွင်းကို မြဲမြဲစွာ ကိုင်ထားသည်။ ထိုလူသည် အမှောင်ထုကြီးထဲသို့ လျှောက်သွားနေသဖြင့် ဆာဖဝမ်လည်း သူ့နောက်က လိုက်လာခဲ့သည်။

လေတိုးလိုက်သည့်အတွက် သူသည် ယိမ်းယိုင်သွားကာ ညဦးပိုင်းက သောက်ခဲ့သည့် အရှိန်ကလေး ကောင်းကောင်း မပြေသေးကြောင်းကို သတိထားလိုက်သည်။ လူဝကြီးသည် ရှေ့မှ ခပ်သုတ်သုတ်သွားသဖြင့် တော်တော်လေး ပြတ်ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ဆာဖဝမ်သည် နောက်မှ ခပ်သုတ်သုတ် ကြိုးစား၍ လိုက်သည်။ ရှေ့မှလူကြီးကိုကြည့်ကာ ထိုမျှဝဖိုင့်သော ခန္ဓာကိုယ်ရှိပါလျက် ထိုမျှ မြန်မြန်သွားနိုင်ခြင်းကို အံ့သြနေသည်။

"ဗျို့ ဆရာကြီး ဖြေးဖြေး" ဟု ဆာဖဝမ်က လှမ်းအော်သည်။

သို့ရာတွင် ထိုသို့ အော်လိုက်ခါမှ သူ့ကို မြန်အောင် ကြိမ်တို့လိုက်သည့်နှယ် လူဝကြီးသည် ပို၍ ခပ်မြန်မြန် သွားလျက်ရှိ၏။ ဆာဖဝမ်သည် မျက်ခြည်ပြတ်သွားမည် စိုးသည့်အတွက် နောက်မှ အပြေးလိုက်သည်။ မျက်ခြည်ပြတ်သွားလျှင် သူမျှော်လင့်ထားသမျှတို့သည်လည်း သဲထဲရေသွန်ဖြစ်တော့မည် မဟုတ်လော။ ဆာဖဝမ်သည် ထိုလူဝကြီးကို မမီမည်စိုးသည့်အတွက် နောက်တစ်ကြိမ် ထပ်၍ အော်ပြန်သည်။

"ဗျို့ ဆရာကြီး ဖြေးဖြေးသွားပါဗျ။ ကျွန်တော် ပြတ်ကျန်ရစ်ခဲ့လိမ့်မယ်"

ထိုသို့ ပြောလိုက်သည့်အခါတွင် လူဝကြီးသည် ဆာဖဝမ် ပြောသည့်စကားကို ဂရုမစိုက်ဘဲ စတင်၍ ပြေးသည်။ ဆာဖဝမ်သည် ထိတ်လန့်တကြားဖြင့် သူ့နောက်က ပြေးလိုက်သည်။

လူဝကြီးမှာ အမှောင်ထဲတွင် ပျောက်ကွယ်သွားကာ မျက်ခြေပြတ်သွားလေပြီ။ ဆာဖဝမ်သည် ထိတ်လန့်စပြုလာသည်။ ယာနဘိပန်းခြံလမ်းဆုံသို့ ရောက်လျှင် လမ်းတွေ ဖြာထွက်သွားသည်။ ထိုနေရာရောက်သည်အထိ မမီလျှင် သူဘယ်လမ်း ဆက်သွားသည်ကို မသိနိုင်တော့ပြီ။ ထို့ကြောင့် လူဝကြီးကို မီရန် နောက်မှ အားကုန်ပြေး၍ လိုက်သည်။

လုံ့လဝီရိယအကျိုးဟုပင် ဆိုရတော့မည် ထင်သည်။ လမ်းဆုံသို့ ရောက်ခါနီးတွင် လူဝကြီးသည် လှမ်းမြင်လိုက်ရသည်။ လူဝကြီးသည် မြို့ဘက်ဆီသို့ သွားသည့်လမ်းများကို မလိုက်ဘဲ မြို့ပြင်ဘက်လယ်ကွင်းများဆီသို့ ထွက်သွားသည့် လမ်းအတိုင်း ပြေးလျက် ရှိသည်ကို မြင်ရ၏။

ဆာဖဝမ်ကလည်း သူ့နောက်မှ အပြေးလိုက်၏။ တစ်ချက်ကလေးမျှပင် မနားချေ။ သူ့နှာဝတွင် သင်းပျံ့သည့် အနံ့တစ်မျိုးကို ရ

http://www.cherrythitsar.org



သဖြင့် သူ့စိတ်သည် ယခင်က တစ်ခါမျှ ခံစားခြင်း မရှိခဲ့ဘူးသော ပီတိတို့ မွှမ်းထုံလျက် ရှိ၏။

ကျယ်ပြန့်သည့် ကောင်းကင်နှင့် မြေကြီးတို့ရှိရာ ကွင်းပြင်ကြီးထဲတွင် သူတို့နှစ်ဦးတည်းရှိသည့် အခါ၌ လူဝကြီးသည် ပြေးနေရာမှ အရှိန်ကို တဖြည်းဖြည်း လျှော့ချလိုက်ကာ ခပ်သုတ်သုတ်မှ တစ်ဖန် ခပ်နှေးနှေး ဖြစ်သွားကာ သာမန်ခြေလှမ်းမျိုးသို့ ပြန်ရောက်သွားသည်။ နောက်ဆုံး၌ လူဝကြီးသည် ရပ်လိုက်၏။

ဆာဖဝမ်သည် သူ့ကိုမီလာကာ အသက်ပင် မရှူနိုင်ဘဲ သူ့အနီးတွင် ရပ်လိုက်သည်။ သူသည် မည်းမှောင်နေသည့် အမှောင်ထုကြီးကို လှည့်ကြည့်၏။ ထို့နောက် ကောင်းကင်တွင် လက်နေသည့် ကြယ်ပွင့်တို့ကို မော့်ကြည့်၏။

"ကျုပ်အတွက် နေရာသစ်ဆိုတာ ဘယ်မှာလဲဗျ" ဟု မေးသည်။

လူဝကြီးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။ ထိုစဉ် ဆာဖဝမ်၏ တစ်ကိုယ်လုံးသည် ခပ်စောစောက ပေါ့ပါးရွှင်လန်းနေသလောက် အလေးကြီး တစ်ခု ပိကျလာသလို တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းလာ၏။ အလေးချိန်သည် လေးသည်ထက် လေးလာကာ ခြေဖျား၊ ထိုမှ ဒူး၊ ထိုမှ အထက်ပိုင်းသို့ တဖြည်းဖြည်း ရောက်လာပြီး နောက်ဆုံးတွင် ခေါင်းအထိ ရောက်လာ၏။ သူ့ခြေထောက်သည် မြေကြီးထဲသို့ တဖြည်းဖြည်း နစ်ဝင်သွားသည်ဟု ထင်လိုက်ရ၏။

အလေးချိန်သည် တဖြည်းဖြည်း ကြီးသည်ထက် ကြီးလာကာ မခံမရပ်နိုင်အောင် ဖြစ်လာ၏။ ဤတွင် ဖျစ်ညှစ်၍ အားယူကာ ခြေထောက်တွင် စီးထားသည့် ဖိနပ်ကို ချွတ်လိုက်သည်။ ထိုမျှနှင့်လည်း မပေါ့သေးသဖြင့် ကိုယ်တွင် ရှိသည့် ဘောင်းဘီ၊ အင်္ကျီတို့ကို ချွတ်လိုက်ပြီး မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ဤတွင်လည်း ဘာမျှ မထူးသေးသဖြင့် ဆောင်းဦးပေါက် ဖြစ်သည့်တိုင် အတွင်းခံ ဘောင်းဘီ၊ အင်္ကျီတို့ကို ချွတ်ချလိုက်သည်။ သူသည် အကြီးအကျယ် နာကျင်လျက်ရှိကာ ညည်းတွားလျက်ရှိ၏။ လက်ထဲတွင် ကိုင်ထားသည့် လက်ဆွဲသေတ္တာကို မြေကြီးပေါ်သို့ လွှတ်ချလိုက်သည်။

ထိုအခါတွင်မှ အနည်းငယ် သက်သာသလိုလို ရှိသွားကာ လူဝကြီးအနီးသို့ ရောက်အောင် လျှောက်နိုင်တော့သည်။ လူဝကြီးသည် မိမိအား တစ်ခုခုလုပ်ပေးလိမ့်မည်ဟု သူထင်၏။ သို့ရာတွင် လူဝကြီးမှာ

တိတ်ဆိတ်လျက် ရှိ၏။ ဆာဖဝမ်သည် လူဝကြီးနှင့် စကားပြောချင်၏။ သို့ရာတွင် ပြော၍မရ။ တိတ်ဆိတ်ခြင်းသည် သူ့အရေးပြားပေါက်များထဲမှသည် သူ့နှလုံးသားထဲအထိ စီးဝင်သွားသည်ဟု ထင်လိုက်ရ၏။

တစ်ခဏချင်းအတွင်း၌ ကြယ်ပွင့်တို့အချင်းချင်း ပြောနေကြသော စကားများကို သူကြားရတော့မည် ထင်သည်။

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *Blessed Night* ကို ပြန်ဆိုပါသည်။)

[ကလျာ၊ နိုဝင်ဘာ၊ ၁၉၉၆]

# သူနှင့် အခြားသောသူ

သကြားထုပ်သော စက္ကူကတော့ တစ်ခုကို ကိုင်၍ သစ်သီးဆိုင်ထဲမှ သူထွက်လာခဲ့သည်။ ခဏကြာလျှင် သူသည် ဟင်းသီးဟင်းရွက်ဈေးထဲတွင် တရွေ့ရွေ့တိုးဝှေ့ လှုပ်ရှားနေသော လူစီးကြောင်းကြီးထဲတွင် ပျောက်ကွယ်သွား၏။ နီရဲသော ပြုံးစစ မျက်နှာနှင့် မြင့်မားသော အရပ်အမောင်းသည် လူကြားထဲတွင် ထင်းထင်းကြီး ပေါ်နေ၏။ အခြားသောသူ လူတစ်ယောက်သည် တယ်လီဖုန်းရုံးထဲမှ သူ့ကို လှမ်းမြင်လိုက်သည့်အခါတွင် “ကဲ ဘယ်ပြေးလို့ လွတ်မှာလဲကွာ” ဟု တစ်ယောက်တည်း ကြုံးဝါးနေသည်။

အခြားသော သူသည် သူ့နောက်သို့ လိုက်လာခဲ့ရာ လူသူရှင်းသည့် နေရာသို့ရောက်လာခဲ့သည်။ ခဏကြာလျှင် ပန်းခြံတစ်ခုထဲသို့ ရောက်သွားသည်။ အချိန် မရောက်မီ မယုံသင်္ကာဖြစ်မသွားဖို့ အရေးကြီးသည်။ သူသည် မျက်လုံးများကို ဝေ့ဝဲ၍ ကွက်လပ်ကြီးကို ကြည့်လိုက်ပြီးတစ်ဖက်မျက်နှာချင်းဆိုင်တွင် ရှိသည့် မုန့်ဆိုင်ရှေ့သို့ အရောက်တွင် မျက်စိကစားနေသည်ကို ရပ်လိုက်၏။ သူသည် ကွက်လပ်ကို လက်ျာဘက်မှ ကွေ့ပတ်ကာ မုန့်ဆိုင်ဆီသို့ လာခဲ့သည်။ အခြားသူ တစ်ယောက်မှာ ကွက်လပ်၏ လက်ဝဲဘက်မှ ကွေ့ပတ်ပြီး မုန့်ဆိုင်ဆီသို့ သွားနေသည်။ သူ့မုန့်ဆိုင်ထဲ ဝင်သွားသည့်အခါ၌ အခြားသောသူသည် ဓာတ်တိုင်တစ်တိုင်အောက်တွင် ရပ်နေရစ်ခဲ့သည်။

http://www.cherrythitsar.org



ဆောင်းဦးရာသီမှာ နေထိုင်ကောင်းရဲ့ အေးစိမ့်စိမ့်ကလေး ဖြစ်နေသည်။ ညနေခင်းနေခြည်ဖျော့ဖျော့ကလေးက ဖြာကျနေသည်။ နေမင်းမှာ အဆောက်အအုံ မြင့်မြင့်ကြီး တစ်ခု၏ နောက်ကွယ်တွင် ပျောက်ကွယ် သွားခဲ့လေပြီ။ အခြားသော သူသည် ဆိုင်ထဲမှ ပြန်ထွက်လာမည့်သူကို စောင့်နေ၏။ သူမှု ဆိုင်ထဲမှ ဈေးရောင်းမည့်သူ အားလပ်ချိန်ကို စောင့်နေ၏။ သူ့မျက်လုံးများသည် အရှေ့တိုင်း၊ အနောက်တိုင်း၊ မုန့်များကို ဆာလောင်မွတ်သိပ်စွာဖြင့် လှမ်းကြည့်နေသည်။ အခြားသော သူကမူ သူ့ကို စိတ်ရှည် လက်ရှည် စောင့်နေသည်။

အခြား မိန်းမ တစ်ယောက်သည်လည်း သူ့ကို စောင့်နေသည်။ ထိုမိန်းမမှာ ရုပ်ရည်ချောမောလှပပြီး ကျကျနန ဝတ်စားထားသည်။ သူမသည် သူ့ကို အားပေးသည့် အနေဖြင့် တစ်ချက် ပြုံးကြည့်လိုက်သည်။ သူက အမျိုးသမီးကို ဘုမသိ ဘမသိဖြင့် ကြည့်နေသည်။ သူမက အပြုံးတစ်ဝက်ဖြင့် တစ်ဖက်ကို မျက်နှာလွှဲသွား၏။ သူသည် အမျိုးသမီးအနားသို့ တိုးလာခဲ့ကာ ရဲရင့်စွာပင် သူမကို တစ်စုံတစ်ရာ တီးတိုးပြောလိုက်သည်။ သူတို့နှစ်ဦးသည် တီးတိုးပြောနေကြသည်။ အခြားသော သူက သူတို့ကို မြင်သည့်အခါတွင် သူ့အဖို့ ပြဿနာဖြစ်ပြီကို ကောင်းကောင်းသိလိုက်၏။ သူ့စီမံကိန်းတွင် မမျှော်လင့်သည် စိန်ခေါ်မှု တစ်ခုပေါ်လာပြီဟု ယူဆလိုက်၏။ အမျိုးသမီးဈေးဝယ်ရမည့် အလှည့်သို့ ရောက်လာသည်။ ထို့နောက် သူ့အလှည့်၊ သူတို့နှစ်ယောက်သည် ပျားရည်ထဲမှ ပလုံစီကလေးများလို ရယ်စရာ စကားလုံးကလေးများကို ဖလှယ်ကြ၏။ ထို့နောက် သူမသည် ကာဘရေးကပွဲရုံများရှိသည့် လမ်းဖက်သို့ ထွက်သွားသည်။ သူသည် အမျိုးသမီးကို ခဏမျှ ငေးကြည့်ကျန်ရစ်ခဲ့ပြီးနောက် စက္ကူကတော့နှင့် အထုပ်ကို ကိုင်ကာ ဖြည်းညင်းစွာ ထွက်လာခဲ့သည်။ သူတို့နှစ်ယောက် အချိန်းအချက်ပြုခြင်း ဖြစ်ရမည်။ မိမိအနေနှင့် အချိန်ကုန်မခံနိုင်တော့ဟု အခြားသော သူက စိတ်ပိုင်းဖြတ်လိုက်သည်။ စိတ်ရှည်လက်ရှည် စောင့်ခဲ့ရပြီး သေသေချာချာ အကွက်ချခဲ့သည့် စီမံကိန်းကို အပျက်မခံနိုင်။ မကြာခင် တွေ့ဆုံကြတော့မည်။ သို့တွေ့လျှင် ပြဿနာက ပို၍ ရှုပ်ထွေးလာတော့မည်။

သူသည် ဆက်လျှောက်ခဲ့သည်။ မည်မျှ လမ်းလျှောက်ရသည် ဖြစ်စေ မမောနိုင်ပါ။ သူ့ဆန္ဒများနှင့် လောဘများသည် ဘယ်အခါကျမှ နည်းပါးလျော့ပါးသွားမည်ကို မည်သူမျှ မပြောနိုင်။ အိမ်ရှင်မ တစ်ယောက်သဖွယ် ဆိုင်ပြတင်းပေါက်များ အားလုံးသည် သူ့အဖို့ စိတ်ဝင်

http://www.cherrythitsar.org



စားစရာတွေချည်း ဖြစ်နေသည်။ လက်ပတ်နာရီများ၊ မျက်မှန်များ၊ အိမ်သုံး အိုးခွက်ပန်းကန်များ၊ အဝတ်အစားများ၊ အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ် အသုံးအဆောင် ပစ္စည်းများ၊ ဆေးပစ္စည်းနှင့်တကွ ဆေးဆိုင်များမှ ခင်းကျင်းပြသထားသည့် ပစ္စည်းများပင်လျှင် သူ့အဖို့ စိတ်ဝင်စားစရာတွေ ဖြစ်နေသည်။ ခပတ်နှင့် အသားကြော်နံ့ကို သူအားရ ပါးရရှူရှိုက်လိုက်၏။ စာအုပ်ဆိုင်များ ရှေ့သို့ ရောက်သည့်အခါတွင် စာအုပ်ဆိုင်အမည် ဆိုင်းဘုတ်များနှင့် စာအုပ်ခေါင်းစဉ်များကို လျှောက်ဖတ်သည်။ အမျိုးသမီးတွေ သို့မဟုတ် ကောင်မလေးတွေကို တွေ့လျှင် သူစိုက်ကြည့်သည်။ နေဝင်ရိုးရီ အရောင်သည် ညိုမှိုင်းမှိုင်း ဖြစ်လာခဲ့ပြီး လေညှင်းက အမောပြေစေသည့် အေးမြမှုကို ထုတ်လွှတ်ပေးနေသည်။ သူသည် အဝတ်အထည် ရောင်းသည့် ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားပြီ နိုင်လွန်အိတ်တစ်အိတ်ကို ကိုင်၍ ပြန်ထွက်လာခဲ့သည်။ သူသည် သူဝယ်လာသည့် အဝတ်အစားများနှင့်အတူ မုန့်ထုပ်များကို နိုင်လွန်အိတ်ထဲသို့ ထည့်သည်။ သူသည် စာအုပ်တစ်အုပ်လည်း ဝယ်ခဲ့သေး၏။ ဘာစာအုပ်များပါလိမ့်။ ဘယ်အချိန်မှာ ဖတ်မလို့များ စိတ်ကူးပါလိမ့်။ အခြားသော လူသည် သူ့စိတ်ကူးစိတ်သန်းများကို သိချင်နေသည်။ သူ့အမည်၊ သူ့အမှတ်အသား၊ သူ ၏ မှုန်ဝါးသော စိတ်မချမ်းသာစရာ အတိတ်မှလွဲလျှင် သူနှင့် ပတ်သက် ၍ ဘာမျှ ရေရေရာရာ မသိရသေး။

သူသည် ဖိနပ်တိုက်သည့် ဆိုင်ထဲသို့ ဝင်သွားသည်။ ဆုံလည်ကုလားထိုင် တစ်လုံးပေါ် တက်ထိုင်လိုက်ပြီး လက်တွင် ကိုင်လာသည့် ပစ္စည်းများကို ကြိမ်ကုလားထိုင်ဟောင်းကြီး တစ်လုံးပေါ်သို့ တင်လိုက်၏။ ရှေ့တွင် ရှိသည့် မှန်ထဲတွင် သူ့မျက်နှာကို သူလှမ်းကြည့်လိုက်ပြီး သူ့ကိုယ်သူ အားရကျေနပ်သွားသည်။ တစ်ခါတစ်ရံတွင် သူသည် မှန်ထဲက သူ့ရုပ်ပုံကို စူးစိုက်ကြည့်နေပြီး တစ်ခါတစ်ရံတွင် လည်ဂုတ်ကို ဘယ်ညာလှည့်၍ ချိုးနေ၏။ ဆိုင်ရှေ့တွင်မူ အခြားသော သူသည် သူ့ကိုစောင့်ကြည့်နေ၏။ သူတို့နှစ်ဦး၏ မျက်လုံးအစုံသည် မှန်ပေါ်တွင် ခဏမျှသွား၍ ဆုံမိကြသည်။ ဤတွင် အခြားသော သူသည် စိတ်ပျက်သွားကာ ရှေ့သို့ တိုးလိုက်သည်။ အခြားသော သူသည် သူ့မြင်ကွင်းထဲမှ ပျောက်သွား၏။

ထို့နောက်တွင်မူ သူသည် ဖိနပ်တိုက်သမားနှင့် ချမ်းသာသည့် ဖိနပ်ဆိုင်ရှင် မိန်းမကြီးမှလွဲ၍ တခြားဘာကိုမျှ မမြင်တော့။ အခြားသောသူကမူ မှန်ထဲတွင် သူ့ရုပ်သွားထင်သည့်အတွက် သူရိပ်မိသွားမည်ကို

စိုးရိမ်သွားသည်။ အခြားသော သူ၏မျက်နှာမှာ မှတ်မိလွယ်သည့် မျက်နှာမျိုး မဟုတ်လော။ အသားညိုညို၊ မျက်လုံးတောက်တောက်၊ ဆံပင်နက်နက်ထူထူ။ သို့ရာတွင် သူသည် သူ့အလုပ်ကိုသာ စိတ်ဝင်စားလျက်ရှိသဖြင့် အခြားသော သူကို မမြင်လိုက်။ လမ်းမီးရောင်များ ထိုးကျလျက်ရှိသဖြင့် အရိပ်များသည် ဝိုးတိုးဝါးတား ဖြစ်နေကြသည်။ ယခု သူသည် ဖိနပ်တိုက်ပြီးသဖြင့် ဆိုင်ထဲမှ ထွက်လာသည်။ ခပ်သုတ်သုတ် ခရီးသွားနေသူတစ်ယောက်နှင့် ဝင်တိုက်မိ၏။ သူက လက်ထဲတွင် ကိုင်လာသည့် ပစ္စည်းများကို မိမိရရ ဆုပ်ကာ နောက်သို့ ဆုတ်ပေးလိုက်သည်။ "ဟေး မမြင်ဘူးလားဗျ" ဟု သူက အော်သည်။ ခပ်သုတ်သုတ်သွားနေ သူက တအံ့တသြဖြင့် တုံ့ခနဲ ရပ်လိုက်သည်။ သို့ရာတွင် ဘာမျှ မပြော။ သူနောက်တစ်ကြိမ် ပြောသည်။

"တောင်းပန်ဖော်တောင် မရဘူး"

"ဒီထက် ယဉ်ယဉ်ကျေးကျေး မပြောနိုင်ဘူးလား"

"ဒီလိုဆို ငါကလည်း မတောင်းပန်ဘူးကွာ"

"မင်း တိရစ္ဆာန်"

ခပ်သုတ်သုတ် လာခဲ့သည့် သူက ထွီခနဲ တံထွေးတစ်ချက် ထွေးလိုက်သည်။ သူက ဝယ်လာသည့် လက်ထဲက ပစ္စည်းတွေကို မြေကြီးပေါ်သို့ ချလိုက်ပြီး ခုန်အုပ်သည်။ သို့ဖြင့် တစ်ယောက်တစ်ပြန်သတ် ပုတ်ကြသည်။ မိမိနှင့် ပြိုင်ဘက်မှာ အားကောင်းသည်ကို သိသည့်အခါ၌ ခပ်သုတ်သုတ် လာခဲ့သူက နောက်သို့ ဆုတ်ကာ ...

"ခင်ဗျားက စလုပ်လို့ ကျုပ်က လုပ်တာ" ဟု ပြောသည်။

သူတို့ အနားသို့ လူတွေ ဝိုင်းအုံလာကြသည်။ ရဲသားတစ်ယောက်လည်း ရောက်လာ၏။ အခြားသော သူသည် ထိုရန်ပွဲကို စောင့်ကြည့်ရင်း စိတ်အနှောင့်အယှက် ဖြစ်နေသည်။ ရဲက သူတို့နှစ်ယောက်ကို ရဲစခန်းသို့ လိုက်ပြီး ဖြေရှင်းရန် ခေါ်သည်။ ဖက်ပြိုင်သူ နှစ်ယောက်တို့က ရဲစခန်းတို့ ဘယ်တို့ စသည်တို့ကို သွားမနေချင်။ ထို့ကြောင့်လည်း သူသည် မြေကြီးပေါ်တွင် ချထားသည့် အထုပ်ကို ကောက်ကိုင်ပြီး ထွက်လာခဲ့သည်။ အခြားသော သူသည် ထိုအခါကျမှ သက်ပြင်းချကာ သူ့နောက်မှ နောက်ယောင်ခံလိုက်လာခဲ့သည်။

ကလေးကစားစရာ ရောင်းသည့် ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သည့်အခါ၌ သူသည် စောစောက စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်တို့ကို မေ့ပျောက်သွားလေပြီ။ သူ့တွင် သားငယ်ကလေးတွေ ရှိသလော။

သူသည် ဆိုင်ထဲသို့ ဝင်သွားသည်။ တော်တော်စိတ်ရှည်သည့် လူပေပဲ။ ပြန်ထွက်လာသည့်အခါ ဘာမျှ ပါမလာ။ မဝယ်ဖြစ်ဘဲ လှည့်ထွက်လာခဲ့သလော။ သို့မဟုတ် ကစားစရာ အရုပ်က ကြီးလွန်းသဖြင့် အိမ်ကို ပို့ဖို့မှာ ခဲ့သလော။ ထိုစဉ် သူသည် လက်ဆွဲသားရေအိတ်တစ်လုံးကို ချိုင်းကြား တွင် ညှပ်လာသည့် သက်လတ်ပိုင်းအရွယ် လူတစ်ယောက်နှင့် တွေ့ သည်။ သူတို့နှစ်ယောက်သည် အားရပါးရ လက်ဆွဲနှုတ်ဆက်ကြပြီ အမောတကော ပြောကြသည်။

လက်ဆွဲအိတ်နှင့် လူက ထွက်သွားရင်း ...

"ဆယ်ရက်နေ့ကျရင် ရုံးချိန် ရှိတယ်နော်။ မမေ့နဲ့" ဟု ပြောသည်။

"သြော် လက်စသတ်တော့ သူလည်း တရားဆိုင်နေရတဲ့ လူကိုး။ ဘယ်တော့လောက်များ စီရင်ချက်ချမလဲ မသိဘူး။ နေစမ်းပါဦး။ ဒီလူကလည်း ဘယ်ကိုများ ဆက်သွားဦးမလဲမသိဘူး။ ဖျော်ရည်ကလေး တစ်ခွက်လောက် သောက်လိုက်ရရင် အကောင်းသား။ သူလုပ်လို့ ငါလည်း မောလှပြီ။ သူလည်း မောပါစေဗျား"

ဒုတိယအကြိမ်အဖြစ် သူတို့နှစ်ဦး၏ မျက်လုံးများသည် မှန်တစ်ခုထဲတွင် ထပ်၍ ဆုံကြပြန်သည်။ အခြားသော သူ၏နှလုံးသည် ကျုံ့ဝင်သွား၏။ သူ မိမိကို မှတ်မိသလော။ အို မမှတ်မိပါဘူး။ သူဖျော်ရည်ကို သူမ သောက်နေသားပဲ။ သူမျက်လုံးမှာလည်း မျက်ရည်တွေ ဝဲလို့ထင်ရဲ့။ ကြည့်သာကြည့်နေပေမယ့် ဘာကိုမှ မြင်ပုံ မရဘူး။

ဖျော်ရည်ဆိုင်ထဲမှ ထွက်ပြီးနောက် သူသည် လမ်းတစ်ဖက်သို့ ကူးသွားကာ ဆောင်းတွင်းအတွက် သူမှာထားသည့် အင်္ကျီကို ရွေးရန် စက်ဆိုင်တစ်ခုထဲသို့ ဝင်သွားသည်။ ဆယ့်ငါးမိနစ်လောက် အကြာတွင် ပြန်ထွက်လာပြီး လွတ်လပ်ရေး ကဖေးထဲသို့ ဝင်သွားသည်။ ကဖေးမှာ လမ်းထောင့်တွင် ရှိသဖြင့် ဝင်ပေါက်ထွက်ပေါက်တွေ တစ်ခုထက်မကရှိသည်။ မိမိအဖို့ ကဖေးဆိုင်ထဲ လိုက်သွားဖို့သာ ရှိတော့ကြောင်းကို အခြားသော သူသည် မလှမ်းမကမ်းတွင် ထိုင်နေသူကို စောင့်ကြည့်နေ၏။ ထိုသူသည် စားပွဲတစ်လုံးတွင် ထိုင်၍ ကော်ဖီတစ်ခွက်ကို မှာသောက်ပြီး စာတစ်စောင်ကို ရေးနေသည်။ အခြားသော သူက ခပ်လှမ်းလှမ်းတွင် ထိုင်ကာ သူ့ကို စောင့်ကြည့်သည်။ သူသည် စာတိုကလေးကို စားပွဲထိုးကို ပေးပြီးနောက် တယ်လီဖုန်းဆီသို့ ထသွားသည်။ ထိုအချိန်၌ သူသည် အခြားသော သူနှင့်တော်တော် နီးနီးတွင် ရပ်နေလေပြီ။

http://www.cherrythitsar.org



"ဟလို ဟာစ်လား။ ဒေါက်တာ ရှိသလား။ ဒေါက်တာရှိရင် ဘယ်အချိန်မှာ တွေ့နိုင်မလဲဆိုတာ ချိန်းပေးစမ်းပါ။ စောစောတွေ့ရရင် ပိုကောင်းမယ်။ ဟုတ်ပြီ။ ခြောက်နာရီနော်၊ ကျေးဇူးပဲ"

သူစားပွဲသို့ ပြန်ရောက်ရောက်ချင်း သူ့အနားသို့ မိတ်ဆွေတစ်ယောက် ရောက်လာသည်။ မိတ်ဆွေသည် သူ့ဘေးတွင် ဝင်ထိုင်ရင်း...

"အသုဘ ပို့ဖြစ်သေးသလား" ဟု မေးသည်။

"ပို့ဖြစ်တယ်။ ကျွန်တော်တောင် လမ်းကြုံလို့ သိရတာ"

"ကဲ တစ်ပေါင်ကြေးတစ်ပွဲလောက် ချလိုက်ရအောင်ဗျာ။ နိုင်နိုင် ရှုံးရှုံးတစ်ပွဲပေါ့။ မိတ်ဆွေက လက်ပတ်နာရီကို ငုံ့ကြည့်ပြီးနောက် ကစားရန် သဘောတူသည်။ သူတို့နှစ်ယောက် ကြွေကစားနေကြသည်။ ကြွေတစ်ချက် ပစ်လိုက်တိုင်း သူသည် တစ်ဖက်သားကို လှောင်ပြောင်သရော် သည့် စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောနေသည်။ သူသည် စိတ်ဓာတ်စစ် ဆင်ရေးတွင် ကျွမ်းကျင်သူ ဖြစ်ပြီး နိုင်မည်ဟု ယုံကြည်ထား၏။ ဆယ် မိနစ် မပြည့်မီ သူသည် ထိုင်ရာမှ ထကာ တစ်ပေါင်တန် ငွေစက္ကူတစ် ရွက်ကို သူ့အိတ်ထဲသို့ ထိုးထည့်နေသည်။ သူသည် ရယ်ကာ မောကာ ဖြင့် ထွက်သွားသည်။ ကျန်ရစ်သူက ...

"ခင်ဗျားက ကျုပ်ဆီက ဓားပြတိုက်သွားတာ။ ခါးပိုက်နှိုက် သွားတာ" ဟု ပြောနေသည်။

အခြားသော သူသည် သူ့စကားကို ကောင်းကောင်းကြားလိုက် ရသည်။

ယခုအချိန်၌ သူသည် သူနေသော အဆောက်အအုံသို့ ပြန်သွား နေသည်။ ထိုအဆောက်အအုံမှာ မြို့လည်ကောင်တွင် ရှိ၏။ မိမိအဖို့ အခွင့်ကောင်း ကြုံလေပြီ။ သေတော့ မသေချာ။ မအောင်မြင်လျှင်လည်း အကြောင်း မဟုတ်။ နောက်တစ်ခါ စီမံကိန်းတစ်ခု ထပ်ဆွဲရုံပေါ့။ စီမံ ကိန်းတစ်ခု မအောင်မြင်တိုင်း နောက်စီမံကိန်းသစ်အဖို့အခက်အခဲတွေနှင့် ကြုံရတတ်သည်။ ယခု သူသည် အဆောက်အအုံကြီးထဲသို့ ဝင်တော့ မည်။ အခြားသော သူသည် နောက်မှ ခပ်သုတ်သုတ် ပြေးလိုက်လာကာ သူနှင့်အတူ ဓာတ်လှေကားထဲသို့ ဝင်လိုက်ခဲ့သည်။ သူ့ကို မကြည့်ဘဲ အခြားသော သူက ရင်းနှီးစွာ မေးသည်။

"ဘယ်အထပ်မှာလဲ"

"အပေါ်ဆုံး အထပ်မှာ"

"ကျွန်တော်လည်း အဲဒီမှာပဲ"

ဓာတ်လှေကား မတက်ခင် အမျိုးသမီးတစ်ယောက် ဝင်လာသည်။ အခြားသော သူသည် ဣန္ဒြေပျက်နေ၏။ အမျိုးသမီးက ဒုတိယ အထပ်တွင် ဆင်းသွားသည့်အခါကျမှ အခြားသော သူသည် တည်ငြိမ်သွား၏။ ယခု အခွင့်အရေးရပြီ။ ဖြစ်နိုင်စရာတွေ အများကြီး ရှိသည့်တိုင် ရလာဒ်များအတွက် သူမစိုးရိမ်။ အခြားသော သူသည် သတိကြီးစွာထားကာ အိတ်ကပ်ထဲတွင် ဝှက်ယူလာခဲ့သည့် ဓားမြှောင်ကို ထုတ်လိုက်သည်။

သူသည် ဓာတ်လှေကားအပြင်သို့ ထွက်လိုက်သည်။ အပြင်တွင် မည်သူမျှ မရှိ။ အခြေအနေသည် သူ့အတွက် ဖွင့်ပစ်ထားခဲ့က လှေကားအတိုင်း ခပ်သုတ်သုတ် ဆင်းလာခဲ့သည်။ သူသည် စံပြုအရက်ဆိုင်သို့ လာခဲ့ပြီး ဖျော်ရည်တော်တော်များများကို သောက်ပစ်လိုက်သည်။ သူသည် အိပ်ငိုက်လာကာ အချိန်တိုတိုကလေးအတွင်းတွင် အိပ်မက်ရှည်ကြီးကို မက်နေသည်။ အရက်ဆိုင်ထဲမှ ထွက်လာခဲ့ပြီးနောက် မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံကြီး၏ ရှေ့မှ ဖြတ်လာခဲ့ရာ ရှေ့တွင် လူတစ်စုနှင့် ရဲသားများကို မြင်ရ၏။ သူသည် အယ်တာဘာ ရပ်ကွက်ရှိ သူတည်းခိုနေသည့် ဟိုတည်သို့ ပြန်လာခဲ့သည်။ သူသည် ဟင်းခန်းသက်ပြင်းကြီးကို ချလိုက်ပြီးနောက် သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။ အိပ်မက်ကိုလည်း မေ့သွားသည်။ သူသည် တံခါးပေါက်ဆီသို့ လှမ်းကြည့်ပြီးနောက် မီးဖွင့်လိုက်၏။

ကြည့်လိုက်သည့်အခါ၌ ကုလားထိုင်ပေါ်တွင် ငုတ်တုတ်ကြီး ထိုင်နေသော အခြားသော သူကို တွေ့ရသည်။ အခြားသော သူသည် အိပ်မက်တစ်ခုထဲမှာလို သူ့ကို စူးစိုက်ကြည့်နေ၏။ ပါးစပ်မှ ညည်းသံတစ်ချက် ထွက်လာသည်။ သူသည် နံရံနှင့် ကျောကပ်မိသည်အထိ နောက်ဆုတ်ပြန်လာခဲ့သည်။ သူသည် အခန်းထဲမှ ထွက်ပြေးရန် အစွမ်းကုန် ကြိုးစားသည့်တိုင် လှုပ်ရှားနိုင်ခြင်း မရှိ။ သူသည် တစ်နေရာတည်းတွင် တွေတွေကြီး ရပ်ရင်း သေးတွေ ဖျန်းဖျန်းပါချသည်။ သူမြင်ရသူမှာ အခြားသူမဟုတ်။ သူကိုယ်တိုင် ဖြစ်နေသည်။ လက်တစ်ဖက်တွင် စက္ကူကတော့ကို ကိုင်ထားပြီး အခြားတစ်ဖက်တွင် အိတ်ကို ကိုင်ထားသည်။ သေခြင်းတရားသည် သက်ရှိ ရုပ်ထဲမှနေ၍ အရာရာကို သိမြင်သော မျက်လုံးဖြင့် လှုပ်ရှားခြင်း မရှိ။ သူက စိုက်ကြည့်နေသည်။ သူသည် ပျို့ချင်အန်ချင်သလို ဖြစ်လာ၏။ ကြောက်သလို ရွံ့သလို ဖြစ်လာ၏။ မူးနေသလော။ ရူးနေသလောဟု သူ့ကိုယ်သူ ပြန်မေး၏။ တစ်စုံ

http://www.cherrythitsar.org



တစ်ရာ ပြန်ပြောခြင်း မရှိဘဲ အခြားသော သူက သူ့ကို လက်နက်ချခိုင်းသည်။ အသစ်ဖြစ်သော်လည်း ပီသသည့် ဘာသာစကား တိကျသော်လည်း မကြားနိုင်သည့် ဘာသာစကားဖြင့် သူ့ကို စကားပြောနေ၏။ အခြားသော သူသည် မည်သည့် လျင်မြန်နှုန်းဖြင့် သူ့အခန်းထဲသို့ ရောက်နေရသနည်း။ အဆောက်အအုံရှေ့တွင် ရဲများနှင့် လူများ အဘယ်ကြောင့် စုဝေးနေသနည်း။ သူ့ရာဇဝတ်မှုကို ကျူးလွန်ခဲ့သည်မှာ နှစ်ပေါင်း မည်မျှကြာပြီနည်း။ အရက်ဆိုင်ထဲတွင် သူထိုင်နေခဲ့သည်မှာ မည်မျှ ကြာပြီနည်း။ အချိန်ကြာလာသည်နှင့်အတူ အခန်းထဲတွင် ထိုသူ ရောက်နေပုံ၊ ထိုသူ၏ အလေးချိန်၊ ထိုသူ၏ အတိုင်းအဆမရှိသော အာဏာကို သူ သဘောပေါက်လာသည်။ သူ့အိတ်ကပ်ထဲသို့ နှိုက်ရန် တစ်စုံတစ်ရာက တိုက်တွန်းနေသည်။ အခြားသောသူ ရင်တွင် စိုက်ထားခဲ့သည် ဓားမြှောင်ကို သူ့အိတ်ထဲတွင် သွားစမ်းမိသည်။ ထိုအခါကျမှပင် ကမ္ဘာလောကကြီးသည် တရားဥပဒေမဟုတ်ဘဲ တရားဥပဒေ များစွာ အောက်တွင် ရှိနေကြောင်းကို သူသဘောပေါက်ခဲ့သည်။

သန်းခေါင်နာရီ တီးသံပေါ်လာသည်။ ထို့နောက် နာရီပြန်တစ်ချက်။ သူသည် လျှို့ဝှက်သော အမိန့်များကို ရပြီးဖြစ်သည့်အလျှောက် ထိုအမိန့်များကို အကောင်အထည်ဖော်ရန် အဆင်သင့် ဖြစ်နေသည်။ အခြားသော သူသည် ထိုင်ရာမှ ထကာ တံခါးဆီသို့ သွားနေသည်။ သူက တံခါးကို ဖွင့်ပေးလိုက်၏။ အခြားသော သူသည် ရိုကျိုးတိတ်ဆိတ်စွာဖြင့်ပင် သူဖွင့်ပေးသော တံခါးမှ ထွက်သွားသည်။ သူသည် စူးစူးရှရှ အော်ပစ်လိုက်ချင်သည်။ သို့ရာတွင် လည်ချောင်းထဲသို့ မည်သည့်အသံမှ ရောက်မလာပါ။ သူသည် အောက်သို့ ဆင်းလာခဲ့သည်။ အခြားသော သူက နောက်မှ လိုက်လာသည်။ လှေကားပေါ်တွင် ဟိုတယ်ပေါ်တာကလေးကို တွေ့ရ၏။ ဟိုတယ်မန်နေဂျာ၊ ဧည့်ခန်းစားပွဲမှ စာရေးတို့ကို တွေ့သော်လည်း သူ့ကို အမှုမထားကြ။ အဆန်းတကြယ် အဖြစ်အပျက်သည် မည်သူ့ကိုမှလည်း ဆွဲဆောင်ခြင်း မပြုနိုင်။ မည်သူကိုမျှလည်း အံ့သြခြင်း၊ စိတ်ဝင်စားခြင်း မဖြစ်စေနိုင်။

ဟိုတယ်ရှေ့တွင် မြင်းမပါသော ရထားတစ်စင်း ရှိသည်။ အခြားသော သူသည် ရထားထိုင်ခုံပေါ်သို့ တက်ပြီး လျင်မြန်စွာ ထိုင်ချလိုက်သည်။ သူသည် မြင်း၏ နေရာတွင် ဝင်ရပ်သည်။ လှည်းသန်နှစ်ချောင်းကို ချိုင်းနှစ်ဖက်ကြားတွင် ညှပ်ထားလိုက်သည်။ လမ်းသွားလမ်းလာတို့အနက် မည်သူကမျှ ထိုအဖြစ်အပျက်ကို လှည့်မကြည့်ကြ။ လူစု

http://www.cherrythitsar.org



လူဝေးမရှိ။ လူတိုင်းသည် မြင်ရသည့်အလုပ်၊ မမြင်ရသည့် အလုပ်များဖြင့် အလုပ်ရှုပ်လျက် ရှိကြ၏။ လမ်းသွားလမ်းလာ တစ်ယောက်ကမူ တေး တစ်ပုဒ်ကိုပင် ဆိုသွားသေးသည်။

ကြာပွတ်သံ ရှမ်းခနဲ ပေါ်လာသည်နှင့် သူသည် ရထားကို ဆွဲသည်။ သူသည် ကျက်သရေ ရှိစွာ၊ နူးညံ့စွာ၊ ကျိုးနွံစွာ သွား၏။ သူသည် လမ်းဘေးနှစ်ဖက်ကို မြင်သော်လည်း ရှေ့တည့်တည့်ကိုတော့ မမြင်။ သို့ဖြင့် သူသည် မသိနိုင်သော အရာထဲတွင် နစ်မြုပ်သွားသည်။ သွားသည်ဖြစ်စေ၊ ဘေးသို့ ကွေ့သည်ဖြစ်စေ အခြားသော သူ၏ ညွှန်ကြားချက်များသည် မြင်းဇက်ကြိုးမှတစ်ဆင့် သူ့ထံရောက်လာသည်။ အခြားသော သူသည် သူ့ကို ဘယ်ဆီဘယ်ဒေသသို့ မောင်းပို့နေသနည်း။ သူ့ကို ဘယ်လို သဘောထားလေသနည်း။ သူမသိ။ ဂရုလည်း မစိုက်။ သူသည် တစ်ချက်မျှ ရပ်နားခြင်း မရှိဘဲ ဆက်သွားနေသည်။ သူသည် ရပ်နားခြင်း မရှိသေးပါ။ လိုက်မျောပါလိုက် လုပ်နေသည်။ တစ်ခါတစ်ရံတွင် သူသည် ဟီပေးကာ ခေါင်းကို မော့ပြီးနောက် ခြောက်သွေ့နေသော သူ့လျှာဖြင့် ဇက်ကို ကိုက်သည်။ ကတ္တရာလမ်းမပေါ်သို့ ကျနေသော သူ့ခြေသံများသည် စည်းချက်မှန်မှန် ပေါ်နေသည်။ အဆုံးမရှိသော ခရီးတစ်ခုကို သွားနေရကြောင်း သတိပေးနေသည့် ငြီးငွေ့ဖွယ်ကောင်းသော နရီစည်းချက်သံ ဖြစ်သည်။

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *The Man And The Other Man* ကို ပြန်ဆိုပါသည်။)

[အကောက်ခွန်နှစ်ပတ်လည် မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၆]

# အမည်မသိသော

အခန်းထဲတွင် ခြေရာလက်ရာပျက်နေသည့် အရာဆို၍ တစ်ခုမျှ မရှိ။ စုံစမ်းထောက်လှမ်းသူ တစ်ယောက်ကို အကူအညီပေးနိုင်သည့် အရာဆို၍ တစ်ခုမျှမရှိ။ ခန်းစုံတိုက်ခန်း တစ်ခုလုံးတွင် အခန်းနှစ်ခန်း၊ ဆင်ဝင်ခန်းမတစ်ခန်းသာ ရှိသည်။ ယေဘုယျအားဖြင့် ပြောရလျှင် ခန်းစုံတိုက်ခန်းသည် ရိုးရိုးရှင်းရှင်းကလေးသာ ဖြစ်သည်။ အံ့ဩဖို့ကောင်းသည်မှာ အိပ်ခန်း၏ အခြေအနေ ဖြစ်သည်။ အိပ်ခန်းထဲတွင် ကြောက်ဖွယ် လူသတ်မှုတစ်ခု ဖြစ်ပွားသွားခဲ့ပါလျက် အခန်းမှာ ခြေရာလက်ရာဆို၍ တစ်ချက်မျှမယွင်း၊ ခါတိုင်းပြင်ဆင်ထားသလို သပ်ရပ်သန့်ရှင်းနေသည်။ အိပ်ရာပင်လျှင် ပုံပန်းမပျက်ပါ။ လူတစ်ယောက် ဝင်အိပ်သဖြင့် အရာယွင်းသွားရုံလောက်သာ ရှိသည်။ သို့ရာတွင် အိပ်ရာပေါ်တွင် လဲလျောင်းနေသူမှာ အိပ်ပျော်နေခြင်း မဟုတ်ပါ။ အသတ်ခံထားရခြင်း ဖြစ်ပါသည်။ သွေးများပင် ကောင်းကောင်း မခြောက်သေးပါ။ လည်ပင်းတွင် ကြိုးရာ ထင်နေခြင်း၊ မျက်လုံးများ ပြူးထွက်နေခြင်းတို့ကို ထောက်၍ သေသူမှာ လည်ပင်းညှစ်၍ အသတ်ခံရကြောင်း ထင်ရှားသည်။ သွေးများမှာ နှာခေါင်းနှင့် ပါးစပ်တစ်ဝိုက်တွင် ခဲနေသည်။ သို့ရာတွင် ယင်းမှလွဲ၍ အိပ်ရာထဲတွင် လည်းကောင်း၊ အိပ်ခန်းထဲတွင်လည်းကောင်း၊ တိုက်ခန်းထဲတွင် လည်းကောင်း ခုခံရုန်းကန်ထားသည့် လက္ခဏာကို မတွေ့ရ။ အစစအရာရာ ပုံမှန်အတိုင်း ထုံးစံအတိုင်း မြင်နေကျအတိုင်း ဖြစ်နေသည်။

အမှုကိုစုံစမ်းစစ်ဆေးသည့် အရာရှိမှာ အထိတ်တလန့်ဖြင့် ရပ်နေသည်။ လေ့ကျင့်သားရနေသည့် သူ့မျက်လုံးများသည် အခန်းထောင့်ကို လိုက်ကြည့်နေသည်။ သို့ရာတွင် ဘာမျှထူးထူးခြားခြား မတွေ့ရပါ။ သူသည် ရာဇဝင်မှုကြီး တစ်ခုရှေ့တွင် ရောက်နေသည်မှာ ဘာမျှသံသယဖြစ်ဖွယ်မရှိ။ ရာဇဝတ်မှု ဆိုသည်မှာ ကျူးလွန်သူ ရာဇဝတ်ကောင် မရှိဘဲ မဖြစ်နိုင်။ ရာဇဝတ်ကောင်ကို ရှာဖို့ဆိုသည်မှာလည်း သဲလွန်စတစ်ခုခုကို မတွေ့ဘဲ ရှာ၍မရနိုင်။ သည်အခန်းထဲတွင်မူ ပြတင်းပေါက်များ အားလုံးသည် သေချာစွာ ပိတ်ထားလျက်သား ရှိနေခဲ့သည်။

သို့ဆိုလျှင် ရာဇဝတ်ကောင်သည် တံခါးမကြီးမှ ဝင်လာပြီး တံခါးမကြီးမှသာ ထွက်သွားနိုင်သည်။ အသတ်ခံရသူမှာ လည်ပင်းကို ကြိုးတပ်၍ အသတ်ခံထားရခြင်း ဖြစ်သည်။ သို့ဖြစ်လျှင် လူသတ်သမားသည် သေသူ၏လည်ပင်းကို မည်သို့မည်ပုံ ကြိုးဖြင့် ရစ်ပတ်ထားသနည်း။ သေသူအိပ်ပျော်နေစဉ် လည်ပင်းကို ကြိုးဖြင့် တစ်ပတ်ထားခြင်း ဖြစ်နိုင်သည်။ ရုန်းကန်သည့် အရိပ်လက္ခဏာကို မတွေ့ရသည့်အခါတွင် ထိုတစ်နည်းသာ စဉ်းစားစရာ ကျန်တော့သည်။ နောက်တစ်နည်းဖြစ်နိုင်သေးသည်။ ယင်းမှာ လူသတ်သမားသည် သေသူအလစ်တွင် နောက်မှဖမ်း၍ လည်ပင်းကို ကြိုးနှင့် ချည်သတ်မည်။ ထို့နောက် အိပ်ရာပေါ်သို့ အသာချပြီး ခြေရာလက်ရာမပျက်အောင် ပြင်ဆင်ထားခဲ့ကာ အသာထွက် သွားနိုင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ တော်တော်တော့ ရဲတင်းသည့်လူ။ တော်တော် ခေါင်းအေးသည့်လူ။ သူသည် ထိုလုပ်ငန်းတစ်ခုလုံးကို တည်တည်ငြိမ်ငြိမ်၊ စိတ်ရှည်လက်ရှည်၊ တိတိကျကျ၊ ပြတ်ပြတ်သားသား လုပ်သွားသည်။ သည်လို အဖြစ်မျိုးမှာ ဝတ္ထုများထဲတွင်သာ တွေ့ရသည်။ လူသတ်သမားသည် သူ့ကိုယ်သူကိုလည်းကောင်း၊ သေသူကိုလည်းကောင်း၊ ရာဇဝတ်မှုကိုလည်းကောင်း၊ အချင်းဖြစ်ပွားရာ နေရာတစ်ခုလုံးကို လည်းကောင်း၊ ကောင်းစွာ ထိန်းချုပ်ထားနိုင်ပြီး ဘေးမသီရန်မခဘဲ ထွက်သွားနိုင်ခဲ့သည်။ တော်တော်စွမ်းသည့် လူသတ်သမားပင်။

စုံစမ်းစစ်ဆေးရေး အရာရှိသည် စုံစမ်းရမည့် ခြေလှမ်းများကို သူ့စိတ်ထဲတွင် အစီအစဉ်ချသည်။ (ရာဇဝတ်မှု ကျူးလွန်ခြင်း ရည်ရွယ်ချက်၊ တိုက်ခန်းစောင့် ဒရဝမ်ကို စစ်ဆေးခြင်း စသည်တို့ ဖြစ်သည်။) ထို့ပြင် ဖြစ်နိုင်ချက်အချို့ကိုလည်း မှန်းဆကြည့်သည်။ သူသည် သူ့စိတ်ခံစားချက်တို့ကို ချုပ်တည်းချိုးနှိမ်ကာ ထူးဆန်းသည့် ရာဇဝတ်ကောင်

http://www.cherrythitsar.org



အခန်းသို့ ဝင်လာပုံ၊ လူတစ်ယောက်ကို သတ်သွားပုံ၊ လေညှင်းကလေး တစ်သုတ်လို၊ နေရောင်ခြည်လေး တစ်တန်းလို သဲလွန်စ တစ်ချက်မျှ မချန်ရစ်ဘဲ ထွက်သွားပုံတို့ကို ပြန်လှည်စဉ်းစားနေသည်။

သူသည် ကြောင်အိမ်၊ စားပွဲခုံ၊ အဝတ်အစားများ စသည်တို့ကို ရှာသည်။ ထိုအထဲမှ ငွေဆယ်ပေါင်ကို တွေ့ရ၏။ သေသူ၏ လက်ပတ်နာရီနှင့် ရွှေလက်စွပ်ကိုလည်း တွေ့ရသည်။ ကြည့်ရသည်ကမူ ရာဇဝတ်မှု ကျူးလွန်ခြင်း၏ ရည်ရွယ်ချက်ဆို၍ လုံးလုံးမရှိသယောင် ဖြစ်နေ၏။ ပစ္စည်းယူဖို့ လူသတ်ခြင်း မဟုတ်သည်ဟု ထင်ရ၏။ သို့ဖြစ်လျှင် လူသတ်မှု၏ ရည်ရွယ်ချက်သည် အဘယ်နည်း။

သူသည် စစ်ဆေးမေးမြန်းရန် တိုက်ခန်းစောင့် ဒရဝမ်ကို ခေါ်လိုက်သည်။ ထိုဒရဝမ်မှာ အသက်ခပ်ကြီးကြီး၊ နျူဘီယန်လူမျိုးစု တစ်ယောက်ဖြစ်၏။ အဘီဇောယျရပ်ကွက်၊ ဘားရတ်လမ်းပေါ်ရှိ ထိုတိုက်ခန်း ကလေးတွင် အစောင့်လုပ်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ သူ၏ထွက်ချက်များထဲတွင် အချက်အလက်အချို့ကို တွေ့ရ၏။

သေသူမှာ "ဟာဆန်ဝါဘီ" အမည်ရှိ ကျောင်းဆရာတစ်ယောက် ဖြစ်သည်ဟု သူက ပြောပြသည်။ ဟာဆန်မှာ အသက်ခုနစ်ဆယ်ကျော်ရှိပြီး ဇနီးကွယ်လွန်သည့်နောက်မှစ၍ တစ်ယောက်တည်း နေနေခဲ့သည်။ သမီးတစ်ယောက်မှာ အက်စရွတ်တွင် အိမ်ထောင်ကျနေပြီး သား ဖြစ်သူမှာ ပို့ဆက်မြို့တွင် ဆရာဝန်လုပ်နေသည်။ အစောင့်မှာ ဒါမီယကတာဇာတိဖြစ်ပြီး သူ့ကို အိမ်စေအဘွားကြီး အမီနာက ထမင်းချက်ကျွေးသည်။ အမီနာမှာ မနက်ဆယ်နာရီလောက်တွင် ရောက်လာတတ်ပြီး ညနေငါးနာရီတွင် ပြန်သွားတတ်သည်။

"တစ်ခါတစ်လေမှာ ခင်ဗျားကရော သူ့အတွက် အလုပ်လုပ်ပေးရတာတို့ ဘာတို့ မရှိဘူးလား"

အဘိုးအိုက လေးနက်စွာဖြင့် မဆိုင်းမတွ ဖြေသည်။

"တစ်နှစ်မှာ တစ်ခါတောင် လုပ်မပေးရပါဘူး။ ကျွန်တော်လည်း သူနဲ့ အဝင်အထွက်လောက်ကျမှ မျက်နှာချင်းဆိုင်မိကြတာပါ"

"မနေ့က အကြောင်းကို ပြောစမ်းပါဦး"

"မနက် ရှစ်နာရီလောက်မှာ သူထွက်သွားပါတယ်"

"တိုက်ခန်းကို သုတ်သင်လှည်းကျင်ဖို့ မှာမသွားဘူးလား"

အစောင့်က စိတ်တိုသွားဟန်ဖြင့် ... "ကျွန်တော် ပြောပြီးပြီပဲ။ တစ်နှစ်မှာ တစ်ခါတောင် မခိုင်းပါဘူးလို့၊ ခုအချိန်ထိ တစ်ခါမှ မခိုင်းဖူး

သေးဘူး။ အမိနာက ဆယ်နာရီ ရောက်လာပြီး သူ့အဝတ်အစားတွေကို လျှော်ပေးတယ်။ ချက်ပြုတ်ပေး တယ်။ အခန်းသန့်ရှင်းရေး လုပ်တယ်"

"အဘွားကြီးက တစ်ခါတစ်လေ ပြတင်းပေါက်တို့ ဘာတို့ မဖွင့်ဘူးလား"

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး"

"ပြတင်းပေါက်ကနေ တစ်ယောက်ယောက် ဝင်မလာနိုင်ဘူးလား"

"ရဲမှူးကြီး မြင်တဲ့အတိုင်းပဲ။ သူ့အခန်းထဲက တတိယထပ်မှာ၊ ဒီတော့ ဘယ့်နှယ့်လုပ် ဖြစ်နိုင်မလဲ။ ပြီးတော့ အဆောက်အအုံက ဘက်သုံးဘက်မှာ တခြားအဆောက်အအုံတွေကနေ လှမ်းမြင်နေရတာ၊ စတုတ္ထဘက်ကတော့ ကားရပ်လမ်းဘက်ကို မျက်နှာမူနေတာ မဟုတ်လား"

"အင်း ပြောပါဦး"

"မနက်ရှစ်နာရီလောက်မှာ သူထွက်သွားပါတယ်။ ကိုးနာရီလောက်ကျတော့ ပြန်လာပါတယ်။ ဒါဟာ နေ့စဉ်နေ့တိုင်း သူလုပ်နေကျပါ။ ဒီလိုနေလာ ဆယ်နှစ်လောက်ရှိပါပြီ။ အဲဒီနောက်တော့ အပြင်ကို မထွက်တော့ပါဘူး။ နောက်တစ်နေ့မနက်မှပဲ ထွက်ပါတော့တယ်"

"သူ့ဆီကို ဘယ်သူမှ အလည်မလာဘူးလား"

"သူ့သားနဲ့သမီးပဲ လာပါတယ်။ တခြားသော မမြင်မိပါဘူး"

"သူတို့ နောက်ဆုံးဘယ်တုန်းက ရောက်ခဲ့ကြသလဲ"

"ဘေရမ်းပွဲတော်တုန်းကပါ"

"နို့ ပို့သမားတို့၊ သတင်းစာပို့သမားတို့ကော မလာဘူးလား"

"သတင်းစာက မနက်တိုင်း သူအပြင်ထွက်ရင် တစ်ပါတည်း ဝယ်လာပါတယ်။ ဒိန်ချဉ်ကတော့ ညနေပိုင်းကျမှ အမိနာက ယူပေးပါတယ်"

"မနေ့ကတော့ ဒိန်ချဉ်ယူပေးသေးသလား"

"ဟုတ်ကဲ့ ယူတယ်ထင်ပါတယ်။ နို့ပို့တဲ့ကောင်လေး အပေါ်တက်သွားပြီး ပြန်ဆင်းလာတာ တွေ့လိုက်ပါတယ်"

"မနေ့ကတုန်းက အမိနာက ဘယ်အချိန်မှာ ပြန်သွားသလဲ"

"နေဝင်ချိန်လောက်ကျမှ ပြန်ပါတယ်"

"မနက် ဆယ်နာရီလောက်မှာပါ။ သူက ခေါင်းလောင်းကြိုးကို ဆွဲဟတယ်။ အထဲက တံခါးဖွင့်မပေးပါဘူး"

"ဒီနေ့ကော သူခါတိုင်းလိုပဲ အပြင်ထွက်သေးသလား"

http://www.cherrythitsar.org



"ဒီနေ့ မထွက်ပါဘူး"

"သေချာတယ်နော်"

"ထွက်တာ မမြင်ပါဘူး။ အမိနာ ရောက်လာသည်အထိ ကျွန်တော် အောက်ထပ်ဂိတ်ဝမှာ ရှိနေတာပဲ။ နောက် ဆယ့်ငါးမိနစ်လောက်ကြာတော့ အမိနာဆင်းလာပြီး ခေါင်းလောင်းဆွဲတာ အထဲက တံခါးမဖွင့်ဘူးလို့ လာပြောပါတယ်။ ဒီတင် ကျွန်တော်လိုက်သွားပြီး ခေါင်းလောင်းဆွဲပါတယ်။ တံခါးခေါက်ပါတယ်။ အထဲက ဘာသံမှ မကြားရတဲ့အခါမှာ ရဲဌာနကို သွားအကြောင်းကြားပါတယ်"

တိုက်ခန်းစောင့် အဘိုးအိုသည် ကြက်ကလေး တစ်ကောင်ကိုပင် လည်လိမ်ချိုးနိုင်သူ မဟုတ်ကြောင်း ရဲအရာရှိ ဆုံးဖြတ်လိုက်သည်။ အမိနာလည်း ထိုအတူပင် ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် တစ်ယောက်ယောက်ကိုတော့ လက်ထောက်ချနိုင်သည်ဟု တွက်သည်။

သို့ရာတွင် ဟာဆန်ဝါဘီသည် အဘယ်ကြောင့် အသတ်ခံရသနည်း။ လုယက်ရန် အကြံဖြင့် သတ်သွားခြင်းလော။ ရဲက အနံ့ခံ၍ မရနိုင်အောင် လုပ်ရန်အတွက် ဟာဆန်ဝါဘီ၏ ပိုက်ဆံအိတ်ကို သည်အတိုင်း ထားပစ်ခဲ့ခြင်းလော။ ထို့ပြင် တိုက်ခန်းသော့ကို အံဆွဲထဲတွင် ခြေရာလက်ရာမပျက် ထားခြင်းမှာလည်း လမ်းလွှဲရန် တမင်လုပ်ညှိစားခြင်းလော။

အမိနာကို စစ်ဆေးသည့်အခါတွင်မူ သူမသည် သေသူကျောင်းဆရာကြီး၏ အိမ်တွင် အလုပ်လုပ်လာခဲ့သည်မှာ အနှစ်အစိတ်ရှိပြီဖြစ်ကြောင်း၊ ဆယ့်ငါးနှစ်မှာ သူ့ဇနီးရှိစဉ်က ဖြစ်ပြီး ဆယ်နှစ်မှာ သူ့ဇနီး ကွယ်လွန်သည့် နောက်ပိုင်း ဖြစ်ကြောင်းဖြင့် ထွက်ဆိုသည်။ သေသူမုဆိုးဖိုဖြစ်သည့်အချိန်၌ အမိနာသည် သူမ၏အိမ်တွင် ပြန်၍ အိပ်သင့်သည်ဟု ရဲအရာရှိ ယူဆသည်။

သူကိုယ်တိုင်မှာလည်း မုဆိုးမ ဖြစ်ပြီး သမီးခြောက်ယောက်ရှိကြောင်း၊ ၎င်းတို့အားလုံးမှာ အိမ်ထောင်ကျနေကြပြီဖြစ်ကြောင်း၊ အချို့မှာ အလုပ်သမားများ၊ လက်မှုပညာသည်များ ဖြစ်ကြောင်းဖြင့် ပြောပြသည်။ အမိနာက သူတို့၏ လိပ်စာများကို ပေးသည်။

"မနေ့က အကောင်းကြီးပဲရှင့်။ သတင်းစာတောင် ဖတ်နေသေးတယ်။ ပြီးတော့ ကိုရန်ကျမ်းစာ ရွတ်တယ်။ ညနေကျွန်းမပြန်တော့ ရေဒီယို နားထောင် ကျန်ရစ်ခဲ့တယ်"

"သူ့မိသားစု အကြောင်းတော့ ခင်ဗျားဘာသိသလဲ"

"သူတို့က ဒါမီယက်တာမှာ နေပါတယ်။ ဒါပေမယ့် သူနဲ့ သိပ်အဆက်အသွယ် မရှိပါဘူး။ သူ့ဆီကို သားနဲ့သမီးပဲ လာပါတယ်။ အားလပ်ရက်တို့ ပွဲတော်ရက်တို့မှာပါ"

"သူ့မှာ ရန်သူတို့ ဘာတို့ကော ရှိသလား"

"မရှိပါဘူး"

"သူ့အိမ်ကို ဘယ်သူမှ အလည်လာလေ့ မရှိဘူးပေါ့"

"မလာပါဘူး။ တစ်ခါတစ်လေမှာတော့ သောကြာနေ့တွေ့မှာ သူ့လုပ်ဖော် ကိုင်ဖက်ဟောင်းတွေ၊ သူ့တပည့်ဟောင်းတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်တတ်ပါတယ်"

သဲလွန်စလည်း ရှာမတွေ့။ ရာဇဝတ်မှု ကျူးလွန်ခြင်း၏ ရည်ရွယ်ချက်လည်း မရှိဘဲ မည်သို့ ရာဇဝတ်မှု ဖြစ်ပွားနိုင်သနည်းဟု ရဲစခန်းမှူး စဉ်းစားကြည့်သည်။

လိုအပ်သည့် ထုံးတမ်းစဉ်လာ ကိစ္စများကို ဆောင်ရွက်ပြီးနောက် ရဲစခန်းမှူးသည် မိမိ၏ လက်ထောက် အကူအညီဖြင့် တိုက်ခန်းစောင့်ဒရဝမ်၏ အခန်းကို ရှာသည်။ အမီနာ၏ အိမ်နှင့် သူမ၏ သမီးခြောက်ယောက်တို့၏ အိမ်များကိုလည်း ရှာသည်။ ထို့နောက် သေသူ၏ မိတ်ဆွေအချို့ကိုလည်း စစ်ဆေးသည်။ သို့ရာတွင် သူတို့ထံမှ ဘာမျှထူးထူးခြားခြား အထောက်အထားမရပါ။ ကျောင်းဆရာ၏ အသတ်ခံရမှုသည် ရှုပ်ထွေးဆန်းကြယ်သည့် ပဟေဠိတစ်ပုဒ် ဖြစ်နေသည်။

ထိုသတင်းသည် ရပ်ကွက်ထဲတွင် ပျံ့နှံ့သွားကာ ထို့နောက်တွင် အလေဆာယာမြို့တစ်မြို့လုံး သိသွားကာ လူအများကပင် စိတ်မကောင်း ဖြစ်နေကြသည်။ သေသူ၏ သားဖြစ်သူ ဆရာဝန်၏ အဆိုအရ သူ့အဖေတွင် တန်ဖိုးကြီးသည့် ပစ္စည်းဆို၍ ဘာမျှမရှိကြောင်း၊ အရေးပေါ်သုံးရန်အတွက် ဘဏ်တွင် ပေါင်တစ်ရာလောက် စုထားသည့်တိုင် ယခုအချိန်တွင် အားလုံးထုတ်ယူပြီး ဖြစ်ကြောင်းဖြင့် အတည်ပြုပြောဆိုသည်။

သူ့အဖေတွင် ရန်သူမရှိကြောင်း၊ သူ့အဖေတွင် ထုပ်ထုပ်ထည်ထည် စုဆောင်းထားသည့် ပစ္စည်းရှိသည်ထင်၍ လောဘကြောင့် သတ်ခြင်းဖြစ်မည် ထင်ကြောင်းဖြင့်လည်း ထပ်မံအတည်ပြုသည်။ တိုက်စောင့်ဒရဝမ်နှင့် အမီနာတို့ကိုလည်း သေသေချာချာ စစ်ဆေးမေးမြန်းပြီးလေပြီ။ ဘာမျှအထောက်အထား မရသဖြင့် သူတို့နှစ်ယောက်ကို အာမခံဖြင့် ပြန်လွှတ်လိုက်သည်။

စုံစမ်းစစ်ဆးသော ရဲစခန်းမှူးသည် ပိုးတိုးဝါးတား နှင်းမှောင်ကြီးထဲတွင် ရောက်သလို ဖြစ်နေသည်။ ယခင်တစ်ခါကမျှ မဖြစ်ဖူးသေးသော စိတ်ဓာတ်ကျဆင်းမှုမျိုးကို တွေ့နေရသည်။ သူ့လုပ်သက် တစ်လျှောက်လုံး ရာဇဝတ်မှုများကို တိုက်ဖျက်ခဲ့ရာတွင် နာမည်ကောင်းရခဲ့သည်။ ယေဘုယျပြောရလျှင် သူသည် အမှုလိုက်ကောင်းသည်ဟု ဂုဏ်သတင်းကျော်စောသူ ဖြစ်သည်။ ယခုအမှုသည် သူ့အဖို့ မျှော်လင့်ချက်မရှိ။ ဖြေသိမ့်စရာမရှိဘဲ သည်အတိုင်း လက်မြှောက်အရှုံးပေးရတော့မည့် ပထမဆုံး အမှုဖြစ်နေသည်။

သူသည် မူကဝတ်တန်တောင်ပေါ်ဒေသ၊ ဝေလီခရိုင် ကျေးလက်အစွန်ဖျား၊ အယ်မိုတာမေဒီဒေသ စသည့်နေရာများရှိ သံသယဖြစ်ဖွယ် လူများကို စုံထောက်များ လွှတ်ပြီး စုံစမ်းထောက်လှမ်းစေသည်။ သို့ရာတွင် သူ့လူများသည် ဘာမျှအထောက်အထား မရဘဲ ပြန်လာခဲ့ကြရသည်။ မှုခင်းဆရာဝန်က မစ္စတာဟာဆန်ဝါဘီသည် လည်မျိုကို အညှစ်ခံရသည့် ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်းဖြင့် သတင်းပို့သည်။ ရာဇဝတ်ကောင်ချန်ထားရစ်နိုင်သည့် ဆံပင်ကလေးတစ်ချောင်းသို့မဟုတ် လက်ဗွေရာ စသည်တို့ကို အချင်းဖြစ်ပွားရာ တစ်ဝိုက်တွင် လိုက်ရှာကြည့်သည်။ သို့ရာတွင် အချည့်နှီးသာ။ စုံစမ်းစစ်ဆေးသူတိုင်းသည် တိတ်ဆိတ်သော ဟင်းလင်းပြင်းကြီးရှေ့တွင် ရပ်နေသကဲ့သို့ ဖြစ်နေသည်။

အမှုစုံစမ်းစစ်ဆေးရာတွင် နောက်ပြန်ဆုတ်ခဲ့ရသည့်အတွက် ရဲဌာနအနီးတွင် နေသည့် ရဲစခန်းမှူး မူဆင်အက်အယ်ဘာရီသည် အကြီးအကျယ် စိတ်ဓာတ်ကျကာ သူ့ကိုယ်သူ မကျေမနပ်ဖြစ်လျက်ရှိ၏။ သူစိတ်ဓာတ်ကျနေသည်ကို မြင်သည့်အခါတွင် သူ့ဇနီးက "ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ရှင်" ဟု အားပေးပါသည်။

သူသည် စကားပင် ကောင်းကောင်း မပြောနိုင်တော့ဘဲ အားအားရှိလျှင် စာအုပ်နှင့်သာ အချိန်ကုန်သည်။ သူသည် ဆာဒီ၊ အယ်ဖာရစ်၊ အယ်အာရဗီ အစရှိသည့် ဂန္ဓာရီ ကဗျာစာဆိုတို့၏ စာများကို နှစ်သက်သည်။ ရဲအရာရှိတစ်ဦးအဖို့ ရှားရှားပါးပါး ရှိတတ်သော ဝါသနာ ဖြစ်သဖြင့် သူသည် ထိုအကြောင်းကို ရင်းနှီးသော မိတ်ဆွေများကိုပင် ထုတ်မပြောဘဲ နှုတ်ပိတ်နေခဲ့သည်။

သေသူမှာ ထိုရပ်ကွက်ရှိ လူငယ်များနှင့် လူလတ်ပိုင်းအရွယ်များ၏ ဆရာသမားတစ်ဦး ဖြစ်နေသည့်အတွက်ကြောင့် တစ်ကြောင်း၊

အမှုမှန်ကို မဖော်ထုတ်နိုင်သေးသည့်အတွက်ကြောင့် တစ်ကြောင်း ထိုလူသတ်မှုအကြောင်းလည်း အဘိဓေယျရပ်ကွက်တွင် လူပြောစရာ ဖြစ်နေသည်။ သို့ရာတွင် ရက်သီတင်းပတ်တွေ ကျော်လာသည့်အခါတွင်မူ ထိုသတင်းသည် ကြောက်မက်ဖွယ်ကောင်းသော မေ့လျော့ခြင်း ပင်လယ်ကြီးထဲတွင် နစ်မြုပ်သွားခဲ့ကာ ရဲမှူး မူဆင်အယ်ဘာရီသည်လည်း ထိုအမှုကို "တရားခံရှာမတွေ့"သော အမှုများစာရင်းထဲသို့ သွင်းလိုက်ပါသည်။ ပါးစပ်မှလည်း "ဟုတ်တယ်။ တရားခံမတွေ့တာတော့ သေချာပြီ" ဟု ပြောမိသည်။

နောက်တစ်လအကြာတွင် ရဲမှူးသည် အဘိဓေယျရပ်ကွက်က အိမ်ကြီးတစ်လုံးသို့ သွားရပြန်သည်။ အလားတူ လူသတ်မှုတစ်ခုကို သွားရောက်စုံစမ်းရခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင် ပထမရာဇဝတ်မှု ထပ်၍ ဖြစ်ပွားသည်ဟုပင် ထင်မိသေးသည်။ သူ့မျက်လုံးများကို သူ မယုံနိုင်။ သေသူမှာ ပင်စင်စား အရာရှိကြီးတစ်ယောက် ဖြစ်သည်။ သူသည် သူ့မိသားစုနှင့်အတူ နေလျက်ရှိသည်။ သူ့မိသားစုထဲတွင် အသက်ခြောက်ဆယ်အရွယ်ရှိ ဇနီးသည် အသက်ခြောက်ဆယ်အရွယ်ရှိ မုဆိုးမညီမ၊ တက္ကသိုလ်ကျောင်းတက်နေသည့် အသက်နှစ်ဆယ်ရွယ် အငယ်ဆုံး သားတို့နှင့်အတူ နေကြခြင်း ဖြစ်သည်။ သူ့အိမ်တွင် ခြံစောင့် ဒရဝမ်၊ မာလီ၊ ဒရိုင်ဘာ၊ ထမင်းချက်နှင့် အခြားအိမ်ဖော်နှစ်ယောက်တို့ ရှိသည်။

တစ်မနက်၌ ပင်စင်စား အရာရှိသည် ခါတိုင်းကဲ့သို့ပင် အိပ်ရာထဲတွင် အိပ်ပျော်နေသည်ဟု ထင်နေကြရသည်။ သို့ရာတွင် အချိန်မှာ ခါတိုင်းထက် နောက်ကျနေသဖြင့် ဇနီးက နေထိုင်ကောင်းမကောင်း သွားကြည့်သည်။ အိပ်ပျော်နေခြင်း မဟုတ်ပါ။ လည်မျိုကို ညှစ်ပြီး အသတ်ခံထားရခြင်း ဖြစ်သည်။ လည်ပင်းတွင် ကြိုးရာကြီး ထင်နေပြီး၊ မျက်လုံးများမှာလည်း ကြောက်စရာ ပြူးထွက်နေကြသည်။ နှာခေါင်းနှင့် ပါးစပ်တစ်ဝိုက်တွင်လည်း သွေးတွေခဲနေသည်။ အခန်းမှာ ဘာမျှ ခြေရာလက်ရာမပျက်။ အိပ်ရာကလည်း အရာမယွင်း။ ညတစ်ညလုံးလည်း ဘာသံမျှ မကြားရ။

အတိုချုပ်ပြောရလျှင် ရဲအရာရှိအဖို့ လွန်ခဲ့သည့် တစ်လလောက်တုန်းက ကျောင်းဆရာကြီး အသတ်ခံရမှုတုန်းကလို ဖြေရှင်း၍ မရနိုင်သော ပဟေဠိဖြင့် သွားတိုးနေသည်။ ယခင်အမှုတုန်းကလိုပင် တိတ်ဆိတ်မှု၊ ရက်စက်မှု၊ လှောင်ပြောင်မှု၊ ရှုပ်ထွေးမှုတို့ကို ဆောင်သည့် တရားခံရှာမတွေ့သော အမှုကို တွေ့နေရသည်။

“ပစ္စည်းတို့ ဘာတို့ ပျောက်သေးသလား”

“ဟင့်အင်း မပျောက်ဘူး”

“သူ့မှာ ရန်သူတွေ ဘာတွေကော ရှိသလား”

“မရှိပါဘူး”

“အိမ်စေတွေကကော သူနဲ့ ဆက်ဆံရေး အဆင်ပြေရဲ့လား”

“သိပ်အဆင်ပြေပါတယ်”

“သံသယဖြစ်တဲ့သူများ ရှိသလား”

“မရှိပါဘူး”

ရဲအရာရှိသည် မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် ထုံးတမ်းစဉ်လာ လုပ်ငန်းတွေကို လုပ်ရသည်။ သူသည် အိမ်ကြီးကို သေချာစွာ စစ်ဆေးကာ မိသားစုဝင်များနှင့် အိမ်စေများကို မေးမြန်းသည်။ သူ့စိတ်ထဲ၌ အမည်မသိသော တရားခံသည် မှောင်ထဲတွင် ချောင်းမြောင်းကာ အခြားသော သားကောင်များကိုသာမက သူ၏ဂုဏ်သိက္ခာနှင့် သူ့ဘဝတွင်ရှိသည့် တန်ဖိုးဟူသမျှကို လုပ်ကြံဖျက်ဆီးရန် စောင့်ဆိုင်းလျက်ရှိသည်ဟု ထင်မှတ်လာသည်။ ထို့ပြင် ရှုပ်ထွေးသည့် အဖြစ်အပျက်ကြီးတစ်ခုသည် ယင်း၏လေးလံကြီးမားသော လျှို့ဝှက်မှုကြီးနှင့်အတူ မိမိအား လည်မျိုညှစ်၍ သတ်ရန် စောင့်ဆိုင်း ချောင်းမြောင်းနေသည်ဟု ခံစားလာရသည်။ အကယ်၍ နောက်အမှုတစ်ခုကိုသာ မဖော်နိုင်ခဲ့လျှင် သူသည် ဘဝကို ရင်ဆိုင်ရဲတော့မည် မထင်။ ဘဝသည်လည်း ဘာမျှ အသုံးကျတော့မည် မထင်။

သေသူ၏ အရိုန်အဝါကြောင့် သက်ဆိုင်ရာမှ အထက်တန်း စုံစမ်းစစ်ဆေးရေးမှူးများ ရောက်လာကာ အမှုကို ကိုင်တွယ်ကြသည်။

“အမှုကတော့ ရာဇဝတ်မှုစစ်ပွဲဗျ။ ဒါပေမယ့် ခက်တာက ရာဇဝတ်ကောင် မပါဘဲ ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ တူနေတယ်”ဟု အရာရှိတစ်ဦးက ပြောသည်။

“ဒါပေမယ့် ရာဇဝတ်ကောင်ကတော့ ရှိနေတယ်လေ။ ကျွန်တော်တို့ ထင်သလို မဟုတ်ဘဲ ကျွန်တော်တို့နဲ့ အနီးကလေး ဖြစ်ချင်ဖြစ်နေမှာ”

“ဘယ်လို ကျူးလွန်သွားတာလဲ”

“ကြိုးသေးသေးလေးကို လည်ပင်းမှာ ပတ်လိုက်ပြီး အသက်ရှူလို့ မရတော့သည်အထိ ကြိုးကို တင်းတင်းပတ်ပစ်လိုက်တာပေါ့။ ဒါပေမယ့် သူဟာ အချင်းဖြစ်ပွားတဲ့ နေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာ

လဲ၊ သဲလွန်စ တစ်ခုမှ မချန်ရစ်ဘဲ ဒီနေရာက ဘယ်လိုလုပ်ပြီး ထွက်သွားသလဲ"

"ပြီးတော့ လူသတ်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ"

"ဒါကတော့ အများကြီးပေါ့ဗျာ။ အသက်ရှင်ဖို့ ရည်ရွယ်ချက်တွေ အများကြီးရှိသလို လူသတ်တဲ့ ရည်ရွယ်ချက်ကလည်း အများကြီးရှိမှာပေါ့"

"ရှုးနေတယ် ဆိုရင်တော့ အကြောင်းမရှိဘဲ သတ်ချင်သတ်မှာပေါ့ဗျာ။ ဒီလို မဟုတ်ရင်တော့ ဘယ့်နှယ်လုပ် သတ်မလဲ"

"သေသူနှစ်ယောက်တဲ့။ အရာရှိကြီးနဲ့ ကျောင်းဆရာကြီးကြားမှာ ဘယ်လိုအဆက်အသွယ်တွေများ ရှိသလဲ"

"နှစ်ယောက်စလုံးကတော့ ယဲ့ယဲ့ချည်းပဲ"

သတင်းများကို ခေါင်းစဉ်မည်းကြီးများဖြင့် သတင်းစာ မျက်နှာဖုံးများတွင် ဖော်ပြကြသည်။ လူထုမှာ အလန့်တကြား ဖြစ်ကုန်ကြသည်။ အထူးသဖြင့် အဘိဓေယျရပ်ကွက်တွင် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ ပင်စင်စား အရာရှိကြီးမှာ ထိုရပ်ကွက်တွင် ထင်ရှားသူတစ်ဦး ဖြစ်ပြီး တစ်ခါတုန်းက ထိုရပ်ကွက်မှ လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံခဲ့ရသောကြောင့် ဖြစ်သည်။

ရဲမှူး မူဆင်သည် ရဲဘက်တွင် ရှိသည့် စုံထောက်မှန်သမျှကို စုစည်းကာ ထိုကိစ္စကို စုံစမ်းသည်။ ယင်းတို့အား တင်းတင်းကျပ်ကျပ် ညွှန်ကြားချက်ထုတ်ပြန်ကာ သူကိုယ်တိုင်လည်း မနားမနေ အားထုတ်သည်။ မနက်မိုးလင်းသည်နှင့် သူသည် စိတ်ပန်းလူပန်းဖြင့် အိမ်သို့ ပြန်ရောက်လာတတ်၏။ ထိုအချိန်က သူ့ဇနီးမှာ ကိုယ်ဝန်ဆောင်စ ဖြစ်သဖြင့် ထိုကိစ္စများကိုလည်း ဇနီးသည်ကို တစ်လုံးမျှ ဖွင့်မပြောပါ။ သူအကြောက်ဆုံးမှာ ထိုအမှုကို မလိုက်နိုင်သည့်အတွက် သူ့ကို လက်ရှိ အယ်ဝေလီရဲစခန်းမှာ တခြားနေရာသို့ ပြောင်းရွှေ့ခံရမည့် အရေးဖြစ်သည်။ မိမိအရေးနိမ့်သဖြင့် နောက်ထပ်လူစွမ်းကောင်း တစ်ယောက်ကို ပြောင်းရွှေ့အစားထိုး ခန့်အပ်လျှင် မိမိအဖို့ သည့်ထက် ရှက်စရာကောင်းသည့် အရာ မရှိတော့ပြီ။

မိမိအောင်မြင်မှုတွေ ရနေတုန်းကလည်း သည်လိုပင် အရေးနိမ့်သွားသူတို့၏ နေရာများသို့ ပြောင်းရွှေ့ခဲ့ရဖူးသည် မဟုတ်လော။ သူသည် ထိုစိုးရိမ်သောကများကို ဖြေဖျောက်သည့်အနေဖြင့် ကဗျာများကို ဖတ်သည်။ သို့ရာတွင် အချည်းနှီးသာ။ သူ၏စိတ်သည် လူသတ်မှုဆီသို့

http://www.cherrythitsar.org



သာ ရောက်နေသည်။ သို့ဖြင့် ထိုလူသတ်မှုသည် သူ့အရေးနိမ့်မှု၏ သင်္ကေတ ဖြစ်သည်။

ထိုကြောက်စရာကောင်းသော လူသတ်သမားသည် မည်သူ ဖြစ်နိုင်သနည်း။ လူသတ်သမားသည် သူခိုး၊ ဓားပြတစ်ယောက် မဟုတ်။ လက်စားချေသူတစ်ဦးလည်း ဖြစ်ဟန်မတူ။ အရူးတစ်ယောက် မဟုတ်သည်မှာလည်း အထင်အရှား။ အရူးသည် လူသတ်ကောင်း လူသတ်မည်။ သို့ရာတွင် ရာဇဝတ်မှုကို ထိုမျှ ပိပိရိရိ မကျူးလွန်နိုင်။ သူသည် ခက်ခဲ၍ ဖိစီးနှိပ်စက်သည့် ပဟေဠိကြီးတစ်ပုဒ်ကို ရင်ဆိုင်နေရသည်။ ထိုပဟေဠိကြီး၏ နှိပ်စက်မှုမှ ရှောင်ပြေး၍မရဘဲ ဖြစ်နေသည်။ သို့ဖြစ်လျှင် လူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို သူ မည်သို့ ကာကွယ်ပေးနိုင်မည်နည်း။

လူများ၊ အထူးသဖြင့် အဘိဓေယျရပ်ကွက်မှ လူများသည် တဖြည်းဖြည်းဖြင့် ထိုအကြောင်းကို မေ့ပျောက်သွားကာ အေးအေးဆေးဆေး ဖြစ်စပြုနေလေပြီ။ ရဲအရာရှိ၏။ စိုးရိမ်မှုသည် တဖြည်းဖြည်းဖြင့် သူ၏ ဝိညာဉ်ထဲတွင် ကိန်းအောင်းနေသည့် သောကအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထိုစဉ် တတိယလူသတ်မှု တစ်ခုပေါ်ပေါက်လာခြင်း ဖြစ်သည်။ ပင်စင်စား အရာရှိကြီး သေဆုံးပြီးနောက် ရက်ပေါင်းလေးဆယ်အကြာတွင် ထိုလူသတ်မှု ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားသည့် နေရာမှာ ဘိန်း အယ်ဂါနာယင်း အရပ်ဖြစ်ပြီး၊ ခပ်လတ်လတ် အိမ်တစ်လုံးတွင် ဖြစ်သည်။ သေသူမှာ အသက်သုံးဆယ်ခန့်ရှိ အမျိုးသမီးငယ် တစ်ဦးဖြစ်ပြီး၊ ကန်ထရိုက်တာကလေး တစ်ယောက်၏ ဇနီးဖြစ်လျက်၊ ကလေးသုံးယောက် မိခင် ဖြစ်သည်။ ထုံးစံအတိုင်းပင် လက်ရာခြေရာဆို၍ ဘာမျှမပျက်။ လည်ပင်းတွင် ကြိုးရာကြီးထင်လျက်။ ပါးစပ်နှင့် နှာခေါင်းတွင် သွေးတို့ခဲလျက် ရှိသည်မှအပ အခြားအရာများမှာ ခြေရာလက်ရာ ဘာမျှမပျက်။ ထိုအရာများမှ လွဲလျှင် သဲလွန်စဆို၍ ဘာမျှ ရှာမတွေ့ပါ။

မူဆင်သည် စိတ်ပျက်လက်ပျက်ဖြင့် သူ့တာဝန်ဝတ္တရားများကို ဆောင်ရွက်ပါသည်။ သူ့ဒုက္ခသည် ဘယ်တော့မျှ အဆုံးသတ် တော့မည် မဟုတ်ဘဲ အကြင်နာကင်းသည့် တန်ခိုးစွမ်းပကားကြီးတစ်ခုသည် သူ့ကို အမြဲတစေ ဖိစီးနှိပ်စက်နေတော့မည်ဟု သူ ထင်နေသည်။ သတ်ခံရသူ အမျိုးသမီး၏ မိခင်မှာ သူမနှင့် အတူနေသူ ဖြစ်သည်။

http://www.cherrythitsar.org



"မနက်လင်းလို့ သူ့အခန်းထဲ ဝင်သွားတော့မှ သိရတော့ပါပဲ ရှင်၊ ကျွန်မသမီးလေး လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက တိုက်ဖွိုက် ရောဂါ ဖြစ်ဖူးတာပဲ ရှိပါတယ်" အဖွားကြီးက ရှိုက်ကြီးတငင် ငို၍ ပြော သည်။ မှူဆင်သည် ဘာမျှ သက်ဆိုင်ခြင်း မရှိသော သတင်းအချက် အလက်တစ်ခုကို ကြား လိုက်ရသည့်အတွက် အံ့အားသင့်သွား၏။

"ဘာ တိုက်ဖွိုက်ရောဂါ ဖြစ်ဖူးတယ် ဟုတ်လား"

"ဟုတ်တယ်။ အဲဒီတုန်းက တော်တော်ဆိုးတာရှင့်၊ တိုက်ဖွိုက် ဖြစ်တုန်းက မသေဘဲ ခုမှ သေရတယ်ဆိုတော့"

"မနေ့ညက သူ့အခန်းဘက်က ဘာသံမှ မကြားရဘူးလား"

"ဘာသံမှ မကြားရဘူးရှင်၊ ကလေးတွေက အခန်းထဲမှာ အိပ် ပျော်နေကြတယ်။ ကျွန်မက သူ့အခန်း ပြင်ဘက်က ဆိုဖာပေါ်မှာ အိပ်နေ တယ်။ အရေးအကြောင်းရှိလို့ ခေါ်ရင် ကြားအောင်ဆိုပြီး အဲဒီနားမှာ အိပ်တာ၊ မနေ့ညက အားလုံး အိပ်ပြီးမှ ကျွန်မ အိပ်တာ၊ နိုးတော့လည်း ကျွန်မအရင်ဆုံး နိုးတာ၊ မနက်လင်းလို့ အခန်းထဲဝင်သွားတော့ အဲဒီလို မရှုမလှ တွေ့ရတာပါပဲရှင်"

ညနေပိုင်းတွင် သူမ၏ခင်ပွန်းမှာ အယ်လိပ်ဇန္ဒိယမြို့မှ ရောက် လာခဲ့သည်။ သူသည် များစွာ တုန်လှုပ်ချောက်ချားလျက် ရှိ၏။ ရဲအရာရှိ ၏ မေးခွန်းများကို တော်တော်နှင့် မဖြေနိုင်ဘဲ ဖြစ်နေသည်။ သူ့အဖြေ များမှာလည်း ရာဇဝတ်မှု အဖြေမှန်ပေါ်ရေးအတွက် ဘာမျှ အထောက် အပံ့ မရပါ။ သူသည် အလုပ်ကိစ္စဖြင့် အယ်လိပ်ဇန္ဒိယသို့ ရောက်နေပြီး မနေ့က သူ နာမည်ဖော်ထုတ်ပြောသည့် လူအချို့နှင့်အတူ ကော်မာရှယ် ကဖေးသို့ ရောက်နေခဲ့သည်။ သူသည် ထိုလူများနှင့်အတူ ကွာဘာရီတွင် တစ်ညအိပ်စဉ် ထိုကြောက်စရာ ကြေးနန်းကို ရခဲ့ခြင်း ဖြစ်သည်။ သူ သည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်ရင်း ...

"ရဲမှူးကြီးရေ၊ ဒါကတော့ နည်းနည်း လွန်လွန်းပြီဗျာ၊ တစ်ကြိမ် တစ်ခါ မဟုတ်တော့ဘူး။ ဒီအရင်တုန်းက ကျောင်းဆရာကြီး ပင်စင်စား ကြီးလည်း အသတ်ခံခဲ့ရပြီ၊ ခင်ဗျား တို့ရဲတွေ ဘာလုပ်နေကြတာလဲ၊ လူတွေ အသတ်ခံနေရတာဟာ လူသတ်သမား မရှိဘဲနဲ့ အသတ်ခံနေရ တာ မဟုတ်ဘူးဗျ၊ လူသတ်သမားကိုတော့ မိဖို့ကောင်းပြီ"

ဤတွင် မှူဆင်မှာလည်း စိတ်တိုသွားကာ ...

"ကျွန်တော်တို့က မျက်လှည့်ဆရာတွေ မဟုတ်ဘူးဗျ။ ဒီ လောက်တော့ ခင်ဗျားလည်း နားလည်ဖို့ကောင်းတယ်"

http://www.cherrythitsar.org



သူသည် သူ့စကားများအတွက် နောင်တရသွားသည်။ သူသည် ရဲစခန်းသို့ ပြန်လာခဲ့ရင်း ရာဇဝတ်ကောင်၏ နံပါတ်တစ် သားကောင်မှာ အခြားသူ မဟုတ်။ မိမိကိုယ်တိုင်ပင် ဖြစ်သည်ဟု စိတ်ထဲတွင် အောက်မေ့လာခဲ့သည်။ မိမိတွင် စွမ်းအားတို့ ခန်းခြောက်ကုန်ခန်း သွားလေပြီဟု အရပ်ကို အော်ဟစ်ပြောလိုက်ချင်သည်။ ရာဇဝတ်ကောင်မှာ လေနှင့်တူနေသည်။ သို့ရာတွင် လေသည်ပင် အိမ်ကြိုအိမ်ကြားတွင် သဲလွန်စတော့ ချန်ခဲ့သေးသည်။ ရာဇဝတ်ကောင်သည် အပူရှိန်နှင့်လည်း တူသည်။ သို့ရာတွင် ထိုအပူရှိန်သည်လည်း သဲလွန်စတော့ ရှိသည်သာ။ သို့ဖြစ်လျှင် "တရားခံ ရှာမတွေ့" ဆိုသော အမှုမျိုးသည် နောက်ထပ် ဘယ်နှစ်မှုတောင် ဖြစ်နေဦးမည်နည်း။

ထိုအတောအတွင်း၌ကား အဘိဓေယျရပ်ကွက်မှ ကြောက်စဖွယ် အထိတ်အလန့် တုန်လှုပ်မှုကြီးသည် သတင်းစာများထဲတွင် ပါလာခဲ့သည်။ လက်ဖက်ရည်ဆိုင်များတွင် လည်မျိုကို ညှစ်သတ်သွားသည့် လူသတ်မှုများနှင့် လူသတ်သမားအကြောင်းကိုသာ ပြောနေကြသည်။ ထိုအန္တရာယ်ကြီးသည် ရုတ်တရက် ပေါ်ပေါက်လာသော အန္တရာယ်ကြီး ဖြစ်ပြီး အားလုံးလုံခြုံမှု မရှိဘဲ ဖြစ်နေကြသည်။ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များကိုလည်း ယုံကြည်ခြင်း မရှိကြတော့။ လူများသည် အရူးများနှင့် စိတ်ဖောက်လွဲဖောက်ပြန် ဖြစ်နေသူများကိုသာ သံသယဖြစ်နေကြသည်။ သို့ရာတွင် ခက်သည်မှာ စုံစမ်းစစ်ဆေးမှုများအရ စိတ်ရောဂါအထူးကုဆေးရုံမှ ထွက်ပြေးလာသူဆို၍လည်း ယခုတလောတွင် တစ်ယောက်မျှ မရှိပါ။ ရဲစခန်းတွင် ပစ်စာများကလည်း နေ့တိုင်းရောက်နေသည်။

ထိုပစ်စာများအရ အချို့သော အိမ်များကို တက်ရှာကြသည်။ သို့ရာတွင် အရေးကြီးသည့် လူဆို၍ တစ်ယောက်မျှ မရှိ၍ မတွေ့ပါ။ အများအားဖြင့် သက်ကြီးရွယ်အိုများသာ ဖြစ်ကြပါသည်။ အချို့ကလည်း ဆာရာယတ်လမ်းတွင် နေသည့် ခပ်ငယ်ငယ် အရူးတစ်ယောက်က လူများကို လိုက်သတ်နေခြင်း ဖြစ်သည်ဟု သတင်းပေးကြသည်။ ထို့ကြောင့် သူ့ကို ဖမ်းပြီး စစ်ဆေးကြည့်သည်။ သို့ရာတွင် ပင်စင်စား အရာရှိကြီးကို သတ်သည့်ညက ထိုလူငယ်မှာ မိန်းကလေးတစ်ယောက်ကို ကာယိန္ဒြေပျက်အောင် လုပ်သဖြင့် အချုပ်ခံနေရကြောင်း သိရသည့် အတွက် သူ့ကို ပြန်လွှတ်လိုက်သည်။ ကြိုးပမ်းအားထုတ်မှု ဟူသမျှသည် အချည်းနှီးသာ ဖြစ်နေသည်။

“လက်စသတ်တော့ တရားခံဟာ ငါပဲ” ဟု မူဆင် စိတ်အား ငယ်စွာဖြင့် ရေရွတ်မိသည်။

ထိုသို့ မြင်သူမှာ သူတစ်ယောက်တည်းသာ မကပါ။ အဘိဇေယျ ရပ်ကွက်နှင့် သတင်းစာဖတ် ပရိသတ်ကလည်း ထိုအတိုင်း မြင်နေပါသည်။ ထိုသို့သော ကောလဟာလများသည် အကြောင်း မည်သို့ ရှိမည် မသိရဘဲ ပျံ့နှံ့နေပါသည်။ ရဲတို့က လူသတ်သမားမှာ အရေးတကြီး ပုဂ္ဂိုလ်တစ်ယောက်နှင့် ပတ်သက်နေသဖြင့် ရဲတို့က ဖုံးကွယ်ထား ကြောင်းဖြင့်လည်း အပြောအဆို ရှိနေသည်။ အချို့ကလည်း ယင်းမှာ လူမဟုတ်ကြောင်း၊ လူသတ်သမားလည်း မရှိကြောင်း၊ အမျိုးအမည် မသိသည့်ကြောက်စရာ ရောဂါတစ်မျိုးသာ ဖြစ်ကြောင်း၊ ကျန်းမာရေး ဌာနမှာ ဓာတ်ခွဲခန်းများတွင် ထိုရောဂါကို အမည်ဖော်ထုတ် တိုက်ဖျက် ရနိုင်ရန်အတွက် နေ့ရောညပါ အလုပ်လုပ်လျက် ရှိကြောင်းဖြင့် ပြောနေကြသည်။ သို့ဖြင့် ဂနာမငြိမ် ဖြစ်ကာ အရှုပ်ရှုပ် အထွေးထွေး ဖြစ်နေသည်။

အမျိုးသမီးငယ် အသတ်ခံရပြီးနောက် တစ်လခန့်အကြာ နေ့တစ်နေ့၌ အယ်–ဝါလီလမ်း ရဲစခန်းတွင် တာဝန်ကျနေသည့် ရဲသားတစ်ယောက်သည် ရဲစခန်းအနီးရှိ လမ်းသွားကလေးတစ်ခုတွင် အလောင်းတစ်လောင်းကို တွေ့လာခဲ့သည်။ ယခင်က ထိုအဖြစ်မျိုး တစ်ခါမျှ မကြား စဖူး။ ရဲမှူးမူဆင်သည် အချင်းဖြစ်ပွားရာသို့ ချက်ချင်း ရောက်လာခဲ့သည်။ အမှန်ကတော့ သူ့ရုံးခန်း ပြတင်းပေါက်မှ လှမ်းကြည့်လျှင်လည်း မြင်နိုင် သည်သာ ဖြစ်ပါသည်။ အလောင်းမှာ ယောကျ်ားတစ်ယောက်၏ ကိုယ် လုံးတီး အလောင်း ဖြစ်၏။ သူတောင်းစားတစ်ယောက် ဖြစ်ဟန်ရှိပြီး ရဲစခန်းဝင်းကို ကာထားသည့် အုတ်တံတိုင်းကို မှီ၍ သေနေခြင်း ဖြစ် သည်။

ရဲမှူးမူဆင်သည် သေသူ၏ လည်ပင်းပေါ်မှ ကြိုးရာကို တွေ့ မြင်လိုက်သည့်အခါတွင် အလန့်တကြား အော်လိုက်မိသည်။ ဘုရားရေ သူတောင်းစားကိုပင် မချန်တော့ပါကလား။ တစ်စုံတစ်ရာ တွေ့လိမ့်နိုး ဖြင့် သေသူ၏ ခန္ဓာကိုယ်ကို ရှာဖွေကြည့်သည်။ ရပ်ကွက်လူကြီးကို ခေါ်၍ သေသူကို အမည်နာမ စုံစမ်းစစ်ဆေးသည့်အခါ၌ သေသူမှာ ဝေလီယ ရပ်ကွက်တွင်နေသည့် သူတောင်းစားတစ်ယောက်ဖြစ်ကြောင်း၊ အိုးအိမ် အတည်တကျ မရှိဘဲ သွားလာနေကြောင်း၊ သူ့ကို အများက သိကြောင်းဖြင့် ထွက်ဆိုသွားသည်။

http://www.cherrythitsar.org



သို့ဖြင့် ရဲမှူးမူဆင်သည် အမှုကို စုံစမ်းစစ်ဆေးမြဲ စုံစမ်းသည်။ သို့ရာတွင် များစွာ အားမရှိလှပါ။ သိက္ခာမကျအောင် စုံစမ်းနေရခြင်းသာ ဖြစ်ပါသည်။ ထိုရဲစခန်းအနီးရှိ အိမ်များကို မေးမြန်းစုံစမ်းကြည့်သော် လည်း ဘာမျှ အကျိုးမထူးလှပါ။ အချင်းဖြစ်ပွားရာနှင့် အနီးဆုံးဖြစ်သည့် ရဲစခန်းမှ လူများကို အဘယ့်ကြောင့် စုံစမ်းမေးမြန်းခြင်း မပြုသနည်း။ မှူခင်းစုံထောက်များသည် သံသယ ဖြစ်ဖွယ်ရှိသည့် နေရာများသို့ သွားရောက် စုံစမ်းကြသည်။

သို့ရာတွင် တစ္ဆေကို လိုက်ရှာရသကဲ့သို့ပင် ဘာမျှရှာမတွေ့ပါ။ လူအများစိတ်ထဲတွင် နည်းနည်းပါးပါး မကျေနပ်မှု လျော့သွားစေရန် အတွက် ရဲဘက်က ရူးသွတ်နေသူများနှင့် အခြေတကျမရှိသူ တော်တော် များများကို ဖမ်းဆီးလိုက်သည်။ သို့ရာတွင် ဘာမျှမထူးပါ။ ညဘက်တွင် ရဲပတ္တရောင်များ ပို့ခဲ့ခြင်းသာ အဖတ်တင်ပါသည်။ ဤတွင် သက်ဆိုင်ရာ က ထိုလူသတ်သမားကို သတင်းပေးနိုင်သူအား ဆုတော်ငွေတစ်ထောင် ချီးမြှင့်မည်ဟု ကြော်ငြာထုတ်လိုက်သည်။ သတင်းစာများကလည်း ထို သတင်းကို မျက်နှာဖုံးမှ အားရပါးရ ဖော်ပြကြသည်။ ယင်းမှာ ထိုမြို့ရှိ လူများသည့်ထက်သည် ပို၍ အလန့်တကြား ဖြစ်မလာစေရန် အခြေ အနေကို လျော့ပါးသွားအောင်လုပ်ခြင်း ဖြစ်သည်။

“ငါတော့ အလုပ်မှာ ဆက်နေဖို့တောင် မကောင်းတော့ပါဘူး ကွာ”

“နေစဦးပါဦး ရှင်၊ ရှင့်မှာ ဘာအပြစ်များ ရှိလို့လဲ”

“ဘာမှ အကျိုးမရှိဘဲ အလုပ်လုပ်နေတာဟာ အပြစ်ရှိတာနဲ့ အတူတူပဲနေပါ့ကွ၊ လူတွေမှာ ဘာမှ စိတ်မချရဘဲ ကြီးလန့်စာစားနေ ကြရတာ”

“အို တစ်နေ့တော့ အောင်ရမှာပေါ့ရှင်”

“ငါ သိပါတယ်ကွာ၊ ခုကိစ္စက သာမန်ကိစ္စ မဟုတ်ဘူးကွ”

မူဆင်သည် ထိုညက ကောင်းစွာ အိပ်မပျော်၊ သူသည် ကဗျာ စာပေတောထဲသို့သာ ထွက်ပြေးချင်စိတ် ပေါ်နေသည်။ ကဗျာစာပေတော ထဲတွင် ငြိမ်းချမ်း ငြိမ်သက်မှုရှိသည်။ ထာဝရ အမှန်တရား ရှိသည်။ အလင်းရောင်များသည် ဘဝတည်းဟူသော အဆုံးစွန်သော ပေါင်းစည်း မှုထဲတွင် ပျော်ဝင်သွားသည်။ ဘဝ၏ အခက်အခဲ၊ ဘဝ၏ အကျပ် အတည်း၊ ဘဝ၏ အရှုပ်အထွေးတို့မှ ကင်းဝေးရာ ရိပ်မြုံရှိသည်။ ထိုသို့ သော အမှန်တရား ကိုးကွယ်မြတ်နိုးသူနှင့် အဟိတ်တိရစ္ဆာန်သဖွယ်

ရိုင်းစိုင်းသည့် လူသတ်သမားတို့သည် တစ်လောကတည်း၊ တစ်ကမ္ဘာတည်း အတူနေသင့်ပါသလော။

နှစ်ပတ်မျှ မကြာမီတွင် ယခင် အမှုများကဲ့သို့ပင် ထူးဆန်းသည့် အမှုတစ်ခု ပေါ်ပေါက်လာခဲ့ပြန်သည်။ ညဥ့်နက်ပိုင်း အချိန်ပိုင်းလောက်တွင် နံပါတ် ၁၀ လမ်းမကြီးပေါ်တွင် ပြေးနေသည့် နောက်ဆုံးဓာတ်ရထားအတွဲ ၂၂ မှ လူတစ်ယောက် ကျကျန်ရစ်ခဲ့သည်။ ဓာတ်ရထားတွဲစောင့်က ဓာတ်ရထားကို ရပ်ခိုင်းကာ ကျကျန်ရစ်ခဲ့သည့် နေရာသို့ သွားကြည့်သည်။ ဓာတ်ရထားမောင်းသမားသည် နောက်က လိုက်သွားသည်။ လမ်းပေါ်တွင် ကျကျနန ဝတ်စားထားသည့် လူတစ်ယောက် လဲကျနေသည်ကို တွေ့ရသည်။ သူတို့ စိတ်ထဲတွင် အရက်မူးလာသူလော မူးယစ်ဆေး သုံးလာသူလော၊ တစ်ခုခု ဖြစ်မည်ဟု ထင်လိုက်သည်။ ဓာတ်ရထား မောင်းသမားက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး "ဟာ ကြည့်စမ်း" ဟု အလန့်တကြား အော်ကာ လည်ပင်းကို လက်ညှိုးထိုးပြသည်။

ဓာတ်ရထားတွဲစောင့်သည် အများသူငါ သိပြီးသား ဖြစ်သော ကြိုးရာကို ထင်းထင်းကြီး မြင်လိုက်ရသည်။ ရဲကို သတင်းပို့လိုက်သဖြင့် အနီးတစ်ဝိုက်တွင် ရှိသည့် ရဲများနှင့် အရပ်ဝတ် အရပ်စား စုံထောက်များ ရောက်လာကြသည်။ ထိုစဉ်က အနီးတစ်ဝိုက်တွင် ဖြတ်သန်းသွားမိသော လူနှစ်ယောက်ကို တွေ့ရသဖြင့် ထိုသူတို့ကိုလည်း ဖမ်းဆီးကာ ရဲစခန်းတွင် စစ်ဆေးမေးမြန်းကြည့်သည်။ ထိုအဖြစ်အပျက်ကြောင့် ရဲများသည် သွေးလန့်ပြီး တုန်လှုပ်သွားကြပြန်သည်။ မူဆင်ကလည်း တတ်နိုင်သမျှ ကြိုးစား၍ စုံစမ်းထောက်လှမ်းပါသည်။ သို့ရာတွင် အချည်းနှီးသာ။ တစ်ယောက်ကို ပြန်၍ လွှတ်လိုက်သည်။ (ထိုသူမှာ အရပ်ဝတ်များ အရပ်စား ဝတ်ထားသည့် စစ်ဗိုလ်တစ်ယောက် ဖြစ်နေသည်။) အခြားသူများစွာကို ဖမ်းဆီးစစ်ဆေးသည့်တိုင် ဘာမျှ အကြောင်းမထူးလှပါ။

မူဆင်ကား ပဌမအကြိမ်အဖြစ် အရှုံး၏ ခါးသီးသော အရသာကို ခံစားနေရလေပြီ။ ရာဇဝတ်ကောင်သည် မိမိကိုယ်တိုင်ပင် ဖြစ်နေသည်ဟု ထင်လာခဲ့လေပြီ။ ရာဇဝတ်ကောင်၏ ပုံပန်းသဏ္ဍာန်သည်လည်း ဝတ္ထုများထဲတွင် တွေ့ရတတ်သည့် ထူးခြားဆန်းကြယ်သည့် သတ္တဝါမျိုးသော်လည်း ဖြစ်ရမည်။ သို့မဟုတ် ရုပ်ရှင်ထဲတွင် တွေ့ရတတ်သည့် အခြားသော ဂြိုဟ်မှ သတ္တဝါမျိုးသော်လည်း ဖြစ်ရမည်ဟု စိတ်ထဲတွင် ထင်စပြုလာသည်။

သို့ဖြင့် မူဆင်သည် စိတ်ထဲတွင် မတင်မကျ ဖြစ်လျက်ရှိရာမှ ဇနီးသည်ကိုလည်း တခြားသို့ ပို့ထားချင်သည်။

"ခုတစ်လော ဒီနားတစ်ဝိုက်မှာ ထိတ်စရာ လန့်စရာတွေကို ချည်း တွေ့နေရတယ်။ မင့်အဖေတို့ အမေတို့ အိမ်ကို ခဏ ပြန်နေပါ လား"

"ရှင့်တစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ။ ကျွန်မ ဘယ်စိတ်ချနိုင်ပါ့မလဲ"

သူက သက်ပြင်းချသည်။

"ငါတော့ကွာ ငါ့ကိုယ်ငါ ဖြစ်ဖြစ်၊ လက်ထောက်တစ်ယောက် လောက်ကိုဖြစ်ဖြစ်၊ အပြစ်ပဲ ပုံချချင်တော့တယ်။ အဲဒီလို အကြောင်းပြ ချက်ရှာပြီး အပြစ်ဖို့လို့ရရင်လည်း အကောင်းသား"

ထိုကိစ္စကို သတင်းစာများတွင် အုတ်အော်သောင်းနင်း ရေးကြ၊ ဆွေးနွေးကြသည်။ စိတ်ပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များက လည်း ဆောင်းပါးတွေ ရေးနေကြသည်။ အဘိဓေယျရပ်ကွက်တစ်ခုလုံး သည် အလန့်တကြား ဖြစ်နေလေပြီ။ ညနေမိုးချုပ်လျှင် လမ်းမတွင် လူ သွားလူလာရယ်လို့ မရှိတော့။ လက်ဖက်ရည်ဆိုင်များ၊ လမ်းများတွင် လူသူရှင်းနေသည်။ လူတိုင်းက ငါ့အလှည့် ဘယ်တော့ရောက်မလဲဟု အထိတ်ထိတ် အလန့်လန့် ဖြစ်နေကြသည်။

ထိုအတောအတွင်း မိန်းကလေးကျောင်းမှ ကလေးမလေးတစ် ဦး အိမ်သာထဲတွင် လည်မျိုညှစ်ခံရသည့် ဒဏ်ရာများနှင့် သေနေသည်ကို တွေ့ရသည့်အခါတွင် အထိတ်အလန့် ဖြစ်မှုသည် အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။

အဖြစ်အပျက်များသည် ကြောက်စရာ အသွင်ဖြင့် တစ်ခုပြီး တစ်ခု ပေါ်ပေါက်လာခဲ့သည်။ လူတွေ အထိတ်ထိတ် အလန့်လန့် ဖြစ် ကုန်ကြသည်။ စုံစမ်းစစ်ဆေးမှု၊ ထောက်လှမ်းမှု၊ သတင်းစာများတွင် ပါလာသည့် စုံစမ်းထောက်လှမ်းသူတို့၏ ထင်မြင်ချက်များကိုလည်း လူထုက စိတ်မဝင်စားတော့။ ဆင်းရဲချမ်းသာမရွေး၊ လူကြီးလူငယ်မရွေး၊ မိန်းမယောကျ်ားမရွေး၊ ကျန်းမာသူ၊ မကျန်းမာသူမရွေး၊ အိမ်ရယ်၊ လမ်း ရယ်မရွေး၊ ရထားရယ်၊ ကားရယ်မရွေး၊ လူသူမရွေး နေရာမရွေး ပေါ်လာ တတ်သည့် အန္တရာယ်ကြီးကိုသာ တွေး၍ ထိတ်လန့်နေကြသည်။

လူသတ်သမားသည် အရူးလော။ သို့တည်းမဟုတ် ကူးစက် ရောဂါလော။ လျှို့ဝှက်လက်နက်တစ်ခုလော။ အဓိပ္ပါယ်မရှိသည့် ပုံပြင်

http://www.cherrythitsar.org



များထဲတွင် တွေ့ရတတ်သည့် ကျိန်စာလော။ တိတ်ဆိတ်၍ လူသူရှင်းနေသော ရပ်ကွက်တွင် မည်းမှောင်သော အမှောင်ထုကြီး ကြီးစိုးနေသကဲ့သို့ ရှိသည်။ ထိတ်လန့်ကြောက်ရွံ့မှုက လူများကို ဝါးမျိုစားသောက်နေသည်။ လူများသည် အိမ်တံခါးများ၊ ပြတင်းများကို ပိတ်ထားကြသည်။ သေသည့် အကြောင်းမှလွဲ၍ အခြား မည်သည့် အကြောင်းကိုမျှ မပြောမိကြ။

မူဆင်သည် ပယောဂဝင်သူ တစ်ယောက်လို ရပ်ကွက်တကာ အနံ့လျှောက်သွားသည်။ ရဲများကို စစ်ဆေးသည်။ အရပ်ဝတ် အရပ်စားဖြင့် စုံထောက်များကို စစ်ဆေးသည်။ မျက်နှာများ၊ နေရာများကို မှတ်ထားသည်။ စိတ်ပျက်ကုန်ခမ်းမှု အပြည့်ဖြင့် နေရာအနှံ့ လျှောက်သွားသည်။ စိတ်ပျက်အားငယ်မှုနှင့် အရှုံးကြောင့် ခါးသီးမှုကို ကိုယ့်ဘာသာကိုယ်နှလုံးသွင်းသည်။ အခြားသူများအစား လူသတ်သမား၏ ကြိုးကွင်းထဲတွင် သူ့လည်ပင်းကို ပေးလိုက်ချင်သည်။

သူသည် သူ့ဇနီးရှိရာ သားဖွားဆေးရုံသို့ သွားသည်။ သူသည် သူ၏ ခုတင်ဘေးတွင် ထိုင်ပြီး သူ့ဇနီးနှင့် မွေးကင်းစ ကလေးငယ်ကို ကြည့်ကာ ယခုတစ်လောတွင် ပထမဆုံးအကြိမ် ပြုံးနေသည်။ ထို့နောက် ဇနီး၏ နဖူးပြင်ကို နမ်းကာ ပြန်လာခဲ့သည်။ သူသည် ဘယ်သူမှ မမြင်စေချင်သော သူ့အလုပ် ကမ္ဘာလောကကြီးထဲသို့ ပြန်လာခဲ့သည်။ ခေါင်းထဲတွင် ရီဝေဝေ ဖြစ်လာခဲ့သည်။ ဘဝတဲ့။ ထိုဘဝသည် အမည်မသိ လူတစ်ယောက်၏ ကြိုးကလေးတစ်ချောင်းကြောင့် အဆုံးသတ်သွားခဲ့ကာ ဘာမျှအဓိပ္ပါယ် မရှိတော့ဘဲ ဖြစ်သွားခဲ့ရသည်။

သို့ရာတွင် ဘဝဆိုသည်မှာ တစ်စုံတစ်ခု ဖြစ်သည်မှာ ဘာမျှ သံသယ ဖြစ်ဖွယ်မရှိ။ တန်ဖိုးရှိသည့် အရာတစ်ခု ဖြစ်သည်မှာ ဘာမျှ သံသယ ဖြစ်ဖွယ်မရှိ။ ဘဝသည် အချစ် ဖြစ်သည်။ ကဗျာ ဖြစ်သည်။ မွေးကင်းစ ကလေးငယ် ဖြစ်သည်။ အကန့်အသတ် မရှိသော အလှတို့စုဝေးရာ မျှော်လင့်ချက်များ ဖြစ်သည်။ ဘဝသည် ဖြစ်တည်ခြင်း ဖြစ်သည်။ ဖြစ်တည်ခြင်း သက်သက် ဖြစ်သည်။ ဘဝတွင် ပြင်ပေးရမည့် အမှားတွေ ရှိနေပါသလား။ သူသည် အိပ်ပျော်ရာမှ ရုတ်တရက် နိုးလာသူ တစ်ဦးလို ခေါင်းထဲတွင် မူးဝေနောက်ကျိနေသည်။

ရဲစခန်းမှူးမူဆင်ကို အခြားနေရာသို့ ပြောင်းရွှေ့ကာ သူ၏နေရာတွင် အစားတစ်ယောက် ခန့်အပ်ရန် အမိန့်ထွက်လာသည်။ အထက်အရာရှိသည် စိတ်မကောင်းခြင်း ကြီးစွာဖြင့် သူ လေးစားသည့် အထင်

http://www.cherrythitsar.org



ကြီးသည့် စခန်းမှူးမှူဆင်၏ ရုံးခန်းသို့ လာခဲ့သည်။ မှူဆင်သည် အိပ်ပျော်နေသကဲ့သို့ စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသည်ကို တွေ့ရသည်။

"ဗျို့ မှူဆင်"

အထက်အရာရှိက တိုးတိတ်စွာ ခပ်တိုးတိုးခေါ်သည်။

ထူးသံ မကြားရ။ ထို့ကြောင့် ထပ်၍ ခေါ်သည်။ သို့ရာတွင် ဘာမျှ ထူးသံ မကြားရပါ။ သူသည် စခန်းမှူးကို လှုပ်၍ နှိုးသည်။ ခေါင်းသည် တစ်ဖက်သို့ စောင်း၍ ဆင်းသွား၏။ ထိုအခါကျမှ မင်နှိပ်စက္ကူပေါ်တွင် ပေကျံနေသည့် သွေးကို အထက်အရာရှိ မြင်ရသည်။ အထက်အရာရှိသည် သူ့လုပ်ဖော်ကိုင်ဖက်ကို အလန့်တကြား ကြည့်လိုက်မိသည်။ သူ့လည်ပင်းပေါ်တွင် ကြိုးရာက အထင်းသား။ ရဲစခန်းတစ်ခုလုံးသည် အလန့်တကြား ဖြစ်သွားသည်။

ရဲမင်းကြီးရုံးတွင် အစည်းအဝေးများကို ဆင့်ခေါ်ကာ အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ ရဲမင်းကြီးက မိမိ၏ လက်အောက် အရာရှိများအား ခိုင်မာပြတ်သားသော အသံဖြင့် ပြောသည်။

"တရားခံကို မမိမချင်း ငါတို့တစ်တွေ မလျှော့တဲ့ဇွဲနဲ့ အလုပ်လုပ်ကြရမယ်" ဟု ပြောပြီး အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် ဆက်၍ ... "တရားခံကို ဖမ်းမိဖို့ အရေးကြီးသလို အလားတူ အရေးကြီးတဲ့ ကိစ္စတစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ လူထုတွေ အလန့်တကြား ရုတ်ရုတ်သဲသဲ မဖြစ်အောင် ထိန်းထားဖို့ပဲ၊ နားလည်လား"

"ဟုတ်ပါတယ် မင်းကြီး"

"ကိစ္စအားလုံး ပုံမှန်အတိုင်း ဆက်လက်နေရမယ်။ လူထုတွေကြားထဲမှာ ဘဝဟာ သာယာတယ်ဆိုတဲ့ ခံစားချက်ကို ရအောင် လုပ်ပေးရမယ်။ ဒီသတင်းကို သတင်းစာတွေထဲမှာ တစ်လုံးမှ ဖော်ပြခြင်း မပြုရဘူး"

လက်အောက်အရာရှိများ၏ မျက်လုံးများထဲတွင် ဂနာမငြိမ်သည့် အရိပ်အယောင် ပေါ်လာသည်ကို သူသတိပြုလိုက်မိသည်။

"ဒီလို သတင်းမျိုးဆိုတာ သတင်းစာတွေထဲ ပျောက်ကွယ်သွားတာနဲ့ လောကကြီးလည်း ပျောက်ကွယ်သွားတတ်တယ်။ အဲဒီအခါကျတော့ ဘယ်သူမှ မသိတော့ဘူး။ အဘိဓေယျရပ်ကွက်က လူတွေလည်း ဘာမှ သိတော့မှာ မဟုတ်တော့ဘူး"

မင်းကြီးက သူ့လက်အောက် အရာရှိများ၏ မျက်နှာများကို လျှောက်ကြည့်နေသည်။

သူသည် စားပွဲခုံကို လက်သီးဖြင့် ထုလိုက်ကာ ...

"ဒီနေ့ကစပြီး သေတဲ့အကြောင်းကို မပြောကြနဲ့၊ ဘဝဟာ ဆက်လက် သွားမြဲသွားနေရမယ်။ လူထုတွေရဲ့ စိတ်ထဲမှာ အားလုံး ကောင်းတယ် ဆိုတဲ့ ခံစားချက်ကို ရအောင် လုပ်ပေးရမယ်။ ဒီအတွင်းမှာ ငါတို့အနေနဲ့လည်း စုံစမ်းမှုတွေကို ဆက်လက်လုပ်နေရမယ်"

(နိုဘယ်ဆုရ အီဂျစ်အမျိုးသား စာရေးဆရာ *Naguib Manfouz* ၏ *By a Person Unknown* ကို ပြန်ဆိုသည်။)

[ကလျာ၊ ဇန်နဝါရီ၊ ၁၉၉၈]

# ဩဂုတ်တစ္ဆေများ

မွန်းတည့်မီကလေးတွင် အာရက်ဖိုသို့ ကျွန်တော်တို့ ရောက်သွားကြသည်။ လှပအေးချမ်းသည့် တပ်စကန်ကျေးလက်တွင် ဗင်နီဖွဲလား စာရေးဆရာမစ်ဂွဲအိုတာရို ဆီးဗလား ဝယ်ထားသော ရီနေဆွန်းခေတ်က ရဲတိုက်ဟောင်းကြီးကို လိုက်ရှာကြသည်မှာ နှစ်နာရီလောက်ရှိနေပြီ။

ထိုနေ့မှ နေကျဲကျဲတောက်ပူပြီး လူရှုပ်သည်သည့် ဩဂုတ်လဆန်းပိုင်း တနင်္ဂနွေနေ့တစ်နေ့ ဖြစ်၏။ ကမ္ဘာလှည့် ခရီးသည်တွေနှင့်ပြည့်ကျပ်နေသည့် လမ်းထဲတွင် ကျွန်တော်တို့ မေးဖို့ လူရှာရသည်မှာ မလွယ်ပါ။ အချည်းနှီးသော ကြိုးပမ်းမှုများအဆုံးတွင် မော်တော်ကားဆီသို့ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ ဆိုက်ပရက်စ်ပင်များ ပေါက်နေသည့် လမ်းအတိုင်း မြို့ပြင်သို့ ထွက်လာခဲ့ကြသော်လည်း ရဲတိုက်၏အရိပ်အရောင်ကိုမျှ မမြင်ရ။

နောက်ဆုံးတွင် ငန်းတွေကို ကျောင်းနေသည့် အဘွားကြီး တစ်ဦးက ရဲတိုက်ရှိသည့်နေရာကို အတိအကျ လမ်းညွှန်လိုက်သည်။ ကျွန်တော်တို့ နှုတ်ဆက်ထွက်ခွာမသွားမီတင် အဘွားကြီးက ရဲတိုက်တွင် ညအိပ်ကြမည်လားဟု မေးသည်။ ကျွန်တော်တို့က နေ့လည်စာ သွားစားကြမည် ဖြစ်ကြောင်း ပြောပါသည်။ ယင်းမှာ ကျွန်တော်တို့၏ မူလရည်ရွယ်ချက်လည်း ဖြစ်ပါသည်။

http://www.cherrythitsar.org



"ဩော် ဩော်၊ ဒီလိုဆိုရင်လည်း ပြီးရောပေါ့တော်။ အဲဒီ ရဲတိုက်ကြီးက တစ္ဆေခြောက်တတ်လို့" အဘွားကြီးက ပြောသည်။

တစ္ဆေတွေ၊ ဘာတွေကို မယုံသည့် ကျွန်တော်နှင့် ကျွန်တော့် ဇနီးက အယူသည်းသည့် အဘွားကြီးကို ကြည့်၍ ရယ်ကြသည်။ သို့ရာတွင် အသက် ၇ နှစ်နှင့် ၉ နှစ် အသီးသီးရှိသည့် ကျွန်တော့်သားငယ်နှစ်ယောက်ကမူ တစ္ဆေကို ကိုယ်တိုင်ကိုယ်ကျ မြင်ရတော့မည် ဖြစ် သဖြင့် ဝမ်းသာနေကြသည်။

"မစ်ဂွဲအိုတာရိုးဆီးလဗား" သည် ဖော်ရွေသော အိမ်ရှင်တစ်ယောက်၊ အသောက်ကောင်း ကြိုက်သူ တစ်ယောက်မျှသာမက စာရေးဆရာကောင်းတစ်ယောက်လည်း ဖြစ်၏။ သူသည် မေ့နိုင်စရာ မရှိသော နေ့လယ်စာဖြင့် ကျွန်တော်တို့ကို အသင့်စောင့်နေသည်။ ကျွန်တော်တို့မှာ နောက်ကျ ရောက်သွားသည့်အတွက် ရဲတိုက်ကြီးကို လှည့်ပတ် မကြည့်နိုင်သေးဘဲ နေ့လယ်စာကို အရင်စားကြသည်။ ရဲတိုက်ကြီးကို အပြင်ပန်းအားဖြင့် ကြည့်ရသည်မှာ နည်းနည်းမျှ ကြောက်စရာ မကောင်းပါ။ ကျွန်တော်တို့ နေ့လည်စာ စားနေသည့် ပန်းတွေ ဝေနေသော ဝရန်တာမှ လှမ်းကြည့်လိုက်လျှင် မြို့တစ်မြို့လုံးကို စီး၍ မြင်နေရသည့်အတွက် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်နေသည်တို့မှာလည်း ပျောက်သွားပါသည်။ လူပေါင်း ကိုးသောင်းအတွက် ကျပ်ကျပ်တည်းတည်း နေရသည့် ဤတောင်ကုန်းကလေးပေါ်တွင် ထူးချွန်သည့် ပုဂ္ဂိုလ်ကျော်တို့ မွေးလာခဲ့သည် ဆိုသည်ကို ယုံနိုင်ဖွယ်ပင် မရှိပါ။ "မစ်ဂွဲအိုတာရိုးဆီးလဗား" က ထိုပုဂ္ဂိုလ်ကျော်အားလုံးတို့အနက် နာမည်ကျော် အာရက်ဇိုဇာတိသား ဆို၍ တစ်ယောက်မျှ မပါကြောင်းဖြင့် ကာရစ်ဘီယန်ထုံးစံ ဟာသဖြင့် ပြန်ပြောပါသည်။

"သူတို့အထဲမှာ အကြီးအကျယ် အထင်ရှား ဆုံးကတော့ "လူဒိုဗီကိုပဲဗျ" သူက ပြောသည်။

သူ့အမည်မှ ထိုမျှသာ ဖြစ်သည်။ မိသားစု အမည် မပါပါ။ မစ်ဂွဲသည် နေ့လည်စာ စားနေသည့် တစ်ချိန်လုံး လူဒိုဗီကို အကြောင်းကိုသာ ပြောနေသည်။

လူဒိုဗီကိုမှာ အနုပညာနှင့် စစ်တိုက်ခြင်းကို အထုံဝါသနာကြီးပြီး ဤရဲတိုက်ကြီးကို တည်ဆောက်ခဲ့သူ ဖြစ်သည်။ သူက လူဒိုဗီကတန်ခိုး ဩဇာကြီးပုံ၊ အချစ်ရေးတွင် ကံမကောင်းခဲ့ပုံနှင့် ကြောက်ဖွယ်သေဆုံးခဲ့ပုံတို့ကို ပြောပြသည်။ သူက လူဒိုဗီကိုသည် မနာလို ဝန်တိုအားကြီး

သဖြင့် သူ့ချစ်သူကို သူတို့နှစ်ယောက် အတူအိပ်သည့် အိပ်ရာပေါ်တွင် ဓားနှင့် ထိုးသတ်ခဲ့ပုံ၊ ရက်စက်ကြမ်းကြုတ်သော ခွေးကြီးများကို ဖြေလွှတ်လိုက်ပြီး အကိုက်ခံပြီး သေဆုံးသွားပုံတို့ကို ပြောပြသည်။ ထို့ပြင် သန်းကောင်ကျော်လျှင် လူဒိုဗိကို၏ တစ္ဆေသည် ရဲတိုက်ထဲက အမှောင်ထဲတွင် လျှောက်သွားကာ အချစ်ငရဲတွင် ငြိမ်းချမ်းရာကို လိုက်လံရှာဖွေလျက်ရှိကြောင်းဖြင့် ခပ်တည်တည် ပြောပါသည်။

ရဲတိုက်ကြီးမှာ တကယ်လည်း ကြီးမား၍ ချောက်ချားစရာကောင်းပါနေပါသည်။ သို့ရာတွင် ဗိုက်ကလည်း ဝ၊ စိတ်ချလက်ချ လည်းရှိနေသည့် နေ့ခင်းကြောင်တောင်တွင် မစ်ဂွဲ၏ ပုံပြင်သည် သူ့ဥည့်သည်များကို ဧည့်ခံသည့် အပျင်းပြေ ပုံပြင်တစ်ခုအဖြစ်သာ ကျွန်တော်တို့ သဘောထားလိုက်ကြသည်။

နေ့လယ် တစ်ရေးတစ်မော အိပ်ပြီးနောက် ကျွန်တော်တို့သည် ပိုင်ရှင်အဆက်ဆက်တို့ ပြုပြင်မွမ်းမံထားခဲ့သော ရဲတိုက်ကြီးထဲမှ အခန်းပေါင်း ရှစ်ဆယ့်နှစ်ခန်းကို အေးအေးဆေးဆေး လှည့်ကြည့်ကြသည်။ မစ်ဂွဲသည် ပထမထပ် တစ်ထပ်လုံး ပြန်လည်ပြင်ဆင်ကာ ရေနွေးငွေ့ရေချိုးခန်း၊ ကျန်းမာရေးလေ့ကျင့်ခန်း ကိရိယာတစ်ခုနှင့် ကျွန်တော်တို့ နေ့လည်စာစားခဲ့သော ပန်းပွင့်တွေ ဝေနေသည့် ဝရန်တာတစ်ဆောင်ပါသည့် ကျောက်ဖြူသားခင်း ခေတ်မီအိပ်ခန်း တစ်ခန်းကို ပြင်ဆင်ဖွဲ့စည်းထားပါသည်။ ရာစုနှစ်များစွာ အသုံးပြုခဲ့သည့် ဒုတိယထပ်မှာ ခေတ်အဆက်ဆက် ပြင်ဆင်ထားသည့် အပြင်အဆင်များ ထားရှိသော သာမန်အခန်းများ ဖြစ်သည်။ ရှေးခေတ် အပြင်အဆင်များကိုလည်း ပြန်လည်ပြင်ဆင်ခြင်း မပြုတော့ဘဲ ထိုအတိုင်းပင် ထားပါသည်။ သို့ရာတွင် တတိယ အထပ်တွင်မူ အချိန်တည်းဟူသော ဧည့်သည်လာရောက် လည်ပတ်ရန် မေ့လျော့သဖြင့် ရှေးအတိုင်း မပြုမပြင် ပကတိအတိုင်း ထားရှိသည့် အခန်းတစ်ခန်းကို တွေ့ရသည်။

ထိုအခန်းမှာ လူဒိုဗီကို၏ အိပ်ခန်းဖြစ်သည်။

သူ့အခန်းကို ကြည့်ရသည်မှာ ရင်သပ်ရှုမောလောက်ပါသည်။ အခန်းအလယ်တွင် ခုတင်ကြီးရှိပြီး ကန့်လန့်ကာများမှာ ရွှေခြည်ထိုးထားပါသည်။ အိပ်ရာခင်းနှင့် ပန်းပွားများမှာ ခြောက်သွေ့နေပြီ ဖြစ်သည်။ သူ့ချစ်သူ၏ ကိုယ်မှ သွေးများကြောင့် မာတောင့်နေပါသည်။ မီးလင်းဖိုထဲတွင်မူ အေးစက်သော ပြာမှုန်များနှင့် ကျောက်ခဲဖြစ်သွားသော မီးလင်းဖိုထဲမှ နောက်ဆုံး ထင်းတုံးကြီး ရှိပါသေးသည်။ လက်နက်ထားရာစင်

http://www.cherrythitsar.org



မှာ လက်နက်များ ချိတ်ဆွဲထားလျက်ရှိပြီး ရွှေဘောင်ခတ်ထားသည့် ဆေးပန်းချီကားကြီးထဲတွင်မူ ဟေးမောနေဟန်ရှိသည့် သူကောင်းကြီး၏ ပုံ ရှိပါသည်။ ပန်းချီဆရာမှာ ငယ်ငယ်နှင့် ကွယ်လွန်သွားသည့် ဖလော် ရင်တိုင်း ပန်းချီကျော်တစ်ဦး ဖြစ်သည်။ သို့ရာတွင် ကျွန်တော် စိတ်အဝင် စားဆုံးအရာမှာ မည်သည့်နေရာက ထွက်ပေါ်လာမှန်း မသိသော တစ် ခန်းလုံး မွှေးကြိုင်နေသည့် လတ်လတ်ဆတ်ဆတ် စထရော်ဘယ်ရီသီးနံ့ ဖြစ်သည်။

တပ်စကန်နီက နွေရက်များမှာ ရှည်လျားပြီး ကုန်ခဲလှပါသည်။ မိုးကုတ်စက်ဝိုင်းသည် ညကိုးနာရီထိုးသည်အထိ ဘာမျှ ပြောင်းလဲခြင်း မရှိဘဲ သူ့နကိုနေရာတွင် ရှိနေပါသည်။ ရဲတိုက်ထဲကို လျှောက်ကြည့်ပြီး သည့်အခါ၌ ညနေ ငါးနာရီ ထိုးနေပြီ။ သို့ရာတွင် မစ်ဝွဲက ဆန်ဖရန်စစ္စ ကို ဘုရားကျောင်းတွင် ရှိသည့် ပိယာရိဒယ်လာ၏ နံရံဆေးရေး ပန်းချီ များကို ပြချင်သေးသဖြင့် လိုက်ကြည့်ရသေးသည်။ ထို့နောက် ကျွန်တော် တို့ တစ်တွေ ဘုရားရှိခိုးကျောင်းရှေ့က ရင်ပြင်ရှိ ပန်းရုံများ အောက်တွင် ထိုင်၍ ကော်ဖီသောက်ကြသည်။ ပြန်ရန်အတွက် ကျွန်တော်တို့ အဝတ် အစား သေတ္တာများကို ယူလာသည့်အခါတွင် ကျွန်တော်တို့အတွက် ထမင်းပွဲ အသင့်ပြင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ညစာစားရ ပြန်ပါသည်။

ကြယ်တစ်လုံးသာ လင်းလက်နေသည့် ပြာမှိုင်းမှိုင်း ကောင်း ကင်အောက်တွင် ကျွန်တော်တို့တစ်တွေ ညစာစားနေစဉ် ကျွန်တော့်သား နှစ်ယောက်မှာ မီးဖိုထဲမှာ လက်နှိပ်ဓာတ်မီးကိုယူကာ ရဲတိုက်အမှောင်ထု ကို လေ့လာစူးစမ်းရန် အပေါ်ထပ်သို့ တက်သွားကြပါသည်။ လှေကား တစ်လျှောက်တွင် မြင်းရိုင်းတွေ ဒုန်းစိုင်းပြေးသံ၊ တံခါးကြီးများ ကျိုးကျိုး ကျွီကျွီ ညည်းညူနေသံ၊ မည်းမှောင်၍ ချောက်ချားစရာကောင်းသည့် အခန်းထဲတွင် "လူဒိုဗီကို" ကို တစ်ပျော်တစ်ပါး လှမ်းအော်ခေါ်နေသံများ ကို ကျွန်တော်တို့ ညစာစားနေသည့် စားပွဲမှ ကြားနေရသည်။ ဆတ်ဆော့ ပြီး ရဲတိုက်တွင် ညအိပ်ချင်သူမှာ သူတို့နှစ်ယောက်ဖြစ်သည်။ အိမ်ရှင် မစ်ဝွဲကလည်း ဝမ်းသာအားရဖြင့် သူတို့ကို ထောက်ခံသည်။ သူတို့ကို ငြင်းရန် ကျွန်တော်တို့တွင် သတ္တိ မရှိတော့ပြီ။

ကျွန်တော် စိုးရိမ်ခဲ့သလို မဟုတ်ဘဲ ကောင်းစွာ အိပ်ကြရပါ သည်။ ကျွန်တော်တို့ ဇနီးမောင်နှံက ပထမထပ်အိပ်ခန်းတွင် အိပ်ပြီး သူတို့ ညီအစ်ကိုက ကပ်လျက်အခန်းတွင် အိပ်ကြသည်။ အခန်းနှစ်ခန်း

http://www.cherrythitsar.org



စလုံးမှာ ခေတ်မီအောင် ပြင်ဆင်ထားသဖြင့် ချောက်ချားစရာ မကောင်းတော့ပါ။ ကျွန်တော်သည် အိပ်ရာပေါ်တွင် လှဲကာ ဧည့်ခန်းမှာ အိပ်မပျော်ရောဂါ စွဲကပ်နေသည့် နာရီကြီး၏ ဆယ့်နှစ်ချက်ထိုးသံကို ရေတွက်နေရင်း ငန်းကျောင်းသည့် အဘွားကြီး ပြောလိုက်သော ကြောက်စရာ စကားများကို သတိရလာပါသည်။ သို့ရာတွင် ကျွန်တော်တို့တစ်တွေမှာ ပင်ပန်းလှပြီဖြစ်၍ အိပ်မောကျသွားပါသည်။ နောက်တစ်နေ့မနက် ၇ နာရီကျော်၍ နိုးလာသည့်အခါတွင်မူ နေရောင်သည် ပြတင်းပေါက်တွင် တွယ်တက်နေသည့် စပျစ်နွယ်များပေါ်သို့ ဖြာကျနေပါသည်။ ကျွန်တော့်ဘေးတွင်မူ ကျွန်တော့် ဇနီးသည်သည် အပြစ်ကင်းမဲ့သည့် ငြိမ်သက်ခြင်း ပင်လယ်ပြင်တွင် ရွက်လွှင့်နေဆဲရှိပါသည်။

"ဒီခေတ် ဒီအခါမျိုးမှာ တစ္ဆေတို့ သရဲတို့ကို ယုံတဲ့လူတွေလည်း ရှိသေးတယ်"

ကျွန်တော်ဘာသာ တစ်ယောက်တည်း ပြောမိပါသည်။

ထိုအခါကျမှပင် ကျွန်တော်သည် လတ်ဆတ်သည့် စထရော်ဘယ်ရီနံ့ကြောင့် ဆတ်ခနဲ တုန်သွားပါသည်။ လှမ်းကြည့်လိုက်သည့်အခါတွင် အေးစက်သော ပြာမှုန့်များနှင့် ကျောက်တုံးဖြစ်သွားသော ထင်းတုံးတို့ ရှိနေသည့် မီးလင်းဖိုကြီး၊ မှန်ဘောင်ထဲမှနေ၍ နှစ်ပေါင်းသုံးရာကျော်ကို လှမ်းကြည့်နေသော ဆွေးလျနေသည့် သူကောင်းကြီး လူဒိုဗီကိုတို့ကို ကျွန်တော် မြင်လိုက်ရပါသည်။

အကြောင်းမူ ကျွန်တော်တို့သည် မနေ့ညက အိပ်ပျော်သွားခဲ့ရာ ပထမထပ် အိပ်ခန်းထဲတွင် မဟုတ်တော့ဘဲ မျက်နှာကျက်နှင့် ဖုံတက်နေသော ကန့်လန့်ကာများအောက် သွေးအိပ်ရာပေါ်မှ ယခုတိုင် ပူနွေးနေသော သွေးများ စိုရွှဲနေသည့် အိပ်ရာခင်းများရှိရာ လူဒိုဗီကို၏ အိပ်ခန်းထဲတွင် ရောက်နေသောကြောင့် ဖြစ်ပါသည်။

(နိုဘယ်ဆုရ ကိုလံဘီယာ စာရေးဆရာ *Gabriel Marquez* ၏ *The Ghosts of August* ကို ပြန်ဆိုသည်။)

[ကလျာ၊ မတ်၊ ၁၉၉၆]

# အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ

ထို့နောက် သူမက ကျွန်တော့်ကို ပထမဆုံးအကြိမ် ကြည့်ခြင်း ဖြစ်သည်ဟု ကျွန်တော် ထင်၏။ သို့ရာတွင် မှန်အိမ်နောက်တွင် သူမ ရောက်သွားပြီး သူမ၏ ဆီလို ချောကျိုသော အကြည့်ကို ခံစားနေရသည့် အခါတွင်မူ သူမကို ပထမဆုံးအကြိမ် ကြည့်နေသူမှာ ကျွန်တော် ဖြစ်နေသည်ကို သဘောပေါက်သွား၏။ ကျွန်တော်သည် စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။ ကုလားထိုင် နောက်ဖက်သို့ မလှည့်မီတွင် စီးကရက်ကို ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်သည်။

ထို့နောက်တွင်မူ သူမကို ထိုနေရာတွင် ကျွန်တော် မြင်နေရသည်။ သူမသည် ညတိုင်းလိုလို မှန်အိမ်ဘေးတွင် ရပ်ကာ ကျွန်တော့်ကို ကြည့်နေသည်ဟု ထင်နေမိသည်။ မိနစ်အနည်းငယ်ကြာမျှ ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်သော အလုပ်ကိုသာ လုပ်နေကြသည်။ ကျွန်တော်က ကုလားထိုင် နောက်ခြေတစ်ချောင်းပေါ်တွင် အားပြုကာ ကုလားထိုင်တွင် ထိုင်လျက်က သူ့ကို ငေးစိုက်ကြည့်လျက်။ သူမက ရှည်လျား ငြိမ်သက်သည့် လက်ဖြင့် မှန်အိမ်ကိုင်၍ ရပ်ရင်း ကျွန်တော့်ကို ကြည့်လျက်။ ညတိုင်းလိုပင် သူမ၏ မျက်ခွံများသည် အလင်းရောင် တောက်လျက်။ ထိုစဉ် ကျွန်တော်သည် ရှိမြဲအရာကို ကျွန်တော် သတိရလိုက်သည်။ ထို့ကြောင့် ကျွန်တော်က "အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ" ဟု ပြောလိုက်သည်။

သူမက မှန်အိမ်ကို ကိုင်ထားရာမှ လက်ကို မရုပ်ဘဲ ...

"ဒါပေါ့၊ ဒါကို ကျွန်မတို့ ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး" ဟု ပြောသည်။ သက်ပြင်းချရင်း မီးရောင်အဝန်းအဝိုင်းထဲမှ ထွက်ခွာသွားသည်။

"အပြာရောင် ခွေးတစ်ကောင်ရဲ့ မျက်လုံးများတဲ့" ဒီအကြောင်းကို ကျွန်မ နေရာတကာမှာ ရေးခဲ့ပြီးပြီ။

မှန်တင်ခုံဆီသို့ သူမ လျှောက်သွားနေသည်ကို ကျွန်တော် မြင်ရသည်။ သချာဆန်သော အလင်းရောင် အသွားအပြန် ခရီးအဆုံးတွင် ကျွန်တော့်အား ကြည့်နေသည်ကို မှန်ဝိုင်းဝိုင်းထဲတွင် ကျွန်တော် မြင်နေရသည်။ မီးကျီးခဲလို ပူပြင်းသော မျက်လုံးများဖြင့် ကျွန်တော့်အား စိုက်ကြည့်နေသည်ကို ကျွန်တော် စောင့်ကြည့်နေသည်။ သူမသည် ပန်းနုရောင် ကနုကမာခွံကလေး ဖုံးထားသည့် သေတ္တာကလေးတစ်လုံးကို ဖွင့်နေရာမှ ကျွန်တော့်ကို ကြည့်နေသည်။ သူမ၏ နှာခေါင်းအား ပေါင်ဒါ ရိုက်နေသည်ကို ကျွန်တော်မြင်ရသည်။ မျက်နှာကို ခြယ်သပြီးသွားသည့် အခါ၌ သူမသည် သေတ္တာကလေးကို ပိတ်၍ မတ်တပ်ရပ်လိုက်ကာ မှန်အိမ်ဆီသို့ လျှောက်လာပြီးနောက် "တစ်ယောက်ယောက်က ဒီအခန်းအကြောင်းကို အိပ်မက်မက်ပြီး ကျွန်မရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်လိုက်ရင်တော့ ဒုက္ခပဲ" ဟု ပြောနေသည်။

သူမသည် မှန်တင်ခုံရှေ့ မထိုင်ခင်တုန်းက လက်ကို မီးကင်နေသလို ယခုလည်း တုန်ယင်သေးသွယ်သည့် လက်ကို မီးတောက်ပေါ်တွင် မိုး၍ ကင်နေသည်။ "ရှင် မအေးဘူးလား" ဟု သူမက ကျွန်တော့်ကို မေးသည်။ "တစ်ခါတလေတော့ အေးတာပေါ့" ဟု ကျွန်တော်က ပြန်ပြောသည်။ "ခုလောက်ဆို ရှင်လည်း ခံစားမိမှာပေါ့" ဟု ပြောသည်။ ထို့နောက် ကုလားထိုင်ပေါ်တွင် ကျွန်တော်တစ်ယောက်တည်း ဘာကြောင့် မရှိခဲ့သည်ကို ကျွန်တော် သတိရလာသည်။ ကျွန်တော့်အား အထီးကျန်ဖြစ်မှုကို သတိရအောင် လုပ်နေသကဲ့သို့ ရှိသည်။ "အင်း၊ ကျွန်တော် ခံစားရပါတယ်။ တော်တော်တော့ ထူးဆန်းတယ်နော်၊ ညကလည်း တိတ်လို့၊ အေးလည်းသိပ်အေးတယ်။ မဟုတ်ရင်လည်း စောင်ကျွံကျသွားလို့လား မသိဘူး" ဟု ကျွန်တော်က ပြောသည်။ နောက်တစ်ကြိမ် သူမသည် မှန်ဆီသို့ လျှောက်သွားသဖြင့် ကျွန်တော်လည်း ကုလားထိုင်တွင် ပြန်လှည့်ကာ သူမကို ကျောပေးထားလိုက်သည်။ သူမကို မမြင်ရသည့်တိုင် သူမဘာလုပ်နေသည်ကို ကျွန်တော် သိပါသည်။

သူမသည် မှန်ရှေ့တွင် ထိုင်ကာ ကျွန်တော့်ကျောပြင်ကို ကြည့်နေမည်ကို ကျွန်တော် သိသည်။ ကျွန်တော့်ကျောပြင်ကလည်း မှန်၏ အတွင်းသား ထဲသို့ ရောက်သွားပြီး သူမ၏ အကြည့်ထဲတွင် မိနေရန် အချိန်ရသွား သည်။ သူမ၏ အကြည့်သည်လည်း မှန်၏ အတွင်းသားဆီသို့ ရောက် သွားပြီး ပြန်လာရန် အချိန်ရသွားသည်။

ထို့နောက်တွင်မှ သူမသည် သူမ၏ နှုတ်ခမ်းကို မရမ်းရောင် ခြယ်သ သုတ်လိမ်းရန်အတွက် လက်ကို ဒုတိယအကြိမ် မှန်ရှေ့တွင် ဝေ့ဝဲနေသည်။ ကျွန်တော်သည် သူမကို မမြင်နိုင်သည့် မျက်စိကန်းနေ သော မှန်ကြီးတစ်ချပ်နှင့်တူသည့် ချောမွေ့နံရံကြီးကို ကြည့်နေသည်။ သို့ရာတွင် ကျွန်တော့် မျက်စိထဲတွင်မူ နံရံပေါ်တွင် မှန်တစ်ချပ် ချိတ်ထား သည့်နှယ် သူမ ရုပ်ပုံကို မြင်နေရသည်။ "မင့်ကို ငါ မြင်ရတယ်" ဟု ကျွန်တော်က သူမကို ပြောလိုက်သည်။ နံရံပေါ်တွင် မျက်လုံးကို ပင့်ကာ သူမကို ကျောပေး၍ ကုလားထိုင်ပေါ်တွင် ထိုင်ရင်း နံရံဆီသို့ စိုက်ကြည့် နေသော ကျွန်တော့်ကို သူမမြင်နေရသည်ကို ထင်နေသည်။ သူမ၏ ဘရာဇီယာများကို အတန်ကြာ ငုံ့ကြည့်နေသည်ဟု ထင်လိုက်သည်။

"ရှင်က နံရံဆီကို မျက်နှာလှည့်ထားလို့ ဒီလိုနေတာနော်" ဟု သူမက ပြောသည်။ ထို့နောက် ကျွန်တော်က ကုလားထိုင်ကို သူမဘက် သို့ ပြန်လှည့်လိုက်သည်။ ကျွန်တော့်ပါးစပ်တွင် စီးကရက်ကို ခဲထား သည်။ ကျွန်တော်က မှန်ဘက်သို့ မျက်နှာမူနေသည့်အခါတွင် သူမသည် မှန်အိမ်ဆီသို့ ပြန်ရောက်နေလေပြီ။ ယခုအချိန်၌ သူမသည် ကြက်မတစ် ကောင်၏ တောင်ပံနှစ်ဖက်လို သူမ၏ လက်နှစ်ဖက်ကို မီးတောက်ပေါ် သို့ ဖြန့်တင်ပြီး မျက်နှာကို သူ့လက်ချောင်းများနှင့် ကွယ်ထားသည်။

"ကျွန်မတော့ အအေးမိတော့မယ် ထင်တယ်။ ဒီမြို့က ရေခဲနဲ့ များ လုပ်ထားသလား မသိဘူး" ဟု ပြောသည်။

သူမသည် မျက်နှာကို ဘေးတိုက်ဖြစ်အောင် လှည့်လိုက်သည်။ ကြေးနီရောင်မှ အနီရောင်သို့ ပြောင်းနေသည့် သူမ၏ အသားအရည် သည် ရုတ်တရက် ဝမ်းနည်းသည့် အသွင်ကို ဆောင်သွားသည်။

"အအေးသက်သာအောင်တော့ လုပ်ပါဦးရှင့်"

သူမသည် အဝတ်အစားများကို တစ်ခုပြီးတစ်ခု ချွတ်နေသည်။ ဘရာစီယာမှ စချွတ်ခြင်း ဖြစ်သည်။

"ငါ့မျက်နှာကို နံရံဘက် လှည့်ထားလိုက်မယ်လေ" ဟု ကျွန် တော်က ပြောသည်။

"မထူးပါဘူးရှင်၊ ရှင်လှည့်ပုံမျိုးနဲ့သာ ဆိုရင် မမြင်ဘဲနေလို့ ရမှာ မဟုတ်ဘူး၊ မြင်နေမှာပါ"

ထိုစကားကို ပြော၍ မဆုံးမီ သူမသည် အဝတ်အစားများကို ချွတ်ပြီးသွားသည်။ မီးတောက်မီးလျှံများသည် သူမ၏ ရှည်လျားသော ကြေးနီရောင် အသားအရည်ကို လျှာဖြင့် လျက်နေကြသည်။

"မင့်ကို ငါ အဲဒီလို ကြည့်ချင်နေတာ ကြာလှပြီ။ မင်းဝမ်းဗိုက်ပေါ်က အသားမှာ အထုအရိုက်ခံရသလို ချိုင့်ဝှမ်းတွေနဲ့"

သူမ၏ ကိုယ်ခန္ဓာကို မြင်ရသည့်အခါ၌ ကျွန်တော့် စကားလုံးများသည် လေးလံထိုင်းမှိုင်းနေသည်ဟု ကိုယ့်ဘာသာ သဘောမပေါက်မီ သူမသည် မှန်အိမ်ပေါ်တွင် လက်တင်ကာ လက်ကို မီးကင်နေသည်။

"တစ်ခါတလေကျတော့လည်း ကျွန်မက သတ္တုနဲ့များ လုပ်ထားသလားလို့ ထင်မိတယ်" ဟု သူမက ပြောသည်။ သူမသည် အတန်ကြာမျှ တိတ်ဆိတ်နေသည်။ မီးတောက်ပေါ်တွင် ဝဲနေသည့် သူမလက်များ၏ အနေအထားသည် အနည်းငယ် ပြောင်းနေကြသည်။

"တစ်ခါတလေ ငါမက်တဲ့ တခြားအိပ်မက်တွေထဲမှာ မင်းဟာ ပြတိုက်တစ်ခုရဲ့ ထောင့်တစ်ထောင့်မှာရှိတဲ့ ကြေးရုပ်ထုကလေး တစ်ခုလို့ ထင်နေမိတယ်။ ဒါကြောင့်မို့များ မင်း ဒီလောက် အေးချမ်းနေတာလား မသိဘူး"

သူမက ... "တစ်ခါတလေတော့ ကျွန်မ နှလုံးသားထဲမှာ အိပ်ပျော်နေတုန်းဆိုရင် ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ အသားအဆံမရှိတဲ့ အခေါင်းကြီးဖြစ်နေတယ်လို့ ထင်ရပြီး ကျွန်မရဲ့အရေခွံဟာလည်း ပန်းကန်ပြားတစ်ချပ်လို ထင်နေရတယ်။ ပြီးတော့ ကျွန်မရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးခုန်နေရင် တစ်ယောက်ယောက်ဟာ ကျွန်မရဲ့ ကြေးနီသံကို ကြားနေရတယ်။ ဘယ်လိုခေါ်မလဲ ရှင်တို့ ပြောတဲ့ လွှာထားတဲ့ သတ္တုမျိုးပေါ့"

သူမသည် မှန်အိမ်နားသို့ ကပ်သွားသည်။

"ငါကတော့ မင်းပြောသံကိုပဲ ကြားချင်နေတာပဲ" ဟု ကျွန်တော်က ပြောသည်။

"တစ်ခါတလေ ကျွန်မတို့နှစ်ယောက် တွေ့ကြရင် ကျွန်မ လက်ဝဲဘက်ကို စောင်းပြီး အိပ်ပျော်နေတုန်းမှာ ကျွန်မ နံရိုးတွေနားကို ရှင်ကပ်ပြီး နားထောင်ကြည့်ပါလား။ ကျွန်မ ပဲ့တင်ထပ်နေတဲ့ အသံကို ကြားရမှာပေါ့။ တစ်ခါတလေမှာ ရှင့်ကို အဲဒီလို သိပ်နားထောင်စေချင်တာပဲ" ဟု သူမက ပြောသည်။

http://www.cherrythitsar.org



သူမ စကားပြောနေစဉ် အသက်ပြင်းစွာ ရှူနေသံကို ကျွန်တော် ကြားနေရသည်။ သူမသည် နှစ်ပေါင်းအတန်ကြာမျှ တခြားအလုပ် မလုပ်ခဲ့ကြောင်း ပြောပြသည်။ သူမ၏ဘဝသည် "အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ" ဆိုသည့် ထပ်တူပြု စကားပိုဒ်များမှတစ်ဆင့် ကျွန်တော်ကို တကယ်အစစ်အမှန်ထဲတွင် ရှာဖွေရန် ဦးစားပေးခဲ့သည်။ သူမသည် ထိုစကားလုံးကို နားလည်နိုင်မည့် သူတစ်ဦးအား ပြောပြရန် နည်းလမ်းတစ်ရပ်အနေဖြင့် ထိုစကားလုံးကို ရွတ်ကာ လမ်းမတစ်လျှောက်တွင် လျှောက်သွားနေသည်။

"ညတိုင်း ရှင့်အိပ်မက်တွေထဲကို ရောက်လာပြီး (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) လို့ ပြောနေသူဟာ ကျွန်မပဲ"

သူမသည် ပျော်ပွဲစားရုံထဲသို့ ဝင်သွားကာ စားပွဲထိုးများအား တစ်စုံတစ်ရာမှ ယူခြင်း မပြုမီတွင်လည်း "အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ" ဟု ပြောတတ်သည်။ သို့ရာတွင် စားပွဲထိုးများကလည်း သူ့ကို အိပ်မက်ထဲတွင် ထိုစကားလုံးများအား ရွတ်ဆိုခဲ့မိသည်ကို သတိမရတော့ဘဲ သူ့ကို ရိုသေစွာ ဦးညွှတ်ပြကြသည်။ ထို့နောက် သူမသည် လက်သုတ်ပုဝါပေါ်တွင် လည်းကောင်း၊ အရောင်တင်ထားသည့် စားပွဲပေါ်တွင် လည်းကောင်း "အပြောရောင် ခွေးတစ်ကောင်၏ မျက်လုံးများ" ဆိုသည့် စာပုဒ်ကို ရေးခြစ်သည်။ ဟိုတယ်များ၊ ဘူတာရုံများနှင့် အများပြည်သူနှင့် ဆိုင်သည့် အဆောက်အအုံများရှိ အငွေ့တွေ ရိုက်နေသော မှန်ပြတင်းများတွင်လည်း သူမသည် "အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ" ဆိုသည့် စာပုဒ်ကို ရေးသည်။

တစ်ခါက သူမသည် ဆေးဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားစဉ် တစ်ခါတုန်းက ကျွန်တော့်အကြောင်း အိပ်မက်မက်စဉ်ရသည့် အနံ့မျိုးရကြောင်းဖြင့် သူမက ပြောပြသည်။ "သူ ဒီနားတစ်ဝိုက်မှာ ရှိမယ်ထင်တယ်" ဟု ဆေးဆိုင်ထဲရှိ သန့်ရှင်းသည့် ကြွေပြားများကို ကြည့်ကာ သူမ တွေးနေသည်။ ထို့နောက် သူမသည် အရောင်းစားရေးဆီသို့ လျှောက်သွားကာ "ဒီမှာရှင် (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုတဲ့ စကားကို ပြောတဲ့ လူတစ်ယောက်အကြောင်းကို ကျွန်မ အမြဲလိုလို အိပ်မက်မက်တယ်" ဟု ပြောသည်။ ထိုအခါတွင် အရောင်းစာရေးက သူ့မျက်လုံးကို သေသေချာချာစိုက်ကြည့်ကာ "အမှန်ကတော့ ညီမလေးရဲ့ မျက်လုံးမျိုးတွေဟာ အဲဒီမျက်လုံးတွေမျိုးပဲ" ဟု ပြောလိုက်ကြောင်းဖြင့် သူမက ပြောပြသည်။ သူမကမူ "အိပ်မက်ထဲမှာ ကျွန်မကို

ဒီစကားလုံးတွေ ပြောသွားတဲ့လူကို လိုက်ရှာမယ်" ဟု အရောင်းစာရေးကို ပြန်ပြောသည်။ စာရေးက ရယ်မောကာ ကောင်တာ တစ်ဖက်စွန်းဆီသို့ လျှောက်သွားသည်။ သူမသည် သန့်ရှင်းပြောင်လက်နေသည့် ကြွေပြားများနှင့် အနံ့ကိုသာ သတိရနေသည်။ သူမသည် လက်ကိုင်အိတ်ကို ဖွင့်ပြီးနောက် သူမ၏ မရမ်းရောင် နှုတ်ခမ်းဆိုးဆေးတောင့်ကို ထုတ်ကာ (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုသည့် စာလုံးနီနီများကို ကြွေပြားပေါ်တွင် ရေးချလိုက်သည်။ စာရေးသည် ကောင်တာအစွန်မှ ပြန်လျှောက်လာသည်။ စာရေးက "ညီမလေး ကြွေပြားတွေတော့ မင်းကြောင့် ညစ်ပတ်ကုန်ပြီ" ဟု ပြောသည်။ စာရေးက အဝတ်စိုတစ်ခုကို သူမအား ပေးပြီး "ရော့ သုတ်လိုက်" ဟု ပြောသည်။ သူမသည် မှန်အိမ်အနီးတွင် ထိုင်နေရင်းက ထိုတစ်ညနေလုံး လေးဘက်ထောက်ပြီး ကြမ်းပြင်တွေကို တိုက်ရင်း (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုသည့် စကားလုံးများကို အော်ခဲ့ကြောင်း၊ လူအများက တံခါးဝတွင် ရောက်လာပြီး သူ့ကို ကြည့်နေကြကြောင်း၊ သူ့ကို ရူးသွားပြီးဟု ထင်ကြကြောင်းဖြင့် ကျွန်တော့်ကို ပြောပြနေသည်။

သူမစကားပြောပြီးသွားသည့် အခါ၌ ကျွန်တော်သည် အခန်းထောင့်တွင် ထိုင်ရင်း ကုလားထိုင်ကို လှုပ်ယမ်းနေမိသည်။

"နေ့တိုင်း ဒီစကားလုံးကို သတိရနေအောင် ငါကြိုးစားတယ်။ ဒါမှ မင်းနဲ့တွေ့ရမှာ မဟုတ်လား။ မနက်ဖြန်ဆိုရင်လည်း ဒီစကားလုံးကို ငါမေ့မှာ မဟုတ်ဘူး။ ငါဟာ ဒီစကားလုံးတွေကိုချည်း ပြောနေပေမယ့် အိပ်ရာက နိုးလာတာနဲ့ မင်းကို ရှာလို့ တွေ့နိုင်မယ့် စကားလုံးတွေဟာ ဘယ်စကားလုံးတွေလဲဆိုတာ အမြဲလိုလို မေ့နေတတ်တယ်" ဟု ကျွန်တော့်က ပြောသည်။

"အမှန်ကတော့ ဒီစကားလုံးတွေဟာ ပထမဆုံးနေ့ကတည်းက ရှင် တီထွင်ခဲ့တဲ့ စကားလုံးတွေ မဟုတ်လား" ဟု သူမက ပြောသည်။

"ငါတီထွင်ခဲ့တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ အပြာရောင်မျက်လုံးတွေကို ငါမြင်ခဲ့တာကိုး၊ ဒါပေမယ့် နောက်တစ်နေ့ မနက်ရောက်တော့ ငါ သတိမရတော့ဘူးလေ" ဟု ကျွန်တော်က ပြောသည်။

"ခုတော့ ကျွန်မ ဘယ်မြို့မှာနေပြီး စာတွေ ရေးနေသလဲ ဆိုတာကော သိရဲ့လား"

ဟု ဆိုကာ သူမသည် လက်သီးကို ဆုပ်ပြီး အသက်ကို ပြင်းစွာ ရှူနေသည်။

သူမ၏ စေ့ထားသော သွားများသည် မီးရောင်တွင် ပြောင်လက်နေသည်။

"ငါ မင်းကို ထိကြည့်ချင်တယ်" ဟု ကျွန်တော်က ပြောသည်။ သူမသည် အလင်းရောင်ဘက်သို့ မူထားသည့် မျက်နှာကို မော့လိုက်သည်။ သူမ၏အကြည့်သည် သူမ၏ လက်များကဲ့သို့ပင်။ သူမကဲ့သို့ပင် ပူလောင်မြိုက်ကျွမ်းနေသည်။ သူမသည် ထောင့်တစ်ထောင့်က ကုလားထိုင်ပေါ် လှုပ်ယမ်း၍ ထိုင်နေသော ကျွန်တော့်ကို မြင်သည်ဟု ကျွန်တော် ခံစားနေရသည်။

"ရှင် ဒီလို တစ်ခါမှ မပြောဖူးပါလား" ဟု သူမက ပြောသည်။

"ခုပြောပြီလေ၊ အမှန်ကို ပြောတာပဲ" ဟု ကျွန်တော်က ပြောသည်။

မှန်အိမ်၏ တစ်ဖက်မှာနေ၍ သူမသည် စီးကရက်တစ်လိပ်တောင်းသည်။ စီးကရက်တိုကလေးမှာ ကျွန်တော့်လက်ချောင်းများကြားတွင် ပျောက်ကွယ်သွားလေပြီ။ ကျွန်တော်သည် ဆေးလိပ်သောက်နေခြင်းဖြစ်သည်ကို ကိုယ့်ဘာသာကိုယ် မေ့နေသည်။

"အဲဒီစာကြောင်းတွေကို ဘယ်မှာရေးခဲ့တယ်ဆိုတာ ဘာဖြစ်လို့ မမှတ်မိဘဲ ဖြစ်နေရတာလဲ မသိဘူး"

ဟု သူမက ပြောသည်။

"ဒါကြောင့်ပဲ မနက်ဖြန်ဆိုရင် ငါလည်း ဒီစာလုံးတွေကို မှတ်မိတော့မှ မဟုတ်ဘူး" ဟု ကျွန်တော်က ပြောသည်။

"ဒီလိုလည်း မဟုတ်သေးဘူး၊ တစ်ခါတလေတော့လည်း ကျွန်မ အဲဒီစာလုံးတွေကို အိပ်မက်မက်တယ်ထင်တယ်" ဟု သူမက ဆွေးလျစွာ ပြောသည်။

ကျွန်တော်သည် ထ၍ ရပ်ကာ မှန်အိမ်ဆီသို့ လျှောက်လာခဲ့သည်။ သူမမှာ မှန်အိမ်တစ်ဖက်တွင် ရပ်နေသည်။ ကျွန်တော်သည် စီးကရက်များနှင့် မီးခြစ်များကို ဆုပ်ကိုင်ထားသည်။ ကျွန်တော့်လက်မှာ မှန်အိမ်တစ်ဖက်သို့ မရောက်ပါ။ ကျွန်တော်သည် စီးကရက်များကို သူမကို လှမ်းပေးလိုက်သည်။ သူမသည် စီးကရက်ကို နှုတ်ခမ်းကြားတွင် ညှပ်ကာ ကျွန်တော်က မီးခြစ်ကို လှမ်းမပေးမီမှာပင် ကုန်း၍ စီးကရက်ကို မှန်အိမ်မှ မီးတောက်ဖြင့် ညှိနေသည်။

"ကမ္ဘာပေါ်က မြို့ကြီးတချို့က နံရံတွေပေါ်မှာ (အပြာရောင်ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုတဲ့ စာလုံးတွေ ရေးရဦးမယ်။ မနက်

http://www.cherrythitsar.org



ဖြန်မှာ အဲဒီစာလုံးတွေကို သတိရနေသေးရင်တော့ မင်းကို တွေ့ရဦးမှာ ပေါ့” ဟု ကျွန်တော်က ပြောသည်။ သူမက ခေါင်းကို ပြန်မော့သည်။ ယခုအချိန်၌ မီးညှိထားသော စီးကရက်သည် သူမ၏ နှုတ်ခမ်းကြားတွင် ရောက်နေလေပြီ။ (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဟု ဆိုကာ သူမ သက်ပြင်းချသည်။ စီးကရက်သည် သူ့နှုတ်ခမ်းမှာ တွဲလောင်းကျနေသည်ကို သတိရသွားကာ မျက်လုံးတစ်ဖက်ကို ခပ်မှေးမှေး လုပ်ထားသည်။ ထို့နောက် သူမသည် မီးခိုးများကို ရှိုက်ယူလိုက်ကာ ...

“ခုမှ နွေးသွားတော့တယ်” ဟု ပြောသည်။ သူမပြောသည့် အသံမှာ အေးတိအေးစက် နိုင်သည်။ သူမကို ကြည့်ရသည်မှာ ထိုစကားကို မပြောသည့်နှယ်။ သို့ရာတွင် သူမသည် ထိုစကားလုံးများကို စာရွက်ပေါ်တွင် ရေးထားသည့်နှယ် စာရွက်တစ်ရွက်ကို မီးတောက်နားသို့ ယူလာသည်။ ကျွန်တော်က ထိုစာရွက်ပေါ်တွင် “နွေးသွားတာပဲ” ဆိုသည့် စာလုံးများကို ဖတ်နေသည်။ ထို့နောက် သူမသည် စာရွက်ကို လက်မနှင့် လက်ညှိုးကြားတွင် ညှပ်ကာ မီးစွဲအောင် မီးတောက်နားသို့ ကပ်နေပြီး မီးစွဲနေသည့်အခါတွင် စာရွက်ကို မြန်မြန်မီးလောင်အောင် လှည့်ပေးနေသည်။ စာရွက်တစ်ရွက်လုံးမီးလောင် မသွားမီကလေးတွင် “အထက်” ဆိုသည့် စကားလုံးကလေးကို ကျွန်တော် ဖတ်လိုက်ရသည်။ နောက်ဆုံး၌ စာရွက်သည် လုံးဝလောင်ကျွမ်းသွားခဲ့ကာ ကြမ်းပေါ်သို့ ကြွေကျသွားပြီး ပြာမှုန်ကလေးများအဖြစ် ပြောင်းသွားသည်။

“ခုဟာက ပိုကောင်းသွားတယ်။ တစ်ခါတလေကျတော့ မင့်ကို ဒီအတိုင်း မြင်ရတာ တော်တော် ကြောက်စရာကောင်းတယ်။ မင့်ကို ကြည့်ရတာ မှန်အိမ်တစ်လုံးဘေးမှာ ခိုက်ခိုက်တုန်လို့” ဟု ကျွန်တော်က ပြောသည်။

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် နှစ်ပေါင်းများစွာ တွေ့နေခဲ့ကြသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ချည်း ရှိနေသည့်အခါမျိုး၌ တစ်ယောက်ယောက်က အပြင်မှ ဇွန်းတစ်ချောင်းကို ချသွားသဖြင့် ကျွန်တော်တို့နှစ်ယောက် အိပ်ယာမှ နိုးလာကြသည်။ တဖြည်းဖြည်းဖြင့် ကျွန်တော်တို့ ခင်မင်မှုသည် အရာဝတ္ထုများ၊ အဖြစ်အပျက်များ၏ အရိုးခံအကျဆုံး ဖြစ်မှုများအောက်သို့ ရောက်သွားသည်ကို တဖြည်းဖြည်း နားလည်လာခဲ့ကြသည်။ ကျွန်တော်တို့၏ ဆုံတွေ့မှုသည် မနက်ခင်းတွင် ဇွန်းကျသံဖြင့် အဆုံးသတ် သွားရသည်ချည်း ဖြစ်သည်။

ယခု မှန်အိမ်တစ်ဖက်တွင် သူမသည် ကျွန်တော့်ကို ကြည့်နေသည်။ ယခင်ကတည်းက သူမ ကျွန်တော့်ကို ဤသို့ ကြည့်ခဲ့ဖူးကြောင်းကို ကျွန်တော် သတိရလာသည်။ ကျွန်တော်က ကုလားထိုင် နောက်ခြေထောက် နှစ်ဖက်ပေါ်တွင် ကုလားထိုင်ကို လှုပ်ယမ်းရင်း အပြာရောင် မျက်လုံးများရှိသည့် ထူးဆန်းသည့် မိန်းမကို ငေးကြည့်သည်။ အတိတ်က ထိုအိပ်မက်ထဲမှာကဲ့သို့ပင် သူမသည် ကျွန်တော့်ကို ကြည့်နေသည်။ ထိုအိပ်မက်ထဲတွင် ကျွန်တော်သည် သူ့ကို "မင်းက ဘယ်မှာလဲ" ဟု ပထမဆုံးအကြိမ် မေးမိသည်။

"ကျွန်မ ရှင့်ကို မမှတ်မိဘူး" ဟု သူမက ပြောသည်။

"ဒါပေမယ့် တို့နှစ်ယောက် တွေ့ဖူးကြသလိုပဲ" ဟု ကျွန်တော်က ပြောသည်။

"ရှင့်ကို အိပ်မက် မက်ဖူးတယ် ထင်တယ်။ ဒီအခန်းထဲမှာပဲ" ဟု သူမက အရေးမကြီးဟန်ဖြင့် ပြောသည်။

"ဟုတ်ပြီ။ ငါလည်း နည်းနည်း အမှတ်ရသလိုလို ဖြစ်လာတယ်" ဟု ကျွန်တော်က ပြောသည်။

"တော်တော်တော့ ထူးဆန်းတာပဲနော်။ ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အိပ်မက်ထဲမှာပဲ တွေ့ဖူးနေကြတာနော်"

ဟု သူမက ပြောသည်။

သူမသည် စီးကရက်ကကို နှစ်ဖွာခန့် ဖွာရှိုက်လိုက်သည်။ ကျွန်တော်သည် မှန်အိမ်ကို မျက်နှာမူ၍ ရပ်နေဆဲ ဖြစ်သည်။ ထိုစဉ် ကျွန်တော် သူ့ကို ရုတ်တရက် လှမ်းကြည့်လိုက်သည်။ ကျွန်တော်သည် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေမိသည်။ သူသည် ယခုတိုင် ကြေးနီဖြစ်နေသေးသည်။ သို့ရာတွင် အေးစက်မာကျောသော ကြေးနီ မဟုတ်တော့။ ဝါလဲ့နူးညံ့ကာ အရည်ပျော်နေသော ကြေးနီ ဖြစ်သည်။

"ငါ မင်းကို ထိကြည့်ချင်တယ်" ဟု ကျွန်တော်က နောက်တစ်ကြိမ် ပြောသည်။

"ရှင်ဟာ အစစ အရာရာကို ဖျက်ဆီးပစ်နေတာပဲ" ဟု သူမက ပြောသည်။

"ဒါတွေကိုက သိပ်အရေးမကြီးတော့ပါဘူးကွယ်။ နောက်တစ်ကြိမ် တွေ့ချင်ရင် ခေါင်းအုံးကို ပြောင်းပြန်လှန်လိုက်ရုံပေါ့" ဟု ကျွန်တော်က ပြောသည်။

ကျွန်တော်က မှန်အိမ်ဆီသို့ လက်လှမ်းလိုက်သည်။ သူမသည် လှုပ်ရှားခြင်းမပြု။

"ရှင်ဟာ အစစ အရာရာကို ဖျက်ဆီးပစ်နေတာပဲ" ဟု သူမက ပြောသည်။ သူမကို မထိခင် နောက်တစ်ကြိမ် ထပ်ပြောသည်။

"မှန်အိမ်နောက်ကို ရှင်ရောက်ရင် ကျွန်မတို့ဟာ မသိနိုင်တဲ့ ကမ္ဘာကြီး တစ်နေရာမှာ အလန့်တကြားနဲ့ ပြန်နိုးလာကြဦးမှာ" ဟု သူမက ပြောသည်။

"ဒါပေမယ့် ဒါတွေက အရေးမကြီးတော့ပါဘူးကွယ်" ဟု ကျွန်တော်က ပြောသည်။

"ခေါင်းအုံးကို ပြောင်းပြန်လှန်လိုက်ရင် ကျွန်မတို့နှစ်ယောက် ပြန်တွေ့ကြဦးမှာပေါ့၊ ဒါပေမယ့် ရှင်နိုးလာရင်တော့ အားလုံးကို မေ့သွားဦးမှာပေါ့" ဟု သူမက ပြောသည်။

ကျွန်တော် အခန်းထောင့်ဆီသို့ လာခဲ့သည်။ သူမက နောက်တွင် ချန်နေရစ်ပြီး သူ့လက်များကို မီးတောက်တွင် ကင်နေသည်။ သူမက ကျွန်တော့်ကို လှမ်းပြောသည့်အခါ၌ ကျွန်တော်သည် ကုလားထိုင်ဆီသို့ပင် ပြန်မရောက်သေး။

"သန်းကောင်လောက်မှာ တစ်ရေးနိုးလာရင် ကျွန်မလေ အိပ်ယာပေါ်မှာ တလူးလူး တလိမ့်လိမ့်နဲ့ ဖြစ်နေပြီ။ (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုတဲ့ စာလုံးတွေကို အရဏ်တက်သည်အထိ ရွတ်နေတော့တာပဲ"

ထို့နောက် ကျွန်တော်သည် မျက်နှာကို နံရံဘက်သို့ မျက်နှာမူထားပြီး ငြိမ်နေသည်။ ကျွန်တော်က သူမကို မကြည့်ဘဲ ...

"မကြာခင် အရဏ်လာတော့မယ်။ နာရီပြန် နှစ်ချက်ထိုး လောက်မှာ ငါ နိုးလာတာ၊ စိတ်ထဲမှာ တော်တော်ကြာပြီလို့ ထင်ရတယ်" ဟု ပြောပြီး တံခါးဆီသို့ ထွက်လာခဲ့သည်။ တံခါးလက်ကိုင်ဘုကို ကိုင်သည့်အခါတွင် သူမ၏ အသံကို နောက်တစ်ကြိမ် ကျွန်တော် ကြားရသည်။

"တံခါးကို သွားမဖွင့်နဲ့ဦးလေ၊ အိမ်ရှေ့ခန်းမှာ မဖြစ်နိုင်တဲ့ အိပ်မက်တွေ ပြည့်နေတယ်"

ဟု သူမက ပြောသည်။

"မင်း ဘယ်လိုလုပ်သိသလဲ"

ဟု ကျွန်တော်က မေးသည်။

"သိတာပေါ့။ စောစောကလေးတင် ကျွန်မ ရောက်ခဲ့တာ၊ ကျွန်မ နှလုံးသားပေါ်မှာ အိပ်ပျော်နေမှုန်း ကိုယ့်ဘာသာကိုယ် သိလို့ ပြန်ဝင်လာခဲ့တာ" ဟု သူမက ပြောသည်။

ကျွန်တော်သည် တံခါးကို ဖွင့်လိုက်သည်။ နည်းနည်းကလေး ဟ ပစ်ခဲ့သဖြင့် အေးစက်ပါးလွှာသော လေပြည်သည် ဟင်းသီးဟင်းရွက် မြေကြီး၊ စိုစွတ်သော လယ်ကွင်းတို့၏ လတ်ဆတ်သော ရနံ့များကို ယူဆောင်လာသည်။ သူမက နောက်တစ်ခါ စကားပြောသည်။ ကျွန် တော်က တံခါးကို အသာတွန်းလိုက်သည်။

"အိမ်ရှေ့ခန်းရယ်လို့ မရှိဘူး ထင်တယ်။ အပြင်မှာ မြေသင်းနံ့ ကို ပြောသည်။ ခပ်ဝေးဝေးမှ နေ၍ သူမက ...

"ဒီအကြောင်းကို ရှင့်ထက် ကျွန်မ ပိုသိပါတယ်။ အပြင်ဘက်မှာ အိပ်မက်မက်နေတဲ့ မိန်းမတစ်ယောက် ရှိနေတယ်" ဟု ပြောသည်။ သူမ သည် မီးတောက်အထက်တွင် လက်နှစ်ဖက်ကို ကြက်ခြေခတ် ယှက် လိုက်ပြီး စကားပြောနေသည်။

"အဲဒီမိန်းမဟာ တိုင်းပြည်မှာ အိမ်တစ်လုံး လိုချင်နေတယ်။ ပြီးတော့ မြို့ကလည်း မခွာနိုင်အောင် ဖြစ်နေတယ်" ဟု ပြောသည်။

ယခင်က အိပ်မက်တစ်ခုထဲတွင် ထိုမိန်းမကို ကျွန်တော် မြင် ခဲ့ဖူးသည် ထင်သည်။ သို့ရာတွင် တံခါးသည် တဖြည်းဖြည်း ပွင့်လာပြီ ဖြစ်သည့်အတွက် နာရီဝက်လောက်ဆိုလျှင် မနက်စာစားရန် အောက်သို့ ဆင်းရပေတော့မည်။

"ဘာပဲဖြစ် အိပ်ရာက နိုးဖို့အတွက် ဒီနေရာက မကြာခင် ထွက် သွားရတော့မယ်" ဟု ကျွန်တော်က ပြောသည်။

အပြင်ဘက်တွင် လေသည် တစ်ခဏမျှ တဖျတ်ဖျတ် လှုပ်နေ သည်။ ထို့နောက် ငြိမ်သက်သွားကာ အိပ်ရာထဲတွင် တလူးလူး တလိမ့် လိမ့်ဖြင့် အိပ်ပျော်နေသူ တစ်ယောက်၏ အသက်ရှူသံ ကြားရသည်။ ကွင်းပြင်များဆီမှ လေမှာ ရပ်တန့်သွားလေပြီ။ အနံ့အသက်များ မရှိ တော့။

"မနက်ဖြန်ဆိုရင် မင်းကို ငါသတိရနေဦးမှာ၊ လမ်းမက နံရံပေါ် မှာ (အပြာရောင် ခွေးတစ်ကောင်၏ မျက်လုံးများ) ဆိုတဲ့ စာလုံးတွေကို ရေးနေတဲ့ မိန်းမတစ်ယောက်ကို မြင်ရင် မင်းကိုငါ မှတ်မိနေဦးမှာပဲ" ဟု ကျွန်တော်က ပြောသည်။

သူမက ဝမ်းနည်းကြေကွဲသော အပြုံးဖြင့် ပြောသည်။(ထိုအပြုံး

http://www.cherrythitsar.org



မှာ မဖြစ်နိုင်သော အရာ၊ မရောက်နိုင်သော အရာကို လက်မြှောက်အရှုံး ပေးသည့် အပြုံးဖြစ်သည်။)

"ဒါပေမယ့် နေ့လယ်ဘက်ဆိုရင်တော့ ရှင်ဘာကိုမှ အမှတ်ရမှာ မဟုတ်ပါဘူး။ ရှင်ဟာ ပြန်နိုးလာတဲ့အခါမှာ ကိုယ်မက်ခဲ့တဲ့ အိပ်မက်ကို မမှတ်မိတဲ့ တစ်ဦးတည်းသော လူပဲ" ဟု သူမက ပြောသည်။

သူမသည် သူမ၏ လက်များကို မှန်အိမ်နားတွင် ကပ်၍ ကင်နေသည်။ သူမ၏ မျက်နှာမှာ နာကြည်းသော တိမ်တိုက်တစ်တိုက် ကြောင့် မည်းမှောင်နေသည်။

(နိုဘယ်ဆုရ ကိုလံဘီယာစာရေးဆရာ *Gabriel Garcia Marquez* ၏ *Eyes of a blue dog* ကို ပြန်ဆိုသည်။)

[ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၆]

# လှေကလေးကို လှော်မည်

ခရစ်(စ)မတ်အခါသို့ ရောက်သည်တွင် ကလေးများက လှေတစ်စင်း ဝယ်ပေးရန် ပူစာကြပြန်သည်။

“ဟုတ်ပြီ၊ ဝယ်ပေးမယ်။ ကာတာဂျီနာ ရောက်တော့ အဖေဝယ်ပေးမယ်” ဟု အဖေက ပြောသည်။

အသက် ကိုးနှစ်သားအရွယ် တိုးတိုးနှင့် ခုနစ်နှစ်သားအရွယ် ဂျိုးဂျိုးတို့သည် အဖေတို့ အမေတို့ ထင်သည်ထက် နားပူနားဆာ နိုင်ကြသည်။

“ဒီမှာ လှေစီးရအောင် ဘယ်မှာ ရေရှိလို့လဲကွယ်။ ရေဘုံဘိုင်က ကျတဲ့ရေပဲ ရှိတာ မြင်ရက်သားနဲ့”

ဟု အမေက ပြောသည်။

အဖေနှင့် အမေပြောသည်အတိုင်းလည်း မှန်ပါ၏။ ကာတာဂျီနာရှိ သူတို့အိမ်ရှေ့တွင် ကွက်လပ်ရှိသည်။ ထိုကွက်လပ်ဆုံးလျှင် ပင်လယ်ကွေ့မို့ လှေဆိပ်ကလေး တစ်ခုရှိသည်။ ထိုအနီးတွင် ရွက်လှေကြီးနှစ်စင်း ထားနိုင်သည့် လှေရုံတစ်ရုံလည်း ရှိသည်။ ယခု သူတို့ရောက်နေသည့် မက်ဒရစ်မြို့က ကာစတယ်လီနာလမ်း၊ အိမ်အမှတ် ၄၇၊ တိုက်ခန်းစုံမှာ ပဉ္စမထပ်က အခန်းတစ်ခန်းဖြစ်ပြီး ပြွတ်သိပ် ပြည့်ကျပ်လျက်ရှိ၏။ သို့ရာတွင် နောက်ဆုံးတွင်မူ သူတို့ငြင်း၍ မဖြစ်တော့။ သူတို့ကို လှေကလေး တစ်စင်းဝယ်ပေးမည်ဟု ကတိပေးခဲ့ပြီးပြီ မဟုတ်လော။

http://www.cherrythitsar.org



မူလတန်းကျောင်းတွင် ပထမဆုရလျှင် အိမ်မြှောင်နှင့် ထောင့်တိုင်း ကိရိယာကလေးတစ်ခုပါသည့် လှေကလေးတစ်စင်း ဝယ်ပေးမည်ဟု ကတိပေးခဲ့ရာ ယခု သူတို့ ပထမဆုရသည့်အခါတွင် ငြင်းမရတော့ပြီ။ ထို့ကြောင့် အဖေသည် အမေ့ကို ဘာမှ မပြောတော့ဘဲ လှေကလေးတစ်စင်းကို တိတ်တိတ်ကလေး ဝယ်ပေးလိုက်၏။ လှေကလေးက အလူမီနီယမ်ကလေး။ လှေနံရံတွင် ရွှေရောင် ဖောင်းရစ်ကလေးနှင့်။

နေ့လည်စာ စားချိန်သို့ ရောက်သည့်အခါတွင် အဖေက ...

"လှေကတော့ ရောက်နေပြီနော်။ ဒါပေမယ့် ခက်တာက လှေကို ဓာတ်လှေကားက တင်လို့လည်း မရ။ လှေကားပေါ်က တင်လို့လည်း မနိုင်ဘဲ ဖြစ်နေတယ်။ ကားရုံထဲမှာလည်း ခဏပဲထားလို့ရမှာ"

နောက် စနေနေ့တွင် တိုးတိုးတို့ ညီအစ်ကို နှစ်ယောက်သည် သူငယ်ချင်းများကို ခေါ်ကာ လှေကလေးကို လှေကားအတိုင်း သယ်လာခဲ့ကြပြီးနောက် အိမ်ဖော်မလေး အိပ်သည့် အခန်းထဲတွင် နေရာချထားကြသည်။

"ဟန်ကျသကွာ။ ကဲ ... ပြီးတော့ ဘာလုပ်ဦးမှာလဲ"

အဖေက မေးသည်။

"ဘာမှ မလုပ်ပါဘူး။ သားတို့က အခန်းထဲ လှေတစ်စင်းထားချင်တယ်။ ခု ထားပြီးပြီ။ တော်ပြီပေါ့"

ဗုဒ္ဓဟူးနေ့ညသို့ ရောက်သော် အဖေနှင့် အမေတို့က ထုံးစံအတိုင်း ရုပ်ရှင် သွားကြည့်ကြသည်။ အိမ်ကြီးရှင်အဖြစ် ကျန်ရစ်ခဲ့သည့် ညီအစ်ကို နှစ်ယောက်တို့သည် တံခါးပေါက်များ၊ ပြတင်းပေါက်များကို လိုက်ပိတ်သည်။ ဧည့်ခန်းဆောင်က မီးပွင့်များအနက် တောက်ပလင်းထိန်သည့် မီးလုံးတစ်လုံးကို ရိုက်ခွဲလိုက်သည်။ ရေကဲ့သို့ မြေသည့် ရွှေရောင် အလင်းတန်းတစ်ခုသည် ကွဲသွားသော မီးလုံးထဲမှ ပန်းထွက်လာသည်။ ထိုအလင်းတန်းကို သုံးပေအနက်အထိ လွှတ်ပေးလိုက်သည်။ ထို့နောက် လျှပ်စစ်မီးများ အားလုံးကို ငြိမ်းပစ်လိုက်ပြီး လှေကို ဧည့်ခန်းထဲသို့ ထုတ်လာ၏။ လှေကလေးကို ဧည့်ခန်းထဲက ကျွန်းများကြားတွင် လျှောက်၍ လှော်ခတ်အောင် လုပ်သည့် တရားခံမှာ ကျွန်တော် ဖြစ်၏။ တစ်ခါတုန်းက အိမ်သုံးပစ္စည်းများ လုပ ကဗျာဆန်ပုံနှင့် ပတ်သက်၍ အိမ်တွင်း နှီးနှောဖလှယ်ပွဲကလေးတစ်ခုတွင် ကျွန်တော် ပြောခဲ့သော စကားတစ်ခွန်းကြောင့် ဖြစ်၏။ ထိုစဉ်တုန်းက ခလုပ်ကလေး တစ်ချက်နှိပ်လိုက်ရုံဖြင့် ဘာကြောင့် မီးငြိမ်းသွားရသလဲဟု တိုးတိုးက ကျွန်တော့်

http://www.cherrythitsar.org



ကို မေးခဲ့ဖူးသည်။ ကျွန်တော်ကလည်း ပါးစပ်ထဲတွေ့ရာကို ကောက်ဖြေလိုက်၏။

"အလင်းရောင်ဟာ ရေနဲ့ အတူတူပဲကွာ။ ရေဘုံဘိုင်ခေါင်းကလေးကို ဖွင့်ကြည့်လိုက်ပေါ့။ ရေတွေ ကျလာတာပဲ မဟုတ်လား"

သို့ဖြင့် သူတို့သည် ဗုဒ္ဓဟူးနေ့ ညတိုင်း ဧည့်ခန်းထဲတွင် လှေလှော်တမ်း ကစားကြသည်။ ဘယ်လို ပဲ့ထိန်းရသည်။ ဘယ်လို အိမ်မြှောင်သုံးရသည်ကို လေ့လာကြသည်။ အဖေနှင့် အမေတို့ ရုပ်ရှင်မှ ပြန်လာသည့်အခါတွင် ညီအစ်ကိုနှစ်ယောက်မှာ ကုန်းမြေပေါ်က နတ်တမန်နှစ်ပါးလို အိပ်ပျော်နေကြလေပြီ။ လအနည်းငယ် ကြာသည့်အခါတွင် ထိုမျှနှင့် မတင်းတိမ်နိုင်တော့။ ရေငုပ်ဝတ်စုံများ၊ မျက်နှာဖုံးများ၊ ဆူးတောင်များ၊ လေသေနတ်များ ဝယ်ပေးရန် ပူဆာကြပြန်သည်။

"မင်းတို့ဟာ နည်းနည်းတော့ မလွန်လွန်းဘူးလားကွာ။ ဘာမှ သုံးလို့မရတဲ့ ရွက်လှေကြီးကို အိမ်စေအိပ်တဲ့ အခန်းထဲ ရောက်အောင်လည်း သယ်လာသေးတယ်။ ပြီးတော့ အခုလည်း ရေငုပ်ကိရိယာ လိုချင်ပြန်ပြီတဲ့"

"စာမေးပွဲကြီးမှာ ရွှေတံဆိပ်ရရင် သားတို့ကို ဘာပေးမလဲ"

"အို ... ဘာပေးရဦးမှာလဲ။ တော်ပြီပေါ့" ဟု အမေက အလန့်တကြားဖြင့် ပြောသည်။

အဖေကမူ ကလေးတွေကို ငြင်းဆန်သဖြင့် အမေ့ကို အပြစ်တင်သည်။

"ဒီကောင်လေးတွေဟာ သူတို့လုပ်ရမယ့်ဟာကျရင် ကောင်းကောင်း မလုပ်ချင်ဘူး။ ဟိုဟာပေးမှ ဒီဟာပေးမှနဲ့ တောင်းဖို့ပဲ တတ်တယ်"

နောက်ဆုံးတွင် အဖေနှင့် အမေတို့က အင်းလည်း မပြောတော့။ ဟင်းအင်းလည်း မငြင်းလိုက်။ ဇူလိုင်လသို့ ရောက်သည့်အခါတွင် တိုးတိုးနှင့် ဂျိုးဂျိုးတို့သည် ရွှေတံဆိပ်ဆုကိုရသည့်ပြင် ဆရာကြီးကလည်း သူတို့နှစ်ယောက်ကို ကျောင်းသားများရှေ့တွင် ချီးမွမ်းစကား ဆို၏။ ထိုနေ့ညနေတွင်မူ သူတို့နှစ်ယောက်က ဘာမှတောင်းဆိုခြင်း မပြုသေးမီ ရေငုပ်ဝတ်စုံကို အထုပ်နှင့်အတူ ခုတင်ပေါ်တွင် ရောက်နေသည်ကို တွေ့ရသည်။ သို့ဖြင့် နောက်ဗုဒ္ဓဟူးနေ့တွင် အဖေနှင့် အမေတို့က "ပါရမီမှ နောက်ဆုံးတန်ဂို" ဇာတ်ကားကို ကြည့်နေစဉ် ဧည့်ခန်းတစ်ခုလုံးကို နှစ်ဖာသန် နက်အောင် အလင်းရောင်တွေ လွှတ်ပြီးနောက် ခုတင်များ၊ ပရိ

http://www.cherrythitsar.org



ဘောဂများအောက်တွင် ချိုးငှက်လို ယဉ်ပါးသော ငါးမန်းများကို လွှတ်သည်။ အလင်းရောင်၏ အောက်လွှာမှနေ၍ နှစ်ပေါင်းများစွာ အမှောင်ထဲတွင် ရောက်နေသည့် အရာဝတ္ထုများကို ဆယ်သည်။

နှစ်ကုန်၍ ကျောင်းကြီး ပိတ်ခါနီးသည့်အခါတွင် တိုးတိုးနှင့် ဂျိုးဂျိုးတို့ကို တစ်ကျောင်းလုံး၏ စံပြအဖြစ် ကြေညာကာ ဆုပေးသည်။ ထိုအခါတွင်မူ သူတို့က ဘာမျှ တောင်းဆိုခြင်းမပြုမီ အဖေတို့ အမေတို့က သူတို့လိုချင်သည့်အရာကို တောင်းခိုင်းသည်။ သူတို့ကလည်း စဉ်းစားဉာဏ်ရှိပါသည်။ အခြားဘာကိုမျှ မတောင်းတော့ဘဲ သူတို့ အတန်းသား သူငယ်ချင်းများကို အိမ်တွင် ဖိတ်ကျွေးရန် တောင်းဆိုသည်။

သူတို့နှစ်ဦးသည် ကျန်သည့်အခါ၌ အဖေ၏ မျက်နှာမှာ ဝင်းထိန်လျက်ရှိ၏။

"တော်တော် ရင့်ကျက်လာပြီဆိုတဲ့ သဘောပေါ့ကွာ" ဟု အဖေက ပြောသည်။

"ရှင့်ပါးစပ်က ကြားရတာ ဝမ်းသာပါတယ်ရှင်" ဟု အမေက ပြောသည်။

နောက် ဗုဒ္ဓဟူးနေ့ညဉ့်၌ အဖေနှင့်အမေတို့က "အယ်ဂျီးယားတိုက်ပွဲ" ရုပ်ရှင်ကားကို ကြည့်နေကြသဖြင့် ကာစတယ်လီနာ လမ်းမကြီးပေါ်တွင် ရှိနေသူတို့သည် သစ်ပင်များ နောက်ကွယ်တွင် ရှိနေသည့် အဆောက်အအုံကြီးတစ်ခုပေါ်မှ အလင်းရောင်တန်းကြီးတစ်ခု ရေတံခွန်ကြီးသဖွယ် ကျလာသည်ကို မြင်ကြရသည်။ ထိုအလင်းရောင်တန်းကြီးသည် အောက်ထပ် လသာဆောင်များ၊ စင်္ကြံများမှ တစ်ဆင့် အိမ်မျက်နှာစာများရှေ့သို့ ရေစီးကြောင်းကြီးသဖွယ် ဒရဟော စီးဆင်းလာပြီးနောက် ရွှေဒီရေကြီး လွှမ်းသကဲ့သို့ ရိပ်သာလမ်းမကြီး တစ်လျှောက်တွင် စီးဆင်းသွားသည်။

အရေးပေါ် အချက်ပေးသံကြောင့် မီးသတ်သမားများသည် ပဉ္စမထပ်သို့ ပြေးတက်ကာ တံခါးကို ရိုက်ချိုးဖွင့်ကြသည်။ အခန်းထဲတွင် မျက်နှာကျက်အထိ အလင်းရောင်ဖြင့် ပြည့်နေတော့သည်။ ကျားသစ်ရေ အုပ်ထားသည့် ဆိုဖာများနှင့် ပက်လက်ကုလားထိုင်များ စုန်ဆန်မျောပါနေကြသည်။ ထိုအထဲတွင် ဘားကောင်တာမှ အရက်ပုလင်းများနှင့် ဂရင်းပီယာနိုကြီးလည်း ပါသည်။ မနီလာခြုံစောင် တစ်ထည်လည်း ပါသည်။ အိမ်သုံးပစ္စည်းများသည် ကဗျာဈာန် ဝင်စားကာ မိမိတို့၏ ကိုယ်ပိုင်တောင်ပံများဖြင့် မီးဖိုချောင် ကောင်းကင်ထက်တွင် ပျံသန်းကြ

http://www.cherrythitsar.org



ကုန်သည်။ ကလေးများ ကစားသည့် ဘင်ခရာပစ္စည်းများသည် အမိ၏ ဖန်ဝမ်းကြာတိုက်မှ လွတ်ထွက်လာသော ရောင်စုံရွှေငါးကလေးများနှင့် အတူ မျောပါနေကြသည်။ မီးရောင်စုံတို့ ယှက်သန်းနေသည့် စိမ့်တော ကြီးထဲတွင် သက်ရှိသတ္တဝါဆို၍ ထိုငါးကလေးများသာ ရှိသည်။ ရေချိုး ခန်း မှန်တင်ခုံပေါ်မှ အိမ်ရှိလူကုန်၏။ သွားပွတ်တံများသည် အဖေ၏ ကွန်ဒုံးအစွပ်များ၊ အမေ၏ အလှပြင်ဗူးများ၊ အောက်ခံ ဘောင်းဘီဒေါက် များနှင့်အတူ မျောပါနေကြသည်။ အဖေတို့ အိပ်ခန်းထဲမှ ရုပ်မြင်သံကြား စက်ကြီးသည်လည်း လူကြီးများသာ ကြည့်ရသည့် သန်းကောင်ကျော် ရုပ်ရှင်ကားများ ပြသလျက်ဖြင့် ရေထဲတွင် မျောပါနေသည်။

အခန်းထိပ်တွင်မူ ခတ်တက်ကလေးကို ဆုပ်ကိုင်ကာ အသက် ရှူပေါက်ကလေးကိုသာ ဖွင့်ထားသည့် ရေငုပ်မျက်နှာဖုံးကို တပ်ထား သည့် တိုးတိုးသည် ရေစီးကြောင်းထဲတွင် မျောပါလာသော လှေပေါ်တွင် ထိုင်ရင်း မီးပြတိုက်ကို ရှာနေသည်။ လှေဦးတွင် ထိုင်နေသည့် ဂျိုးဂျိုးက မူ ဒီဂရီတိုင်း ကိရိယာကို ကိုင်ကာ ဓူဝံကြယ်ကို လိုက်ရှာနေသည်။ အိမ်ခန်းတစ်ခုလုံးထဲတွင် သူတို့အတန်းသား သုံးဆယ်ခုနစ်ယောက်တို့ သည် ရေစီးထဲတွင် မျောပါ ကူးခတ်နေကြသည်။ ဆရာကြီးကို လှောင် ပြောင်သည့် စကားလုံးများ ပါသည့် ကျောင်းသီချင်းကို ဆိုကာ ပုလင်းထဲ မှ အဖေ့ဘရန်ဒီကို ခိုးသောက်ကြသည်။ ရှိသမျှ မီးလုံးများကို ဖွင့်ထား သဖြင့် အိမ်ကြီးတစ်ခုလုံးမှာ မီးတွေ လင်းထိန်လျက်ရှိကာ စိန့်ဂျူလီယန် မူလတန်းကျောင်း၊ အတန်းနှစ်တန်းမှ ကျောင်းသားအားလုံးသည် ကာစ တယ်လီနာလမ်း ပဉ္စမထပ်အခန်းထဲတွင် ရေနစ်ကုန်ကြသည်။

ပူလောင်အိုက်စပ်သည့် နွေရာသီနှင့် ရေခဲလို အေးစက်သည့် လေတို့သာ ရှိသည့် စပိန်ပြည် မက်ဒရစ်မြို့သည် ပင်လယ်သမုဒ္ဒရာနှင့် လည်း မနီး၊ မြစ်ချောင်းလည်း မရှိသည့်အလျောက် ကုန်းခေါင်ခေါင်တွင် ပိတ်မိနေသည့် မက်ဒရစ်မြို့သူမြို့သား အပေါင်းတို့သည် အလင်းရောင် ဖြင့် ခရီးသွားတတ်သည့် ရေကြောင်းပြ သိပ္ပံပညာကိုလည်း ဘယ်တုန်း ကမှ တတ်မြောက်ခြင်း မရှိခဲ့ကြကုန်။

(နိုဘယ်ဆုရ ကိုလံဘီယာစာရေးဆရာ *Gabriel Garcia Marquez* ၏ *Light is Like Water* ကို ပြန်ဆိုသည်။)

[သရဖူ၊ ဇန်နဝါရီ၊ ၁၉၉၇]

**မြသန်းတင့်**

http://www.cherrythitsar.org



မြသန်းတင့်

SHORT STORIES BY
NAGUIB MAHFOUZ
AND
GABRIEL GARCIA MARQUEZ

# ဩဂုတ်တစ္ဆေများ

နှင့်

အခြားဝတ္ထုတိုများ